www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်သူရ

## မြေလျှိုးမိုးပျံဘိုးရှာန်

စာမူခွင့်ပြုချက်အမှတ်
၅၀၁၄၃၅၀၉၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၁၈၂၀၂၁၀

၂၀၁၀ ခုနှစ်၊ ဧပြီလ
ပထမအကြိမ်

တန်ဖိုး
၁၀၀ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈ရေ)စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊

ပုံနှိပ်သူ
ဦးကျော်လှိုင် (၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်၊

ရ၉၅.၈၃

မင်းမြတ်သူရ
မြေလျှိုးမိုးပျံဘိုးရှာန်/မင်းမြတ်သူရ၊ -ရန်ကုန်၊
စေတနာစာပေ၊ ၂၀၁၀၊
၂၇၂ စာ၊ ၁၂.၁၈ စင်တီ၊
(၁)မြေလျှိုးမိုးပျံဘိုးရှာန်

BURMESE CLASSIC

# မင်းမြတ်သူရ

## မြေလျှိုးမိုးပျံ ဘိုးရှာန်



မောင်ကျော်လှိုင်–စေတနာစာပေ
မှ
စီစဉ်ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com


၂၃။ ဆားပုလင်းမင်းအောင်နှင့် တာစေ့တာသဘွ

၂၄။ ဆားပုလင်းမင်းအောင်နှင့် မိုးပျံတိမ်တိုက်

၂၅။ ဓကြာရှင်

၂၆။ မိုးကြိုးတံခွန်

၂၇။ ဆားပုလင်းမင်းအောင်နှင့် အတိုင်းအဆမဲ့

၂၈။ ဓိဝရိုးရွှေလိုထဲဂူ

၂၉။ ဆားပုလင်းမင်းအောင်နှင့် ဓိနိပန်းနီ

၃၀။ ဆားပုလင်းမင်းအောင်နှင့် သခင်ဖြိုင်

၃၀။ မိုးမြေသစ္စာ

၃၂။ လနတ်သမီး

၃၃။ ဂျမဒါမင်းထင်နှင့် သောမင်းနာရိစင်

၃၄။ ရွှေနတ်တောင်

၃၅။ တိမ်ကြာခင်းအမိုင်

၃၆။ လျှို့ဝှက်ကော်ဓော

၃၇။ ဖျိုတိုင်းကြိုက်တဲ့နှင်းဆီနိုင်

၃၈။ သစ္စာတော်ခံ

၃၉။ လွမ်းငွေ့တဝေဝေ

၄၀။ မောင်နှံခုနစ်ဖော်

၄၁။ အသူတရာ

၄၂။ ခုနစ်စင်ကြယ်တား


တစ်ညသ၌ လယ်ပိုင်ရှင်တစ်ဦး၏နေအိမ်၌ နေထိုင်သော စာရင်းငှားတစ်ရအနက် အကျိုးစားသန့်သော ဖိုးအောင်ဆိုသူသည် လွန်စွာအအိပ်မက်သော စာရင်းငှား ဘိုးချန်ကို ယူးထူးဆန်းဆန်း ကျိုစားရန် ကြံစည်လေ၏။

ထိုညက စာရင်းငှားများစု၍ အရက်ဝိုင်းဖွဲ့လေရာ အသောက်ထက် အအိပ်ကို ပို၍စုံမက်သော ဘိုးချာန်က အားလုံးကို ဆန့်ကျင်ကာ ကောက်ရိုးပုံထဲသို့ တိုးဝင်အိပ်စက်လေ၏။

အရက်ဝိုင်းဖွဲ့၍ အရှိန်ရသောအခါ ဖိုးအောင်က ပဲခြမ်းသုပ်ကို တကျွတ်ကျွတ်ဝါးရင်း ကုလားသေ ကုလားမောအိပ်စက်နေသော ဘိုးချန်ကိုကြည့်ကာ တစ်ခုံတစ်ရာကို တွေးမိဟန်ဖြင့် မျက်နှာဝင်း လက်သွားပြီး

www.burmeseclassic.com



" ဘိုးချန်လောက် အအိပ်စုံမက်တဲ့ကောင် မတွေ့ဖူးဘူး၊ ငါ့မှာ အကြံတစ်ခုရပြီ၊ ဒီကောင်အိပ်နေတုန်း ငါတို့အားလုံး ဝိုင်းမပြီး ရွာပြင်သင်္ချိုင်းမှာ သွားထားရင် မကောင်းဘူးလား "

ဟု ပြောလိုက်ရာ သူ၏အကြံကို ကျန်သောစာရင်းငှားများက သဘောကျစွာဖြင့် ဝိုင်းဝန်းထောက်ခံကြလေ၏။

သို့သော် စာရင်းငှားများအနက် ဘိုးတုတ်ဆိုသူက မျက်မှောင်ကြုတ်၍

" ဖြစ်ပါ့မလားကွ၊ ငါတို့သင်္ချိုင်းက ကြမ်းတယ်နော်၊ ဘိုးချန်ကလည်း ကြောက်တတ်ပါဘိသနဲ့ "

ဟု ပြောလေ၏။

သို့သော် အစသန်သော စာရင်းငှားဖိုးအောင်က ခေါင်းမာမာဖြင့် ဘိုးချန်ကို ရွာပြင်သင်္ချိုင်းသို့ သယ်မသွားရန်သာ တွင်တွင်ဆိုလေ၏။

ကျန်သော စာရင်းငှားများမှာလည်း အရက်ရှိန်ကြောင့် ဘိုးချန်ကို ကျီစားရန်သာ အားသန်နေကြ၏။

စာရင်းငှား ဘိုးတုတ်တစ်ယောက်သာ တွေဝေ၍ ရွာပြင်သင်္ချိုင်းအကြောင်းကို စဉ်းစားနေလေ၏။ သူတို့ရွာသင်္ချိုင်းသည်



BURMESE CLASSIC



အလွန်ကြမ်းသည်ဟု ပြောစမှတ်ပြုရသော အကြောင်းရှိ၏။

တစ်ခါက ရသေ့ကြီးတစ်ပါးသည် သရဲခြောက်သည်ဟု ကျော်ကြားသော မြန်မာပြည်အနှံ့ရှိ သင်္ချိုင်းများသို့ လှည့်လည်၍ နာနာဘာဝများကို မေတ္တာပို့သလေ့ရှိ၏။

ရသေ့ကြီးသည် ညဉ့်အခါများ၌ သင်္ချိုင်းများသို့သွား၍ မေတ္တာပို့ တရားဟောလေရာ တစ္ဆေ၊ မြေ၊ ဘုတ်၊ ပြိတ္တာ စသည့် နာနာဘာဝများ လာရောက်၍ တရားနာလေ့ရှိသည် ဆို၏။

ထို့ကဲ့သို့ အနယ်နယ်အရပ်ရပ်သို့ လှည့်လည်၍ နာနာဘာဝများကို တရားဟောခဲ့သော ရသေ့ကြီးသည် သူတို့ရွာသင်္ချိုင်းသို့ ရောက်သောအခါ နာနာဘာဝများ ဆိုးသွမ်းလွန်းလှသဖြင့် လက်လျှော့ပြီး နောက်ကြောင်းပြန်ရသည်ဆို၏။

ထိုအချိန်မှစ၍ ရွာပြင်ထိန်တောသင်္ချိုင်းသည် သူရဲခြောက်ကြမ်းသည်ဟု ပြောစမှတ်ပြုခဲ့၏။

သင်္ချိုင်း၌နေထိုင်သော သုဘရာဇာကြီး ဘိုးထိန်ကိုယ်တိုင် သင်္ချိုင်း၌ သရဲခြောက်ကြမ်းလွန်းသည်ဆိုကာ ထိုနေရာကို စွန့်ခွာသွား၏။

ထို့ကြောင့် ထိန်တောသင်္ချိုင်း၌ သုဘရာဇာမရှိဘဲ ရွာ၌



www.burmeseclassic.com

www.burmeseclassic.com



သေသူရှိလျှင် ရွာသားများကိုယ်တိုင် ရှာပနကိစ္စကို ဝိုင်းဝန်းပြုလုပ်ရ၏။

ယနေ့ည ဖိုးအောင်တို့လူသည် အကြောက်အလန့်ကြီးသော ဘိုးချုန် ကို ရွာပြင်သင်္ချိုင်း၌ သွားရောက်၍ထားရှိမည်ဆို၏။

ဘိုးတုတ်သည် စဉ်းစားရင်း ဘိုးချုန်အတွက် စိုးရိမ်သဖြင့် ဖိုးအောင်တို့လူစုအား ထိုသို့မပြုလုပ်ရန် တားမြစ်၏။

သို့သော် ဖိုးအောင်က ဘိုးတုတ်၏စကားကို နားမဝင်ဘဲ

"ဘိုးချုန်အအိပ်ကြီးတာ အမြင်ကတ်လွန်းလို့လုပ်တာပါ ဘိုးတုတ်ရယ်၊ ဒီကောင် ဘယ်လောက်အအိပ်ကြီးလဲဆိုတာ မင်းလည်း သိပါတယ်၊ သင်္ချိုင်းမှာ အိပ်နေမှန်းတောင် သိမှာမဟုတ်ဘူး၊ နံနက် နေဖင်ထိုးလို့ အိပ်ရာနိုးတော့မှ သူ သင်္ချိုင်းရောက်နေတာ သိမှာပါ၊ ဘိုးချုန်အတွက် မပူစမ်းပါနဲ့ကွာ၊ ဒီကောင်ဟာ အိပ်ရမယ်ဆိုရင် သူ့ရဲ့နဲ့တောင် ပြိုင်ပြီးအိပ်မယ့်ကောင်ပါကွာ"

ဟု ပြောလေ၏။

ကျန်သော စာရင်းငှားများကလည်း ဖိုးအောင်၏စကားကို ဝိုင်းဝန်းထောက်ခံကြလေ၏။

ထို့ကြောင့် ဘိုးတုတ်သည် ဖိုးအောင်တို့ လူစု အအိပ်ကြီး





သော ဘိုးချုန်ကို ထမ်းပိုးသွားပုံကို မတားသာတော့ဘဲ ကြည့်ရှုနေလေ၏။

အအိပ်စုံမက်လှသော ဘိုးချုန်သည် ၄င်းအား လူတစ်စု ထမ်းပိုးသွားခြင်းကိုပင်မသိဘဲ အိပ်မောကျပြီး လိုက်ပါသွားလေ၏။

ဖိုးအောင်တို့ စာရင်းငှားတစ်စုသည် ထိန်တောသင်္ချိုင်းအနီးသို့ ရောက်သောအခါ ချွဲချွဲငင်ငင် အူလိုက်သော ခွေးအူသံကြောင့် ထိတ်လန့်တုန်လှုပ်သွားလေ၏။

ဖိုးအောင်သည် ဘိုးချုန်၏ကိုယ်ကိုထမ်းရင်း

" အမလေး… ခွေးဟောင်သံကိုကြားရတာ ကြက်သီးတောင် ထတယ် "

ဟု တီးတိုးပြောလိုက်၏။

စာရင်းငှားများသည် လူစုလူဝေးကောင်းလွန်း၍သာ ညအခါ ထိန်တောသင်္ချိုင်းသို့ လာရောက်ခဲ့ခြင်းဖြစ်၏။

လေပြင်းတိုက်ခတ်သဖြင့် ဇရပ်ပျက်ကြီး၏ အမိုးသွပ်ပြားများ တဖြောင်းဖြောင်းလှုပ်ခါသွားလေ၏။ သင်္ချိုင်းအတွင်းရှိ မြေပုံများ ရုတ်ဂူပျက်များကို မပီဝိုးတဝါး မီးရောင်ဖြင့် မြင်တွေ့ရလေရာ ရှုပ်စုတောင့်လှသော စာရင်းငှားများပင် ရင်တုန်အသည်းတုန် ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ထို့နောက် စာရင်းငှားများသည် သချိုင်း၏အတွင်းပိုင်းသို့ ဆက်လက်၍မဝင်ရဲတော့ဘဲ ဘိုးချုန်ကို အုတ်ဂူပျက်တစ်ခု၌တင်ရန် အကြံပြုလေ၏။

စာရင်းငှားများသည် အအိပ်ကြီးလှသော ဘိုးချုန်ကို အုတ်ဂူပျက်ပေါ်သို့ အသာအယာတင်လေ၏။ ဖိုးအောင်က မီးအိမ်အလင်းရောင်ဖြင့် ဘိုးချုန်ကိုကြည့်၍

" ဒီကောင် ဘယ်လောက်အအိပ်ကြီးလဲ ကြည့်ကြစမ်း၊ တုတ်တုတ်တောင် မလှုပ်ဘူး "

ဟု ပြောလေရာ ထိတ်လန့်ပြီး အိမ်ပြန်ပြေးချင်နေသော စာရင်းငှားများက ဘိုးချုန်ကိုမကြည့်တော့ဘဲ ကမန်းကတန်း ထိန်တောသချိုင်းမှ ပြန်ထွက်ပြေးကြ၏။

သချိုင်းမှပြန်ပြေးရင်း စာရင်းငှားတစ်ဦးက အနောက်သို့ မရဲတရဲလှည့်ကြည့်ပြီး လေတိုက်၍ လှုပ်ခါနေသော သစ်ပင်ကြီးများကိုကြည့်ကာ

" အမလေး... သချိုင်းထဲမှာ သူရဲတွေ ထလာနေပြီ ကြောက်တယ်ဟေ့၊ ငါတော့ ပြေးမယ် "





ဟု ဆိုကာ ဦးဆောင်ပြီးပြေးသဖြင့် ကျန်သောလူများက သူ၏အနောက်မှ လိုက်ပြေးလေ၏။

ထိန်တောသချိုင်း၏ အုတ်ဂူပျက်ကြီးပေါ်၌ အအိပ်စုံမက်လှသော ဘိုးချုန်တစ်ယောက်သာ အိပ်မောကျပြီး ကျန်ရစ်ခဲ့လေ၏။

ပြီး၏။

ဘားမျှ



www.burmeseclassic.com

www.burmeseclassic.com



စာရင်းငှားများသည် သ်ပိုင်ရှင်၏နေအိမ်သို့ ရောက်သော အခါ ဘိုးချန်ကို သတိမရဘဲ အရက်ရှိန်ဖြင့် တစ်ယောက်ပြီး တစ်ယောက် အိပ်မောကျသွားလေ၏။

နံနက် အိပ်ရာမှ အစောဆုံးနိုးလာသူမှာ ဖိုးအောင်ဖြစ်၏။ ဖိုးအောင်သည် အိပ်ရာနိုးနိုးခြင်း ထိန်တောသချိုင်း၌ အိပ်မောကျ၍ ကျန်ခဲ့သော ဘိုးချန်ကို သတိရလိုက်၏။

ညက အရက်မူးမူးဖြင့် ဘိုးချန်ကို နောက်ပြောင်ကျီစယ်ခဲ့ခြင်း ကို နောင်တရသလို ရှိသွား၏။

ဘိုးချန်တစ်ယောက် အိပ်ပျော်နေရာမှ လန့်နိုးလာပြီး သချိုင်း





အလယ်၌ တစ်ယောက်တည်းရှိနေကြောင်းသိလျှင် လိပ်ပြာလွင့်သွား နိုင်၏။

ထို့ကြောင့် ကျန်သော စာရင်းငှားများကို လိုက်လံ၍နှိုးလေရာ စာရင်းငှားအားလုံး အိပ်ရာမှနိုးလာပြီး ညက ထိန်တောသချိုင်း၌ ကျန်ရစ်ခဲ့သော ဘိုးချန်ကို သတိရလေ၏။

စာရင်းငှားများသည် အရက်မူးမူးဖြင့် ပြုလုပ်ခဲ့ပြီးမှ ၄င်းတို့ အပြုအမူအတွက် နောင်တရနေလေ၏။ ညက သချိုင်းသို့ လိုက်ပါ ခြင်းမရှိသော ဘိုးတုတ်က စာရင်းငှားများကို အပြစ်တင်၍ သချိုင်း သို့ ၄င်းကိုယ်တိုင် လိုက်ခဲ့လေ၏။

ဖိုးအောင်ခေါင်းဆောင်သော စာရင်းငှားတစ်စုသည် နံနက် အရုဏ်တက်အချိန်၌ ထိန်တောသချိုင်းသို့ ရောက်ရှိခဲ့လေ၏။

သချိုင်းသို့ရောက်သောအခါ ညက ၄င်းတို့ထားရစ်ခဲ့သော အုတ်ဂူပျက်ပေါ်တွင် ဘိုးချန်ကို မတွေ့ရသဖြင့် မျက်လုံးပြူးသွား လေ၏။

ဖိုးအောင်က မျက်မှောင်ကြုတ်၍

" ဘိုးချန် ဘယ်ရောက်သွားလဲဟ၊ ရှာကြပါဦး "

ဟု စာရင်းငှားများကို အော်ဟစ်လိုက်ရာ စာရင်းငှားတစ်စု



www.burmeseclassic.com

www.burmeseclassic.com



သည် သချိုင်းအနီး ဘိုးချုန်ကို လိုက်လံရှာဖွေလေရာ မည်သည့်နေရာ၌ မတွေ့ရသဖြင့် စာရင်းငှားများ နားမလည်နိုင်ဟန်ဖြင့် တစ်ယောက် တစ်ပေါက် ပြောဆိုကြ၏။

စာရင်းငှား ဘိုးတုတ်က

" ဘိုးချုန်တစ်ယောက် အိပ်ရာက လန့်နိုးလာပြီး ကြောက်ကြောက်နဲ့ ပြေးပြီထင်တယ်၊ ဒါကြောင့် မင်းတို့ကို ငါပြောတာပေါ့၊ လွှန်လွန်ကဲကဲ မကျီစားပါနဲ့လို့ "

ဟု ပြောလေ၏။

တစ္ဆေယုံကြည်သော စာရင်းငှားတစ်ယောက်က ကြက်သီးထဟန်ဖြင့်

" ဒီသချိုင်းက ကြမ်းတယ်နော်၊ ညက သူရဲတွေ ဘိုးချုန်ကို လိပ်ပြာနုတ်သွားပြီလား၊ ဒါမှမဟုတ် ဂုတ်ချိုးသတ်လိုက်ပြီလား"

ဟု ပြောဆိုလေ၏။

ထိုအခိုက်မှာပင် ဖိုးအောင်က ညက ဘိုးချုန်ကို ထားရစ်ခဲ့သော အုတ်ဂူပျက်ပေါ်တွင် မီးသွေးခဲဖြင့် ရေးခြစ်ထားသော စာများကို ဖတ်ရှုမိသွားပြီး

" ဟာ... ဒီမှာကြည့်ပါဦး၊ မီးသွေးခဲနဲ့ ရေးထားတာ၊





ဘိုးချုန် လက်ရေးကွ၊ ငါ မှတ်မိတယ်၊ ဘာတဲ့... မြေလျှိုးမိုးပျံ ဘိုးချုန် ဆိုပါလား "

ဟု ရေရွတ်လေရာ အားလုံး ဝိုင်းဝန်းဖတ်ရှုပြီး တအံ့တသြဖြင့်

" မြေလျှိုးမိုးပျံ ဘိုးချုန် "

ဟု အော်ဟစ်လိုက်လေရာ စာရင်းငှားများသည် ဘိုးချုန်တစ်ယောက် မြေလျှိုးသွားပြီဟု တစ်မျိုး၊ မိုးပျံသွားပြီဟု တစ်ဖုံ၊ ဘိုးချုန်တစ်ယောက် ကြောက်လွန်း၍ ရူးသွပ်သွားပြီဟု တသွယ်၊ ဆူညံစွာ ထင်ကြေးအမျိုးမျိုး ပေးကြကုန်၏။

၎င်းတို့သည် ဘိုးချုန်တစ်ယောက် မမျှော်လင့်ဘဲ ပျောက်ဆုံးသွားခြင်းကို မကျေနပ်သေးဘဲ နေရာအနှံ့လှည့်လည်ရှာဖွေသော်လည်း ဘိုးချုန်၏ အရိပ်အယောင်ကိုမျှ မတွေ့ရတော့ချေ။

ထိုနေ့မှစ၍ စာရင်းငှား ဘိုးချုန်သည် ပျောက်ချင်းမလှ ပျောက်ဆုံးသွားလေတော့၏။

ရွာကလေး၌ ဘိုးချုန် မီးသွေးခဲဖြင့် ရေးသားထားခဲ့သော မြေလျှိုးမိုးပျံ ဘိုးချုန်ဟူသော စာကြောင်းကို ကောလဟလအနေဖြင့် ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးစျန်အား လွှန်လွှန်ကဲကဲ နောက်ပြောင်ကျီစယ်မိသော ဖိုးအောင်သည် သူငယ်ချင်းတစ်ယောက် ဆုံးရှုံးရသဖြင့် နောင်တကြီးစွာ ရရှိသွားလေ၏။





)

ဤနေရာ၌ ထိန်တောသချိုင်း၌ တရင်းငှားဘိုးစျန် တစ်ယောက် ထူးဆန်းစွာ ပျောက်ဆုံးသွားခြင်းအကြောင်းကို တင်ပြပါမည်။

ဘိုးစျန်သည် အအိပ်ကြီးသူတစ်ဦးဖြစ်သည့်အတိုင်း အလုပ်ဂူပျက်ပေါ်၌ တခေါခေါအိပ်ပျော်ပြီး ကျန်ရစ်ခဲ့လေ၏။ ဘိုးစျန်သည် သာမန်အချိန်ဆိုလျှင် တစ်ညလုံး အိပ်နေရာမှ လန့်နိုးလေ့မရှိချေ။

သို့သော် ယနေ့ည သင်္ချိုင်းတွင် အိပ်စက်ရပြီး လေပြင်းများ တဝေါဝေါတိုက်ခတ်ကာ လျှပ်စီးများ တဖျတ်ဖျတ်လက်နေသဖြင့် အိပ်ရာမှ ရုတ်တရက် လန့်နိုးလာလေ၏။

ဘိုးစျန်သည် အိပ်ရာမှ လန့်နိုးလျှင် လန့်နိုးခြင်း သင်္ချိုင်း၌



www.burmeseclassic.com

www.burmeseclassic.com



အိပ်စက်နေခြင်းကို မသိချေ။

မိမိ ရုတ်တရက် အိပ်ရာမှ လန့်နိုးလာသဖြင့် ပတ်ဝန်းကျင်ကို ကြည့်ရှုသောအခါ အမှောင်ထုသာ ကြီးစိုးနေပြီး လေပြင်းများ တဝေါဝေါ တိုက်ခတ်နေကြောင်း သတိပြုမိ၏။

ထို့ကြောင့် အံ့ဩဟန်ဖြင့် ပတ်ဝန်းကျင်ကို လှေ့လာကြည့်၏။ မိမိ မည်သည့်နေရာ၌ အိပ်စက်နေသည်မသိ။

ညက လယ်ပိုင်ရှင်အိမ်၌ စာရင်းငှားများနှင့်အတူ အိပ်စက်ခဲ့၏။

စာရင်းငှားများ စုပေါင်း၍ အရက်သောက်သည့်ဝိုင်း၌ မိမိ မပါဘဲ တစ်ကိုယ်တည်း ကောက်ရိုးပုံထဲသို့ ခေါင်းထိုးအိပ်ခဲ့၏။

လယ်ပိုင်ရှင်၏အိမ်၌ ယခုကဲ့သို့ ကြောက်မက်ဖွယ်လေပြင်းများ မတိုက်တ[illegible]နံရာ။ [illegible]မိ ဘယ်အရပ်သို့ရောက်ရှိနေသနည်း။

ထိုအခို[illegible]မှာ[illegible]င် [illegible]ျပ်စီးများ ဝင်းလက်သွားပြီး အလင်းရောင်ဖြင့် သချိုင်းအုတ်[illegible] မြေပုံများကို မြင်တွေ့လိုက်ရသောအခါ ဘိုးချုန်သည် မိမိမျက်လုံးကိုပင် မယုံနိုင်ဘဲ လိပ်ပြာလွင့်လုမတတ် ဖြစ်ကာ

" အမလေး... [illegible]ချိုင်းကြီးထဲမှာ [illegible] [illegible]ောက်နေပါလား"





ဟု အထိတ်တလန့် အော်ဟစ်လိုက်လေ၏။

ထို့နောက် လျှပ်စီးများ ထပ်မံ၍ ဖြိုးဖြိုးပြက်ပြက် ဝင်းလက်လေသောအခါ သချိုင်းအုတ်ဂူများကိုသာမက လေယူရာယိမ်းနွဲ့နေသော သစ်ပင်ကြီးများနှင့် အမှောင်ထဲတွင် ထီးထီးကြီးရှိနေသော ဇရပ်ပျက်ကြီးကို အသည်းထိတ်စဖွယ် မြင်တွေ့လိုက်ရလေ၏။

ဘိုးချုန်သည် ကြောက်မက်ဖွယ်မြင်ကွင်းကို ကြည့်၍ အသည်းယော်လွန်းလှသဖြင့် ထွက်ပြေးရန်ပင် သတိမရဘဲ

" ကယ်ကြပါဦးဗျို့၊ ကယ်ကြပါဦး၊ သချိုင်းကြီးမှာ ကျုပ်တစ်ယောက်တည်း မထားခဲ့ပါနဲ့၊ ကြောက်တ[illegible]ယ်၊ ကြောက်တယ်၊ ကယ်ပါဦးဗျို့ "

ဟု အသံကုန်အော်ဟစ်နေလေ၏။

ဘိုးချုန်သည် ကြောက်လွန်းသဖြင့် မကြာမီ စိတ်ဓာတ်ပျက်ပြီး ရူးသွပ်သွားစေလောက်၏။

ထိုအခိုက်မှာပင် ဘိုးချုန်၏အနောက်ဘက်ရှိ ဇရပ်ပေါ်မှ မီးရောင်လင်းလက်လာကြောင်း တွေ့ရလေ၏။

ဘိုးချုန်သည် အသည်းပျက်လုမတတ်ဖြစ်နေရာမှ ဇရပ်ပေါ်ရှိ မီးရောင်ကိုမြင်သဖြင့် အုတ်ဂူပျက်ပေါ်မှ ဝုန်းခနဲ ခုန်ချ၍ ဇရပ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



သို့ အားကိုးတကြီး ပြေးတက်ခဲ့လေ၏။

ထိုသို့ပြေးတက်ရင်း ဘိုးချန့်သည် ဇရပ်ဈေးကားထပ်ပေါ်သို့ ရောက်သောအခါ မှိမိမြင်တွေ့ရသော မြင်ကွင်းကြောင့် ခြေလှမ်း တုန့်ဆိုင်းသွားလေ၏။

ဇရပ်ပေါ်၌ ဟောင်းနွမ်းစုတ်ချာသော အဝတ်အစားများကို ဝတ်ဆင်ထားပြီး ရှည်လျားသောဆံပင်နှင့် မုတ်ဆိတ်မွေးဖြူဖြူကြီး ရှိသော အရူးသဏ္ဌာန်လူကြီးတစ်ဦးကို မြင်တွေ့ရလေ၏။

အရူးကြီး၏ရှေ့တွင် မီးအိမ်နီကလေးတစ်လုံးကို ထွန်းညှိထား ၏။

ဘိုးချန့်သည် ထိုလူကြီးကိုကြည့်၍ မျက်မှောင်ကြုတ်လိုက်ပြီး ဤလူကြီးသည် စိတ်မနှံ့သော လူကြီးတစ်ဦးပင် ဖြစ်လေသလား။

သို့တည်းမဟုတ် နာနာဘာဝ သရဲတစ္ဆေက လူယောင်ဖန်ဆင်း ပြီး မိမိ၏ အသက်ကိုရန်ရှာရန် ကြံစည်လေသလား။

ညအခါ၌ သချိုင်းဇရပ်ပျက်ကြီး၌ တစ်ကိုယ်တည်းရှိနေ သောသူသည် လူသားစစ်စစ် မဖြစ်တန်ရာ၊ သရဲတစ္ဆေပင် ဖြစ်လေ မည်ဟုတွေးကာ ထိတ်လန့်ကြောက်ရွံ့စိတ်များ ဖြစ်ပေါ်လာလေ၏။

ဇရပ်ပျက်ပေါ်၌တွေ့ရသော လူကြီးသည် ဘိုးချန့်၏အမူအရာ





ကိုကြည့်၍ သဘောပေါက်ဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လိုက် ပြီး

" မကြောက်ပါနဲ့ကွာ၊ သချိုင်းဆိုတာ လူသေတွေပဲရှိတယ်၊ လူသေတွေဟာ လူရှင်တွေလို ကောက်ကျစ် စဉ်းလဲတဲ့အလုပ်ကို မလုပ်တတ်ပါဘူးကွာ၊ လောကမှာ ကြောက်စရာ အကောင်းဆုံး၊ ကိလေသာအထူပြောဆုံးက လူရှင်တွေကွဲ၊ အသိ ဉာဏ်ကြီးလေ ကြောက်ဖို့ကောင်းလေပဲ၊ ဘာမှမကြောက်နဲ့၊ ရှေ့ကို တိုးခဲ့ပါ "

ဟု ဖိတ်ခေါ်လေရာ ဘိုးချန့်သည် လူကြီး၏စကားကြောင့် ပိုမို၍ ထိတ်လန့်သွားပြီး

" ဟင်… ဒါဆို ခင်ဗျား… ခင်ဗျားက လူရှင်မဟုတ်ဘူး၊ လူသေပေါ့၊ လူသေခိုရင် သရဲပေါ့၊ သရဲဆိုရင်တော့ ကြောက် တယ် "

ဟု ပြောလေ၏။ အရူးနှင့်တူသော လူကြီးက ခေါင်းခါယမ်း ၍

" ငါဟာ လူသားစစ်စစ်ပဲဟဲ့မောင်ယောက်ပါ၊ မကြောက်ပါနဲ့၊ ဇရပ်ပေါ်ကို တက်ခဲ့ပါ၊ ပြီးတော့ အကြောက်ပြေအောင် ဇရပ်ထောင့် မှာရှိတဲ့ ရေအိုးက ရေကိုသောက်လိုက်ပါ၊ ရေသောက်ပြီးရင် မင်း



www.burmeseclassic.com

www.burmeseclassic.com



အကြောက်ပြေသွားလိမ့်မယ် ”

ဟု ပြောလေ၏။

ဘိုးချန်သည် ဇရပ်ပေါ်ရှိ ရေအိုးမှ ရေအေးအေးတစ်ခွက်ကို ဖွတ်ခနဲ မော့ချလိုက်ရာ အတန်ငယ် အကြောက်ပြေသွားသကဲ့သို့ ရှိလေ၏။

ဘိုးချန်သည် အကြောက်ပြေသွားသောအခါ အရွးနှင့်တူသော လူကြီးကိုကြည့်၍

“ ခင်ဗျား လူစစ်စစ် ဟုတ်ပါတယ်နော်၊ ကျုပ်⋯ ကျုပ်ကို အမှန်တိုင်းပြောဗျာ ”

ဟု ပြောလိုက်ရာ အရွးနှင့်တူသော လူကြီးက ခေါင်းညိတ်၍

“ လူစစ်စစ်ပါကွာ၊ ဒီဇရပ်ကို ညနေစောင်းကတည်းက ငါ ရောက်နေတာကွ၊ တကယ်တော့ ထိန်တောသချိုင်းဟာ ငါ့ရဲ့ နောက်ဆုံးခန္ဓာအိမ် ပြောင်းလဲရမယ့် အရပ်ဒေသပဲ၊ ငါနောက်ဆုံး ခရီးထွက်တော့မယ် ”

ဟု ပြောလေ၏။

ဘိုးချန်သည် အရွးကြီး၏စကားကို နားမလည်ဟန်ဖြင့်





ကြည့်၍

“ နောက်ဆုံးခရီးဟုတ်လား၊ ခင်ဗျားက ဘယ်လိုခရီးထွက်မလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ အရွးနှင့်တူသော လူကြီးက

“ ငါဟာ ဝိဇ္ဇာပညာကို လိုက်စားတဲ့ပုဂ္ဂိုလ်တစ်ယောက်ပဲကွ၊ ငါတတ်ကျွမ်းတဲ့ ဂန္ဓာရီပညာရဲ့အလိုအရ ထိန်တောသချိုင်းဟာ ငါ့ရဲ့ ခန္ဓာအိမ်ပြောင်းရွှေ့ရမဲ့အရပ်ပဲ၊ မင်းနားလည်အောင် ပြောရမယ်ဆိုရင်တော့ ငါအသေထွက် ထွက်ရမဲ့နေရာပဲကွ၊ ငါဟာ ဒီနေ့ညပဲ ကန့်လန့်ကာ နောက်ကွယ်ကို သွားရတော့မှာကွ၊ နားလည်လား ”

ဟု ပြောလေ၏။ ဘိုးချန်သည် စိတ်မနှံ့သောလူကြီး၏ ပြောချင်ရာပြောသော စကားများကို နားမဝင်တော့ဘဲ

“ နေစမ်းပါဦးဗျာ၊ ခင်ဗျားဘာသာ အသေထွက်ထွက်ရဲ မကလို့ ဘာပဲဖြစ်ဖြစ် ကျုပ် စိတ်မဝင်စားဘူး၊ ကျုပ်နဲ့လည်း မပတ်သက်ဘူး၊ ကျုပ်သိချင်တာက ဟောဒီသချိုင်းကြီးထဲကို ကျုပ် ဘယ်လိုလုပ်ရောက်နေလဲ ခင်ဗျားသိလား ”

ဟု မေးမြန်းလေ၏။ အရွးနှင့်တူသော လူကြီးသည် တင်ပျဉ်



www.burmeseclassic.com

www.burmeseclassic.com



ခွေထိုင်နေရာမှ မျက်လုံးကိုမှိတ်လိုက်ပြီး

" မင်းဟာ အဘိုးအနဂ္ဂလိုက်တာနဲ့ ပြည်တန်ပတ္တမြားကို အနားမှာထားပြီး တန်ဖိုးမဲ့တဲ့ကျောက်ခဲတစ်လုံးကို တမ်းတနေတဲ့ သူရူးသူမိုက်တစ်ယောက်ပါလား၊ ငါ့ရဲ့ပညာအမွေတွေ ဆက်ခံမယ့် လူဟာ မင်းလိုလူတစ်ယောက်ဆိုတာ ငါ မသိခဲ့ဘူး၊ ငါ့ဘဝရဲ့ နောက်ဆုံးအချိန်ကို နီးနီးလာပြီကွ၊ ငါ့ရဲ့မျက်ခွံတွေ လေးလံလာပြီ၊ ငါ့ရဲ့ကိုယ်ခန္ဓာထဲမှာရှိတဲ့ ဝိညာဉ်ဓာတ်ကား ရုပ်စဲသွားတော့မယ်၊ ဒီဘဝပြီးတော့ နောက်ဘဝကို ကူးသန်းတော့မယ်၊ ငါသေသွားပေမဲ့ ငါ့ရဲ့ဝိညာဉ်ကတော့ ရုပ်စဲသွားမှာ မဟုတ်ဘူး "

ဟု အချိပ်ပွာယ်များလည်း နှုံ ခက်ခဲသောစကားများကို ပြောဆိုလေရာ ဘိုးချန်သည် အရှုးကြီးကို စိတ်မရှည်နိုင်တော့ဘဲ

" ဟေ့လူကြီး… ဝိညာဉ်တွေ ဘာတွေ ကျုပ် နားမလည်ဘူး၊ ကျုပ်သိချင်တာက ကျုပ် ဘာဖြစ်လို့ ဒီသချိုင်းကုန်းကို ရောက် နေတာလဲ၊ ခင်ဗျားသိရင် ပြော၊ မသိရင်လည်းနေတော့"

ဟု အော်ဟစ်ပြီး မေးမြန်းလေ၏။ အရူးနှင့်တူသော လူကြီးက ဘိုးချန်ကို မျက်လုံးများဖွင့်၍ ကြည့်လိုက်ပြီး

" မင်း ဘာလို့ သချိုင်းကိုရောက်နေလဲဆိုတော့ ရောက်စရာ





ရှိလို့ ရောက်တာပေါ့ကွာ၊ လူတွေအားလုံးဟာ ဖြစ်စရာရှိရင်ဖြစ်တယ်၊ ခံစရာရှိရင် ခံရတယ်၊ ဒါဟာ မဆန်းပါဘူး "

ဟု ပြောလေ၏။ ဘိုးချန်သည် အရူးနှင့်တူသော လူကြီး၏ စကားများကို သည်းခံနိုင်စွမ်းမရှိတော့ဘဲ ဒေါသတကြီးဖြင့်

" ဘာ… ရောက်စရာရှိလို့ရောက်တယ် ဟုတ်လား၊ ခင်ဗျားကြီးက အရူးကြီးပီပီ မဟုတ်တာတွေ ပြောနေပြန်ပြီ၊ ကျုပ်က စာရင်းငှားဗျ၊ လယ်ပိုင်ရှင်အိမ်မှာ ကျုပ်တို့စာရင်းငှားတွေ စုပေါင်းပြီး အိပ်ကြတယ်၊ သချိုင်းကုန်းကိုရောက်စရာ အကြောင်းမရှိဘူး၊ ကျုပ် ဘာဖြစ်လို့ သချိုင်းကုန်းကို ရောက်နေတာလဲ "

ဟု အော်ဟစ်လိုက်လေ၏။ ထိုအခါ အရူးနှင့်တူသော လူကြီးက ဘိုးချန်ကို သနားစရာသတ္တဝါတစ်ဦးကဲ့သို့ကြည့်၍

" မင်းနဲ့ငါ ပဋ္ဌာန်းဆက်ပါလို့ နောက်ဆုံးအချိန်မှာ ဆုံတွေ့ရတာကွ၊ မင်းဟာ ဘာမဟုတ်တဲ့ အပေါယံအဆောင်အယောင်တွေကို ဘာလို့မက်မောနေရတာလဲ၊ ဒီလောက်တောင် အပေါ်ယံကိုသိချင်နေရင်လည်း ပြောပြရတာပေါ့ကွာ၊ ညဦးပိုင်းက ငါဟာ ဇရပ်ပေါ်မှာ ရှာန်အသိနဲ့နေတုန်း အိပ်မောကျနေတဲ့ မင်းကို စာရင်းငှားတစ်စုက သယ်မပြီး ဇရပ်ပေါ်ကို ချထားခဲ့တယ်၊ သူတို့ဟာ မင်းကို ကိုင်းတဲ့

www.burmeseclassic.com



သဘောနဲ့ ထားခဲ့ပုံရတယ်၊ သူတို့ကိုလည်း အပြစ်တင်မနေပါနဲ့၊ တကယ်တော့ လောကမှာ ဘယ်သူ့ကိုမှ အပြစ်တင်လို့မရဘူး၊ ဘယ်သူ့မှာမှလည်း အပြစ်ရှိတယ်လို့ ပြောလို့မရဘူး၊ အရာအားလုံးဟာ ဖြစ်စရာရှိလို့ ဖြစ်လာတာ၊ ဖြစ်လာရင် ဖြစ်လာတယ်လို့ပဲ သဘောထားလိုက်၊ ဘယ်သူ့ကြောင့်လဲ၊ ဘယ်သူလုပ်တာလဲ၊ ဘယ်သူ့မှာ အပြစ်ရှိလဲလို့ တွေးမနေနဲ့၊ မောရုံပဲရှိတယ် ”

ဟု ပြောလေရာ ဘိုးဈုန်သည် အရှူးကြီး၏စကားကို နားထောင်၍ မိမိ ထိန်တောသချိုင်းသို့ရောက်ရှိသွားခြင်းအကြောင်းကို ရိပ်စားမိသွားပြီး ဒေါသတကြီး တက်ခေါက်ကာ

“ တောက်... ဒီကောင်တွေ ကျုပ်ကို သချိုင်းကုန်းမှာ ရက်ရက်စက်စက် ထားသွားလိုက်တာဗျာ၊ ကျုပ်က တစ္ဆေသရဲဆိုအသေအလဲကြောက်တတ်တယ်ဗျ၊ သချိုင်းအလယ်မှာ ညသန်းခေါင် အချိန်ကြီး သေတော့မလို့ဗျ။ ဒါဟာ အစနောက်သန်တဲ့ ဖိုးအောင် လက်ချက်ပဲဖြစ်မယ်၊ ဒီကောင် ကျုပ်နဲ့တွေ့မယ် ”

ဟု ဒေါသတကြီး ကြုံးဝါးလေ၏။

အရှူးနှင့်တူသော လူကြီးက ဘိုးဈုန်၏စကားများကို နားထောင်၍





“ လူလေးနာမည် ဘယ်လိုခေါ်သလဲ ”

ဟု မေးမြန်းလေရာ ဘိုးဈုန်က မျက်မှောင်ကြုတ်၍

“ ကျုပ်နာမည် ဘိုးဈုန် ”

ဟု ပြောလိုက်လေ၏။ ထိုအခါ အရူးနှင့်တူသော လူကြီးက သက်ပြင်းချ၍

“ ဘိုးဈုန် မင်း ဒီနေ့ကစပြီး မြေလျှိုးမိုးပျံ ဘိုးဈုန်ဖြစ်ပြီ၊ မင်းကို ငါ့ရဲ့ပညာအမွေတွေ ပေးခဲ့တော့မယ်၊ မင်းရဲ့လိပ်ပြာသန့်ရင် သန့်သလို မြေလျှိုးမိုးပျံနိုင်မယ်၊ အရာရာကို ထွင်းဖောက်ပြီးမြင်နိုင်မယ်၊ ကြိုတင်ပြီးလည်း သိမြင်နိုင်တယ် ”

ဟု ပြောလေရာ ဘိုးဈုန်သည် အရူးကြီး၏ပေါက်ကရစကားများကို နားထောင်၍ ရင်ထဲတွင် ပျော်ရွှင်သွားသလို ဖြစ်သွားပြီး

“ ဘာ... ခင်ဗျားက ကျုပ်ကို ပညာအမွေတွေပေးခဲ့မယ် ဟုတ်လား၊ ခင်ဗျားပြောတဲ့အစွမ်းတွေရရင် ကျုပ်တစ်သက်လုံး စားရင်ငှားမလုပ်တော့ဘူး၊ လူစွမ်းကောင်းပဲ လုပ်မယ် ”

ဟု ပြောလေ၏။ အရူးနှင့်တူသော လူကြီးသည် ဘိုးဈုန်၏ စကားကို နားထောင်၍ မျက်နှာရင်းလက်သွားပြီး

“ လူစွမ်းကောင်းလုပ်မယ် ဟုတ်လား၊ သိပ်ကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုက်နိုမိတ်ပဲ၊ လောကမှာ မစွမ်းတဲ့သူတွေရှိတယ်၊ အဲဒီမစွမ်းတဲ့ သူတွေကို လူစွမ်းက ကောင်းအောင်လုပ်ပေးရမယ်၊ ဒါမှ လူစွမ်းကောင်း ဖြစ်မယ်၊ မင်း လူစွမ်းကောင်းဖြစ်ပြီဆိုရင် မင်းရဲ့စိတ်တွေ ပြောင်းလဲသွားပြီ၊ ဒီအရပ်မှာလည်း မနေနိုင်တော့ဘူး။ ဝိဇ္ဇာတွေဟာ လိမ်ပြာလုတဲ့လူတွေကို ကူညီစောင်မသလို မင်းလည်း အားနည်း ချက် ရှိတဲ့ လူတွေကို ကူညီရမယ်၊ ကယ်တင်ပေးရမယ်၊ ငါ့နာမည် တာတီးလို့ခေါ်တယ်၊ ငါဟာ ဝိဇ္ဇာလမ်းကို အရှူးစခန်းအနေနဲ့ လိုက် စားပြီး ကျင့်ကြံခဲ့တာ နှစ်ပေါင်းများစွာ ကြာပြီ၊ ပေါက်မြောက်သင့် သလောက်လည်း ပေါက်မြောက်ခဲ့တယ် ”

ဟု ပြောလေရာ ဘိုးချန်သည် အရူးကြီး၏နာမည်မှာ တာတီး ဖြစ်ကြောင်း သိရ၍ သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီး

“ ဟား ဟား ဟား… အရူးစခန်းကို လိုက်စားတဲ့ဝိဇ္ဇာကြီး ဆိုတော့ အရူးကြီးတာတီးပေါ့ ”

ဟု နောက်ပြောင်လိုက်လေ၏။ ဦးတာတီးဆိုသော လူကြီးက စိတ်ဆိုးဟန်မပြဘဲ

“ နာမည်ဆိုတာ ပညတ်တစ်ခုပါပဲ၊ ကဲ… အချိန်မရှိတော့ ဘူး ဘိုးချန်၊ ငါ့ရဲ့ နောက်ဆုံးအချိန်ကို နီးနီးလာပြီ၊ မင်း ငါ့ရှေ့မှာ





ဒူးထောက်ပြီး ထိုင်လိုက်ပါ ”

ဟု ပြောလေ၏။ ဘိုးချန်သည် အရူးကြီး၏ တည်ငြိမ်သော အမူအရာကိုကြည့်၍ မျက်မှောင်ကြုတ်လိုက်ပြီး

“ ဒီလူကြီးဟာ အရူးဆိုပေမယ့် မင်မောင်းတော်တော် ကောင်းတယ်၊ ယဉ်ယဉ်လေးရူးနေတယ် ထင်တယ်၊ မသိတဲ့သူတွေ ဆိုရင် သူ့ကို အထင်ကြီးလောက်တယ်၊ ဘာပဲဖြစ်ဖြစ် သချိုင်း ကုန်းမှာ ငါတစ်ယောက်တည်း လိပ်ပြာလွင့်ပြီးသေမဲ့ဘေးကနေ အရူးကြီးတာတီးက ကယ်တင်ခဲ့တာပဲ၊ သူစိတ်ချမ်းသာအောင် နေပေးလိုက်မယ် ”

ဘိုးချန်သည် ဦးတာတီး စိတ်ကျေနပ်စေရန် ၄င်း၏ရှေ့တွင် ဒူးထောက်ထိုင်ချပေးလိုက်၏။

ဦးတာတီးသည် တင်ပျဉ်ခွေထိုင်နေရာမှ ဘိုးချန်၏ငယ်ထိပ်ကို သူ၏ညာဘက်လက်ဖြင့် ထိကပ်လိုက်၏။

ဘိုးချန်သည် ကိုယ်ခန္ဓာတစ်ခုလုံး နွေးခနဲဖြစ်သွားပြီး တစ်စုံ တစ်ရာသော စွမ်းအင်တစ်ခု ကိုယ်ခန္ဓာအတွင်းသို့ ဝင်ရောက်သွား သကဲ့သို့ ခံစားရလေ၏။

သို့သော် ဘိုးချန်သည် ခဏကြာလျှင် အရူးကြီး ဦးတာတီး



www.burmeseclassic.com

www.burmeseclassic.com



တို့ အထင်ကြီးသူမဟုတ်သဖြင့် မိမိစိတ်လှုပ်ရှားပြီး ထင်မြင်ခြင်းဟု ယူဆမိလေ၏။

ဦးတာတီးသည် ညာဘက်လက်ကို ဘိုးချွန်၏ငယ်ထိပ်ပေါ်သို့ အတန်ကြာအောင် တင်ထားပြီးနောက် သက်ပြင်းရှည်ကြီးကို ချလိုက်၏။

ဘိုးစံသည် ဦးတာတီး၏ စိတ်တိုင်းကျ မျက်လုံးများမှိတ်၍ ခံနေပြီးနောက် သူ၏ပခုံးပေါ်သို့ ဦးတာတီး၏လက် ပြုတ်ကျလာသဖြင့် ရုတ်တရက် လန့်သွားလေ၏။

ဦးတာတီးသည် တင်ပျဉ်ခွေထိုင်၍ မျက်လုံးများမှိတ်ထားဆဲဖြစ်၏။ ဘိုးချွန်သည် ဦးတာတီးကိုကြည့်၍

" ဘယ်လိုလဲ၊ ကျုပ်မှာ ခင်ဗျားပေးတဲ့ တန်ခိုးစွမ်းအင်တွေ ရသွားပြီလား "

ဟု မေးမြန်းလေ၏။ သို့သော် ဦးတာတီးထံမှ ပြေဆိုသံ မကြားရသဖြင့် ဤလူကြီး သေများသွားပြီလားဟုတွေးကာ ရင်ဘတ်နားသို့ တိုးကပ်၍ အသက်ရှူသံကို နားထောင်ကြည့်လေ၏။

ထိုအခါ အသက်ရှူသံကို မကြားရတော့သဖြင့် ဦးတာတီးကြီး အမှန်တကယ် သေဆုံးသွားပြီဟု ယူဆလိုက်၏။

ဘိုးချွန်သည် ဦးတာတီးကို ယနေ့ညမှ စတင်တွေ့ဖူးသော်လည်း ကရုဏာစိတ်များဖြစ်ပေါ်လာပြီး မြေမြှုပ်သင်္ဂြိုဟ်ပေးရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ဇရပ်ပေါ်၌တွေ့ရသော ပေါက်တူးတစ်လက်ကို ယူကာ မြေကျင်းတစ်ခုကို တူးလေ၏။

ဘိုးချွန်သည် ညဉ့်သန်းခေါင်အချိန်ကြီး တစ်ကိုယ်တည်း မြေကျင်းတူးနေသော မိမိအဖြစ်ကိုမိမိ အံ့ဩသလို ဖြစ်မိ၏။

လွန်ခဲ့သော နာရီပိုင်းလေးကပင် သင်္ချိုင်း၌ နေထိုင်ခြင်းကို လိပ်ပြာလွင့်လုမတတ် ကြောက်ရွံ့ခဲ့၏။

ယခု မိမိ၏ မည်သည့်ကြောက်ရွံ့စိတ်မျှမရှိဘဲ ထိန်တောသင်္ချိုင်း၌ သုဘရာဇာတစ်ဦးကဲ့သို့ အေးအေးချမ်းချမ်း မြေကြီးတူးနေပုံမှာ အံ့ဩဖွယ်ကောင်းလှ၏။

မိမိ၏စိတ်များ အဘယ်ကြောင့် ဤမျှ ပြောင်းလဲသွားသနည်း။

အဘယ်ကြောင့် ရဲစိတ်ရဲမာန်များ ဝင်ရောက်လာသနည်း။

ဘိုးချွန်သည် တွေးမရတော့ဘဲ ဦးတာတီး၏အလောင်းကိုသာ





စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မြေမြှုပ်သင်္ဂြိုဟ်လိုက်လေ၏။

ပြီးနောက် ဇရပ်အနီးရှိ အုတ်ဂူပျက်ပေါ်၌သွား၍ထိုင်ကာ အိတ်ထဲတွင်ရှိသော ဆေးပေါ့လိပ်ကို မီးညှိဖွာရှိုက်လေ၏။

မိမိ၏ဘဝကို စဉ်းစားဆင်ခြင်နေလေ၏။

သူသည် လွန်ခဲ့သောညကအထိ ရိုးသားသော စာရင်းငှားလုလင်တစ်ဦး ဖြစ်ခဲ့၏။

ထိုသို့ စာရင်းငှားဘဝမှ သူငယ်ချင်းများ၏နောက်ပြောင်ကျီစယ်မှုကြောင့် မမျှော်လင့်ဘဲ သင်္ချိုင်းသို့ ရောက်ရှိခဲ့၏။

မိမိကို သင်္ချိုင်း၌ တစ်ကိုယ်တည်းထားခဲ့သော သူငယ်ချင်းများကိုလည်း အလွန်စိတ်ဆိုးခဲ့ရ၏။ သင်္ချိုင်းအလယ်၌ ကြောက်လွန်း၍ ရူးမတတ်ဖြစ်ခဲ့ရ၏။

မိမိဘဝကို အရူးကြီး ဦးတာတီးက ကယ်တင်ပေးခဲ့ခြင်း ဖြစ်၏။

ဇရပ်ပျက်ကြီး၌ ဦးတာတီးနှင့်သာ မဆုံရလျှင် လူ့လောက၌ မိမိ သက်ရှိထင်ရှားရှိတော့မည်မဟုတ်။

သူသည် အရူးကြီး ဦးတာတီး၏ နောက်ဆုံးအချိန်၌ တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့ခဲ့ရ၏။





ဦးတာတီးသည် သေကာနီး ထင်ရာမြင်ရာ စကားများကို ပြောဆိုပြီး မိမိကို တန်ခိုးစွမ်းအင်များ အပ်နှင်းပေးခဲ့သည်ဆို၏။

ဘိုးချမ်းသည် ဦးတာတီးကို ယုံကြည်ခြင်းမရှိသော်လည်း နောက်ပြောင်ကျီစယ်သောသဘောဖြင့်ဦးတာတီးအလိုကျနေပေးခဲ့၏။

ထိုသို့ ဦးတာတီးအလိုကျ နေထိုင်ပေးပြီးနောက် သူ၏စိတ်များ ထူးဆန်းစွာ ပြောင်းလဲသွားခဲ့၏။ သူသည် ဤအရပ်၌ ရိုးသားသော စာရင်းငှားလုလင်တစ်ဦးအဖြစ် ကြီးပြင်းခဲ့ရ၏။

ဤအရပ်သည် သူ၏ဇာတိရပ်မြေလည်း ဖြစ်၏။ ဤအရပ်၌ သူ၏မိဘနှစ်ပါး ခေါင်းချခဲ့၏။

မိဘများသည် ယခင်က လယ်ပိုင်ယာပိုင်ရှိသော်လည်း ချစ်တီးနှိပ်စက်သဖြင့် ရှိသမျှ ကုန်စင်ခဲ့၏။

ဖခင်သေဆုံးပြီးနောက် မိမိကို ဖခင်အား စာရင်းငှားလုပ်ပြီး ကျွေးမွေးပြုစုခဲ့၏။ လွန်ခဲ့သောနှစ်က မိခင်ကြီး ချောင်းဆိုးသွေးပါ ရောဂါနှင့် ဆုံးပါးသွားခဲ့ပြီးနောက် ဘိုးချမ်း တစ်ကောင်ကြွက် ဖြစ်ခဲ့ရ၏။

ဘိုးချမ်းသည် ဇာတိရပ်မြေကို ခင်မင်သူဖြစ်သဖြင့် တစ်သက်လုံး ရွာမှာနေထိုင်မည်ဟု ဆုံးဖြတ်ခဲ့၏။ ယခု ဘိုးချမ်း၏စိတ်များ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားလေ၏။

မိမိ၏ဇာတိရပ်မြေကို မခင်တွယ်လိုတော့ချေ။

တစ်မြို့တစ်ရွာသို့ ပြောင်းရွှေ့ပြီး ဘဝအတွေ့အကြုံ ရှာဖွေလိုသော စိတ်များ ဖြစ်ပေါ်လာ၏။ ထိုသို့ပြောင်းရွှေ့မည်ဆိုလျှင် အချိန်မဆိုင်းဘဲ ယနေ့ညပင် ပြောင်းရွှေ့သွားချင်၏။

မိမိ၏သူငယ်ချင်း စာရင်းငှားများနှင့် ဆုံတွေ့ပြီး နှုတ်ဆက်စကားပင် မပြောကြားလိုတော့။ သူတို့နှင့် တွေ့လျှင် မိမိ၏ ဂူညီးရွှယ်ချက်များကို ပျက်အောင်ပြောဆိုကြဦးမည်။

မကြာမီ အရထဲတက်အချိန်သို့ရောက်တော့မည်။ ဤအရပ်မှ ထွက်ခွာသွားပေတော့မည်။ ဘိုးရျာန်သည် မိမိထိုင်နေသော အုတ်ဂူပေါ်မှ ထထိုင်လိုက်၏။

ပြီးနောက် အုတ်ဂူလေးကိုကြည့်ကာ ဤအုတ်ဂူလေး၌ တစ်ခုခုရေးခြစ်လိုစိတ်များ ဖြစ်ပေါ်လာ၏။ ထို့ကြောင့် အသင့်တွေ့ရသော မီးသွေးခဲဖြင့် အုတ်ဂူပေါ်၌ အရှုးကြီး ဦးတာတီး နိမိတ်ဖတ်ခဲ့သော 'မြေလျှိုးမိုးပျံ ဘိုးရျန်' ဟူသော စာကြောင်းကို အစိပ္ပာယ်မဲ့ ရေးခြစ်မိလေ၏။

ထိုသို့ရေးခြစ်ပြီး ....





" အရှုးကြီး ဦးတာတီးပြောသလို တကယ်ပဲ မြေလျှိုးမိုးပျံနိုင်ရင် သိပ်ကောင်းမှာပဲ၊ ငါ့မှာ မြေလျှိုးမိုးပျံနိုင်တဲ့ အစွမ်းရှိရင် ချစ်တီးတွေကို ကောင်းကောင်းနှိပ်စက်ရမယ်၊ ချစ်တီးတွေ ဒုက္ခပေးတဲ့ လူတွေကို ကူညီရမယ်၊ ငါတို့မိသားစုလည်း ချစ်တီးကြောင့် လယ်တွေ ယာတွေ ဆုံးခဲ့ရတယ်၊ အဖေလည်း ချစ်တီးကြောင့် လုံးပါးပါးပြီး သေခဲ့ရတယ်၊ ဒါပေမဲ့ ဦးတာတီးပြောခဲ့တာဟာ အလကားပါ၊ မဖြစ်နိုင်တာတွေကို တွေးမနေတော့ပါဘူး၊ ဒီအရပ်က ထွက်ခွာသွားမှ ဖြစ်တော့မယ်၊ မနက်ကျရင် ငါ့သူငယ်ချင်း စာရင်းငှားတွေ ရောက်လာတော့မယ် "

ဟု တွေးရင် ထိန်တောသင်္ချိုင်းမှ ခြေလှမ်းကြဲကြီးများဖြင့် ထွက်ခွာလာခဲ့လေ၏။

ထိုအချိန်မှစ၍ စာရင်းငှား ဘိုးရျန်သည် မိမိ၏ဇာတိရပ်မြေမှ မြေလျှိုးမိုးပျံသကဲ့သို့ ထူးဆန်းစွာ ပျောက်ဆုံးသွားလေတော့၏



www.burmeseclassic.com

www.burmeseclassic.com



ဘိုးချုန်သည် သချိုင်းကုန်းမှ ထွက်ခွာခဲ့ပြီးနောက် သူတို့ရွာနှင့် အနီးဆုံးရှိ မီးရထားဘူတာရုံသို့ ရောက်ခဲ့လေ၏။ ခဏကြာလျှင် စာပို့ရထားကြီး ဆိုက်ကပ်လာသဖြင့် ဘိုးချုန်သည် ရထားပေါ်သို့ တက်ခဲ့လေ၏။

ဘိုးချုန်၌ ပိုက်ဆံတစ်ပြားတစ်ချပ်မျှ မပါသဖြင့် မီးရထားလက်မှတ် ဝယ်ယူနိုင်ခြင်းမရှိချေ။ ခဏကြာလျှင် ကုလားလူမျိုး လက်မှတ်စစ်ရောက်လာပြီး လက်မှတ်စစ်လေ၏။

ဘိုးချုန်သည် မိမိ၌ လက်မှတ်ဝယ်ယူထားခြင်းမရှိသဖြင့် အခက်ကြုံနေလေ၏။





ကုလားလက်မှတ်စစ်သည် ခရီးသည်များထံမှ လက်မှတ်ကို ယူ၍ ပလယာဖြင့် အပေါက်ဝိုင်းလေးပြုလုပ်လေ၏။ ထိုသို့ အပေါက်ဝိုင်းဖောက်ရခြင်းမှာ လက်မှတ်စစ်ပြီးကြောင်း အမှတ်အသား ဖြစ်၏။

လက်မှတ်စစ် တဖြည်းဖြည်းနီးကပ်လာသဖြင့် ဘိုးချုန်သည် ကြံရာမရဖြစ်ပြီး ကြမ်းပေါ်တွင်ကျနေသော လက်မှတ်အဟောင်းလေးကို ကောက်ယူလိုက်လေ၏။

ထိုလက်မှတ်၌ အပေါက်ဖောက်ပြီးသား မီးရထားလက်မှတ်ဖြစ်သဖြင့် တရားမဝင်တော့ချေ။

မည်သို့ပင်ဖြစ်စေ ဘိုးချုန်သည် တရားမဝင်သော လက်မှတ်ကလေးကိုသာကိုင်၍ လက်မှတ်စစ်ကို စောင့်မျှော်နေလေ၏။ လက်မှတ်စစ်သည် ဘိုးချုန်၏ရှေ့သို့ရောက်လျှင် ဘိုးချုန်၏လက်မှတ်ကို ပလာယာဖြင့်ဖောက်ရန်ယူလိုက်၏။

ဘိုးချုန်၏ရင်ထဲတွင် တထိတ်ထိတ်ခုန်နေလေ၏။

ထိုအခိုက်မှာပင် အနီးရှိ ရထားလမ်းမှ ရထားတစ်စီး ပြိုင်၍မောင်းလာသဖြင့် လက်မှတ်စစ်သည် ထိုရထားကို အာရုံရောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်စစ်သည် ရထားကို အာရုံရောက်သွားသဖြင့် ဘိုးချွန်၏လက်မှတ်၌ အပေါက်ဖောက်ခြင်း မဖောက်ခြင်းကို မမှတ်မိဘဲ ဘိုးချွန်လက်သို့ လက်မှတ်ကို ပြန်ပေးလိုက်လေ၏။

ဘိုးချွန်သည် ထိုအခါမှပင် သူ၏ရင်ထဲရှိအလုံးကြီး ကျသွားလေ၏။ ဘိုးချွန်သည် မီးရထားဖြင့် ခရီးသွားရင်း တဖြည်းဖြည်း ဗိုက်ထဲတွင် ဆာလောင်လာလေ၏။

ယခုအချိန်ဆိုလျှင် သူ၏သူငယ်ချင်း စာရင်ငှားများ မိမိ ပျောက်ဆုံးသွားခြင်းကို သိရှိပေတော့မည်။

အုတ်ဂူဟောင်းဇလေး၌ မြေလျှိုးမိုးပျံ ဘိုးချွန်ဟု မိမိရေးသားထားသော စာကြောင်းကိုဖတ်၍ မည်သို့အဓိပ္ပာယ်ကောက်ယူမည် မသိချေ။

အရှုးကြီး ဦးတာတီးပြောသကဲ့သို့ မြေလျှိုးမိုးပျံနိုင်သော အစွမ်းရှိလျှင် ကောင်းလေစွဟု တွေးနေမိ၏။ ဘိုးချွန်သည် ဘူတာတစ်ခုသို့ရောက်လျှင် ရထားစီးချင်စိတ်မရှိတော့သဖြင့် ရထားပေါ်မှ ဆင်းလိုက်လေ၏။

ဘိုးချွန်သည် စားဝတ်နေရေးအတွက် အလုပ်တစ်ခုလုပ်ရမည်ဟူသော အသိဖြင့် ဘူတာအနီးရှိ ထမင်းဆိုင်နှင့် ခေါက်ဆွဲ





ဆိုင်များသို့ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် ဝင်ရောက်ကာ ပန်းကန်ဆေး၊ စားပွဲထိုး အလုပ်ကို လုပ်လိုကြောင်း ပြောဆို၍ အလုပ်တောင်းလေ၏။

သို့သော် ဆိုင်ရှင်များက အလုပ်သမားမလိုကြောင်း ပြောဆိုကာ မောင်းနှင်ထုတ်လေ၏။ ဘိုးချွန်သည် စိတ်ပျက်အားငယ်ခြင်း မရှိဘဲ အလုပ်ရရန်အတွက် ဆက်လက်၍ ရှာဖွေလေ၏။

သူသည် မည်သည့်အစားအသောက်ကိုမျှ စားသောက်ရခြင်း မရှိသည့်အတွက် လွန်စွာ ဆာလောင်မွတ်သိပ်နေ၏။

ထို့ကြောင့် အနီးရှိ သစ်ပင်ရိပ်ရှိ သောက်ရေအိုးစင်မှ ရေကို အဝသောက်၍ အလုပ်ရမည့်လမ်းကို စဉ်းစားဆင်ခြင်နေလေ၏။

ရွာမှာဆိုလျှင် ထမင်းစားရန် အလုပ်တစ်ခု မည်သို့ရှာရှာ ရနိုင်၏။ မြို့၌ အဘယ်ကြောင့် ဤမျှအလုပ်ရှားသနည်း။ မြို့က လူများသည် အကြင်နာကင်းမဲ့၍ ကရုဏာတရား ခေါင်းပါးပုံရ၏။

ဘိုးချွန်သည် ထိုသို့တွေးရင်း အေးမြသော အရိပ်အောက်၌ မျက်လုံးများမှေးစင်းကာ အိပ်ပျော်သွားလေတော့၏။

ဘိုးချွန် တစ်ယောက် မည်မျှကြာကြာ အိပ်ပျော်ခဲ့လေသည် မသိ။ မီးရထားမှ ဥသြသံရှည်ကြီးကို ကြားရသောအခါမှပင် အိပ်ရာ



www.burmeseclassic.com

www.burmeseclassic.com



မှ နိုးလေ၏။

မီးရထား ဆိုက်ကပ်လာသဖြင့် ရထားပေါ်မှ ခရီးသည်များ ဆင်းလာကြ၏။ ခရီးသည်များကြားမှ မီးရထားဝတ်စုံဝတ်ဆင်ထားသော လူဝကြီးတစ်ဦးသည် ဘိုးချန်ရှိရာသို့ စည်ပိုင်းကြီး လိမ့်လာသကဲ့သို့ လျှောက်လှမ်းလာလေ၏။

လူဝကြီးသည် ဘိုးချန်၏အနီးသို့ရောက်သောအခါ

"ဟေ့ကောင်… မင်းနာမည် ဘယ်သူလဲ၊ မင်းဘယ်အရပ်က လာသလဲ၊ ငါ့ကိုပြောစမ်း"

ဟု မေးမြန်းလေရာ ဘိုးချန်သည် မီမီရထားလက်မှတ်မဝယ်ဘဲ စီးလာခြင်းကို လူဝကြီးသိသွားသဖြင့် လာရောက်မေးမြန်းသည် ထင်ကာ ရင်ထိတ်သွားလေ၏။

ထို့ကြောင့် လူဝကြီးကို ကြည့်၍

"ကျုပ်… ကျုပ် ပိုက်ဆံမပါလို့ တစ်ကြိမ်တည်း မီးရထား လက်မှတ်မဝယ်ဘဲ စီးမိတာပါဗျာ၊ ကျုပ်ကို မဖမ်းပါနဲ့ "

ဟု ပြောလေရာ လူဝကြီးသည် ဘိုးချန်၏အမူအရာကိုကြည့်၍ သဘောကျဟန်ဖြင့် ရယ်မော၍

"ဟား ဟား ဟား… မင်းက ငါ့ရထားကို ရထား





လက်မှတ်စစ်အောက်မေ့လို့လား၊ ငါက ရုံပိုင်ကွ၊ လက်မှတ်စစ် မဟုတ်ဘူး၊ ငါ့ကို မကြောက်ပါနဲ့ "

ဟု ပြော့လေ၏။ ဘိုးချန်သည် လူဝကြီးက မကြောက်နဲ့ဟု ဆိုကာ ပို၍ထိတ်လန့်သွားလေ၏။

" ရုံပိုင်ကြီးဆိုတော့ ကျုပ် ပိုပြီးအပြစ်ကြီးသွားပြီလား၊ ကျုပ်ကို မဖမ်းပါနဲ့ "

ဟု ပြောလေ၏။ လူဝကြီးက သဘောကျဟန်ဖြင့်ရယ်မော၍

" မင်း တော်တော်ရိုးတဲ့ကောင်ပဲ၊ ငါ့ကို မကြောက်ပါနဲ့ကွာ၊ မင်း ဒီနေ့ မြို့ထဲမှာ အလုပ်လိုက်တောင်းနေတာ ငါသိတယ်၊ မင်းကို အလုပ်ပေးချင်လို့ ငါလာခဲ့တာကွ "

ဟု ပြောလေရာ မည်သည့်အစားအသောက်ကိုမျှ မစားရသေး၍ လွန်စွာ ဆာလောင်မွတ်သိပ်နေသော ဘိုးချန်သည် အလွန် ဝမ်းသာသွားပြီး

" ကျုပ်ကို အလုပ်ပေးမလို့လား၊ ဝမ်းသာလိုက်တာဗျာ၊ ဘယ်အလုပ်ပဲဖြစ်ဖြစ် ကျုပ်လုပ်ပါ့မယ်၊ မြို့ကလူတွေ မေတ္တာတရားခေါင်းပါးတယ်၊ ကျုပ် နေ့လယ်စာတောင် စားဖို့မရှိဘူး၊ ဗိုက်ထဲမှာ ဆာလောင်လွန်းလို့ အူတွေ တကြုတ်ကြုတ်မြည်နေပြီ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ရုံပိုင်လူဝကြီးသည် ဘိုးချန်ကို ကရုဏာသက်ဟန်ဖြင့်ကြည့်၍ ဗိုက်ဆံတစ်မူးထုတ်ပေးကာ

“ ဒါဆိုရင်တော့ မင်း အရင်ထမင်းသွားစား၊ ပြီးတော့မှ အလုပ်အကြောင်းပြောမယ်၊ ငါ့ကို ဘုတာရုံမှာရှိတဲ့ ရုံပိုင်ကြီး ရုံးခန်းမှာ လာတွေ့ပေတော့ ”

ဟု ပြောလေ၏။

ဘိုးချန်သည် ဘူတာရုံအနီးရှိ ထမင်းဆိုင်၌ ဗိုက်ဆာဆာနှင့် ထမင်းကို တဝတပြဲ စားလိုက်လေ၏။

ဗိုက်ပြည့်သွားသောအခါ ဝမ်းမြောက်ဝမ်းသာဖြင့် ဘူတာရုံရှိ ရုံပိုင်ကြီးရှိရာသို့ သွား၍တွေ့လေ၏။ ထိုအခါ ရုံပိုင်ကြီးက

“ မင်းလုပ်ရမယ့်အလုပ်က ငါ့ကို ကူညီရမယ့်အလုပ်ပဲကွ၊ ငါ့ခန္ဓာကိုယ်က မင်းမြင်တဲ့အတိုင်း စည့်ပိုင်းကြီးလိုဖြစ်နေပြီ၊ ဒါကြောင့် အလံချိုးမဲ့အလုပ်လို တောက်တိုမယ်ရအလုပ်တွေ ငါ မလုပ်နိုင်တော့ဘူးကွ၊ အရင်တုန်းက ငါ့ကိုကူညီဖို့ ဖိုးတာဆိုတဲ့ ကောင်တစ်ကောင် ခေါ်ထားတယ်၊ ဖိုးတာက ရထားပေါ်ကို ခိုးခိုးလိုက်ပြီး လူလည်ဖြစ်သွားပြီ၊ ငါ့ရဲ့ ရုံပိုင်ရုံးခန်းလေးထဲမှာ မပျော်တော့ဘူး၊ ဒါကြောင့် ဖိုးတာကိုယ်စား မင်းကိုထားမှာကွ၊ လခငွေ





ရယ်လို့တော့ ငါမပေးနိုင်ဘူး၊ မင်းကို ထမင်းကျွေးမယ်၊ မုန့်ဖိုးလေးဘာလေး ပေးမယ်ပေါ့ကွာ၊ ရုံပိုင်ရုံးခန်းမှာ အလုပ်လုပ်ရင် ခြေဆော့လက်ဆော့တော့ မလုပ်ရဘူး၊ ရိုးသားရမယ် ”

ဟု ပြောလေရာ ဘိုးချန်က ခေါင်းညိတ်၍

“ ကျုပ်က ဆင်းရဲပေမယ့် ခြေဆော့လက်ဆော့ မလုပ်တတ်ပါဘူးဗျာ၊ ကျုပ်နာမည် ဘိုးချန်လို့ခေါ်တယ်၊ ရွာမှာတုန်းက စာရင်းငှား လုပ်တာဗျ၊ ထိန်တောရွာမှာ စာရင်းငှား ဘိုးချန်ဆိုရင် လူတိုင်းသိတယ်ဗျာ၊ ဒါပေမဲ့ ကျုပ်က ရုံပိုင်ရုံးခန်းထဲမှာ ဘာမှမလုပ်တတ်ဘူးနော်၊ ခင်ဗျား သင်ပေးရမယ် ”

ဟု ပြောလေ၏။ ရုံပိုင်ကြီးက ဘိုးချန်၏ပခုံးကိုပုတ်၍

“ မင်းရဲ့အလုပ်က ဘူတာရုံပတ်ဝန်းကျင်မှာ ရေနံဆီမီးအိမ်တွေ လိုက်ထွန်းရမယ်၊ ရထားမလာမီ အလံချိုးရမယ်၊ ငါ့အတွက် တောက်တိုမယ်ရလေးတွေ ဝယ်ခြမ်းပေးရမယ်၊ ဒါပါပဲကွာ ”

ဟု ပြောလေရာ ဘိုးချန်က သဘောကျဟန်ဖြင့်

“ ဒါဆိုရင်တော့ ကျုပ်မလုပ်တတ်စရာ မရှိပါဘူး ”

ဟု ပြောလေ၏။ ဘိုးချန်သည် ထိုနေ့မှစ၍ ရုံပိုင်ကြီး၏ ရုံးခန်းထဲ အလုပ်ရသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးရှုန်၏အလုပ်မှာ ရှံပိုင်ကြီးကိုယ်စား ရထားမလာမီ အလဲ ချိုးပေးရ၏။ ညနေစောင်းသောအခါ ဘူတာရုံပတ်ဝန်းကျင်ရှိ ရေနံဆီ မီးအိမ်ကို ရေနံဆီထည့်ကာ မီးထွန်းရ၏။

ရှံပိုင်ကြီးသည် မိန်းမမရှိသော လူပျိုကြီးဖြစ်ပြီး ဘူတာရုံ အနီးရှိ ရှံပိုင်ကြီး၏နေအိမ်၌ တစ်ကိုယ်တည်းနေထိုင်၏။ ရှံပိုင်ကြီး၏ စားရေးသောက်ရေးအတွက် ထမင်းဆိုင်များ၌ ဝယ်ယူစားသောက် လေ၏။





ဘိုးရှုန်သည် ရှံပိုင်ကြီး၏အလုပ်များကို ကူညီလုပ်ကိုင်ပေးပြီး တစ်ပတ်ခန့်ကြာပြီးနောက် အသက်လေးဆယ်ဝန်းကျင် မိန်းမတစ်ဦး ရှံပိုင်ကြီးနေထိုင်ရာ အိမ်ကလေးသို့ ရောက်လာလေ၏။

ထိုမိန်းမသည် ရှံပိုင်ကြီးနှင့် တရင်းတနှီး နေထိုင်လေ၏။ ထိုမိန်းမ၏အမည်ကို ခင်ခင်ဟု ရှံပိုင်ကြီးက ခေါ်လေ၏။

ဘိုးရှုန်သည် ရှံပိုင်ကြီးနှင့် ခင်ခင်ဆိုသော မိန်းမ စားသောက် ရန် ခေါက်ဆွဲဆိုင်မှ တရုတ်စာများကို သွားရောက်ဝယ်ယူရ၏။

ခေါက်ဆွဲဆိုင်ရှင် တရုတ်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



" ရုံပိုင်ကြီးရဲ့အချစ်ကလေး ရောက်လာပြီထင်တယ် "

ဟု ပြောလေရာ ဘိုးစျန်သည် ခင်ခင်ဆိုသော မိန်းမနှင့် ရုံပိုင်ကြီး၏ရင်းနှီးမှုကို သိသွားလေ၏။

ခင်ခင်ဆိုသော မိန်းမသည် ရုံပိုင်ကြီး၏ အိပ်ခန်းထဲသို့ ဝင်၍ အိပ်စက်လေ၏။ ဘိုးစျန်သည် ဝရန်တာကလေးသို့ထွက်၍ အိပ်စက်သော်လည်း ညဉ့်နက်သည်အထိ အိပ်ခန်းအတွင်းမှ ကလူကျီစယ်သော အသံများကို ကြားနေရ၏။

ဘိုးစျန်သည် နောက်တစ်နေ့ နံနက်စောစောထ၍ စာပို့ရုံထားကြီးမဝင်မီ အလံချိုးရလေ၏။

အလံချိုးပြီး ပြန်လာခဲ့သောအခါ ခင်ခင်ဆိုသော မိန်းမသည် အိပ်ရာမှ ထနှင့်နေပြီး ဘူတာအနီးရှိလမ်း၌ လမ်းလျှောက်နေလေ၏။

ဘိုးစျန်သည် လမ်းလျှောက်နေသောမိန်းမကို ကြည့်၍ ထိုမိန်းမ၏ ကိုယ်ခန္ဓာမှ ထူးဆန်းသော ကိုယ်ရောင်ကိုယ်ဝါကို ရုတ်တရက် မြင်တွေ့လိုက်ရသဖြင့် မိမိမျက်လုံးကိုပင် မိမိမယုံနိုင်ဘဲ အလွန်အံ့ဩနေလေ၏။

ခင်ခင်၏ကိုယ်ခန္ဓာမှ နှစ်ပေပတ်လည်ခန့်တွင် နီညစ်ညစ် အရောင်အဝါများ ထွက်နေလေ၏။





ဘိုးစျန်သည် မိမိအမြင်မှားခြင်းပေလောဟု တွေးကာ သေချာစွာ ကြည့်လေ၏။

ထိုအခါ ခင်ခင်ဆိုသော မိန်းမသည် သူမကို ဘိုးစျန်က မျက်လုံးကျွတ်မတတ် ငေးကြည့်နေသဖြင့် သဘောကျစွာ ရယ်မောလိုက်ပြီး

" ဟင်း ဟင်း ဟင်း... မင်း ငါ့ကို ဘာလို့ဒီလောက်တောင် ငေးကြည့်နေတာလဲ "

ဟု မေးမြန်းလိုက်ရာ ဘိုးစျန်က အထစ်ထစ်အငေါ့ငေါ့ဖြင့်

" အစ်မ၊ အစ်မရဲ့ကိုယ်ခန္ဓာက အရောင်တွေထွက်နေလို့ပါ "

ဟု ပြောလေရာ ခင်ခင်ဆိုသော မိန်းမက ရယ်မော၍

" အစ်မရဲ့ကိုယ်ခန္ဓာက သိပ်လှလို့ကြည့်တာပေါ့၊ ဟုတ်လား၊ ဟုတ်မှာပေါ့၊ အစ်မက မယ်ပြိုင်ပွဲတွေမှာ ဆုရဖူးတယ် "

ဟု သဘောကျဟန်ဖြင့် လိုရာဆွဲပြော၍ကာ သူမ၏ကိုယ်ခန္ဓာကို လိုသည်ထက်ပို၍လှုပ်ရမ်း၍ ထွက်ခွာသွားလေ၏။

ဘိုးစျန်သည် ခင်ခင်၏နောက်ကျောကိုကြည့်၍ မိမိမြင်တွေ့လိုက်ရသော နီညစ်ညစ်အရောင်များအကြောင်းကို နားမလည်



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဖြင့် စဉ်းစားနေမိ၏။

မိမိမျက်စေ့မှားခြင်းမဟုတ်၊ ခင်ခင်ဆိုသောမိန်းမ လျှောက်လှမ်းလာစဉ် သူမ၏ကိုယ်ခန္ဓာမှ နီညစ်ညစ်ရောင်စဉ်များ ဖြာထွက်နေခြင်းကို အမှန်တကယ်ပင် မြင်တွေ့ရ၏။

သို့သော် သူမနှင့်စကားပြောဆိုနေခိုက် မိမိ ထူးဆန်းစွာမြင်တွေ့ရသော ရောင်စဉ်များ ပျောက်ကွယ်သွားသော၏။

ဘိုးချွန်သည် ထိုအကြောင်းကို ရှုပိုင်ကြီးအား မပြောဖြစ်ခဲ့ချေ။ သူတစ်ပါးကိုပြောလျှင် မိမိအား အရူးတစ်ယောက်ဟု ယူဆကြပေလိမ့်မည်။

ခင်ခင်သည် ရှုပိုင်ကြီးထံသို့ တစ်ပတ်လျှင်တစ်ကြိမ် ရောက်လာပြီး တစ်ည နှစ်ညအိပ်ပြီး ပြန်လည်ထွက်ခွာသွားလေ၏။

ဘိုးချွန်သည် နောက်အပတ် ခင်ခင်ရောက်ရှိလာသည့်အခါ သတိထား၍ကြည့်၏။ ထိုအခါ ခင်ခင်ထံမှ နီညစ်ညစ်အရောင်အဝါများကို လျှပ်တပြက် မြင်တွေ့ရပြီး ပျောက်ကွယ်သွားပြန်၏။

ဘိုးချွန်သည် ခင်ခင်ထံမှ ထူးဆန်းသောရောင်စဉ်များကို မြင်တွေ့ရသဖြင့် မိမိ မျက်စေ့မှားခြင်းမဟုတ်ကြောင်း ပိုမို၍ သေချာသွားလေ၏။





ဘိုးချွန်သည် ထိုမိန်းမအား ရိုးသားသူတစ်ဦးဟု ယုံကြည်ခြင်းမရှိချေ။

ခင်ခင်ဆိုသော မိန်းမ၏အကြောင်းကို ရှုပိုင်ကြီးထံတွင် မသိမသာ မေးမြန်းကြည့်သောအခါ မီးရထားပေါ်တွင် ခင်ခင်နှင့်ဆုံတွေ့ခဲ့ခြင်းဖြစ်ကြောင်း ပြောလေ၏။

ခင်ခင်သည် အခြားသော မြို့တစ်မြို့၌အပျိုကြီး အမည်ခံ၍နေထိုင်ကြောင်း ဟုသိရ၏။ ရှုပိုင်ကြီးသည် ခင်ခင်ကို အလွန်နှစ်သက် မြတ်နိုးပုံရ၏။

ရှုပိုင်ကြီးက ခင်ခင်ကို လက်ထပ်ရန်ကြိုးစားနေကြောင်း ပြော၏။ သို့သော် ခင်ခင်က ရှုပိုင်ကြီးကို အချိန်ဆွဲနေသည်ဆို၏။

တစ်နေ့သ၌ ခင်ခင်သည် ရှုပိုင်ကြီး၏အိမ်ကလေး၌ လာရောက် အိပ်စက်ပြီး နံနက်အစောကြီးထကာ အိမ်ကလေးမှ ထွက်ပြေးသွားလေ၏။

ခင်ခင်နှင့်အတူ ရှုပိုင်ကြီးစုဆောင်းထားသော ငွေကြေးများအားလုံးပါသွား၏။

ရှုပိုင်ကြီးသည် မိမိစုဆောင်းထားသော ငွေကြေးများကို ခင်ခင်က ခိုးယူသွားသဖြင့် ယူကြုံးမရဖြစ်ပြီး ကျန်ရစ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်နေထိုင်သောမြို့သို့ သွားရောက်စုံစမ်းသောအခါ ခြေရာပျောက်၍ ထွက်ခွာသွားကြောင်း သိရလေ၏။

ရှုံပိုင်ကြီးသည် အနှစ်နှစ် အလလက သူစုဆောင်းထားသော ငွေကြေးဥစ္စာများ ခင်ခင်၏လက်သို့ပါသွားသဖြင့် အိပ်ရာထဲသို့ လဲလေ၏။

ထိုအခါ ရှုံပိုင်ကြီး၏နေရာသို့ အခြားသောလူတစ်ဦးက လာရောက်အမှုထမ်းလေ၏။ ဆွေမျိုးမရှိသော ရှုံပိုင်ကြီးကို ဘိုးချုန်ကပင် ပြုစုရလေ၏။

တစ်ညသ၌ ရှုံပိုင်ကြီး၏ကိုယ်ခန္ဓာမှ အလွန်မှေးမှိန်သော အဖြူရောင်ကိုယ်ရောင်ကိုယ်ဝါ မြင်ရသဖြင့် ဘိုးချုန်သည် အလွန်တအံ့တသြ ကြည့်ရှုရပြန်၏။

ထိုသို့ကြည့်ရှုရင်း မှေးမှိန်နန်သော အဖြူရောင် ကိုယ်ရောင်ကိုယ်ဝါသည် ပိုမို၍ မှေးမှိန်သွားပြီး ရှုံပိုင်ကြီးသည် ဘိုးချုန်၏လက်ထဲ၌ အသက်ပျောက်သွားလေ၏။

ထိုအခါ ရှုံပိုင်ကြီး၏ကိုယ်ခန္ဓာမှ မည်သည့်အရောင်ကိုမျှ မမြင်ရတော့ချေ။ ဘိုးချုန်သည် ရိုးသားသော ရှုံပိုင်ကြီးအတွက် များစွာ ဝမ်းနည်းကြေကွဲရလေ၏။





ရှုံပိုင်ကြီးကို အယုံသွင်း၍ လိမ်ညာသွားသော ခင်ခင်ဆိုသည့်မိန်းမလည်ကို အလွန်မုန်းတီးနာကြည်းသွားမိ၏။

ရှုံပိုင်ကြီး သေဆုံးသွားပြီးနောက် ဘိုးချုန်သည် နေစရာမဲ့ပြီး အလုပ်မရှိ အကိုင်မရှိဘဝကို ပြန်လည်ရောက်ရှိသွားလေ၏။

ဘိုးချုန်သည် ရှုံပိုင်ကြီး၏အုတ်ဂူ အနီး၌ တစ်ကိုယ်တည်း ထိုင်၍ မိမိ၏ဘဝခရီးလမ်းကို စဉ်းစား ဆင်ခြင်နေလေ၏။

ထိုအခိုက်မှာပင် အနီးရှိဇရပ်ပေါ်မှ စိတ်မနှံ့ဟန်ရှိသော လူငယ်တစ်ဦးက

" ဟေ့လူကြီး၊ ဘာတွေစဉ်းစားနေတာလဲဗျ၊ နေ့လယ်စာစားဖို့မရှိလို့ စိတ်ညစ်နေတာလား၊ စိတ်မညစ်ပါနဲ့ဗျာ၊ စိတ်ဆိုတာ ညစ်ရမဲ့အရာမဟုတ်ဘူး၊ ပျော်ရမဲ့အရာ "

ဟု ပြောလေရာ ဘိုးချုန်သည် စိတ်မနှံ့သောလူငယ်ကို ကြည့်၍

" ဟေ့ကောင်... စားစရာမရှိ နေစရာမရှိတဲ့လူက ပျော်ရမလားကွ၊ စိတ်ညစ်ရမှာပေါ့ "

ဟု ပြောလေ၏။ ထိုအခါ စိတ်မနှံ့သောလူငယ်က ရယ်မော၍



www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျားဟာ လောဘရမ္မက်တော်တော်ကြီးတာပဲ၊ နေစရာ စားစရာဆိုတာ သူ့အလိုလိုဖြစ်လာတဲ့အရာတွေဗျ၊ ခင်ဗျားက ဘာဖြစ်လို့ အရူးကြီးတစ်ယောက်လို ပူပင်သောကရောက်နေသလဲ"

ဟု ပြောလေရာ စိတ်မနှံ့သောလူငယ်က မိမိကို အရူးဟုပြောသဖြင့် ဘိုးချုန်သည် သဘောကျပြီး ရယ်မောလိုက်လေ၏။

ထိုအခါက် လူငယ်က ဘိုးချုန်ကိုကြည့်၍ ခေါင်းညိတ်လိုက်ပြီး

" ခင်ဗျားရဲ့စိတ်တွေဟာ နေရာမှန်ကိုရောက်သွားပြီ၊ စိတ်ကို ရောက်တဲ့အရပ်မှာ ပျော်အောင်ထားရတယ်၊ စိတ်ဟာ ပျော်ချင်ရင် ပျော်တယ်၊ ညစ်ချင်ရင် ညစ်တယ်၊ ခင်ဗျားကြိုက်ရာကို ရွေးလို့ရတယ်၊ ကြက်သားဟင်းနဲ့ ငါးပိရည် ခင်ဗျား ဘာကိုရွေးမလဲ၊ ခင်ဗျားရွေးတာကို ခင်ဗျား စားရမှာပဲ၊ ကျုပ်ကတော့ ကြက်သားဟင်းကိုပဲ အမြဲရွေးစားတယ် "

ဟု ပြောလေ၏။

ဘိုးချုန်သည် စိတ်မနှံ့သောလူငယ်နှင့် စကားပြောရင်း မိမိ၏ စိတ်ညစ်စရာများကို မေ့လျော့နေသလို ရှိ၏။

ထို့ကြောင့် လူငယ်ကို ရင်းနှီးဟန်ဖြင့်ကြည့်၍





" မင်းနာမည် ဘယ်လိုခေါ်သလဲ "

ဟု မေးမြန်းလိုက်ရာ လူငယ်က ဘိုးချုန်ကိုကြည့်ကာ

" နာမည်က အရေးမကြီးပါဘူးဗျာ၊ မွေးတုန်းကလည်း နာမည်ပါမလာဘူး၊ သေဆုံးတော့လည်း နာမည်ကို ယူမသွားနိုင်ဘူး၊ လူတိုင်း လူတိုင်း အမည်မဲ့မွေးဖွားလာတာပါ၊ နာမည်ဆိုတာ အလုပ်ဖြစ်အောင် မှည့်ခေါ်ထားတာပါ၊ ဒါကြောင့် ကျုပ်ကို နာမည်မေးရင် ပါးစပ်ထဲရှိတာ ကောက်ပြောလိုက်တာပဲ၊ ကျုပ်နာမည်က မောင်ဘချစ်၊ ခတ်ရှင်မင်းသား မောင်ဘချစ် "

ဟု ပြောလိုက်ရာ ဘိုးချုန်သည် စိတ်ထဲတွင် ကြိတ်၍ပြုံးလိုက်ပြီး

" ငါ့နှယ်နော်၊ စိတ်မနှံ့တဲ့လူကို နာမည်သွားမေးနေတယ် "

ဟု တွေးလိုက်ပြီး မောင်ဘချစ်ဆိုသော လူငယ်အားကြည့်၍

" မင်းက ဒီအရပ်မှာပဲနေတာလားကွ၊ ဒါဆိုရင်တော့ မင်း အတွက် နေစရာ အခက်အခဲမရှိဘူးပေါ့ "

ဟု မေးမြန်းလိုက်ရာ မောင်ဘချစ်က ရယ်မော၍

" ခင်ဗျားကိုကြည့်ရတာ နေစရာမရှိလို့ အခက်တွေ့နေပုံရတယ်၊ ဟောဒီဇရပ်ကြီးမှာ ခင်ဗျား နေလို့ရပါတယ်ဗျာ၊ ကျွန်ုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မှာ မြေကြီးတွေရှိနေသရွေ့ နေစရာဆိုတာ အလိုလိုဖြစ်လာမှာပါ၊ တကယ်တော့ ဘာမှမရှိရင် ခင်ဗျားအတွက် ဘာမှမလိုဘူး၊ ရှိရင်သာ လိုအပ်မှုတွေဖြစ်နေမှာ ”

ဟု ပြောပြန်၏။ ဘိုးစျန့်သည် မောင်ဘချစ်၏စကားကို နားထောင်၍ ခေါင်းခါယမ်းလိုက်ပြီး ရယ်မောကာ

“ မင်းရဲ့စကားတွေက မြင့်လွန်းလို့ ငါ လိုက်မမီတော့ဘူး ”

ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်ဘချစ်က

“ ခင်ဗျားလို အရူးတစ်ယောက်ကတော့ ဘာမှမရှိခြင်းကို နားလည်မှာမဟုတ်ဘူး၊ ခင်ဗျားမှာ နေစရာမရှိဘူးဆိုရင် အိမ်တစ်လုံးကို ဝယ်ရမှာပဲ၊ တကယ်တော့ အိမ်ဝယ်တယ်ဆိုတာ အမိုးကိုဝယ်တာလည်းမဟုတ်ဘူး၊ အကာကိုဝယ်တာလည်း မဟုတ်ဘူး၊ အခင်းကို ဝယ်တာလည်းမဟုတ်ဘူး၊ အိမ်ရဲ့အတွင်းက ဘာမှမရှိဘဲ လစ်လပ်နေတဲ့နေရာကို ဝယ်တာ၊ အခင်းတွေ၊ အကာတွေ၊ အမိုးတွေဟာ လစ်လပ်နေတဲ့နေရာတစ်ခုဖြစ်အောင် ဖန်တီးထားတာဗျ။ ဘာမှမရှိတဲ့ နေရာတစ်ခုဖြစ်အောင် ပံ့ပိုးထားတာ၊ တကယ်အနှစ်သာရ အစစ် က ဘာမှမရှိတဲ့နေရာကို ဝယ်ယူခြင်းပဲ၊ ဒါကြောင့်ဘာမှမရှိတဲ့ နေရာရဲ့တန်ဖိုးရှိပုံကို သဘောပေါက်စမ်းပါ ”





ဟု ပြောလေရာ ဘိုးစျန့်သည် မောင်ဘချစ်၏ အဆီအငေါ်မတဲ့သောစကားကို နားထောင်ရင်း သဘောကျဟန်ဖြင့် ရယ်မောလိုက်၏။

ပြီးနောက်

“ ကောင်းပါပြီကွာ၊ ဘာမှမရှိတဲ့ တန်ဖိုးရှိတာ သိပါပြီ၊ ငါ အခု ဗိုက်ဆာနေတယ်၊ ဘာမှမရှိဘူး၊ ဘာစားရမလဲ၊ ငါ့ရဲ့အစာအိမ်ပြဿနာကို ဘယ်လိုဖြေရှင်းရမလဲ ”

ဟု ပြောလိုက်ရာ မောင်ဘချစ်က ဖရပ်ပေါ်မှခုန်ချ၍

“ ဘယ်လိုမှမဖြေရှင်းနဲ့၊ ကျုပ်နောက်ကိုလိုက်ခဲ့၊ ခင်ဗျားကြီး တဝတပြဲ စားသောက်စေရမယ် ”

ဟု ပြောလေ၏။

ဘိုးစျန့်သည် မောင်ဘချစ်နောက်သို့လိုက်သွားပြီး မီးစင်ကြည့်ကရန် ဆုံးဖြတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဘချစ်သည် မြို့တစ်နေရာသို့ ဦးဆောင်လျှောက်သွားပြီး ခေါက်ဆွဲဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်သောအခါ ဆိုင်တွင်းသို့ တန်းတန်းမတ်မတ် ဝင်သွားလေ၏။

ဘိုးချုန်သည် စိတ်မနှံ့သူ၏အနောက်သို့ လိုက်လာမိသော မိမိကိုယ်မိမိ အပြစ်တင်နေမိ၏။

မောင်ဘချစ်သည် ဆိုင်ပေါက်ဝရှိ စားပွဲတစ်လုံး၌ အကျအန ဝင်ထိုင်လိုက်ပြီး တရုတ်ဟင်းလျာများကို အကျအနမှာယူနေ၏။

ခေါက်ဆွဲဆိုင်ရှိ စားပွဲထိုးႋႋငယ်သည် မောင်ဘချစ်မှာကြားသော တရုတ်ဟင်းလျာများကို သေချာစွာ မှတ်သားနေကြောင်း





အံ့သြဖွယ်မြင်တွေ့ရ၏။

မောင်ဘချစ်သည် ဟင်းလျာများကို မှာပြီးနောက် ဆိုင်ပေါက်ဝ၌ တအံ့တသြရပ်ကြည့်နေသော ဘိုးချုန်ကိုကြည့်၍

" ဟောလူကြီး၊ ဆိုင်ထဲကိုဝင်ခဲ့လေဗျာ၊ ဗိုက်ဆာတယ်လည်းဆိုသေးတယ်၊ ဘာဖြစ်လို့ ဆိုင်ရှေ့မှာရပ်နေတာလဲ "

ဟု ပြောလေ၏။ ထိုအခါ စားပွဲထိုးလူငယ်ကလည်း ဘိုးချုန်ကို ဆိုင်ထဲသို့ဝင်ရန် ပြုံးစိစိဖြင့် ဖိတ်ခေါ်လေ၏။

မကြာမီ စားပွဲပေါ်သို့ အခေါက်ကင်၊ အစိမ်းကြော်၊ ကုန်းဘောင်ကြီးကြော် စသော တရုတ်ဟင်းလျာများ အငွေ့တထောင်းထောင်းနှင့် ရောက်ရှိလာ၏။

ဘိုးချုန်သည် ဟင်းလျာပွဲများကိုကြည့်၍ မျက်လုံးပြူးသွားပြီး

" ဟင်းတွေက များလှချည်လား မောင်ဘချစ်ရာ၊ တို့နှစ်ယောက်တည်းစားတာ ဒီလောက်မှာစရာမလိုပါဘူး၊ နောက်ပြီးတော့ ပိုက်ဆံတွေအများကြီးပေးရမှာပေါ့၊ မင်းမှာ ပိုက်ဆံရှိလို့လား"

ဟု မေးမြန်းလေရာ မောင်ဘချစ်က သူ၏အင်္ကျီအိတ်ထဲသို့ လက်နှိုက်၍

" ကျုပ် ပိုက်ဆံဆိုတဲ့အရာကို ယုံကြည်မှုမရှိလို့ မကိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



ကြာပြီဗျ၊ ပိုက်ဆံဟာ သက်မဲ့ပစ္စည်းတစ်ခုဖြစ်ပေမဲ့ လူတွေကို အမျိုးမျိုး စေစားနိုင်တာ ရှုမှန်းလွန်းလို့ ပိုက်ဆံကို ကျုပ် မကိုင်တော့ဘူး၊ ပိုက်ဆံကို ကျုပ်အနိုင်ယူလိုက်ပြီဗျ၊ အရှုးတွေက ပိုက်ဆံနောက်ကို မရပ်မနား လိုက်နေချိန်မှာ ကျုပ်ကတော့ ပိုက်ဆံကို လှည့်တောင်မကြည့်တော့ဘူး၊ ဒါကြောင့် ကျုပ်လက်ထဲမှာ ဘယ်တော့မှပိုက်ဆံမရှိဘူး၊ ပိုက်ဆံမရှိသလို ရွှေလည်း မရှိဘူး၊ ငွေလည်း မရှိဘူး၊ အရူးတွေတန်ဖိုးထားတဲ့အရာတွေအားလုံး ကျုပ်ဆီမှာမရှိဘူး၊ ဒါကြောင့် ကျုပ်က အရူးမဟုတ်ဘူး၊ ရှုးခြင်းက ကင်းလွတ်နေသူကို မောင်ဘချစ်လို့ခေါ်တယ်၊ ဟဲ ဟဲ…"

ဟုပြောသဖြင့် ဘိုးချွန်သည် ရင်ထိတ်သွားပြီး

"ဟောကောင်… မင်းမှာပိုက်ဆံမရှိရင် စားသောက်ပြီးရင် ဘယ်လိုလုပ်မှာလဲ၊ ငါ့မှာလည်း တစ်မူးတောင် မပါဘူးကွ၊ နေ့လယ်စာကို ဘယာကြော်တစ်ပြားဖိုးစားဖို့ ကြံရွယ်ထားတယ်၊ ဒါကြောင့် ငါ့မှာလည်း တစ်ပြားပဲရှိတယ်၊ ဘယ်လိုလုပ်မှာလဲ"

ဟု အလန့်တကြား မေးလေ၏။

ဘိုးချွန်သည် မောင်ဘချစ်၏နောက်သို့ လိုက်ခဲ့ခြင်းအတွက် အကြီးအကျယ် နောင်တရနေ၏။





ထိုအခိုက်မှာပင် ၄င်းတို့အနီးသို့ ခေါက်ဆွဲဆိုင်ရှင် တရုတ်ကြီး ရောက်ရှိလာပြီး ဘိုးချွန်၏အမှာအရာကိုကြည့်၍

"မောင်ဘချစ်ကျွေးတာကို ရဲရဲကြီးစားပါ မောင်ရင်၊ ငွေရေးကြေးရေးအတွက် မပူပါနဲ့၊ ဒီမြို့မှာ မောင်ဘချစ်စားချင်ရင် ဘယ်ဆိုင်မှာစားစား စားလို့ရပါတယ်၊ ဒီအကြောင်းတွေကို မောင်ရင့်ကို စားသောက်ပြီးမှ အေးအေးဆေးဆေး ရှင်းပြပါမယ်"

ဟု ပြောလေ၏။

မောင်ဘချစ်သည် တရုတ်ဟင်းလျာများကို အားပါးတရ စားသောက်နေပြီဖြစ်၏။ ဘိုးချွန်သည် ဆိုင်ရှင်တရုတ်ကြီး၏စကားကြောင့် အလွန်အံ့သြသွားပြီး ဗိုက်ထဲတွင်လည်း ဆာလောင်လှသဖြင့် မောင်ဘချစ်နှင့်အတူ ဝင်ရောက်စားသောက်လေ၏။

မောင်ဘချစ်သည် စားသောက်ပြီးနောက် ခေါက်ဆွဲဆိုင်၏ အရိပ်ရသော သစ်ပင်ကြီးအောက်၌ အကောင်းစား လက်ဖက်ခြောက် ခတ်ထားသော ရေနွေးကြမ်းကို တစိမ့်စိမ့်သောက်၍ အနားယူနေလေ၏။

ထိုအခါမှပင် ဆိုင်ရှင်တရုတ်ကြီးက ဘိုးချွန်အား ဆိုင်အနောက်သို့ ခေါ်သွားပြီး မောင်ဘချစ်၏ ထူးဆန်းသောဘဝနောက်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို စိတ်ဝင်စားဖွယ် ပြောပြလေ၏။

ဆိုင်ရှင်ဇာရတ်ကြီးက

“ မောင်ဘချစ်ရဲ့အမေက ဒီမြို့မှာအချမ်းသာဆုံး သူဌေးမကြီး ဒေါ်တင်လှဆိုတာပဲ၊ ဒေါ်တင်လှဟာ ယောက်ျားဆုံးပါးသွားပေမဲ့ ကျိကျိတက် ချမ်းသာတယ်၊ သူပိုင်တဲ့ လယ်တွေ၊ ယာတွေ၊ ဆီစက်၊ ဆန်စက်တွေ နေရာတိုင်းမှာ လက်ညှိုးထိုးမလွဲဘူး၊ ဒေါ်တင်လှဟာ နောက်အိမ်ထောင်မပြုဘဲ မောင်ဘချစ်ကလေးကို အရိပ်တကြည့်ကြည့်နဲ့ နေတယ်၊ မောင်ဘချစ်ဟာ တစ်ဦးတည်းသော သားဆိုတော့ အလွန်အလိုလိုက်ထားတယ်၊ မောင်ဘချစ်ဟာ ငယ်ငယ်လေးကတည်းက မြို့ပေါ်က ဆင်းရဲသား လူပေလူတေလေးတွေကို သူ့အနားမှာ အခြွေအရံအဖြစ်ခေါ်ထားပြီး ဆိုးချင်တိုင်းဆိုး၊ တေချင်တိုင်း တေနေတာပဲ၊ မောင်ဘချစ်ဟာ မြို့ပေါ်က ဈေးထဲ မှာ ငွေကို ရေလိုသုံးတယ်၊ ဆိုင်ရှင်တွေကို နင်ပဲငဆပြောပြီး ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံတယ်၊ မိန်းကလေးတွေကို နောက်ပြောင်တယ်၊ မြို့ကလူတွေဟာ ဒေါ်တင်လှရဲ့မျက်နှာနဲ့ မောင်ဘချစ်ကို ဘယ်သူမှ မပြောဝံ့ဘူး၊ တစ်နေ့တော့ မောင်ဘချစ်ဟာ မြို့ပေါ်မှာ ဆိုးသွမ်းရတာ အားမရဘူး၊ မလွှတ်လပ်ဘူးဆိုပြီး မြို့ပြင်က ရေကန်





ပါတဲ့ ခြံကြီးကို ဝယ်ခိုင်းတယ်၊ ဒေါ်တင်လှက သားနဲ့မခွဲနိုင်ပေမဲ့ တစ်ဦးတည်းသော သားလေးဆိုပြီး မြို့ပြင်ခြံကြီးကို ဝယ်ပေးတယ်၊ ဒီတုန်းက မောင်ဘချစ်ဟာ ၁၄နှစ်သားလောက်ပဲ ရှိသေးတယ်၊ မြို့ပြင်ခြံမှာ အိမ်တစ်လုံးဆောက်ပြီး လူငယ်တစ်စုနဲ့ သောင်းကျန်းချင်တိုင်း သောင်းကျန်းတယ်၊ ရေကန်ကြီးထဲမှာ လူငယ် သုံးဦးလေ့စီးရင်း ရေနစ်ခဲ့တယ်၊ လူငယ်အချင်းချင်း ရန်ဖြစ်ပြီး ထိခိုက်ဒဏ်ရာရခဲ့တယ်၊ ဘယ်လိုပြဿနာတွေပဲဖြစ်ဖြစ် ဒေါ်တင်လှကြီးက လိုက်ပြီးဖြေရှင်း ပေးခဲ့ရတယ်၊ မောင်ဘချစ်ဟာ လေးသေနတ်တစ်လက်ကိုင်ပြီး ခြံထဲမှာ ငှက်ပစ်တယ်၊ ငါးဖမ်းတယ်၊ လောင်းကစားဝိုင်းတွေလုပ်တယ်၊ မောင်ဘချစ်ရဲ့ခြံကြီးဟာ အလွန်ကျယ်ဝန်းတယ်၊ သီးပင်စားပင်တွေ ဝေဝေဆာဆာနဲ့ အေးမြနေတာပဲ၊ တစ်နေ့တော့ မောင်ဘချစ်ရဲ့ခြံထဲကို အလွန်ဟောင်းနွမ်းတဲ့ လွယ်အိတ်ကြီးတစ်လုံးကို လွယ်ထားတဲ့ အဘိုးကြီးတစ်ယောက်ဟာ ဝင်လာပြီး ရေကန်နံဘေးမှာ အနားယူ နေရှာတယ်၊ အဘိုးကြီးဟာ အရိပ်ရတဲ့ခြံကြီးထဲမှာ ခဏဝင်နားရှာတာပါ၊ ဒါကို ငှက်ပစ်ပြီးပြန်လာတဲ့ မောင်ဘချစ်ကမြင်တော့ အဘိုးကြီးကို ရိုင်းရိုင်းစိုင်းစိုင်းပြောပြီး ခြံထဲက ရိုက်နှက်ထုတ်ခဲ့တယ်၊ အဲဒီတုန်းက မောင်ဘချစ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



သရက်ပင်ကြီးကိုမှီပြီး အေးအေးချမ်းချမ်း တရားမှတ်နေတဲ့ အဘိုးအို ရဲ့ကျောကုန်းကို ခြေနဲ့ ဆောင့်ကန်ပြီး မောင်းထုတ်ခဲ့တာတဲ့ ''

ဟု ပြောလေရာ ဘိုးရှုန်သည် တရုတ်ကြီး၏စကားကို နားထောင်၍ ခေါင်းခါယမ်းလိုက်ပြီး

'' မောင်ဘချစ်ဟာ အတော်မိုက်ရိုင်းတဲ့ကောင်လေး ပါ လား''

ဟု မှတ်ချက်ချလိုက်လေ၏။ ဆိုင်ရှင်တရုတ်ကြီးက ခေါင်း ညိတ်၍

'' မိုက်ရိုင်းတာကတော့ ကမ်းကုန်တာပဲ မောင်ရင်ရယ်၊ ကိုယ်အဘိုးအရွယ်လောက်ရှိတဲ့ အဘိုးအိုကို ခြေနဲ့ဆောင့်ကန်ပြီး မောင်းထုတ်တာကိုကြည့်ပေါ့၊ အဘိုးအိုဟာ ဒီမြို့ကလည်း မဟုတ် ဘူး၊ ဘယ်ကလာပြီး ဘယ်ကိုသွားမယ်လို့ ဘယ်သူမှမသိဘူး အဲဒီတုန်းက အဘိုးအိုက မောင်ဘချစ်ကို စေ့စေ့ကြည့်ပြီး 'ကျုပ်လို မြေလျှောက်ဝိဇ္ဇာတစ်ယောက်ကို လူကလေး စော်ကားတဲ့အတွက် လူကလေး ဒုက္ခခံရတော့မယ်၊ ဒီအတွက် ကျုပ် ဘာမှမတတ်နိုင်ဘူး သတ္တဝါအားလုံး ကံစီမံရာပါပဲ၊ ဒါဟာ လူကလေးအတွက် သဘာဝ လောကကြီးက ပေးတဲ့အပြစ်ဒဏ်ပါပဲ' လို့ပြောပြီး ထွက်သွား





သွားတယ်တဲ့၊ အဲဒီတုန်းက မောင်ဘချစ်နဲ့ အပေါင်းအပါတွေဟာ အဘိုးအိုရဲ့စကားကို နားထောင်ပြီး ဟားတိုက်ရယ်မောခဲ့ကြတယ်၊ ဒီလိုဖြစ်ပြီး ဘာမှမကြာပါဘူး၊ ဒေါ်တင်လှကြီးဟာ ရန်ကုန်မြို့ကို ဘုရားဖူးသွားရင်း အလွန်လည်တဲ့ ဦးဘဝင်းဆိုတဲ့ ယောက်ျား ပိုင်းလုံးကြီးတစ်ယောက်ရဲ့ ညွှတ်ကွင်းထဲကို သက်ဆင်းရှာတယ်၊ ဦးဘဝင်းကြီးဟာ ရန်ကုန်မြို့မှာ မြင်းမြင်းတွေမွေးပြီး လောင်းကစား ပွဲတွေလုပ်နေတဲ့ လူကြီးပေါ့၊ ဦးဘဝင်းမြို့ကို လိုက်လာတဲ့အချိန်က စပြီး ဒေါ်တင်လှကြီးရဲ့ စီးပွားရေးတွေကို ကြိုးကိုင်ခြယ်လှယ်တော့ တာပဲ၊ မောင်ဘချစ်ကိုလည်း အမျိုးမျိုးနှိပ်ကွပ်ဖို့ ကြိုးစားခဲ့တယ်၊ မောင်ဘချစ်ဟာ ဘဝတစ်လျှောက်လုံး နေချင်တိုင်းနေတဲ့ဘဝကနေ သူကကို ကန့်သတ် ထိန်းချုပ်တာတွေခံရတော့ အလွန်မခံချိ မခံသာ ဖြစ်ပြီး မောင်ဘချစ်တို့ လူငယ်တစ်စုဟာ ဦးဘဝင်းကို ရန်ရှာဖို့ကြိုး စားခဲ့တယ်၊ ဒါပေမဲ့ ဦးဘဝင်းရဲ့တပည့် လူမိုက်တွေကရှိတော့ မောင်ဘချစ်တို့ပဲ အထိနာခဲ့တယ်၊ ဒေါ်တင်လှကြီးဟာ ဦးဘဝင်းကို ကြောက်ရွံ့ရတဲ့အဆင့်ကို ရောက်နေတော့ မောင်ဘချစ်ဟာ တဖြည်း ဖြည်း အားကိုးရာမဲ့ဘဝကို ရောက်ခဲ့တယ်၊ နောက်ဆုံးတော့ မောင် ဘချစ်ရဲ့ အနီးမှာ အခြွေအရံတွေ မရှိတော့ဘဲ မြို့ပြင်ခြံမှာ တစ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တည်းနေလာရာကနေ စိတ်ဖောက်ပြန်သွားတာပဲ၊ မောင်ဘချစ် စိတ်ဖောက်ပြန်သွားတော့ ဒေါ်တင်လှဟာ သားကို အိမ်မှာ ခေါ်ထားဖို့ ကြိုးစားသေးတယ်၊ ဒါပေမဲ့ မောင်ဘချစ်ဟာ လူလစ်တာနဲ့ ထွက်ပြေးဖို့ ကြိုးစားတော့တာပဲ၊ နောက်ဆုံးတော့ ဒေါ်တင်လှဟာ မတတ်နိုင်တော့ဘဲ မြို့ပေါ်က စားသောက်ဆိုင်တွေကို မေတ္တာ *ရပ်ခံပြီး မောင်ဘချစ်စားချင်တာမှန်သမျှ ကျွေးစေခဲ့တယ်၊ သူ့သား* စားတဲ့ပိုက်ဆံရဲ့ နှစ်ဆကို ပေးခဲ့တယ်၊ ဒါကြောင့် မြို့ပေါ်မှာ မောင်ဘချစ်အတွက် စားစရာမရှားဘူး၊ ဘယ်ဆိုင်မဆို မောင်ဘချစ် စားလို့ရတယ်၊ ဆိုင်တွေအားလုံးကလည်း မောင်ဘချစ်ဆိုရင် လိုလိုချင်ချင် ကျွေးမွေးချင်ကြတယ် ”

ဟု ပြောလေရာ ဘိုးချွန်သည် မောင်ဘချစ်၏ ကရုဏာသက်ဖွယ် ဘဝနောက်ကြောင်းကို မမျှော်လင့်ဘဲ သိခွင့်ရခဲ့လေ၏။

မောင်ဘချစ်ရာစ်ယောက်ကမူ ရေနွေးကြမ်းကို အရသာခံ၍ သောက်ရင်း သူ၏ဘဝနောက်ကြောင်းကို မေ့လျော့နေဟန်ရှိလေ၏။

ဘိုးချွန်သည် လောလောဆယ် နေစရာမရှိသည်နှင့် မောင်ဘချစ်၏ဇရပ်သို့လိုက်ရန် ဆုံးဖြတ်လိုက်၏။ ထိုအခါ ဆိုင်ရှင်တရုတ်ကြီးက ရယ်မော၍





“ ဇရပ်မှာ မောင်ဘချစ်နဲ့ အေးအေးလူလူ နေလို့ရတယ်၊ အဲဒီဇရပ်ကလည်း မောင်ဘချစ်ပိုင်တဲ့ ဇရပ်ပဲ၊ မောင်ဘချစ်နာမည်နဲ့ သူ့အမေ သူဌေးမကြီးက ရေစက်ချပြီး လှူဒါန်းထားတာ ”

ဟု ပြောလေ၏။

ဇရပ်သို့ရောက်သောအခါ မောင်ဘချစ်သည် နံရံ၌ချိတ်ဆွဲထားသော မီးအိမ်ကို ထွန်းညှိလေ၏။

ဘိုးချွန်သည် ဇရပ်ပေါ်မှထိုင် ပတ်ဝန်းကျင်ရှုခင်းကို ကြည့်လေရာ အုတ်ဂူများနှင့် မြေပုံမို့မို့များကို မြင်တွေ့ရ၏။

ဘိုးချွန်သည် ယခင်ကဆိုလျှင် သင်္ချိုင်းသို့ ညအချိန်မဆိုထားနှင့် နေ့ခင်းကြောင်တောင်ပင် ဖင်မူအောင် မနေဝံ့ချေ။

ယခု သင်္ချိုင်းဇရပ်၌ ညအိပ်ရသည့်သတ္တိကိုတွေးကာ မိမိစိတ်များ ဤမျှမြန်ဆန်စွာ ပြောင်းလဲသွားပုံကို အံ့ဩနေမိ၏။

လောလောလတ်လတ် ဂူသွင်းထားသည့် ရှုပိုင်ကြီးအုတ်ဂူပင်လျှင် ဇရပ်အနီး၌ရှိနေ၏။ ဘိုးချွန်၏အမူအရာကိုကြည့်၍ မောင်ဘချစ်က ရယ်မော၍

“ ဟော့လူကြီး... သင်္ချိုင်းဇရပ်မှာအိပ်ရမယ်ဆိုပြီး ကြောက်နေပြီလား၊ မကြောက်ပါနဲ့... သူရဲရှိလို့ အခြောက်ခံရမယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ခံရတာကြာပြီ ”

ဟု ပြောလေ၏။ ဘိုးစုန်သည် မောင်ဘချစ်၏စကားကြောင့် စိတ်ဝင်စားသွားပြီး

“ မင်း သင်္ချိုင်းမှာ တစ်ခါမှ သရဲခြောက်မခံရဘူးလား”

ဟု မေးမြန်းလေ၏။ ထိုအခါ မောင်ဘချစ်က ခေါင်းခါယမ်း၍

“ ကျုပ်က သရဲခြောက်ခံချင်လို့ သင်္ချိုင်းမှာလာနေတာဗျ၊ ဒါပေမဲ့ ဒီနေ့အထိ သရဲဆိုလို့ အရိပ်အယောင်တောင် မတွေ့ပါဘူးဗျာ ”

ဟု ပြောလေ၏။ ထိုအခါ ဘိုးစုန်က မျက်မှောင်ကြုတ်၍

“ မင်းရဲ့ကံက မြင့်နေလို့လားကွာ ”

ဟု မေးမြန်းလေရာ မောင်ဘချစ်က

“ အရင်က ဒီသင်္ချိုင်းမှာ သုဘရာဇာအဘိုးကြီးတစ်ယောက်ရှိတယ်၊ အဘိုးကြီးကိုမေးကြည့်တော့ သူလည်း တစ်ခါမှ သရဲအခြောက်မခံရဘူးတဲ့၊ အဘိုးကြီးအရင် သုဘရာဇာတွေလည်း တစ်ခါမှ အခြောက်မခံရဘူးတဲ့၊ သူတို့အားလုံး ကံမြင့်နေတာတော့ မဖြစ်နိုင်ဘူး ထင်တယ် ”





ဟု ပြောလေရာ ဘိုးစုန်သည် မောင်ဘချစ်၏မျက်နှာကို ကြည့်၍

“ ဒါဆိုရင် သရဲတစ္ဆေဆိုတာ တကယ်မရှိဘူးလို့ မင်းထင်လို့လား ”

ဟု မေးမြန်းလေ၏။ မောင်ဘချစ်က ခေါင်းခါယမ်း၍

“ ဒီလိုလည်း မဆိုလိုပါဘူးဗျာ၊ နာနာဘာဝ သရဲတစ္ဆေရှိတယ်လို့ ကျမ်းတွေမှာ အခိုင်အမာဆိုထားတာပဲ၊ ဘယ်ကျမ်းလဲလို့တော့ မမေးနဲ့၊ ကျုပ်လည်း မသိဘူး၊ လူကြီးတွေပြောတာကြားဖူးတာ၊ ဒါပေမဲ့ ကျမ်းတွေကို ကျုပ် မယုံပါဘူးဗျာ၊ ကျမ်းထဲမှာရေးထားတိုင်း အမှန်ဆိုရင် ဒီကမ္ဘာလောကကြီးမှာ လူတွေမသိတာ ဘာမှမရှိဘူး၊ ကျမ်းတွေကို မယုံသလို ပညာရှိဆိုတဲ့လူကြီးတွေကိုလည်း မယုံဘူးဗျ၊ သူတို့ခေါင်းထဲမှာ ပညာရှိတာမဟုတ်ဘူးဗျ၊ ကျမ်းတွေပဲရှိတာ”

ဟု ပြောလေရာ ဘိုးစုန်သည် စိတ်မနှံ့သောလူငယ်လေး၏ကြီးကျယ်သောစကားများကြောင့် ရယ်ချင်သွားပြီး

“ ကျမ်းတွေတတ်တာ ပညာရှိတာမဲပေါ့ကွ၊ ပညာရှိတွေကို ကျမ်းတတ်ပေတတ် ပုဂ္ဂိုလ်ကြီးတွေလို့ပြောတာ ကြားဖူးတယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့တဲ့လား ”

ဟု ပြောလေ၏။ ထိုအခါ မောင်ဘချစ်က ခေါင်းခါယမ်း၍

“ ကျမ်းတွေကို အာဂုံဆောင်နိုင်တိုင်း ပညာရှိလို့ လက်ခံတာ အရှုးတွေက လက်ခံတာဗျ။ အသိဉာဏ်ပညာရှိတဲ့လူက ကျမ်းတွေကို အာဂုံဆောင်တိုင်း ပညာရှိလို့ လက်မခံဘူး၊ နောင်တစ်ချိန် သိပ္ပံပညာ အရမ်းတိုးတက်လာရင် ကျမ်းတွေကို စက်ထဲမှာ ထည့်ပြီး လိုအပ်တဲ့အချိန်မှာ ဖွင့်ကြည့်နိုင်လိမ့်မယ်၊ ဒီအခါကျရင် စက်တွေဟာ ပညာရှိတွေထက် အများကြီးသာလိမ့်မယ်၊ ဒါဆိုရင် စက်တွေကို ပညာရှိလို့ သတ်မှတ်လို့ရမလား ”

ဟု ကပ်တီးကပ်ဖဲ့စကားများကို ပြောလေ၏။

ဘိုးချွန်သည် စိတ်မနှံ့သော လူငယ်နှင့် ဖက်ပြိုင်မပြောလိုသဖြင့် ငြိမ်သက်စွာ နေလိုက်၏။

*မှတ်ချက် ။ မောင်ဘချစ်ပြောသော ကျမ်းများကို အာဂုံဆောင်နိုင်သောစက်ဆိုသည်မှာ ယနေ့ခေတ် ပေါ်ပေါက်လာသော ကွန်ပျူတာများကို ဆိုလိုသည်ဟု ယူဆက ယူဆနိုင်ပါသည်။*

*စာရေးသူ*

———— စေတနာတာပေ ————



ထိုညက မောင်ဘချစ်သည် ဈေးပေါ်ရှိ ထင်းရှူးသေတ္တာလေးကိုဖွင့်၍ ဘိုးချွန် အိပ်စက်ရန် စောင်တစ်ထည်ကို ပေးလေ၏။

နောက်တစ်နေ့သို့ရောက်လျှင် မောင်ဘချစ်သည် လက်ဖက်ရည်နှင့် နံပြားကို ဝယ်ယူပြီး အိပ်ရာမှ ထနှင့်နေ၏။

ဘိုးချွန်သည် စိတ်မနှံ့သော လူငယ်က ကျွေးမွေးနေခြင်းကို စားသောက်ရခြင်းအား စိတ်မလုံသလို ဖြစ်လာ၍ မြို့ထဲသို့ထွက်ပြီး အလုပ်ရှာရန် ကြံလေ၏။

သို့သော် မောင်ဘချစ်က ရထားစီးရန် ဖိတ်ခေါ်သဖြင့် အလုပ်မရှာနိုင်ဘဲ လိုက်ခဲ့ရလေ၏။

မောင်ဘချစ်သည် ရထားလက်မှတ်နှစ်စောင်ကိုဝယ်၍ ဘူတာ၌ ရထားကို စောင့်လေ၏။ ခဏကြာလျှင် ရထားတစ်စီး ဘူတာသို့ဝင်၍ နှစ်ယောက်သား တက်လိုက်ကြ၏။

မောင်ဘချစ်နှင့်အတူ မြို့ပေါ်ရှိ လူကုံထံမိန်းမကြီးသုံးဦး ရထားပေါ်သို့ တက်လေ၏။

ထိုမိန်းမကြီးများသည် မောင်ဘချစ်တို့အရှေ့၌ ထိုင်ကြပြီး တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင် ကြွားဝါ၍ ရွှေစကား ငွေစကားများကို နားကြားပြင်းကပ်အောင် ပြောကြ၏။

———— စေတနာတာပေ ————

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမကြီးသုံးဦးသည် အခြားသောမြို့တစ်မြို့သို့ ဖဲရိုက်ရန် ထွက်ခွာလာခဲ့ခြင်းဖြစ်၏။ ၎င်းတို့၏ကိုယ်ခန္ဓာ၌ ရွှေဆွဲကြိုး၊ ရွှေလက်ကောက် စသည်များကို လူမြင်မကောင်းအောင် ကြွားကြွား ဝံ့ဝံ့ ဆင်ယင်ထား၏။

၎င်းတို့သည် မိမိတို့၏ ဝတ်စားဆင်ယင်မှုများကြောင့် မာန်တက်ကာ ရထားပေါ်ရှိ လူများအားလုံးကို တူတန်သည်ဟု သဘောထားပုံမရချေ။

အထူးသဖြင့် ၎င်းတို့၏အရှေ့၌ထိုင်နေသော ဘိုးချုန်နှင့် မောင်ဘချစ်ကို ပိုမို၍ အထင်သေးပုံရ၏။

ဘိုးချုန်တို့ရှေ့၌ ထိုင်နေရခြင်းကိုပင် ရွံရှာသကဲ့သို့ အမူအရာမျိုး ဖမ်းထားလေ၏။

ခဏကြာလျှင် ရထားသည် ဘူတာတစ်ခု၌ ရပ်လေ၏။ ရထားထွက်ကာနီးသောအခါ မိန်းမကြီးသုံးယောက်အနက် တစ်ယောက်က ဈေးသည်မိန်းကလေးတစ်ဦးထံမှ မလိုင်လုံးများကို ဝယ်ယူလေ၏။

ထိုအခိုက်မှာပင် ရထားသည် ဘူဝဘမှ စတင်ထွက်ခွာလေတော့၏။ ဈေးသည်မိန်းကလေးသည် သူမ၏မလိုင်လုံးဖိုးမရသေး





သဖြင့် ရထားနှင့်အတူပြေး၍ လိုက်လေ၏။

မိန်းမကြီးသည် သူမ၏ ကြီးမားသော စလင်းဘတ်အိတ်ကြီး ထဲမှ ပိုက်ဆံကို ရှာဖွေလေဟန်ပြုလေ၏။ ဈေးသည်မိန်းကလေးသည် ရထားနှင့်အပြိုင် ပြေးလိုက်လာပြီး

“ မြန်မြန်ပေးပါ အဒေါ်ကြီးရယ် ”

ဟု သနားစဖွယ် တောင်းပန်လေ၏။

မိန်းမကြီးသည် စလင်းဘတ်အိတ်ထဲမှ ပိုက်ဆံကို ဖြည်းညင်းစွာ ထုတ်နေလေ၏။ ထိုမိန်းမကြီးသည် သူမ၏ဝတ်စားဆင်ယင်မှုများကို အားမနာဘဲ ငွေကလေးတစ်မူးမျှကို ညစ်ရန်ကြိုးစားခြင်း ဖြစ်၏။

မိန်းမကြီးသည် စလင်းဘတ်အိတ်ထဲမှာ ငွေတစ်မူးကိုရသော အခါ ဈေးသည်မိန်းကလေးကို မပေးသေးဘဲ အနီးရှိ မိန်းမကြီး တစ်ဦးကို လက်ဆင့်ကမ်းလိုက်လေ၏။ ထိုမိန်းမကြီးက တစ်ဖန် မိန်းမကြီးတစ်ဦးကို လက်ဆင့်ကမ်းပြန်၏။

ရထား၏အရှိန်မှာလည်း တဖြည်းဖြည်း ပိုမိုမြန်ဆန်လာလေ၏။ မလိုင်လုံးသည်မိန်းကလေးသည် ငိုသံပါလေးနှင့် အော်ဟစ်ပြီး မလိုင်လုံးဖိုး ပိုက်ဆံကို တောင်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီးသည် ဈေးသည်မိန်းကလေးကို လှောင်ပြုံးပြုံး၍ ပိုက်ဆံကိုမပေးတော့ဘဲ စလင်းဘတ်အိတ်ထဲသို့ ပြန်ထည့်လိုက်လေ၏။

မလိုင်လုံးသည် မိန်းကလေးသည် ငိုယိုပြီး ကျန်ရစ်ခဲ့လေတော့၏။

ရထားပေါ်ရှိလူများအားလုံးသည် ထိုမိန်းမကြီးသုံးယောက် ညစ်ပတ်ခြင်းကို မြင်တွေ့ကြသော်လည်း ၎င်းတို့၏အရှိန်အဝါကြောင့် မည်သူမျှ မပြောဝံ့ဘဲ ငြိမ်သက်နေကြလေ၏။

ဘိုးချွန်သည် မိန်းမကြီးသုံးယောက်၏အကျင့်ဆိုးကို မြင်တွေ့ရသဖြင့် လွန်စွာမကျေမချမ်းဖြစ်ပြီး မည်သို့လုပ်ရမည်နည်းဟု တွေးတောနေလေ၏။

ထိုအခိုက်မှာပင် မောင်ဘချစ်သည် ထိုင်ရာမှ ရုန်းခနဲ ထရပ်လိုက်လေ၏။ ဘိုးချွန်သည် မောင်ဘချစ်ကိုကြည့်ရင်း ၎င်း၏ကိုယ်ခန္ဓာမှ အဝါရောင် ကိုယ်ရောင်ကိုယ်ဝါများ ထွက်နေကြောင်း အံ့သြဖွယ် မြင်တွေ့လိုက်ရ၏။

မောင်ဘချစ်သည် ရထားရပ်ရန် တပ်ဆင်ထားသော အရေးပေါ်ဥသြကို ဆွဲလိုက်လေ၏။





ထိုအခါ ရထားရပ်သွားပြီး ဂတ်ဗိုလ်နှင့် တွဲစောင့်များသည် ရထားတွဲဆီသို့ ကမန်းကတန်း ရောက်ရှိလာလေ၏။

ဂတ်ဗိုလ်သည် တွဲပေါ်သို့ အလောတကြီးတက်လာပြီး

" အရေးပေါ်ဥသြ ဘာကြောင့်ဆွဲတာလဲ "

ဟု မေးမြန်းလေရာ မောင်ဘချစ်က ရင်ကိုကော့၍

" အရေးကြီးလို့ဆွဲတာပေါ့ဗျ၊ ဟောဒီက မိန်းမကြီးသုံးယောက် မလိုင်လုံးသည်လေးဆီက မလိုင်လုံးဝယ်ပြီး ပိုက်ဆံမပေးဘဲထားခဲ့တယ်၊ ဘူတာမှာ မလိုင်လုံးသည်လေး ငိုပြီး ကျန်ခဲ့တယ်၊ ဒါဟာ သိပ်အရေးကြီးတဲ့ကိစ္စပဲ၊ လူလူချင်း ခေါင်းပုံဖြတ်အမြတ် ထုတ်တဲ့ကိစ္စကို လက်ပိုက်ပြီးကြည့်မနေနိုင်ဘူး၊ ဒါကြောင့် အရေးပေါ် ဥသြကိုဆွဲလိုက်တာ၊ ဒီမိန်းမကြီးတွေ မလိုင်လုံးသည်လေးကို ယုတ်မာလိုက်တာ ဟောဒီတွဲတစ်တွဲလုံး မြင်တယ်၊ မယုံရင် ခင်ဗျားတို့မေးကြည့် "

ဟု ရဲဝံ့သောအမူအရာဖြင့် ပြောလိုက်လေ၏။

သို့သော် ဂတ်ဗိုလ်နှင့် တွဲစောင့်များသည် မိန်းမကြီးများ၏ အရှိန်အဝါကိုကြည့်၍ ဘိုးချွန်တို့အား တရားခံအဖြစ် သတ်မှတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂတ်ဗိုလ်က မောင်ဘချစ်ကိုကြည့်၍

" အရေးပေါ်ဥဩကို မလိုအပ်ဘဲဆွဲတဲ့အတွက် ခရီးသွားပြည်သူတွေ အနှောင့်အယှက်ဖြစ်ရတယ်၊ မင်းတို့ ဒဏ်ငွေဆောင်ရမယ် "

ဟု ပြောလေ၏။

မိန်းမကြီးသုံးယောက်ကလည်း ဘိုးစုန်တို့အား မကျေမချမ်း ပြောဆိုကြကုန်၏။

မောင်ဘချစ်က မိန်းမကြီးများကိုကြည့်၍

" ခင်ဗျားတို့နဲ့ ကျုပ် ဘယ်သူ့ရဲ့စိတ်ဓာတ်က အောက်တန်းကျတယ်ဆိုတာ ယောဒီတစ်တွဲလုံးသိပါတယ်၊ ဒီမှာ ဂတ်ဗိုလ်ကြီး၊ ကျုပ်တို့က မတရားမှုကျူးလွန်တာကို တားဆီးတာပါ၊ ဒါကို ဒဏ်ငွေဆောင်ရမယ်ဆိုရင် ကျုပ် မဆောင်နိုင်ဘူး "

ဟု ပြောလေရာ ဂတ်ဗိုလ်က ဒဏ်ငွေမဆောင်လျှင် ဖမ်းရမည်ဖြစ်ကြောင်း ပြောဆိုပြီး မောင်ဘချစ်အား ဘူတာဆီသို့ ခေါ်ဆောင်သွားလေ၏။

မိန်းမကြီးသုံးယောက်သည် မောင်ဘချစ်ကြောင့် ၄င်းတို့ အရှက်ရသဖြင့် မကြားဝံ့မနာသာ ပြောဆိုပြီး ကျန်ရစ်ခဲ့လေ၏။





ဘိုးစုန်သည် မောင်ဘချစ်ကို ကူညီရန် ဘူတာသို့လိုက်ခဲ့ပြီး ရုံပိုင်ကြီးရုံးခန်းသို့ သွားလေ၏။

ရုံပိုင်ကြီးသည် ဘိုးစုန်နှင့် သိကျွမ်းသူဖြစ်သဖြင့် မောင်ဘချစ်နှင့်ပတ်သက်သော အကျိုးအကြောင်းကို ပြောပြလေရာ နောက်ဆုံး၌ မောင်ဘချစ်ကို စိတ်မနှံ့သူဟုယူဆကာ ပြန်လွှတ်လိုက်လေ၏။

ဘိုးစုန်သည် လွှတ်မြောက်လာသော မောင်ဘချစ်ကို ပွေ့ဖက်၍

" မင်းရဲ့လုပ်ရပ်ကို ငါ ဂုဏ်ယူပါတယ်ကွာ၊ မိန်းမကြီးသုံးယောက် ယုတ်မာတာကို ငါဘယ်လိုလုပ်ရမှန်း မသိဘူးကွ၊ မင်း သိပ်တော်တယ်ကွာ "

ဟု ချီးမွမ်းလိုက်လေ၏။ ထိုအခါ မောင်ဘချစ်က

" ကျုပ် မတော်ပါဘူးဗျာ၊ အရေးပေါ်ဥဩလေးဆွဲလိုက်တာ ဘာခက်တဲ့ကိစ္စမှမဟုတ်တာ၊ ကျုပ်နေရာမှာ လူတိုင်း ဥဩဆွဲနိုင်ပါတယ်၊ ဒါပေမဲ့ ရင်ထဲမှာ ရိုးသားမှုရှိမှ ဥဩကို ဆွဲနိုင်တာဗျ၊ လူတွေမှာရှိတဲ့ အသိဉာဏ်က ရိုးသားပွင့်လင်းမှုကို ရိုက်ချိုးပစ်လိုက်တယ်၊ အသိဉာဏ်ကြောင့် ရိုးသားပွင့်လင်းမှုတွေ အများကြီး ဆုံးရှုံးရတယ်ဗျား၊ ကျုပ်ကတော့ အသိဉာဏ်မရှိရင် နေပါစေဗျာ၊ ရိုးသား



www.burmeseclassic.com

www.burmeseclassic.com



ပွင့်လင်းမှုတွေ မဆုံးရှုံးချင်ဘူး ''

ဟု လေးနက်သောစကားကို ပြောလေရာ ဘိုးစုန့်သည် မောင်ဘချစ်အား စိတ်မနှံ့သူမှ ဟုတ်ပါလေစွဟု ထင်မြင်မိလေ၏။

ထိုအချိန်၌ မောင်ဘချစ်၏ကိုယ်ခန္ဓာမှ ရွှေဝါရောင် ကိုယ်ရောင်ကိုယ်ဝါများကို မြင်တွေ့ရပြန်၏။

မောင်ဘချစ်သည် မိမိကို တအံ့တသြကြည့်နေသော ဘိုးစုန့်ကိုကြည့်၍

'' ခင်ဗျား ကျုပ်ကို ဘာကြောင့် စူးစိုက်ကြည့်နေတာလဲ''

ဟု မေးမြန်းလေရာ ဘိုးစုန့်က မောင်ဘချစ်၏ကိုယ်ခန္ဓာမှ ကိုယ်ရောင်ကိုယ်ဝါများကို မြင်တွေ့ရကြောင်း ရိုးသားစွာ ပြောဆိုလေ၏။

ဘိုးစုန့်သည် မိမိ၏ ထူးခြားသောအစွမ်းကို လူတစ်ယောက်အား စတင်ဖွင့်ပြောခြင်း ဖြစ်၏။

မောင်ဘချစ်သည် ဘိုးစုန့်၏စကားကြောင့် အံ့သြသွားပြီး

'' ကျုပ်အထင်တော့ လူတွေရဲ့စိတ်ထား မွန်မြတ်သန့်စင်မှု ရှိရင်ရှိသလို ကိုယ်ရောင်ကိုယ်ဝါရှိလိမ့်မယ်၊ ဘုန်းကြီးကျောင်းက ဘုရားပန်းချီကားတွေကိုကြည့်ရင် မြတ်စွာဘုရားရဲ့ ဦးခေါင်းတော်မှာ





ရောင်ခြည်တော်တွေထည့်ပြီးဆွဲတာ မြင်ဖူးတယ်၊ ဒါကြောင့် လူတွေမှာ ကိုယ်ရောင်ကိုယ်ဝါတော့ ရှိမယ်ထင်တယ်၊ လူတွေမှာရှိတဲ့ ကိုယ်ရောင်ကိုယ်ဝါတွေကို ခင်ဗျားတစ်ယောက်တည်း မြင်ရတော့ ခင်ဗျားဟာ ရူးရင်ရူး၊ မရူးရင် ထူးခြားတဲ့ အစွမ်းသတ္တိရှိတဲ့သူပဲ''

ဟု ပြောလေရာ ဘိုးစုန့်သည် မောင်ဘချစ်လိုလူက မိမိအား

'' ရူးရင်ရူး၊ မရူးရင် ထူးခြားတဲ့အစွမ်းသတ္တိရှိသူပဲ ''

ဟု ဆိုသဖြင့် သဘောကျစွာ ရယ်မောလိုက်လေ၏။

မောင်ဘချစ်သည် ဘိုးစုန့်၏ရယ်မောပုံကို သဘောပေါက်ဟန်ဖြင့်

'' ကျုပ်ကို ခင်ဗျားက အရူးလို့ထင်နေပုံရတယ်၊ ကျုပ်မရူးပါဘူး၊ သဘာဝလောကကြီးနဲ့ပတ်သက်ပြီး ကျုပ်ရဲ့ ထူးခြားတဲ့အမြင် ပွင့်လင်းသွားတာပါ၊ ဒီအချိန်ကစပြီး ကျုပ်ရဲ့သိမြင်ပုံတွေဟာ သာမန်လူတွေနဲ့ မတူတော့ဘူး၊ ကျုပ်ဟာ သဘာဝလောကကြီးနဲ့ တစ်သွေးတည်း တစ်သားတည်း ဖြစ်သွားတယ်၊ တကယ်တော့ လူ့ဘဝဆိုတာ ဘာကိုမှ ကြိုးစည်ထားလို့မရဘူး၊ လူတွေဟာ ကမ္ဘာပေါ်မှာ လမ်းတွေရှိသလို ဘဝမှာလည်း လမ်းတွေရှိတယ်ထင်ပြီး မှုန်မှုန်မိုက်မိုက် လျှောက်လှမ်းနေကြတယ်၊ ဘဝနေနည်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



သင်ယူနေကြတယ်၊ သင်ယူနေသရွေ့ တတ်မှာမဟုတ်ဘူး၊ နောက်ဆုံးမှာ ဘဝရေစီးထဲကို မျောပါသွားလိမ့်မယ်၊ ခင်ဗျားကို ဒီအချိန်မှာ ဒီစကားတွေပြောရင် ကျွဲပါးစောင်းတီးသလိုပဲ ဖြစ်လိမ့်မယ် ”

ဟု ပြောလေရာ ဘိုးချန်သည် မောင်ဘချစ်၏စကားကို သဘောကျသွားပြီး ရယ်မောကာ

“ ဒါဆိုရင်လည်း မတီးပါနဲ့တော့ကွာ၊ ဗိုက်ဆာလာပြီ၊ မြို့ထဲက ဆိုင်တစ်ဆိုင်မှာ သွားစားကြတာပေါ့ ”

ဟု ပြောလိုက်လေ၏။

ဘိုးချန်တို့သည် နေ့လယ်စာစားပြီးနောက် ဘုတာရုံနံဘေးရှိ ချောင်းငယ်ကလေး၌ ထိုင်ကြလေ၏။

ချောင်းငယ်လေး၏အခြားတစ်ဖက်သို့ ခရီးသည်များ ကူးသန်းရန် တံတားကလေးတစ်ခု ထိုးထား၏။ ခဏကြာလျှင် ရထားလုံး တစ်စီး ဘူတာသို့ဝင်လာပြီး ခရီးသည်များ ဆင်းလာကြလေ၏။ ခရီးသည်များသည် ချောင်းငယ်ကလေးကို သစ်သားတံတားမှ ဖြတ်သန်းကြလေ၏။

ထိုအခိုက်မှာပင် လွန်စွာဝဖြိုးသော ချစ်တီးကုလားကြီး





တစ်ယောက်နှင့် နောက်လိုက်နောက်ပါ များသည် ရထားပေါ်မှဆင်းလာလေ၏။

ဘိုးချန်သည် ချစ်တီးကုလားကြီးကို ရုတ်တရက်ကြည့်ပြီး ထိုလူကြီး၏ ကိုယ်ခန္ဓာမှ အနီရောင် ကိုယ်ရောင်ကိုယ်ဝါများကို မြင်တွေ့လိုက်ရသဖြင့် မျက်မှောင်ကြုတ်လိုက်လေ၏။

ဘိုးချန်က လေသံတိုးတိုးဖြင့်

“ ရထားပေါ်ကဆင်းလာတဲ့ ချစ်တီးလူဝကြီးဆီက အနီရောင် ကိုယ်ရောင်ကိုယ်ဝါကို မြင်ရတယ်ကွ ”

ဟု ပြောလိုက်ရာ မောင်ဘချစ်က ချစ်တီးလူဝကြီးကို ကြည့်၍

“ ဒီချစ်တီးကြီးနာမည်က ဂန်ဂယားလို့ခေါ်တယ်ဗျ၊ ဂန်ဂယားဟာ အင်မတန် လောဘရမ္မက်ကြီးပြီး ဆင်းရဲသားတွေကို ဂုတ်သွေးစုပ်နေတဲ့ လူယုတ်မာကြီးဗျ၊ ဒီလူကြီးရဲ့ခန္ဓာကိုယ်က အနီရောင် ကိုယ်ရောင်တွေထွက်တယ်ဆိုရင် အနီရောင်ဟာ ကောင်းတဲ့နိမိတ်ပဲ ဖြစ်လိမ့်မယ် ”

ဟု ပြောလေ၏။

ထိုအခါ ဘိုးချန်က ခေါင်းညိတ်၍



www.burmeseclassic.com

" မင်းပြောတာ ဖြစ်နိုင်တယ်၊ ငါ့ရဲ့ကျေးဇူးရှင် ရှုံပိုင်ကြီးကို ဒုက္ခပေးသွားတဲ့ ခင်ခင်ဆိုတဲ့မိန်းမယုတ်ကြီးရဲ့ စန္ဓာကိုယ်ကလည်း အနီရောင်တွေ ထွက်တယ်ကွ၊ ဒီမိန်းမကြီးဟာ အတော် ယုတ်မာ ကောက်ကျစ်တဲ့ မိန်းမကြီးကွ၊ သူ့ကြောင့် ငါ့ရဲ့ကျေးဇူးရှင် ရှုံပိုင်ကြီး အသက်ဆုံးရတာ၊ ရှုံပိုင်ကြီး သေဆုံးကာနီးမှာ ဖြူဖျော့ဖျော့ အရောင်ကို ငါမြင်ခဲ့ရသေးတယ်၊ ရှုံပိုင်ကြီး အသက်ထွက်သွားတော့ ဘာအရောင်မှ မမြင်ရတော့ဘူး "

ဟု ပြောလေ၏။ ဘိုးချုန်၏စကားကို မောင်ဘချစ်က စိတ်ဝင်တစား နားထောင်ရင်း ခေါင်းညိတ်၍

" လူတွေရဲ့စိတ်ဓာတ်စရိုက်လက္ခဏာအရ ကိုယ်ရောင် ကိုယ်ဝါတွေ ပြောင်းလဲမှုရှိနေပုံရတယ်၊ ကျုပ်ရဲ့ကိုယ်က အဝါရောင် ကိုယ်ရောင်ကိုယ်ဝါထွက်တယ်ဆိုတော့ အဝါရောင်ဆိုတာ ရိုးသား ဖြူစင်တဲ့ သူတော်ကောင်းတွေရဲ့ရောင်စဉ်ပဲဖြစ်မယ် "

ဟု ပြောလေရာ ဘိုးချုန်က သဘောကျဟန်ဖြင့် ရယ်မော၍

" ဟား ဟား ဟား… မင်းကိုယ်မင်းတော့ ရိုးသားဖြူစင် တဲ့ သူတော်ကောင်း ဟုတ်လား၊ ငါ့ယ့်ကိုယ်ကိုယ် သူတော်ကောင်း လို့ မြင်တဲ့အရူးကို ဒီတစ်ခါပဲမြင်ဖူးသေးတယ် "





ဟု ပြောလေရာ မောင်ဘချစ်က ဘိုးချုန်ကို မျက်မှောင်ကြုတ်၍

" ဟေ့လူကြီး… ခင်ဗျားက ကျုပ်ကို အရူးလို့ထင်မှတ်နေတာနဲ့ပဲလား "

ဟု မေးမြန်းလေ၏။ ဘိုးချုန်က ခေါင်းခါယမ်း၍

" မင်းနဲ့နေရတာ ပညာရှိတစ်ယောက်နဲ့အတူနေရသလို ခင်ပြီး ငါတောင် ပညာတိုးတယ်လို့ ယူဆလို့ရပါတယ်ကွာ၊ မင်းကို အရူးလို့ပြောတာ နောက်ပြောင်တာပါ၊ စိတ်မဆိုးပါနဲ့ "

ဟု ပြောလေရာ ဘိုးချုန်၏စကားကို နားထောင်နေသော မောင်ဘချစ်က ရယ်မော၍

" ကျုပ် စိတ်ဆိုးလို့ပြောတာ မဟုတ်ပါဘူးဗျာ၊ လေထဲက ပြောတဲ့စကားဟာ လက်ခံသူမရှိရင် သူ့ဘာသာ လေထဲကို ပြန်သွား တာပဲ၊ လူတိုင်းဟာ အရူးပဲလို့ မြတ်စွာဘုရားက ဟောထားတာပဲ "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ဘိုးချုန်က ဘူတာဘက်သို့ ငေးစောင့်ကြည့်၍

" ဂန့်ဂယားဆိုတဲ့ ချစ်တီးအကြောင်းကို ပြောပါဦးကွာ၊ ယုတ်မာတယ်ဆိုတာကို စိတ်ဝင်စားလို့ "

www.burmeseclassic.com



ဟု မေးမြန်းလေ၏။ မောင်ဘချစ်က သက်ပြင်းချ၍

" ဂန်ဂယား ယုတ်မာတာကတော့ မပြောနဲ့ဗျာ၊ ကျုပ်တို့နယ်က တောင်သူလယ်သမားတွေ လယ်မဲ့ယာမဲ့ဘဝကို ရောက်ကုန်ကြပြီဗျ။ ဂန်ဂယားရဲ့လူတွေဟာ ရွာစဉ်လှည့်ပြီး ရိုးသားတဲ့ လယ်ပိုင်ရှင်တွေကို ငွေမချေးချေးအောင် မြူဆွယ်တယ်၊ လယ်ပိုင်ရှင် တစ်ဦးနဲ့ တစ်ဦး မြှောက်ပင့်ပေးပြီး အလှူဒါနတွေ အကြီးအကျယ် လုပ်ခိုင်းတယ်၊ လယ်ပိုင်ရှင်တွေက ငွေလိုရင် ငွေချေးတယ်၊ ပထမ နှစ်မှာတော့ အတိုးနည်းနည်းနဲ့ချေးတယ်၊ နောက်တော့ အတိုးကို တဖြည်းဖြည်း တိုးယူတယ်၊ ကျုပ်တို့ မြန်မာတွေကလည်း ဆင်တောင်အကြွေးရမယ်ဆိုရင် ဝယ်မဲ့ လူမျိုးတွေဗျ "

ဟု ပြောလေရာ ဘိုးချန်က ခေါင်းညိတ်၍

" အိန္ဒိယကလာတဲ့ ချစ်တီးကုလားတွေကြောင့် ငါတို့မြန်မာလယ်သမားတွေ လယ်မဲ့ယာမဲ့ဖြစ်ပြီး အတော်ဒုက္ခရောက်နေပြီလို့ ကြားတယ်၊ ဒါပေမဲ့ ငါစဉ်းစားလို့မရတာက ငါတို့မြန်မာတွေဟာ ချစ်တီးငွေချေးပြီး ဘာဖြစ်လို့ လယ်မဲ့ယာမဲ့ဘဝနဲ့ ကိုယ့်ကိုယ်ကိုယ် ဒုက္ခရောက်အောင် လုပ်ကြတာလဲ "

ဟု ပြောလေ၏။ မောင်ဘချစ်က ရယ်မော၍





" လယ်ပိုင်ရှင်တွေဟာ အပြိုင်အဆိုင် ကြွားဝါပြီး အလှူဒါနတွေ လုပ်ကြတယ်ဗျ၊ ဒီလိုပြိုင်ဆိုင်အောင်လည်း ချစ်တီးတွေက မြှောက်ပင့်ပေးကြတယ်၊ ပိုက်ဆံမရှိတဲ့ သူကြီးသားတွေကို ဆိုင်ကယ်ကိုယ်စီဝယ်စီးအောင် ချစ်တီးကပဲ ငွေစိုက်ထုတ်ပေးတယ်၊ ချစ်တီးသူဌေးရဲ့ တပည့်လက်ပါးစေတွေဟာ ရွာစဉ်လှည့်ပြီး မြန်မာလယ်ပိုင်ရှင်တွေရဲ့ ဥစ္စာနေကို စုံစမ်းထားတယ်၊ နောက်ပြီးတော့ သူတို့ရတဲ့ သတင်းတွေကို ဂန်ဂယားကြီးရဲ့ ချစ်တီးတိုက်ကို ပို့တယ်၊ ဒီမြို့မှာရှိတဲ့ အခမ်းနားဆုံး သုံးထပ်တိုက်ကြီးဟာ ဂန်ဂယားကြီးရဲ့ ချစ်တီးတိုက်ကြီးပေါ့ဗျာ၊ ချစ်တီးတိုက်ကြီးထဲမှာ မြင်သူငေးလောက်အောင် ခမ်းခမ်းနားနား ပြင်ဆင်ထားတယ်၊ တစ်ခါတစ်ရံမှာ ဒီနယ်တကြောမှာရှိတဲ့ မြန်မာလယ်ပိုင်ရှင်တွေကို ချစ်တီးတိုက်ကြီးတွေကိုဖိတ်ပြီး ကျွေးမွေးပြုစုလေ့ရှိတယ်၊ ဒီလိုကျွေးမွေးပြုတာက စေတနာကောင်းနဲ့ ကျွေးမွေးပြုစုတာမဟုတ်ဘူး၊ သူတို့ရဲ့မြီး--တွေဖြစ်အောင် သိမ်းသွင်းဖို့ ကြိုးစားနေတာ "

ဟု ပြောလေ၏။ ဘိုးချန်က သက်ပြင်းချ၍

" ငါတို့မြန်မာတွေဟာ ချစ်တီးကြောင့် အကျိုးရှိတာ ဘာရှိသေးလဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။ မောင်ဘချစ်က မျက်မှောင်ကြုတ်၍

" ဧရပ်မှာနေတဲ့ သုဘရာဇာကြီးကတော့ ချစ်တီးတွေကို ထူးထူးခြားခြား ကျေးဇူးရှင်တွေလို့ ပြောဖူးတယ်၊ သူက ချစ်တီးရဲ့ ယုတ်မာတာကိုမှ မခံရဘူးတာ၊ ချစ်တီးတွေဟာ ရပ်ဝေးကလာပြီး ကျုပ်တို့မြန်မာတွေကို ငွေရေးကြေးရေး ထောက်ပံ့တယ်၊ ချစ်တီး ကျေးဇူးကြောင့် အကျပ်အတည်းတွေဖြစ်နေတဲ့ မြန်မာတွေဟာ လယ် လုပ်ဖို့၊ စပါးလှောင်ဖို့၊ ကုန်ကူးဖို့ အရင်းအနှီးရတယ်တဲ့ဗျ၊ ချစ်တီးက ငွေထုတ်ပေးပေမဲ့ ကျုပ်တို့မြန်မာတွေဖျင်းလို့ အလို့ အရင်းအနှီးတွေ ဆုံးကုန်တယ်ဆိုပဲ၊ မြန်မာတွေဟာ အမြော်အမြင်နည်းပြီး ကြွားဝါလို့ ရှိတာကုန်တာပဲတဲ့၊ အိမ်မှာ စားစရာဆန်မရှိဘူး၊ ခေါက်ဆွဲဆိုင်၊ အရက်ဆိုင်၊ ဖဲဝိုင်း၊ မြင်းပွဲပါမကျန် သွားပြီးသုံးဖြုန်းကြတယ်တဲ့ဗျ၊ ဒါကြောင့် မြန်မာတွေရဲ့ လယ်တွေ၊ ယာတွေ၊ နွားတွေဟာ ချစ်တီး လက်ကို ရောက်ရတယ်တဲ့ဗျ "

ဟု ပြောလေရာ ဘိုးချုန်က ခေါင်းညိတ်၍

" သုဘရာဇာကြီးပြောတာလည်း ဟုတ်တာပဲ၊ မြန်မာတွေ ဟာ တရုတ်၊ ကုလားလောက် ငွေမရှာကြဘူးကွ၊ ရောင့်ရဲတင်းတိမ် လွန်းတယ်၊ ကြာရင် ငါတို့မြန်မာမြေကို တရုတ်၊ ကုလားတွေ





ဝါးမြိုသွားမှာ စိုးရတယ်၊ ဘာပဲဖြစ်ဖြစ် ဒီနေ့ခေတ်မှာတော့ ငါတို့ မြန်မာဆင်းရဲသား နင်းပြားတွေဟာ ချစ်တီးနှိပ်စက်လို့ လယ်မဲ့ ယာမဲ့ဘဝကို ရောက်ပြီး ဒုက္ခဆင်းရဲကြီးစွာ ကြုံတွေ့နေရတယ်၊ သမီးပျိုလေးတွေကိုလည်း ချစ်တီးက သိမ်းတယ်ဆိုပဲကွ "

ဟု ပြောလေရာ မောင်ဘချစ်က

" သိပ်ဟုတ်တာပေါ့ဗျာ၊ ဂန်ဂယားဆိုတဲ့ ချစ်တီးကြီးက တော့ ငွေကိုပဲယူတယ်၊ လူကိုမယူဘူး၊ ကျန်တဲ့နယ်က ချစ်တီးတွေ ကတော့ ငွေမရရင် လူကိုပါသိမ်းတယ်ဗျ၊ ဘာပဲဖြစ်ဖြစ် ချစ်တီးတွေ မြန်မာမြေမှာရှိနေတာ မကောင်းဘူး၊ မြန်မာလယ်သမားတွေ ဒုက္ခ ရောက်ကုန်ပြီ၊ ချစ်တီးတွေက လယ်ယာတွေပိုင်ပြီး မြန်မာတွေက လယ်အငှားပြန်လုပ်နေရတယ်၊ မြန်မာတွေ သနားစရာဗျာ "

ဟု ပြောလေ၏။

ဘိုးချုန်သည် ဘချစ်၏စကားကြောင့် လယ်ကူလီဘဝ နေထိုင် ခဲ့ရပုံများကို ပြန်လည်မြင်ယောင်လာ၏။ သူတို့ရွာကို ချစ်တီးမဝင် သေးသဖြင့် ဆင်းရဲဒုက္ခနှင့် မကြုံရသေးချေ။

မည်သို့ပင်ဖြစ်စေ မိမိသည် လယ်သမားဘဝမှ တက်လာ သဖြင့် ချစ်တီးများ၏ နှိပ်စက်ညှဉ်းပန်းမှုများကို ရှုံရှာမုန်းတီး၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုညက ဘိုးချုန်သည် ချစ်တီးများ၏ မ[illegible]မှုများကို မောင်ဘချစ်ထံမှ ကြားနာပြီး အိပ်ပျော်သွားလေ၏။

ထိုသို့အိပ်ပျော်နေပြီးနောက် ဘိုးချုန်သည် အလွန်ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်လေ၏။ ထိုအိပ်မက်အရ သူသည် ချစ်တီးတိုက်ရှိရာသို့ သုံးထပ်တိုက်ကြီးသို့ လှည့်လည်ရှာဖွေနေလေ၏။

မကြာမီ မြို့တစ်နေရာ၌ ခမ်းနားကြီးကျယ်သော သုံးထပ်တိုက်ကြီးကို မြင်တွေ့ရလေ၏။ သုံးထပ်တိုက်ကြီး၏ရှေ့၌ သူဌေးကြီး ဂန်ဂယားဟု ရေးသားထားလေ၏။

ဘိုးချုန်သည် သုံးထပ်တိုက်ကြီး၏ရှေ့၌ ရပ်တန့်လိုက်လေ၏။ တိုက်ကြီးရှေ့၌ ခြံတံခါးကြီးကို လွန်စွာကြီးမားသော သော့ခလောက်ကြီး ခပ်ထားလေ၏။

ဘိုးချုန်သည် အိမ်ထဲသို့ဝင်ချင်စိတ်များဖြစ်ပေါ်လာပြီး ခြံတံခါးကြီးကို ဖြတ်သန်းဝင်လိုက်ရာ ဘိုးချုန်၏ကိုယ်ခန္ဓာသည် အခိုးအငွေ့ကဲ့သို့ ခြံဝင်းတံခါးကို ဖြတ်သန်းပြီး ဝင်ရောက်သွားကြောင်း အံ့သြဖွယ် မြင်တွေ့ရ၏။

ဘိုးချုန်သည် ဆက်လက်၍ သုံးထပ်တိုက်ကြီးအတွင်းသို့ တံခါးများမှ တိုးဝင်လိုက်ရာ မိမိကိုယ်ခန္ဓာသည် တံခါးကိုဖြတ်သန်း





၍ ဝင်ရောက်သွားကြောင်း တွေ့ရ၏။

ဘိုးချုန်သည် အိမ်ကြီး၏ဧည့်ခန်းမှတစ်ဆင့် အပေါ်သို့တက်ကာ အခန်းများ တစ်ခန်းပြီးတစ်ခန်း ဖြတ်သန်းခဲ့၏။

နောက်ဆုံး၌ မီးလင်းနေသော အခန်းတစ်ခန်းထဲသို့ဝင်လိုက်ရာ ထိုအခန်းထဲရှိ မီးခံသေတ္တာကြီးရှေ့၌ မအိပ်သေးဘဲထိုင်နေသော ချစ်တီးသူဌေး ဂန်ဂယားကို တွေ့ရ၏။

ဂန်ဂယားသည် မီးခံသေတ္တာထဲမှ ရွှေငွေလက်ဝတ်ရတနာများကို ထုတ်၍ကြည့်ရှုနေလေ၏။

ဘိုးချုန်သည် အိပ်မက်ထဲ၌ မီးခံသေတ္တာကြီးကို သေချာစွာကြည့်သောအခါ တောင်သူလယ်သမား နင်းပြားများထံမှ မတရားချုပ်ဆိုထားသော စာချုပ်များကို မြင်တွေ့ရလေ၏။

ချစ်တီးသူဌေးဂန်ဂယားသည် အတန်ကြာအောင် လက်ဝတ်ရတနာများကို အားရအောင်ကြည့်ရှုနေလေ၏။

ခဏကြာလျှင် အခန်းတွင်းသို့ ချောမောလှပသော မြန်မာမိန်းမတစ်ဦး ဝင်ရောက်လာသဖြင့် လက်ဝတ်ရတနာများကို မီးခံသေတ္တာထဲသို့ ထည့်လိုက်လေ၏။

မြန်မာမိန်းမက ဂန်ဂယား၏ပခုံးကိုဖက်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



" ညည့်နက်လှပြီ အစ်ကိုကြီး၊ အိပ်ကြရအောင် "

ဟု ပြောလိုက်လေရာ ဂန်ဂယားသည် မိန်းမလှကိုဖက်၍ ခုတင်ပေါ်သို့ တက်သွားလေ၏။

ပြီးနောက် ဂန်ဂယားသည် အခန်းမီးကို မှိန်မှိန်လေး ထွန်းလေ၏။ ဂန်ဂယားသည် မိန်းမလှနှင့်အတူ ခုတင်ပေါ်၌ မိုးမမြင် လေမမြင် ပျော်မြူးကြကုန်၏။

ဘိုးရှန်သည် မမြင်အပ်သောမြင်ကွင်းကြောင့် အခန်းထဲမှ ပြန်လည်ထွက်ခွာခဲ့၏။ ပြီးနောက် ချစ်တီးသူဌေး၏အိမ်ကြီးကို အားရအောင် ကြည့်ရှုပြီး ပြန်လည်ထွက်ခွာလာခဲ့လေ၏။





ဘိုးရှန်သည် အိပ်မက်မှ လန့်နိုးသောအခါ၊ ထိုအိပ်မက်သည် အလွန်ထူးဆန်းပြီး ပီပြင်လွန်းသဖြင့် ပြန်၍အိပ်မပျော်နိုင်တော့ချေ။

မိမိဘဝတစ်သက်တာ၌ မြင်မက်ခဲ့သော အိပ်မက်များအနက် ထိုအိပ်မက်သည် အလွန်ထူးဆန်း၏။

ယခင်ကမက်ခဲ့သော အိပ်မက်များသည် မပီဝိုးတဝါးနှင့် အစီအစဉ်တကျ ရှိမနေခဲ့ချေ။ ယနေ့ညမြင်မက်ခဲ့သော အိပ်မက်သည် အလွန်ပီပြင်ပြီး အစီအစဉ်တကျရှိနေ၏။

ထိုညက ချစ်တီးကုလား ဂန်ဂယား၏တိုက်သို့ မိမိကိုယ်တိုင် ရောက်ရှိသွားသကဲ့သို့ ခံစားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးချုန်သည် ထိုအိပ်မက်အကြောင်းစဉ်းစားရင်း မိုးလင်းသွားလေ၏။ မောင်ဘချစ်သည် အိပ်ရာမှမထသေးဘဲ ငူငူငိုင်ငိုင်ကြီး ထိုင်နေသော ဘိုးချုန်ကိုကြည့်၍

" ဟေ့လူကြီး… ဘာတွေစဉ်းစားနေတာလဲ၊ ထတော့လေ ဗျာ၊ လက်ဖက်ရည်သောက်ရအောင် "

ဟု ပြောလေ၏။

ဘိုးချုန်သည် မောင်ဘချစ်ဟာ သူ၏အနီးသို့ခေါ်၍ ညက မြင်မက်ခဲ့သော အလွန်ထူးဆန်းသည့်အိပ်မက်ကို ပြောပြလေ၏။

မောင်ဘချစ်သည် ဘိုးချုန်၏အိပ်မက်ကို နားထောင်ပြီး နောက်

" ခင်ဗျားရဲ့အိပ်မက်က အတော်ထူးဆန်းတာပဲ၊ တိုက်ကြီးနဲ့ ပတ်သက်တဲ့အချက်တွေ အားလုံးမှန်တယ်၊ ခင်ဗျားဟာ ချစ်တီး တိုက်ကို မရောက်ဖူးဘဲ ချစ်တီးတိုက်အကြောင်းကို တိတိကျကျ ပြောနိုင်တာ အိပ်မက်မက်တယ်လို့ ပြောဖို့တော်တော်ခက်တယ်၊ အိပ်မက်ထဲမှာ ခင်ဗျားမြင်ခဲ့တဲ့ ချစ်တီးသူဌေးရဲ့မိန်းမ နာမည်က မိမိုးလို့ခေါ်တယ်၊ မိန်းမလည်း မိန်းမရှုပ်ကြီးဗျ၊ သူဟာ ချစ်တီး သူဌေးရဲ့ မယားငယ်လုပ်နေတာ၊ ဒီအကြောင်းတွေကို ခင်ဗျား





မသိဘဲနဲ့ ပြောပြနိုင်တာ အိပ်မက်ရဲ့ ထူးခြားမှုပဲ "

ဟု ပြောလေရာ ဘိုးချုန်က ခေါင်းညိတ်၍

" ဒီထက်ပိုပြီးသေချာအောင် ညတုန်းက မြင်မက်ခဲ့တဲ့ ချစ်တီးတိုက်ကြီးကို သွားကြည့်ရအောင်၊ ချစ်တီးတိုက်ကို အပြင်မှာ ငါ တစ်ခါမှ မမြင်ဖူးဘူးကွ၊ ငါ့အိပ်မက်ထဲက ချစ်တီးတိုက်ကြီးဟာ အပြင်မှာ တကယ်ရှိတဲ့ ချစ်တီးတိုက်ကြီးနဲ့တူတယ်ဆိုရင်တော့ ငါ့ အိပ်မက်ဟာ အတော်ထူးဆန်းနေပြီ၊ ချစ်တီးရဲ့မယားငယ် မိမိုးကို အပြင်မှာ ငါ တကယ်တွေ့ရင် အိပ်မက်ထဲမှာ ချစ်တီးနဲ့ကမြင်းတဲ့ မိန်းမကြီးဖြစ်နေတယ်ဆိုရင် ငါ့ရဲ့အိပ်မက်ဟာ အလွန့် အလွန်ကို ထူးဆန်းနေပြီ "

ဟု ပြောလေ၏။ ဘိုးချုန်၏စကားကြောင့် မောင်ဘချစ်က ခေါင်းညိတ်၍

" သိပ်ဟုတ်တာပေါ့ဗျာ၊ ခင်ဗျားပြောမှ ချစ်တီးတိုက်ကြီး ကို သွားကြည့်ချင်စိတ် ထိန်းမနိုင် သိမ်းမရဖြစ်လာပြီ၊ လာဗျာ… သွားကြမယ် "

ဟု ပြောကာ ဘိုးချုန်၏လက်ကိုဆွဲကာ မြို့တစ်နေရာဆီသို့ ထွက်ခွာသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တီးသူဌေး ဂန်ဂယား၏ သုံးထပ်တိုက်ကြီးကို မြင်ရသောအခါ ဘိုးချစ်သည် ပါးစပ်အဟောင်းသားဖြစ်သွားပြီး

" ငါ့အိပ်မက်ထဲက တိုက်ကြီးဟာ ဒီတိုက်အစစ်ပဲကွာ၊ တိုက်အပြင်မှာ ချစ်တီးသူဌေး ဂန်ဂယားရဲ့နာမည်ရေးထားတာတောင် မှတ်မိသေးတယ်၊ ဒီပုံအတိုင်းဆိုရင် ချစ်တီးတိုက်ကြီးထဲက အခန်းတွေအားလုံးကို ငါမြင်ဖူးနေပြီ "

ဟု ပြောလေရာ မောင်ဘချစ်က ခေါင်းတညိတ်ညိတ်ဖြင့်

" သိပ်ထူးဆန်းတာပဲ၊ ခင်ဗျားကို ရှုံသွင်းပြီး ပြစားဖို့တောင်ကောင်းနေပြီ၊ ဟော့လူကြီး… ချစ်တီးမယားငယ် မိမိုးကို စောင့်ကြည့်ရအောင် "

ဟု ဆိုကာ အနီးရှိ အရိပ်ရသော ညောင်ပင်အောက်၌ စောင့်ကြလေ၏။

ခဏကြာလျှင် ချစ်တီးသူဌေး၏ မယားငယ် မိမိုးသည် အခြွေအရံ မိန်းမ (၃)ဦး ခြံရံ၍ အိမ်ကြီးထဲမှ ထွက်လာလေ၏။ မိမိုးစီးရန် ရထားလုံးလည်း အိမ်နောက်မှ အရှေ့သို့ထွက်လာ၏။

ဘိုးချစ်သည် ချစ်တီးမယားငယ်ကိုကြည့်၍ အလွန်အံ့ဩသွားပြီး ရယ်မောကာ





" ညက ချစ်တီးသူဌေးနဲ့ ချစ်မျှပြောကြင်းတာ ဒီမိန်းမပေါ့ကွာ၊ ခုတင်ပေါ်မှာ အရှက်မရှိ သောင်းကျန်းချင်တိုင်း သောင်းကျန်နေတာ "

ဟု ပြောလေရာ မောင်ဘချစ်သည် ဘိုးချစ်ကို လက်ဆွဲနှုတ်ဆက်၍

" ဒါဟာ သိပ်ထူးဆန်းတဲ့ အတွေ့အကြုံပဲဗျ၊ ခင်ဗျားဟာ သာမန်လူတစ်ယောက်မဟုတ်တော့ဘူး၊ အလွန့်အလွန်ထူးခြားပြီး လူတစ်သန်းမှာ တစ်ယောက်ရှိတဲ့လူမျိုး ဖြစ်သွားပြီ၊ ခင်ဗျားဟာ အမြင်ပေါက်နေပြီဗျ၊ ခင်ဗျားရဲ့အိပ်မက်တွေဟာ အပြင်မှာ တကယ်ဖြစ်နေပြီ၊ ခင်ဗျား ဘယ်လိုကျင့်စဉ်တွေကို ကျင့်ခဲ့တာလဲ "

ဟု မေးမြန်းလေ၏။ ဘိုးချစ်က ခေါင်းခါယမ်း၍

" ငါလည်း ဘာမှမသိတော့ပါဘူးကွာ၊ ငါဟာ ငယ်စဉ်ကတည်းကဘုရားကိုတောင် ဖြောင့်ဖြောင့်ရှိခိုးတတ်တဲ့လူ မဟုတ်ဘူး "

ဟု ပြောလေရာ မောင်ဘချစ်က သက်ပြင်းချ၍

" ဟုတ်တယ်၊ ခင်ဗျားဟာ သာမန်လူတစ်ယောက်ဆိုရင် ကျုပ် ရိပ်စားမိတယ်၊ ဘာကျင့်စဉ်မှလည်း ပေါက်မြောက်ပုံမပေါ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ဒါဆိုရင် ဘာဖြစ်လို့ လူတွေမှာရှိတဲ့ ထူးဆန်းတဲ့ ကိုယ်ရောင်ကိုယ်ဝါတွေကို ခင်ဗျား မြင်နေရသလဲ၊ နောက်ပြီးတော့ ခင်ဗျားရဲ့ အိပ်မက်တွေက ဘာဖြစ်လို့ အပြင်မှာ တကယ်ရှိနေတာလဲ၊ တိုက်ဆိုင်မှုများ ဖြစ်နေမလား၊ ဒါမှမဟုတ်၊ ခင်ဗျား ကျုပ်ကို ညာနေတာလား ”

ဟု မေးမြန်းလေ၏။

ဘိုးဈန်က မောင်ဘချစ်၏ပခုံးကိုဖက်၍

“ ဟောကောင်… မင်းကိုညာလို့ ငါ ဘာရမှာလဲ၊ ငါ့ပုံစံက လူလိမ်လူညာတစ်ယောက်ရဲ့ပုံစံဖြစ်နေလို့လား၊ မင်းဆီက ထမင်းတစ်နပ် ကပ်စားဖို့အတွက်တော့ မင်းကို မညာပါဘူးကွာ၊ ငါ အလုပ်မရမီမှာ မင်းဆီက ထမင်းစားနေပေမဲ့ အလုပ်ရတဲ့အခါ ပြန်ဆပ်ဖို့ ဆုံးဖြတ်ထားပြီးသားပါ ”

ဟု ပြောလေ၏။ ဘိုးဈန်၏စကားကြောင့် မောင်ဘချစ်သည် ဒွေဝေသွားပြီး

“ ဟုတ်တယ်၊ ခင်ဗျားကြီး ကျုပ်ကို ညာဝါးစားသောက်စရာ အကြောင်းမရှိဘူး၊ နောက်ပြီးတော့ ခင်ဗျားဟာ ဒီလိုလူမျိုး မဟုတ်ဘူးဆိုတာ ကျုပ်သိတယ်၊ ခင်ဗျားရဲ့ ဘဝနောက်ကြောင်းကို





ကျုပ်ကို စုံစုံလင်လင်ပြောပြဗျ- ”

ဟု ပြောလေရာ ဘိုးဈန်သည် သူ၏ဘဝနောက်ကြောင်းကို အသေးစိတ်ပြောပြလေ၏။

ထိုသို့ပြောပြရင် အရူးကြီး ဦးတာတီးနှင့် ဇရပ်၌တွေ့ဆုံပြီး မိမိတို့ဇာတိရပ်မြေမှ ထွက်ခွာလာပုံကို ပြောပြလေရာ မောင်ဘချစ်က လက်ကာပြ၍

“ ဟုတ်ပြီ… ဟုတ်ပြီ၊ ဒီနေရာမှာ ခင်ဗျားရဲ့တန်ခိုးစွမ်းအင်တွေ ရလာတာဖြစ်မယ်၊ ခင်ဗျားကို ဇရပ်မှာတွေ့ခဲ့တဲ့ ဦးတာတီးဆိုတဲ့ ပုဂ္ဂိုလ်ကြီးက သူ့ကိုယ်ထဲက စွမ်းအင်တွေ ခင်ဗျားဆီကို ကူးပေးလိုက်တာ ဖြစ်မယ်၊ ဒီလူကြီးဟာ မြေလျှောက်ဝိဇ္ဇာဖြစ်မယ်ထင်တယ် ”

ဟု ပြောလေရာ ဘိုးဈန်က ရယ်မော၍

“ မဟုတ်တာကွာ၊ ဦးတာတီးက စိတ်မနှံ့ရှာတဲ့ ပုဂ္ဂိုလ်ကြီးပါ၊ သူက ဘယ်လိုလုပ်ပြီး မြေလျှောက်ဝိဇ္ဇာဖြစ်မှာတုန်း၊ အဲဒီတုန်းက သူ့ဘဝရဲ့နောက်ဆုံးအချိန်ဖြစ်နေလို့ သူလုပ်ချင်တာတွေ လုပ်ပါစေဆိုပြီး ငါ ငြိမ်ငြိမ်လေးခံနေတာကွ၊ သူ ငါ့ကိုပေးမယ်ဆိုတဲ့ တန်ခိုးစွမ်းအင်တွေကို ငါ ယုံလို့မဟုတ်ဘူး၊ သူပြောတဲ့စကားတွေထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ငါ သဘောကျတာ တစ်ခုပဲရှိတယ်၊ အဲဒါကတော့ ငါ့ကို ချီးမြှောက်သွားတဲ့ မြေလျှိုးမိုးပျံ ဘိုးချစ် ဆိုတာပဲ"

ဟု ပြောလေ၏။ ဘိုးချစ်၏စကားကြောင့် မောင်ဘချစ်က သဘောကျဟန်ဖြင့်

" ဟား ဟား ဟား··· မြေလျှိုးမိုးပျံ ဘိုးချစ် ဟုတ်လား၊ ခင်ဗျားရဲ့စွမ်းရည်နဲ့ဆိုရင်တော့ အင်မတန်ကွက်တိကျတဲ့ နာမည်ပဲ၊ ဒီနေ့ကစပြီး ခင်ဗျားကို မြေလျှိုးမိုးပျံ ဘိုးချစ်လို့ခေါ်မယ်၊ မြေလျှိုးမိုးပျံ ဘိုးချစ်၊ မြေလျှိုးမိုးပျံ ဘိုးချစ် "

ဟု ဆိုလိုက်ရာ မောင်ဘချစ်၏စကားကြောင့် ဘိုးချစ်က လက်ကာပြ၍

" နေပါဦးကွာ၊ ငါ့ကိုယ်ငါတောင် ဘာဖြစ်နေမှန်းမသိပါဘူး။ ငါ့ရဲ့အိပ်မက်ဆိုတာ တိုက်ဆိုင်မှုလား မသိဘူး၊ မနေ့ညက ချစ်တီးသူဌေး ဂန္ဓဂယားရဲ့အကြောင်းကို မင်းပြောပြတာ နားထောင်ပြီးမြန်မာလူမျိုးတွေအပေါ် ချစ်တီးတွေ ကိုယ့်တိုင်းပြည်မှာလာပြီး လုလည်ကျနေတယ်လို့ ခံစားရတယ်၊ ချစ်တီးတွေကို ငါ့မှာအစွမ်းရှိရင် ဒုက္ခပေးချင်လိုက်တာလို့တွေးပြီး အိပ်ပျော်သွားတာကွ၊ ဒါကြောင့် ချစ်တီးသူဌေး ဂန္ဓဂယားရဲ့အကြောင်းကို စိတ်စွဲပြီး အိပ်မက်မက်တာ ဖြစ်နိုင်





တယ်၊ ဒါပေမဲ့ ငါ့ရဲ့အိပ်မက်ထဲက ဘာကြောင့် တကယ့် အဖြစ်မှန်တွေနဲ့ တိုက်တိုက်ဆိုင်ဆိုင် တူနေရတာလဲ "

ဟု ရေရွတ်လေ၏။

ထိုအခါ မောင်ဘချစ်က စိတ်အားတက်ကြွသော အမူအရာဖြင့်

" ဘာပဲဖြစ်ဖြစ် ခင်ဗျားမှာ ထူးခြားတဲ့အစွမ်းတွေရှိတာ သေချာနေပြီ၊ ဒီနေ့ညထပ်ပြီး အိပ်မက်မက်အောင် ကြိုးစားထား"

ဟု ပြောလေရာ ဘိုးချစ်က ခေါင်းကုတ်၍

" အိပ်မက်ဆိုတာ သူ့ဘာသာမက်တာဗျ။ ငါက ဘယ်လိုလုပ်ပြီး အိပ်မက်မက်အောင် ကြိုးစားလို့ရမှာလဲ "

ဟု ပြောလေ၏။ မောင်ဘချစ်က ခေါင်းကုတ်၍

" ဘာပဲဖြစ်ဖြစ် ဒီနေ့ည အိပ်မက်မက်အောင် ကြိုးစားဗျာ၊ လွန်ခဲ့တဲ့ညက ချစ်တီးသူဌေး ဂန္ဓဂယားရဲ့အကြောင်းကို ခင်ဗျားကို ကျုပ် ပြောပြတဲ့အတွက် ခင်ဗျားရဲ့အာရုံထဲမှာ ဂန္ဓဂယားအကြောင်းတွေ စွဲလန်းပြီး အိပ်မက်မက်တယ်၊ ဒီနေ့ည ခင်ဗျားကို ဘာအကြောင်း ပြောရမလဲ "

ဟု စဉ်းစားဟန်ဖြင့် မျက်မှောင်ကြုတ်နေလေရာ ဘိုးချစ်က



www.burmeseclassic.com

www.burmeseclassic.com



" ဟော့ကောင်… ဂန့်ဂယားအကြောင်းတော့ ထပ်မမက်ချင်ဘူးကွာ၊ ဂန့်ဂယားနဲ့ မိမိုးဆိုတဲ့ မိန်းမကြီးက အိပ်မက်ထဲမှာ မမြင်ဖူးတာတွေကို အရမ်းလုပ်တယ်ကွ၊ အရှက်လည်းမရှိကြဘူး၊ ဟဲဟဲ… ငါတစ်သက်မှာ တစ်ခါမှမမြင်ဘူးတာတွေ မြင်တွေ့လိုက်ရလို့ ရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်း မသိဘူး "

ဟု ပြောလေရာ မောင်ဘချစ်က ခေါင်းခါယမ်း၍

" ရင်ထဲမှာ ဘာမှဖြစ်စရာအကြောင်းမရှိဘူးဗျ၊ သဘာဝကို ဘာကြောင့်အထူးအဆန်းတစ်ခုလို ခံစားနေရတာလဲ၊ အားလုံးဟာ သဘာဝလောကကြီးရဲ့ အလိုအတိုင်း နေထိုင်ကြတာပဲ၊ လူတွေဟာ သဘာဝကိုဆန့်ကျင်လိုက်ရင် သဘာဝနဲ့ လိုက်လျောညီထွေမဖြစ်တော့ဘူး၊ သဘာဝထဲကကိစ္စတစ်ခုကို ရှက်စရာ၊ စက်ဆုပ်စရာလို့ သဘောထားလိုက်တာနဲ့ ရှက်တာတို့၊ စိုးရွံ့တာတို့ သူ့အလိုလိုဖြစ်လာလိမ့်မယ် "

ဟု ပြောလေ၏။

ဘိုးချန်က ခေါင်းခါယမ်း၍

" မင်းပြောတာ သိပ်မြင့်သွားပြန်ပြီ၊ ငါ နားမလည်တော့ဘူး၊ ရိုးရိုးပဲပြောကွာ "





ဟု ပြောလေ၏။

ထို့နောက်တွင်မူ ဘိုးချန်တို့သည် ညသို့ရောက်သောအခါ ညစာကို စားသောက်ကြရင် မောင်ဘချစ်က

" ဟုတ်ပြီ၊ ခင်ဗျား ဘယ်ကိုသွားရမလဲဆိုတာ ကျုပ်သိပြီ၊ ခင်ဗျားသွားရမဲ့နေရာက ကျုပ်တို့အိမ်ကိုပဲ၊ ကျုပ်အိမ်ရဲ့အကြောင်းကို ခင်ဗျားကို ပြောပြရမယ် "

ဟု ပြောကာ မောင်ဘချစ်သည် ၎င်းနေထိုင်သော အိမ်ကြီးအကြောင်းကို ပြောပြလေ၏။

ထိုအိမ်၌ မောင်ဘချစ်၏မိခင် ဒေါ်တင်လှနှင့်အတူ ပဲထွေးဖြစ်သူ နေထိုင်ကြောင်း ပြောလေ၏။

မောင်ဘချစ်က

" ကျုပ်ကို ရူးသွပ်လို့ အိမ်မှာမနေချင်ဘူးလို့ မိဘတွေက ထွက်ကြတယ်၊ တကယ်တော့ အမေနဲ့နေရတာ အရာရာပြီးပြည့်စုံပြီး ငြိမ်းချမ်းပါတယ်၊ ဒါပေမဲ့ ကျုပ်ရဲ့ ဉာဏ်တွေကပွင့်လင်းလာပြီ မိဘရင်ခွင်မှာ ကလေးတစ်ယောက် လို နေထိုင်လို့မရတော့ဘူး၊ ကျုပ် ဒီမြို့ကလေးကိုစွန့်ခွာပြီး မြန်မာ ပြည်အနှံ့ ခရီးလှည့်ချင်တယ်၊ မြန်မာပြည်သာမကဘူး၊ ကမ္ဘာအနှံ့ လှည့်လည်သွားလာချင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်မှာရှိတဲ့ သဘာဝတရားရဲ့ ထူးခြားမှုတွေ၊ လျှို့ဝှက်နက်နဲမှုတွေကို လေ့လာချင်တယ်၊ ဒါပေမဲ့ ကျူပ်မိခင်ကြီး သက်ရှိထင်ရှားရှိနေသေးတဲ့အတွက် ဒီမြို့က မခွာသေးဘူး၊ မိခင်ကြီး မရှိတော့ဘူးဆိုရင်တော့ မြို့ကလေးကို စွန့်ခွာရမယ် ”

ဟု ပြောလေ၏။





ထိုညက ဘိုးချွန်သည် အိပ်မဏ်မက်လို့စောကြောင့် ရုတ်တရက် အိပ် မပျော်ဘဲ ရှိလေ၏။ သူသည် အိပ်မက်မက်ရန် စိတ်စောနေ၏။ ခဏကြာလျှင် မှေးခနဲ အိပ်ပျော်သွား၏။ အိပ်ပျော်သွားသောအခါ အိပ်မက်ထဲ၌ သူသည် မောင်ဘချစ်၏ အိမ်သို့ အမှန်တကယ် သွားလာနေ၏။

မောင်ဘချစ်၏အိမ်သည် ခြံဝင်းကြီး၏အလယ်၌ ရှိသော နှစ်ထပ်တိုက် အနီရောင်ကြီးဖြစ်၏။

ခြံဝင်းထိပ်၌ ခြံစောင့်အဘိုးကြီး၏ အိမ်ငယ်လေးရှိ၏။ အဘိုးကြီးသည် တခေါ်ခေါ်အိပ်ပျော်နေ၏။

ဘိုးချွန်သည် ခြံတံခါးကိုဖြတ်သန်းဝင်ရောက်သွား၏။ သံတံခါးများက သူ၏ကိုယ်ခန္ဓာကို တားဆီးမှုမရှိနိုင်ကြောင့် တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



၏။

ဘိုးစုန်သည် ပန်းဥယျာဉ်ကိုကျော်ဖြတ်၍ အိမ်ကြီး၏ဧည့်ခန်းထဲသို့ဝင်လေ၏။ ဧည့်ခန်းထဲရှိ မပီပိုးတဝါးအလင်းရောင်ဖြင့် အလွန်ခမ်းနားလှပသော အိမ်ထောင်ပရိဘောဂများကို မြင်ရ၏။

ဘိုးစုန်သည် အိမ်ကြီး၏အောက်ထပ်ရှိအခန်းများကို ဦးစွာလှည့်ကြည့်၏။ မီးဖိုခန်းထဲ၌ အိပ်ဖော်အမျိုးသမီးတစ်ဦး အိပ်ပျော်နေလေ၏။

အခြားသောအခန်းတစ်ခန်း၏ တံခါးသည် ဟဟလေးပွင့်နေသဖြင့် ချောင်းကြည့်လိုက်ရာ ဘိုးစုန်သည် မျက်လုံးပြူးသွားပြန်၏။

ထိုအခန်းထဲ၌ မီးရောင်မှိန်မှိန်ကလေး လင်းနေ၏။ အခန်းထဲရှိ ခုတင်ငယ်လေးပေါ်၌ [illegible]းတစ်ဦးနှင့် မိန်းမပျိုလေးတစ်ဦး အချစ်နလန်ထနေကြ၏။

ထိုလူကြီး၏ ရုပ်လက္ခဏာအရ မောင်ဘချစ်၏ ပထွေးဖြစ်ပုံရ၏။ မိန်းမပျို၏အခန်းသည် ခမ်းနားထည်ဝါမှုမရှိ။ ထိုအိမ်ကြီး၏ အစေခံမိန်းမပျို ဖြစ်ပုံရ၏။

မိန်းမပျိုသည် ကြည့်ပျော်ရှုပျော်နှင့် လှပသော ရုပ်ဆင်းအင်္ဂါရှိ၏။





မောင်ဘချစ်၏ပထွေးသည် ကာမဘီလူးစီးနေပြီး လောကကြီးကို မေ့လျော့နေဟန်ရှိ၏။

ဘိုးစုန်သည် ထိုမြင်ကွင်းကို မကြည့်လိုတော့ဘဲ ကျွန်းလှေခါးကြီးမှ အပေါ်ထပ်သို့တက်ရ၏။

ကျွန်းလှေခါးကြီး၌ အဖြူရောင်ပန်းအိုးကြီးနှစ်လုံးရှိပြီး ပန်းအိုးကြီးအထက်၌ မောင်ဘချစ်၏ပုံကို ပုံတူရေးဆွဲထားသော ပန်းချီကားရှိ၏။

ဘိုးစုန်သည် အိမ်ကြီး၏အပေါ်ထပ်သို့ လှည့်လည်ကြည့်ရ၏။ အခန်းတစ်ခန်း၌ နှစ်ခြိုက်စွာ အိပ်မောကျနေသော အသက်ငါးဆယ်ဝန်းကျင် အမျိုးသမီးကြီးတစ်ဦးကို မြင်ရ၏။

ထိုအမျိုးသမီးကြီးသည် မောင်ဘချစ်၏မိခင် ဒေါ်တင်ပုကြီးဖြစ်၏။ ဘိုးစုန်သည် အိမ်ကြီးတစ်ခုလုံး အားရအောင်ကြည့်ပြီး လာလမ်းအတိုင်းပြန်လာခဲ့၏။

ခြံဝင်းထဲသို့ရောက်သောအခါ မောင်ဘချစ်တို့ မွေးထားဟန်ရှိသော ခွေးနက်ကြီးသည် ဘိုးစုန်ရှိရာသို့ကြည့်၍ လျှပ်လျှပ်ရှုရှုဖြစ်ပြီး ကျယ်လောင်စွာ ဟောင်လေ၏။

ဘိုးစုန်သည် မိမိကိုကြည့်၍ ရှူးရှူးဝါးဟောင်နေသော ခွေး



www.burmeseclassic.com

www.burmeseclassic.com



နက်ကြီးကြောင့် တအံ့တသြ ဖြစ်နေမိ၏။

မိမိ၏ကိုယ်ခန္ဓာကို လူများက တွေ့မြင်ခြင်းမရှိသော်လည်း ခွေးနက်ကြီးက တွေ့မြင်နေပုံရ၏။ ခွေးနက်ကြီး ရူးရူးဝါးဝါး ဟောင်နေသောကြောင့် ခြံစောင့်ကြီး အိပ်ရာမှနိုးလာပြီး လက်နှိပ်ဓာတ်မီး တစ်လက်ဖြင့် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်၏။

ခြံစောင့်ကြီးသည် ခွေးနက်ကြီးဟောင်ရာနေရာသို့ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်၏။

ထိုအခါ လက်နှိပ်ဓာတ်မီးရောင်သည် ဘိုးချုန်ရှိရာသို့ လျှံကျလာ၏။ ခြံစောင့်ကြီးသည် အလင်းရောင်ကိုသာမြင်ရပြီး ဘိုးချုန်ကို မြင်ဟန်မရှိဘဲ ဆက်လက်ထွက်ခွာသွားလေ၏။

ဘိုးချုန်သည် မိမိ အိပ်မက်မက်နေသည်ဟု မမြင်ဘဲ အမှန်တကယ် ခြံဝင်းထဲသို့ရောက်ရှိနေသည်ဟု ခံစားရ၏။

ထို့ကြောင့် ခြံစောင့်ကြီး မိမိကို မြင်တွေ့သွားသလားဟု ရင်တထိတ်ထိတ်ရှိနေ၏။

ဘိုးချုန်သည် အိပ်မက်ထဲတွင် ဇရပ်သို့ ပြန်လှည့်ရောက်ရှိသွား၏။ ဇရပ်၌ မောင်ဘချစ်သည် အိပ်စက်ခြင်းမရှိဘဲ ထိုင်စောင့်နေကြောင်း တွေ့ရ၏။





ထို့နောက် ဘိုးချုန်၏ကိုယ်ခန္ဓာ သိမ့်ခနဲတုန်သွားပြီး ပြန်လည်သတိရလာ၏။ အိပ်ပျော်နေရာမှ လန့်နိုးလာ၏။

ထိုအခါ နံနက်မိုးစင်စင်လင်းနေကြောင်း တွေ့ရပြီး မိမိကို စိတ်ဝင်စားစွာစောင့်ကြည့်နေသော မောင်ဘချစ်ကိုလည်း မြင်တွေ့ရ၏။

ဘိုးချုန်သည် ဝါးခနဲသမ်းလိုက်ပြီး မောင်ဘချစ်ကိုကြည့်ကာ

" ဟေ့ကောင်… မင်း တစ်ညလုံး မအိပ်ဘူးလား "

ဟု မေးမြန်းလေ၏။ မောင်ဘချစ်က ခေါင်းခါယမ်း၍

" ကျုပ် အိပ်လို့မပျော်ဘူးဗျ၊ ဒါကြောင့် ခင်ဗျားကိုပဲ စောင့်ကြည့်နေတာ၊ ဘယ်လိုလဲ၊ ခင်ဗျား ညက အိပ်မက်မက်သလား၊ အိပ်မက်ထဲ ကျုပ်မိခင်အိမ်ကို ရောက်သွားသေးသလား"

ဟု မေးမြန်းလေ၏။ မောင်ဘချစ်၏အမေးကြောင့် ဘိုးချုန်က ခေါင်းညိတ်၍

" ရောက်သွားတယ်ကွ၊ မင်းတို့အိမ်ကအကြောင်းတွေ ငါပြောပြမယ်၊ မှန် မမှန် သေသေချာချာ နားထောင်ပေတော့ "

ဟု ပြောကာ ညက မြင်တွေ့ခဲ့သော အကြောင်းအရာများကို ပြောပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးချုန်သည် စိတ်ဝင်တစား နားထောင်၍

" အဟုတ်ပဲဗျို့၊ လှေခါးမှာ တရုတ်ပြည်ကလာတဲ့ ပန်းအိုးကြီးနှစ်လုံးရှိတယ်၊ ခြံစောင့်ကြီးနာမည်က ဦးတုတ်ကြီးတဲ့၊ ခြံစောင့်ကြီးက အသက်ကြီးပြီဗျ၊ အမြဲအိပ်နေတာပဲ၊ ခွေးစုတ်ကြီးကရော်နီဗျ၊ အင်မတန်လိမ္မာပြီး ခြံလုံတဲ့ကောင်ကြီးဗျ၊ ကျုပ်ပထွေးလူယုတ်မာကြီးက အိမ်ဖော်ခန်းထဲရောက်နေတယ် ဟုတ်လား၊ ဒီလူကြီးရဲ့ အကျင့်စရိုက်ကတော့ ပြင်လို့ရမှာမဟုတ်ပါဘူးဗျာ၊ ကျုပ်အမေကြီး သနားစရာဗျာ၊ ဒါနဲ့ နေပါဦး၊ ခင်ဗျားတို့ ကျုပ်တို့ခွေးကြီးရော်နီက မြင်လို့ဟောင်တယ်ဆိုတာ သေချာတယ်နော် "

ဟု မေးမြန်းလေ၏။ ဘိုးချုန်က ခေါင်းညိတ်၍

" သေချာတာပေါ့ကွာ၊ ငါရှိတဲ့ဘက်ကိုကြည့်ပြီး ဆူဆူဝါးဝါးဟောင်နေတာကွ၊ ခွေးကြီး ငါ့ကိုမြင်တွေ့တာ သေချာတယ်၊ ခြံစောင့် ကြီး လက်နှိပ်ဓာတ်မီးနဲ့ထိုးလိုက်တော့ အိမ်မက်ထဲမှာဆိုပေမဲ့ ငါ တော်တော်လန့်သွားတယ်ကွ "

ဟု ပြောလေရာ မောင်ဘချစ်သည် ဘိုးချုန်၏စကားများကို လေးနက်စွာ စဉ်းစား၍

" သိပ်ထူးဆန်းတာပဲဗျာ၊ ခင်ဗျားမှာ သဘာဝလွန်အစွမ်း





တစ်ခုတော့ ရှိနေတာ သေချာပြီ၊ ခင်ဗျားဟာ ချစ်တီးသူဌေးဂန်ဂယားရဲ့ကိုယ်ကို မြင်တွေ့တုန်းက တိုက်ဆိုင်မှုဖြစ်ရင်ဖြစ်မယ်၊ ကျုပ်တို့အိမ်ရဲ့အကြောင်းတွေပြောပြတာ တိုက်ဆိုင်မှုမဟုတ်ဘူးဗျ၊ ခင်ဗျားမလိမ်ဘူးဆိုတာ ကျုပ် လုံးဝယုံသွားပြီ၊ ခင်ဗျားဟာ အိပ်မက်ထဲကနေ ကိုယ်သွားချင်တဲ့နေရာကို သွားလို့ရနေတဲ့သဘောပဲ၊ ဒါပေမဲ့ ခင်ဗျားရဲ့ရုပ်ခန္ဓာကြီးကတော့ ဘယ်မှမသွားဟာ သေချာတယ်ဗျို့၊ ကျုပ် ခင်ဗျားကို မယုံသေးလို့ တစ်ညလုံးစောင့်ကြည့်နေ တာ၊ ခင်ဗျားရဲ့ရုပ်ခန္ဓာကြီး ဇရပ်ပေါ်မှာ ရှိကိုရှိနေတယ် "

ဟု ပြောလေရာ ဘိုးချုန်က မျက်မှောင်ကြုတ်၍

" ငါ့ရဲ့ရုပ်ခန္ဓာကြီးက ဇရပ်ပေါ်မှာရှိနေတယ်ဆိုတော့ ငါ့ရဲ့နာမ်ခန္ဓာကပဲ မင်းတို့အိမ်ကိုသွားတယ်လို့ ဆိုလိုတာလား၊ ဒါဆိုရင် ငါက သေပြီးလူတွေလို ဝိညာဉ်ထွက်ပြီး နာနာဘာဝဖြစ်နေတာလား "

ဟု ပြောလိုက်လေရာ မောင်ဘချစ်က လက်ကာပြ၍

" ဟိုး ဟိုး… ခင်ဗျားက ဘာဖြစ်လို့ သရဲဖြစ်ရမှာလဲ၊ တစ္ဆေသရဲဆိုတာ အဝေးကြီးပါ၊ ကျုပ်အထင်တော့ ခင်ဗျားဆီမှာ သဘာဝလွန်အစွမ်းသတ္တိတစ်ခုတော့ ရှိကိုရှိနေပြီ၊ ပထမဦးဆုံး



www.burmeseclassic.com

www.burmeseclassic.com



လူတွေရဲ့ ကိုယ်ရောင်ကိုယ်ဝါကို မြင်တွေ့ရတယ်၊ နောက်တော့ အိပ်မက်တွေမြင်မက်တယ်၊ ခင်ဗျားရဲ့အိပ်မက်တွေဟာ သာမန်လူတွေ မက်ရိုးမက်စဉ် အိပ်မက်တွေနဲ့မတူဘဲ အမှန်တကယ်ရောက်ရှိသွားသလို ခံစားရတယ်၊ သာမန်လူတွေရဲ့ အိပ်မက်ဟာ သဘာဝယုတ္တိ မရှိဘူး၊ ကျုပ်အထင်တော့ ခင်ဗျားဟာ နိုးကြားတဲ့ အချိန်မှာ ရုပ်နဲ့နာမ် ဟာ တွဲနေတယ်၊ အိပ်နေတဲ့အချိန်မှာ ရုပ်က နားတယ်၊ နာမ်က ရုပ်ကိုခွဲပြီးထွက်သွားတယ်၊ ဒီလိုထွက်သွားတာကို ကျုပ်တို့က အိပ်မက်လို့ခေါ်ကြတယ်၊ လူသေရင် လူဟာ နာမ်လောကမှာ ပြန်မွေးတာပါပဲ၊ လူဟာ ရုပ်လောကနေ နာမ်လောကကို ခွဲပြီးထွက်သွားတာကို အိပ်မက်မက်တယ်လို့ ဆိုကြတယ်၊ ဒါ[illegible]လူသာမန်တွေမက်တဲ့ အိပ်မက်က အစီအစဉ်တကျမရှိဘူး၊ သဘာဝယုတ္တိဆောင်ထဲက ကင်းလွတ်ပြီး စိတ်စွဲလန်းရာကို မက်တတ်တယ်၊ ခင်ဗျားရဲ့အိပ်မက်တွေက သဘာဝအတိုင်းမြင်မက်နိုင်တယ်၊ ခင်ဗျားဟာ အိပ်မက်ကို စနစ်တကျ ထိန်းချုပ်နိုင်တဲ့ အစွမ်းရှိသူပဲ၊ ဒါပေမဲ့ ဒီလိုအစွမ်းတွေရဖို့ ကျင့်ကြံထားတာမဟုတ်ဘူး၊ သူ့အလိုလိုရလာတာ၊ လောကမှာ ဒီလိုစိတ်စွမ်းအင်ပိုင်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်လို့ ကြားဖူးတယ်၊ သူတို့ဟာ တစ်ခါတစ်ရံမှာ





မဖြစ်သေးတာကို ကြိုတင်ပြီး သိမြင်[illegible]တယ်၊ နာမ်လောကက ပုဂ္ဂိုလ်တွေနဲ့လည်း ဆက်သွယ်နိုင်ကြတယ် ”

ဟု ပြောလေရာ ဘိုးချုန်က ခေါင်းညိတ်၍

“ ဟုတ်တယ်၊ အကြားအမြင်ပေါက်တယ်ဆိုတဲ့ ဗေဒင်ဆရာတွေ အများကြီးရှိတယ်၊ ငါတို့ရွာမှာတောင် အကြားအမြင်ပေါက်တယ်ဆိုတဲ့ အဘွားကြီးတစ်ယောက်ရှိတယ်၊ အဘွားကြီးက နတ်ဝင်သည်ကြီး ”

ဟု ပြောလေ၏။ မောင်ဘချစ်က ခေါင်းခါယမ်း၍

“ ကျုပ်တို့မြင်ဖူးတဲ့ အကြားအမြင်ဆရာတွေဟာ လူလိမ်တွေများပါတယ[illegible]ဗီးလေး မတောက်တစ်ခေါက်စိတ်ပြီး လူတွေကိုလိမ်စားနေတာ များပါတယ်၊ လူတိုင်းကိုတော့ မဆိုလိုဘူး၊ ဒါပေမဲ့ များသောအားဖြင့် လူလိမ်တွေပါ ”

ဟု ပြောလေ၏။

ဘိုးချုန်က မောင်ဘချစ်၏စကားကို နားထောင်၍

“ မင်းသိတာတွေ များလှချည်လား၊ ငါတောင် မနာလိုဖြစ်လာပြီ ”

ဟု ပြောလေရာ မောင်ဘချစ်က



www.burmeseclassic.com

www.burmeseclassic.com



" သဘာဝလောကကြီးရဲ့ ပကတိသဘောတရားကို မြင်အောင်ကြည့်နိုင်ရင် ဒါတွေဟာ အသေးအမွှားတွေပါဗျာ၊ သာမန်ဗဟုသုတရှိရုံနဲ့ သိနိုင်ပါတယ်၊ ခင်ဗျားမှာ ဗဟုသုတနည်းလွန်းလို့ ကျုပ်ကို အထင်ကြီးနေတာပါ၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားရဲ့အစွမ်းတွေကို အကျိုးရှိတဲ့နေရာမှာ အသုံးချသင့်တယ်၊ ခင်ဗျား ချစ်တီးကုလားတွေကို တိုက်ဗျာ၊ ချစ်တီးတွေဟာ ကျုပ်တို့မြန်မာတောင်သူလယ်သမားတွေကို တော်တော်ဒုက္ခပေးတယ်၊ ကြာရင် ဆင်းရဲသားတွေ လုပ်စရာ လယ်မရှိတော့ဘူး၊ ချစ်တီးတွေဟာ အိန္ဒိယက လယ်ကူလီတွေကို မြန်မာပြည်ထဲ တဖြည်းဖြည်းသွင်းတော့မယ် "

ဟု ပြောလေ၏။

ဘိုးချန်သည် မောင်ဘချစ်၏စကားကြောင့် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

" ချစ်တီးကိုဒုက္ခပေးချင်နေတာ ကြာပြီကွ၊ ငါကိုယ်တိုင်လယ်သမားဆိုတော့ ဆင်းရဲသားနင်းပြားတွေ ဘယ်လောက် ဒုက္ခရောက်နေတယ်ဆိုတာ ငါသိတယ်၊ ငါ့ရဲ့အိပ်မက်တွေဟာ တကယ်အစွမ်းထက်တယ်ဆိုရင် ချစ်တီးတွေကို ဒုက္ခပေးလို့ရနိုင်ပါတယ်"

ဟု ပြောလေရာ မောင်ဘချစ်က





" ချစ်တီးတိုက်ထဲက မီးခံသေတ္တာထဲမှာ ဘာရှိတယ်ဆိုတာ ခင်ဗျားသိတယ်၊ ချစ်တီးတိုက်ရဲ့ လျှို့ဝှက်ချက်တွေကိုသိရင် ချစ်တီးတွေကို ဒုက္ခပေးလို့ရပြီပေါ့ဗျာ၊ ဒါပေမဲ့ ခင်ဗျားရဲ့အိပ်မက်က အန္တရာယ်မရှိဘူး၊ လက်တွေ့ ချစ်တီးတိုက်ထဲကို ကိုယ်တိုင်ဝင်ပြီဆိုရင်တော့ အန္တရာယ်နဲ့ ကြုံတွေ့နိုင်တယ် "

ဟု ပြောလေ၏။

ဘိုးချန်သည် မောင်ဘချစ်၏စကားကြောင့် အတန်ကြာအောင် စဉ်းစားပြီး လက်သီးဆုပ်ကာ

" ငါ ဆုံးဖြတ်လိုက်ပြီ၊ ငါ့မှာရှိတဲ့အစွမ်းနဲ့ ဒုက္ခရောက်နေတဲ့ လူအများစု ပြေလည်အောင် ငါ ကူညီမယ်၊ ဒီအတွက် အန္တရာယ်ရှိရင်လည်း ရှိပါစေ၊ ငါ ခံနိုင်တယ် "

ဟု ပြောလေရာ မောင်ဘချစ်က ဘိုးချန်၏ပခုံးကိုဖက်၍

" ခင်ဗျားကို ကျုပ် လေးစားသွားပြီ၊ ကျုပ်ရဲ့အစ်ကိုကြီးလို သဘောထားလိုက်ပြီ "

ဟု ချီးမွမ်းလေ၏။

ဘိုးချန်သည် ချစ်တီးတိုက်ထဲသို့ဝင်၍ ဆင်းရဲသားများကို မတရားဖိနှိပ်သော စာချုပ်များကို ဖျက်စီးပစ်ချင်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မောင်ဘချစ်အား တိုင်ပင်လေရာ မောင်ဘချစ်က

" ခင်ဗျားမှာ သူခိုးတစ်ယောက်ရဲ့အတတ်ပညာမျိုးတွေ တတ်ဖို့လိုတယ်၊ ခင်ဗျားကို သူခိုးပညာသင်ပေး ဆရာရှိတယ်၊ ဘာမှ မပူနဲ့၊ ဒီလူကြီးဟာ သူခိုးဘဝကိုစွန့်လွှတ်ပြီး သူတော်ကောင်းကြီး ဖြစ်နေတယ်၊ မြို့စွန်ကဘုန်းကြီးကျောင်းမှာ ကပ္ပိယကြီးလုပ်နေ တယ် သူ့ဆီမှာအကျိုးအကြောင်းပြောပြီး သူခိုးပညာသင်ရအောင် "

ဟု ပြောကာ ဘိုးချွန်အား မြို့စွန်ရှိ ဘုန်းကြီးကျောင်းသို့ ခေါ်ဆောင်သွားလေ၏။

ဘုန်းကြီးကျောင်းအနောက်ဘက်ရှိ တဲငယ်လေး၌ ကပ္ပိယကြီးနေသည်ဆို၏။ ကပ္ပိယကြီးသည် တဲရှေ့၌ ကွပ်ပျစ်၌ ရေနွေးကြမ်းသောက်နေ၏။

မောင်ဘချစ်သည် ကပ္ပိယကြီးအား စောရပညာနှင့်ပတ်သက်၍ သင်ကြားပေးရန် တောင်းပန်၏။

ကပ္ပိယကြီးသည် မောင်ဘချစ်ကိုကြည့်၍

" ဒီမြို့မှာ လူကြီးလူကောင်းတွေ၊ စတတ်ပေတတ် ပုဂ္ဂိုလ်ကြီးတွေ အများကြီးရှိတယ်၊ ဒါပေမဲ့ သူတို့အားလုံးထက် မောင်ဘချစ်ကို ကျုပ် ပိုပြီးယုံကြည်တယ်၊ မြို့ပေါ်မှာ ကျုပ်အယုံကြည်ရဆုံး





ပုဂ္ဂိုလ်နှစ်ယောက်ပဲရှိတယ်၊ တစ်ယောက်က ကျုပ်နေတဲ့ကျောင်းက ဆရာတော်ကြီးနဲ့ မောင်ဘချစ်ပဲ၊ မောင်ဘချစ်က မေတ္တာရပ်ခံတော့ စောရအတတ်ကို ကျုပ် သင်ပေးရမှာပေါ့ "

ဟု ပြောလိုက်ရာ ဘိုးချွန်သည် ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး

" ကျေးဇူးတင်လိုက်တာ ကပ္ပိယကြီးရယ် "

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဈုန်သည် ကပ္ပိယကြီးထံတွင် စာရအတတ်ကို တစ်နှစ်ကျော်မျှ သင်ယူခဲ့လေ၏။ ထိုသို့သင်ယူနေချိန်၌ ဘိုးဈုန်သည် ကပ္ပိယကြီးထံ၌ လောကီပညာများကို တပည့်ခံ၍ သင်ယူနေသူဖြစ်ကြောင်း ဘုန်းကြီးကျောင်း၌ သတင်းဖြန့်ထားလေ၏။

ကပ္ပိယကြီးသည် ကျောင်းအနောက်၌ တစ်ကိုယ်တည်း ဖိုထိုးနေရာ ဘိုးဈုန်ကိုလည်း ကပ္ပိယကြီးကဲ့သို့ ဖိုစွဲနေသူတစ်ဦးဟု ဘုန်းကြီးများက ယူဆကြလေ၏။

ကပ္ပိယကြီးသည် ဘိုးဈုန်အား စာရပညာကို နောက်ဆုံးသင်ကြားပေးပြီးနောက်





" ဒီလောက်ဆိုရင် မင်းမှာ စာရတစ်ယောက်ရဲ့ ရှိသင့်ရှိထိုက်တဲ့ ပညာရပ်တွေ ပြည့်စုံနေပါပြီ၊ မင်း ရှေ့ဆက်ပြီး လက်တွေ့ ပညာရပ်တွေနဲ့ပေါင်းစပ်ပြီး ကိုယ့်ကိုယ်ကိုယ် တိုးတက်အောင်လုပ်ပေတော့ "

ဟု ပြောလေ၏။

ဘိုးဈုန်သည် ကပ္ပိယကြီးကို နဖူးမြေစိုက် ဦးခိုက်ပူဇော်ပြီး ဘုန်းကြီးကျောင်းမှ ထွက်ခဲ့လေ၏။

မောင်ဘချစ်သည် ဘိုးဈုန်အား ဆီးကြိုနှုတ်ဆက်၍

" ဒီနေ့ကစပြီး ခင်ဗျားရဲ့ စာရအတတ်ပညာ သင်ကြားမှုတွေ ပြီးဆုံးသွားပြီပေါ့၊ ဒါဆိုရင်တော့ ဒီနေ့က ခင်ဗျားရဲ့ သင်တန်းဆင်းပွဲနေ့ပဲ၊ ကျုပ်တို့ အမှတ်တရအနေနဲ့ မြို့ပေါ်က အကောင်းဆုံး စားသောက်ဆိုင်ကြီးမှာ သွားပြီးစားသောက်ကြရအောင် "

ဟု ပြောလေ၏။

ထို့နောက် မြို့ပေါ်ရှိ တရုတ်စားသောက်ဆိုင်ကြီးသို့သွားကာ ဟင်းလျာမျိုးစုံကို မှာယူ၍ ပျော်ပျော်ပါးပါး စားသောက်ကြလေ၏။

ထိုသို့စားသောက်ကြရင် မောင်ဘချစ်က



www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျားရဲ့ပညာတွေ ပြီးဆုံးသွားပြီဆိုတော့ လက်တွေ့သင်ခန်းစာကို ဘယ်တော့လောက်စမလဲ "

ဟု မေးမြန်းလေ၏။

ဘိုးချန်က

" နောက်တစ်နေ့မှာပဲ စပြီး ဖောက်ထွင်းမယ်၊ ပြီးတော့ ချစ်တီးတွေရဲ့ မတရားစာချုပ်တွေ ဖျက်ဆီးပစ်မယ် "

ဟု ပြောလေ၏။ မောင်ဘချစ်က လေသံတိုးတိုးဖြင့်

" ချစ်တီးတိုက်ကို ဖောက်ထွင်းပြီးရင် ငွေတွေကို မယူဘူးလား "

ဟု မေးမြန်းလေ၏။ ဘိုးချန်က ခေါင်းခါယမ်း၍

" ဒီကိစ္စတွေနဲ့ပတ်သက်ပြီးတော့ ငါ သေသေချာချာ စဉ်းစားပြီးပြီ၊ ငွေတွေယူရင် အန္တရာယ်ရှိတယ်၊ နောက်ပြီးတော့ ငါ့ကို စာရပညာသင်ပေးတဲ့ ကပ္ပိယကြီးကို ပုလိပ်တွေ ဒုက္ခပေးမှာ စိုးရိမ်တယ် "

ဟု ပြောလေရာ မောင်ဘချစ်သည် ဘိုးချန်ကို လက်ဆွဲနှုတ်ဆက်ကာ

" ခင်ဗျားရဲ့စိတ်ကူး သိပ်ကောင်းတယ်၊ ကပ္ပိယကြီးအတွက်





ကျုပ်တောင် မစဉ်းစားမိဘူး၊ ဆရာသမားရဲ့ အကျိုးစီးပွားကို မျှော်တွေးတတ်တာ မင်္ဂလာဗျာ၊ ခင်ဗျားကို အစ်ကိုကြီးတော်ရကြိုးနပ်ပြီ"

ဟု ပြောလေ၏။ ဘိုးချန်သည် ထိုနေ့ည အိပ်စက်ကာနီးတွင် ချစ်တီးတိုက်ကြီးကို အိပ်မက်များ မြင်မက်စေရန် ရည်သန်လိုက်လေ၏။

သူသည် ကပ္ပိယကြီးထံတွင် စာရအတတ်ကို သင်ကြားရင်း မကြာခဏဆိုသလို အိပ်မက်မြင်မက်ရန် ကြိုးစားခဲ့ရာ မိမိ ရည်မှန်း သကဲ့သို့ မြင်မက်လေ၏။

ဘိုးချန်သည် အိပ်မက်ထဲ၌ မြင်မက်သမျှကို သေချာ စွာ မှတ်သားထားလေ၏။

ချစ်တီးတိုက်၌ စောင့်ကြပ်သူများ၏အနေအထား၊ ချစ်တီးတိုက်အတွင်းသို့ဝင်ရောက်ရန်အတွက် အန္တရာယ်အကင်းဆုံး နေရာများကို မှတ်သားလေ၏။

ထိုသို့မှတ်သားရာ၌ ချစ်တီးတိုက်ဝရန်တာရှိ တံခါးကြီးကို မည်သည့်အခါမျှ ချက်ထိုးမထားကြောင်း တွေ့ရလေ၏။

ထိုဝရန်တာသို့ အနီးရှိ သရက်ပင်မှတစ်ဆင့် အိမ်ပေါ်တက်ရန် လွယ်ကူကြောင်း တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ရောက်သောအခါ ဘိုးချန်သည် သူ၏ အကြံ အစည်များကို မောင်ဘချစ်အား ပြောပြလေ၏။

မောင်ဘချစ်က ဝမ်းသာအားရဖြင့်

" ခင်ဗျားရဲ့အကြံအစည် အောင်မြင်ပါစေဗျာ၊ အောင်မြင်ခဲ့ရင်တော့ ဒီနယ်တကြောက ဆင်းရဲသားတွေ၊ လယ်ပိုင်ရှင်တွေ ချစ်တီးကျွန်ဘဝက လွတ်ပြီဗျ "

ဟု ပြောလေ၏။

ဘိုးချန်သည် ညသို့ရောက်လျှင် သန်းခေါင်အချိန်သို့စောင့်ပြီး ထွက်ခဲ့လေ၏။ မောင်ဘချစ်သည် သန်ရှိုင်းဇရပ်၌ စိတ်လှုပ်ရှားစွာ ကျန်ရစ်ခဲ့၏။

ဘိုးချန်သည် မိမိမျှော်မှန်းထားသည့်အတိုင်း ချစ်တီးတိုက် အနီးသို့ ချည်းကပ်မိပြီး အုတ်တံတိုင်းမှကျော်တက်နိုင်ခဲ့၏။

ခြံဝင်းအတွင်းသို့ရောက်သောအခါ သရက်ပင်သို့ ချည်းကပ်ပြီး တက်ခဲ့၏။ ဘိုးချန် သရက်ပင်ပေါ်သို့ရောက်သောအခါ သရက်ပင်အောက်၌ လာရောက်၍ အပေါ့သွားသော အစောင့်တစ်ဦးကို မြင်ရ၏။

ဘိုးချန်သည် အတန်ကြာအောင် ပုန်းခိုပြီး သရက်ကိုင်းမှ





တစ်ဆင့် ဝရန်တာသို့ ကူးလေ၏။

ဝရန်တာတံခါးကိုဖွင့်သောအခါ ကျိုခနဲအသံမြည်သဖြင့် အောက်ဘက်ရှိ အစောင့်သည် အပေါ်သို့မော့ကြည့်လေ၏။

အစောင့်သည် ချစ်တီးသူဌေး အိပ်ရာမှတရေးနိုးသည်ထင်၍ ခြံဝင်းထဲ၌ ဟိုဒီလျှောက်လှမ်းပြနေလေ၏။

ဘိုးချန်သည် ချစ်တီးသူဌေး၏အိပ်ခန်းသို့ဝင်ကာ မီးခံ သေတ္တာသော့ကို လွယ်ကူစွာ ရှာဖွေ၍ ဖွင့်လေ၏။

ချစ်တီးသူဌေးဂန်ဂယားသည် မီးခံသေတ္တာသော့ကို တိုင်ကပ် နာရီကြီးအတွင်းဖွက်၍ သိမ်းလေ့ရှိကြောင်း အိပ်မက်ထဲ၌ ကြိုတင် တွေ့မြင်ခဲ့ဖူး၏။

ဂန်ဂယားသည် မိန်းမယုတ် မိမိုး ကိုဖက်၍ တခေါခေါ အိပ်ပျော်နေ၏။

ဘိုးချန်သည် မီးခံသေတ္တာကိုဖွင့်ပြီး စာချုပ်စာတမ်းများကို အိတ်ကြီးထဲသို့ထည့်၍ မီးခံသေတ္တာကို ဟန်မပျက် ပြန်ပိတ်ခဲ့လေ ၏။

ထို့နောက် ဘိုးချန်သည် ဝရန်တာမှ သရက်ပင်သို့ကူးကာ ဂန်ဂယား၏အိမ်ထဲမှ အောင်မြင်စွာ ပြန်ထွက်နိုင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးချုန်သည် မိမိ၏ပထမဆုံးစွန့်စားခန်း အောင်မြင်သဖြင့် အလွန်စိတ်လှုပ်ရှားပြီး ပျော်ရွှင်နေလေ၏။ မိမိနှင့်အတူ ဂန်ဂယား၏ မတရားစာချုပ်များ အားလုံးပါဝင်၏။

ဂန်ဂယားသည် ထိုစာချုပ်များကို လက်ဝယ်ကိုင်၍ မြန်မာ လယ်သမားများကို နိုင်လိုမင်းထက်ပြုခဲ့၏။

ယခုတော့ ဂန်ဂယား၏ စည်းစိမ်ဥစ္စာများ မိမိလက်သို့ ရောက်ရှိခဲ့ချေပြီ။

ဘိုးချုန်သည် လေကလေးတချွန်ချွန်နှင့် ပြန်လာခဲ့၏။ ထိုအခိုက်မှာပင် ပတ္တရောင်လှည့်လာသော ပုလိပ်များသည် ဘိုးချုန်ကို ရုတ်တရက်မြင်တွေ့သွားပြီး လက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ

"ရှေ့က ဘယ်သူလဲ၊ ရပ်လိုက်စမ်း"

ဟု အမိန့်ပေးလေ၏။

ဘိုးချုန်သည် ပုလိပ်များ မိမိကိုစစ်ဆေးရန် မဖြစ်နိုင်သဖြင့် ခြေကုန်သုတ်၍ ပြေးခဲ့၏။

ပုလိပ်များသည် ခရာများကိုမှုတ်၍ အနောက်မှ ပြေးလိုက်ကြ၏။

ဘိုးချုန်သည် ပြေးရင်း စောရအတတ်ကို အမှတ်ရပြီး





အမှောင်ရိပ်တစ်နေရာကိုရောက်လျှင် သစ်ပင် တစ်ပင်ကို ခိုဆွဲ၍ တက်လိုက်လေ၏။

ကိုယ်ခန္ဓာကို ကြောင်ကဲ့သို့ အဆင်းအတက်မြန်ဆန်စေရန် ကပ္ပိယကြီးက ဘုန်းကြီးကျောင်းအနောက်ရှိ သစ်ပင်များစွာကို နေ့စဉ် တက်နိုင်း၏။

ဘိုးချုန်၏ ပေါင်နှစ်ဖက်တွင် ကြောင်ရုပ်ကလေးနှစ်ရုပ်ကို ဆေးမင်ကြောင်ထိုးပေး၏။

ပုလိပ်များသည် ဘိုးချုန်ကို ကျော်ဖြတ်၍ သွားကြလေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ ချစ်တီးဂန်ဂယား၏တိုက်ကို ဖောက်ထွင်းခံရသောသတင်းသည် တစ်မြို့လုံးသို့ ပြန့်နှံ့သွားလေ၏။

ချစ်တီးတိုက်ဖောက်ထွင်းခံရပြီး မတရားစာချုပ်များ ပျောက်စီးသွားသောသတင်းသည် တဖြည်းဖြည်း အနီးအနား ရွာများသို့ ပျံ့နှံ့သွားလေ၏။

ထိုအခါ ချစ်တီး၏ မတရားခေါင်းပုံဖြတ်ခံရသူ များသည် ရွှန်းစွာပျော်ရွှင်ကြလေ၏။

အိုးစည်ဗုံမောင်းများ တီးခတ်ကြလေ၏။ ချစ်တီးတိုက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ထွင်းသွားသော သူခိုးအား ကျေးဇူးရှင်ကြီးဟု ယူဆကာ မောင်မင်းကြီးသား သက်တော်ရာကျော်ရှည်ပါစေဟု ဆုတောင်းကြလေ၏။

ချစ်တီးတိုက် ဖောက်ထွင်းခံရသဖြင့် ကိုလိုနီပုလိပ်များ ပြူးပြူးပြာပြာ ဖြစ်သွားကြ၏။ ၄င်းတို့သည် ချစ်တီး၏ လက်ဆောင်ပဏ္ဏာများကို ရယူထားသူများဖြစ်လေရာ သူခိုးကို ဖမ်းဆီးရန် ကြိုးပမ်းကြလေ၏။

သို့သော် ဘိုးချန်၏ ဝိဝိရိရိ ကျူးလွန်မှုကြောင့် သဲလွန်စ မှမရဘဲ ယုန်တောင်ပြေး ခွေးနောက်လိုက်သကဲ့သို့ ရှိလေ၏။

ဘိုးချန်တို့သည် ချစ်တီး၏ မတရားစာချုပ်များကို မီးပုံရှို့၍ ပြာများအား မြေတွင်မြှုပ်လိုက်ကြ၏။

ချစ်တီး ဂန်ဂယားသည် စည်းစိမ်ဥစ္စာများအားလုံးနီးပါး ဆုံးပါးသွားသဖြင့် ရူးသွပ်လုနီးပါးဖြစ်ကာ အိန္ဒိယသို့ ပြန်ရုန်ကြစည် လေ၏။

ယခုနှစ် ဤနယ်တဝိုက်၌ အလှူအတန်းများ ပေါများဦးမည် ဟု ဟောကိန်းထုတ်သူများက ထုတ်ကြ၏။

အဘယ်ကြောင့်ဆိုသော် ချစ်တီး၏လက်မှ လွတ်မြောက်သွား





သဖြင့် လက်သမားများ ဝမ်းစာရေးအတွက် ကောင်းမွန်စွာ လုပ်ကိုင် နိုင်တော့မည်။

ဘိုးချန်သည် ချစ်တီး ဂန်ဂယားကို ဒုက္ခပေးပြီးနောက် ယခင်ကကဲ့သို့ပင် မြို့ထဲ၌ ကြုံရာကျပန်းအလုပ်များကို လုပ်ကိုင်၍ စားသောက်နေလေ၏။

သူသည် ချစ်တီးတိုက်သို့ဖောက်ထွင်းစဉ် ငွေနှင့် လက်ဝတ် ရတနာ အမြောက်အများကို မြင်တွေ့ခဲ့သော်လည်း လက်ဖျားနှင့်ပင် တို့ထိရန် မကြိုးစားခဲ့ချေ။

ထို့ကြောင့် မြို့ထဲရှိ ကြုံရာကျပန်းအလုပ်များကို ပင်ပန်းကြီး စွာ လုပ်ကိုင်ရလေ၏။

ထိုသို့လုပ်ကိုင်ရင်း ဘိုးချန်သည် မိမိ၏ထူးခြားသော စွမ်းအင် များကို သတိပြုမိလေ၏။ ဘိုးချန်သည် ကာလကြာသည်နှင့်အမျှ လူများ၏ကိုယ်မှ ကိုယ်ရောင် ကိုယ်ဝါများကို ပိုမို၍မြင်တွေ့ရလေ ၏။ သူသည် ကိုယ်ရောင်ကိုယ်ဝါများကိုကြည့်၍ လူအများ၏ ကျန်းမာရေးနှင့် စိတ်နေသဘောထားကို ကြိုတင်သိမြင်နိုင်လေ၏။

ဘိုးချန်၏ အတွေ့အကြုံအရ ကျန်းမာရေး ညံ့ဖျင်းသော သူသည် ကိုယ်ရောင်ကိုယ်ဝါ ဖျော့တော့၏။



www.burmeseclassic.com

www.burmeseclassic.com



သေခုံးကာနီးသောသူသည် အဖြူရောင်ဖျော့ဖျော့ ကိုယ်ရောင်ကိုယ်ဝါ မြင်တွေ့ရ၏။

စိတ်သဘောထားကောက်ကျစ်ယုတ်မာသောသူ၌ နီညစ်ညစ်ကိုယ်ရောင်ကိုယ်ဝါကို မြင်တွေ့ရ၏။

စိတ်သဘောထား ကောင်းမွန်မြင့်မြတ်သောသူ၌ ရွှေရောင်ကဲ့သို့ ကိုယ်ရောင်ကိုယ်ဝါကို မြင်ရ၏။

တစ်ခါက သူတို့မြို့ပေါ်သို့ ရသေ့ကြီး ဦးခန္တီးအလျှုခံရန်ရောက်ရှိလာလေရာ ရသေ့ကြီး၏ ကိုယ်ရောင်ကိုယ်ဝါမှာ ရွှေရောင်ကဲ့သို့ ရှိကြောင်း သတိပြုမိ၏။





တစ်နေ့သ၌ ဘိုးချန်သည် မြို့လယ်ခေါင်ရှိ ဈေးကြီး၌ ကုလီထမ်းရင်း လှကုံထံ မိန်းမကြီးတစ်ဦး ဈေးဝယ်လာကြောင်း တွေ့ရ၏။

ဘိုးချန်သည် ထိုမိန်းမကြီး၏ ကိုယ်ရောင်ကိုယ်ဝါကို မြင်လိုက်သောအခါ ဖြူဖျော့ဖျော့ဖြစ်နေပြီး အလွန်ကျန်းမာရေးညှိုးဖျင်းသော အနေအထားကို ရိပ်စားမိလိုက်၏။

ဘိုးချန်သည် လှကုံထံ မိန်းမကြီးကိုကြည့်ရင်း ကိုယ်ရောင်ကိုယ်ဝါ ပိုမို၍ဖြူလျော့လာသဖြင့် အနီးသို့ပြေးသွားပြီး



www.burmeseclassic.com

" အခေါ် နေကောင်းရဲ့လား "

ဟု မေးမြန်းလေရာ လူကုံထံ မိန်းမကြီးသည် ဘိုးချန်ကဲ့သို့ ကူလီတစ်ယောက်၏ ဂရုစိုက်ခြင်းကို အသိအမှတ်ပြုလိုသူမဟုတ်သဖြင့်

" ငါ နေကောင်းပါတယ်၊ ဘာမှမဖြစ်ဘူး "

ဟု ပြောလေ၏။

ဘိုးချန်သည် မိန်းမကြီး၏ ကိုယ်ရောင်ကိုယ်ဝါကိုကြည့်၍

" အခေါ်အတွက် ကျွန်တော် စိုးရိမ်လို့ပြောတာပါ၊ အခေါ် အိမ်မြန်မြန်ပြန်ပြီး အနားယူလိုက်ပါ၊ ကျွပ် ရထားလုံး ငှားပေးပါ့မယ် "

ဟု ပြောလေရာ မိန်းမကြီးသည် ခေါင်းထဲတွင် မူးနောက်လာဟန်ရှိသဖြင့် ဘိုးချန်၏စကားကို နားထောင်၍ ရထားလုံးပေါ်သို့ တက်လိုက်လေ၏။

ဘိုးချန်သည် မိန်းမကြီးကို စိတ်မချနိုင်သေးဘဲ မြို့တစ်နေရာရှိ ကုလားဆရာဝန် ကြီးထံသို့ မိမိသဘောဖြင့်သွားကာ အပြမ်ပြ လေ၏။

ကုလားဆရာဝန်ကြီးသည် ဘိုးချန်ကဲ့သို့ ကူလီတစ်ယော





ဝင်ဆောင်ခြင်းကို လိုက်လျှောမရှိသော်လည်း လူကုံထံမိန်းမကြီး၏ အမည်ကြောင့် ကမန်းကတန်း လိုက်ခဲ့လေ၏။

ဘိုးချန်သည် လူကုံထံမြိကြီး၏အဝသို့ရောက်သောအခါ ဆရာဝန်ကြီးကို အိမ်ထဲသို့ဝင်စေပြီး မိမိက နောက်ကြောင်းသို့ ပြန်ခဲ့လေ၏။

နောက်နေ့သို့ရောက်သောအခါ ဘိုးချန်ကူလီထမ်းသော ဈေးသို့ ချောမောလှပသော အမျိုးသမီးတစ်ဦး ရောက်ရှိလာပြီး ဘိုးချန်ကို ရှာဖွေလေ၏။

ဘိုးချန်အား မြင်တွေ့သောအခါ အမျိုး သမီးက

" ဘိုးချန်ဆိုတာ မောင်လေးလား၊ မောင်လေးကြောင့် မေရဲ့ မိခင်ကြီး အသက်ဘေးက လွတ်ကင်းရတယ်၊ မောင်လေးကို ကျေးဇူးတင်လွန်းလို့ ကျေးဇူးတုံ့ပြန်ချင်တယ်၊ အိမ်ကိုလိုက်ခဲ့ပါ"

ဟု ပြောလေ၏။

ဘိုးချန်သည် လူကုံထံ မိန်းမကြီး အသက်ဆုံးပါးခြင်း မရှိကြောင်းသိရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်မိသော် လည်း မိမိကို ကျေးဇူးတင်မခံလိုသဖြင့် ငြင်းနှင့်လိုက်ပါရန် ငြင်းဆို လေ၏။

သို့သော် မိန်းမလှက ပြောမ်ကြိမ်အဖန်ဖန် ခေါ်ဆို၍ မငြင်း

www.burmeseclassic.com



သာတော့ဘဲ သူမအနောက်သို့ လိုက်ခဲ့လေ၏။

၎င်းတို့မိသားစု၏ ခမ်းနားကြီးကျယ်သော တိုက်ကြီးသို့ ရောက်သောအခါ အပေါ်ထပ် အိပ်ခန်းထဲသို့ ခေါ်ဆောင်သွားလေ၏။ အိပ်ခန်းထဲ၌ လူကုံထံမိန်းမကြီးရှိ၏။

လူကုံထံ မိန်းမကြီး၏အမည်မှာ ဒေါ်စိန်စိန်ဟူ၍ သိရလေ၏။ ဒေါ်စိန်စိန်သည် ဘိုးချုန်ကိုမြင်သောအခါ အသက်သခင် ကျေးဇူးရှင်အနေဖြင့် အသိအမှတ်ပြုလေ၏။

ဒေါ်စိန်စိန်သည် နှလုံးရောဂါ ဝေဒနာသည်ဖြစ်ပြီး ထိုနေ့က ဘိုးချုန်အချိန်မီ ကုလားဆရာဝန်ကြီးကို ပင့်ဆောင်နိုင်သဖြင့် အသက်ရှင်ခြင်းဖြစ်သည် ဆို၏။

ဒေါ်စိန်စိန်၌ မထားစိန်ဟူသော သမီးတစ်ယောက်သာရှိပြီး အလွန်ကြွယ်ဝချမ်းသာသူဖြစ်၏။

ဒေါ်စိန်စိန်က ဘိုးချုန်အား

" လူလေးက အဒေါ်ရဲ့ကျန်းမာရေးမကောင်း ဘူးဆိုတာ ဘယ်လိုလုပ်သိတာလဲ "

ဟု မေးမြန်းလေ၏။ ဘိုးချုန်သည် ဒေါ်စိန်စိန်နှင့် မိမိ ၏ ထူးခြားသော အစွမ်းကို ပြောဆိုခြင်းမရှိဘဲ ...ကျမှာပြင်





အားနည်း ဖျော့တော့နေ၍ သိမြင်ခြင်းဟု ပြောလေ၏။

ဒေါ်စိန်စိန်သည် ဘိုးချုန်၏ ဘဝအခြေအနေကို မေးမြန်းလေ၏။

ဘိုးချုန်၏ ဆင်းရဲနွမ်းပါးသော ဘဝကို ကြားသိသောအခါ များစွာ ကရုဏာသက်ကြ၏။ ၎င်းတို့ သည် ဘိုးချုန်အား အလွန်ခမ်းနားသော နေ့လယ်စာဖြင့် ကျွေးမွေး ဧည့်ခံလေ၏။

ထို့နောက်တွင်မူ သားအမိနှစ်ယောက်သည် ဘိုးချုန်အား ဧည့်ခန်းထဲ၌ နားနေခိုင်းပြီး တစ်စုံတစ်ရာကို တိုင်ပင်ရန် အိပ်ခန်းအတွင်းသို့ ဝင်သွားလေ၏။

ခဏကြာလျှင် ပြန်ထွက်လာပြီး ဘိုးချုန်အား ၎င်းတို့၏ အမွေစား အမွေခံသား အဖြစ် မွေးစားလိုကြောင်း ပြောလေ၏။

ဘိုးချုန်သည် ထင်မှတ်မထားသောစကားကြောင့် အလွန်အံ့သြသွားလေ၏။ မိမိအား အသိအမှတ်ပြုပေးခြင်းကြောင့်လည်း ဝမ်းမြောက်ဝမ်းသာ ရှိ၏။

သို့သော် မိမိ၌ သူဌေး သားတစ်ယောက်ကဲ့သို့ နေထိုင်ရန် အချိန်မရှိချေ။

သူ၏ ထူးခြားသော အစွမ်းသတ္တိဖြင့် လူအများ၏

www.burmeseclassic.com



ကောင်းကျိုးကို သယ်ပိုးရဦးမည်။ ဘိုးရုန့်သည် ဒေါ်စိန်စိန်တို့သားအမိ၏ ကမ်းလှမ်းချက်ကို ငြင်းပယ်လိုက်ရာ ၎င်းတို့သားအမိသည် အလွန်အံ့သြသွားလေ၏။

ဘိုးရုန့်က မိမိ၏ ကူညီစောင့်ရှောက်မှုမှာ အမှတ်မထင်ကြုံကြိုက်ခဲ့ခြင်းသာဖြစ်၍ ယခုကဲ့သို့ ကျေးဇူးတုံ့ပြန်ရန်မသင့်ကြောင်း ငြင်းဆိုလေ၏။"

ထိုအခါ ဒေါ်စိန်စိန်က

" လူလေးကို ကျေးဇူးတုံ့ပြန်ချင်လို့ သားအဖြစ်မွေးစားတာမဟုတ်ပါဘူး၊ လူလေးကို မြင်မြင်ချင်း အဒေါ်တို့သားအမိဟာဆွေမျိုးရင်းခြာတစ်ယောက်လို သဘောထားချင်စိတ်တွေ ဖြစ်ပေါ်လာလို့ပါ "

ဟု ပြောလေ၏။ ဒေါ်စိန်စိန်၏ သမီးဖြစ်သူ မထွားစိန်ကလည်း မိခင်နည်းတူ ဝင်ရောက်ပြောဆို၏။

သို့သော် ဘိုးရုန့်သည် မိမိအပူနှင့် မိမိဖြစ်သဖြင့် ၎င်းတို့သားအမိ၏ ကျေးဇူးတုံ့ပြန်ခြင်းကို ငြင်းပယ်ခဲ့လေ၏။

ထိုအခါ ဒေါ်စိန်စိန်တို့သားအမိမှာ စိတ်မကောင်းခြင်းကြီးစွာဖြင့် ကျန်ရစ်ခဲ့လေ၏။ ဘိုးရုန့်၏လုပ်ရပ်ကို မောင်ဘချစ်က ချီးမွမ်း





လေ၏။

ထိုအခါ ဘိုးရုန့်က

" ဒီနေ့ ငါ့ကို ဒေါ်စိန်စိန်တို့မိသားစုက မွေးစားမယ်ဆိုတဲ့အခါ ငါလုပ်ရမဲ့အလုပ်တာဝန်တွေ အများကြီးကျန်သေးတယ်ဆိုတာသတိပြုမိတယ်၊ ဒီမြို့မှာ ငါ့အတွက် လုပ်စရာအလုပ်တွေ မရှိတော့ဘူး၊ ဒါကြောင့် ဒီမြို့က ထွက်ခွာဖို့သင့်ပြီ၊ မင်းလည်း ငါနဲ့အတူလိုက်ခဲ့ပါလား "

ဟု ပြောလေရာ မောင်ဘချစ်က ခေါင်းခါယမ်း၍

" ခင်ဗျား ဒီမြို့က ထွက်ခွာဖို့အချိန်တန်နေပါပြီ၊ ဒါပေမဲ့ကျုပ် လိုက်လို့မဖြစ်ဘူး၊ ကျုပ်အမေ သက်ရှိထင်ရှားရှိနေသရွေ့ဒီမြို့ကမခွာဘူးလို့ သစ္စာဆိုထားတယ်၊ ခင်ဗျားဘာသာ သွားပေတော့၊ခင်ဗျားနဲ့ခွဲရတာကတော့ ဝမ်းနည်း စရာဗျာ "

ဟု ပြောလေ၏။

ဘိုးရုန့်သည် မတ်သာတော့ဘဲ မောင်ဘချစ်ကို ခွဲခွာ၍မြို့မှ ထွက်ခွာရန် ပြင်လေ၏။ သူသည် ကျေးဇူးရှင်ကပ္ပိယကြီးအားသွားရောက် နှုတ်ဆက်လေ၏။

ကပ္ပိယကြီးက



www.burmeseclassic.com

www.burmeseclassic.com



" ကိုယ်ကျိုးမဖတ်ဘဲ အများအတွက်လုပ်ပါ၊ ဒါပေမဲ့ တစ်နေ့နေ့တော့ မင်းဟာ စာရေးအလုပ်ကို စွန့်လွှတ်ပြီး သစ္စာတရားကို ရှာဖွေတဲ့လူဖြစ်မှာပါ "

ဟု မှတ်ချက်ချလေ၏။





နောက်တစ်နေ့တွင် ဘူတာရုံသို့ မောင်ဘချစ်က လိုက်လံပို့ဆောင်ပေးလေ၏။

ဘူတာရုံနှင့်နီးသောအခါ ရထားလာနေပြီဖြစ်သဖြင့် ဘိုးချုန်က မောင်ဘချစ်ကို ကမန်းကတန်း နှုတ်ဆက်၍

" ရထားလာနေပြီ မောင်ဘချစ်၊ ကံမကုန်သေးရင်တော့ ပြန်ဆုံကြဦးမယ်ကွာ "

ဟု ပြောကာ ဘူတာသို့ ပြေးလေ၏။

ဘိုးချုန် ဘူတာသို့ရောက်သောအခါ ရထား ထွက်သွားပြီဖြစ်၏။

ဘိုးချုန်သည် ရထားကိုမီရန် ခြေကုန်သုတ်၍ အစွမ်းကုန်ပြေးလေ၏။ နောက်ဆုံးတွင် ဘိုးချုန်သည် ရထား၏နောက်ဆုံးတွဲ

www.burmeseclassic.com

စေတနာစာပေ

ကို မီပြီးနောက် ဘိုးချုန်သည် တွဲထဲသို့ဝင်လိုက်သောအခါ၊ တွဲတစ်ခုလုံး အဖြူရောင်ဆေးသုတ်ထားပြီး လှန်စွာခမ်းနားသပ်ရပ်သည့် ထိုင်ခုံ များကို မြင်တွေ့ရလေ၏။

တွဲပေါ်၌ တစ်ယောက်မျှ မတွေ့ရချေ။ ဘိုးချုန်သည် ရထားတွဲ၌ အင်္ဂလိပ်လိုရေးသားထားသော စာတန်းကို မဖတ် တတ်သော်လည်း အဓိပ္ပါယ်ကို ကောင်းစွာနားလည်လိုက်၏။

သူသည် ရုံပိုင်ကြီးထံတွင် အလုပ်လုပ်ဖူးသဖြင့် ရထားတွဲများ အကြောင်းကို ကောင်းစွာသိ၏။ ထိုတွဲသည် ဘုရင်ခံစီးသည့်တွဲဖြစ်၏။ မိမိ မမျှော်လင့်ဘဲ ဘုရင်ခံစီးသည့်တွဲပေါ်သို့ တက်မိချေပြီ။

ရထားတွဲစောင့်များတွေ့လျှင် အရေးယူခြင်းကို ခံရပေတော့မည်။

ထိုအခိုက်မှာပင် သူ၏အနောက်ရှိ ရေအိမ်တံခါးပွင့်လာပြီး

" ဘုရင်ခံစီးတဲ့တွဲပေါ်မှာ ငါတစ်ယောက်တည်းပျင်းနေတာနဲ့ အတော်ပဲ၊ မင်းရောက်လာတော့ အဖော်ရပြီပေါ့ "

ဟူသော အသံကို ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ လှန်စွာ ဥပဓိရုပ်ကောင်းပြီး မြန်မာဆန်သောလူကြီးတစ်ယောက်ကို တွေ့လိုက်ရ၏။





ထိုလူကြီးသည် အင်္ကျီ၊ သျှောင်ထုံးနှင့် နှုတ်ခမ်းမွေးကားကားကြီးရှိသောကြောင့် လှန်စွာခန့်ညားသည်ဟု ဆိုနိုင်၏။

ဘိုးချုန်က လူကြီးကိုကြည့်၍

" ဘုရင်ခံစီးတဲ့တွဲပေါ်ကိုတက်စီးတာ အန္တရာယ်ရှိတယ်နော်၊ ပြဿနာဖြစ်မှာ မကြောက်ဘူးလား "

ဟု မေးမြန်းလိုက်ရာ မြန်မာဆန်သော လူကြီးက တွဲဖြူပေါ်ရှိ ဆိုဖာပေါ်၌ အခန့်သား ဝင်ထိုင်လိုက်ပြီး

" ဘုရင်ခံစီးတဲ့တွဲဆိုပြီး ငါတို့မြန်မာမြေပေါ်မှာလာပြီး မောင်ပိုင်စီးလို့ရမလား မောင်ရင်၊ မြန်မာမြေပေါ်မှာရှိတဲ့ပစ္စည်းကို မြန်မာတွေအားလုံး ပိုင်တယ်၊ တိုင်းတစ်ပါးသားတွေက သူတို့ပိုင်တယ်လို့ ပြောလို့ရမလား "

ဟု ပြောလေရာ ဘိုးချုန်က လူကြီးကို အံ့သြဟန်ဖြင့်ကြည့်၍

" ဘာပဲဖြစ်ဖြစ် ရထားပေါ်မှာတော့ ဘုရင်ခံစီးတဲ့တွဲဖြူဆိုပြီး သီးသန့်ပေးထားတာပဲ၊ ကျုပ်တို့ကို တွဲစောင့်တွေမြင်ရင် ဒုက္ခရောက်လိမ့်မယ် "

ဟု သတိပေးလေ၏။

မြန်မာဆန်သော လူကြီးက ဘိုးချုန်ကိုကြည့်၍ ခေါင်း

www.burmeseclassic.com



တဆက်ဆက် ညိတ်လိုက်ပြီး

" အတော်အစိုးရိမ်ကြီးတဲ့ လူငယ်ပဲ၊ ကျုပ်တို့မြန်မာတွေ အစိုးရိမ်ကြီးလို့ နယ်ချဲ့လက်အောက်မှာ ကျွန်သဘောက်ဖြစ်ရတာ၊ တကယ်တော့ မြန်မာတစ်မျိုးသားလုံး ညီညီညွတ်ညွတ်နဲ့ နယ်ချဲ့ကို တွန်းလှန်မယ်ဆိုရင် သူ့ကျွန်ဘဝက လွတ်တာကြာပြီ၊ ဒီလောက်လည်း မစိုးရိမ်ပါနဲ့ကွာ၊ ဘုရင်ခံစီးတဲ့တွဲကို ဘယ်သူမှတက်မစီးရဲဘူး ဆိုတာသိလို့ တွဲစောင့်တွေ တက်ပြီးမစစ်ဆေးပါဘူး၊ အေးအေး ဆေးဆေးစီးပါကွာ "

ဟု ပြောလေ၏။

ဘိုးချုန်သည် ဘူတာ၌အလုပ်လုပ်ဖူးသဖြင့် ဘုရင်ခံစီးသည့် တွဲဖြူပေါ်သို့ လက်မှတ်စစ်များ တက်လေ့မရှိကြောင်း သိရ၏။

ထို့ကြောင့် အနည်းငယ် စိတ်အေးသွားလေ၏။ မြန်မာဆန်သော လူကြီးက ဆိုဖာပေါ်၌ တင်ပျဉ်ခွေထိုင်ရင်း

" ရောက်တုန်းရောက်ခိုက် တွဲဖြူပေါ်မှာ စိမ်ပြေနပြေစီးစမ်းပါ ကွာ၊ ဘာကိုမှမစိုးရိမ်ပါနဲ့၊ မောင်ရင် ဘာမှမဖြစ်စေရဘူး၊ ကျုပ် တာဝန်ယူတယ် "

ဟု ရဲရဲကြီး အာမခံလေ၏။





လူကြီးက မည်သို့ပင် အာမခံစေကာမူ ဘိုးချုန်သည် အနီးဆုံး ဘူတာသို့ရောက်လျှင် အမြန်ဆုံးတွဲပြောင်းစီးရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် လူကြီးကိုကြည့်၍

" ဘာပဲဖြစ်ဖြစ် ရှေ့ဘူတာကျရင် ကျုပ်တော့ တွဲပြောင်းစီး တော့မယ်၊ ဦးလေးလည်း အရှုပ်ရာယ်မဖြစ်အောင် တွဲပြောင်းစီးလိုက် ပါလား "

ဟု အကြံပြုလေ၏။

ထိုအခါ သျှောင်ထုံးနှင့်လူကြီးက

" ကျုပ်နာမည် ဦးသတ္တိလို့ခေါ်တယ်၊ နာမည်နဲ့လိုက်အောင် ရဲဝံ့တယ်၊ ဘုရင်ခံစီးတဲ့တွဲလည်း ကျုပ် ဂရုမစိုက်ဘူး၊ မောင်ရင် သတ္တိနည်းရင် တွဲပြောင်းစီးပါ၊ ကျုပ်ကတော့ မပြောင်းနိုင်ဘူး"

ဟု ခေါင်းမာမာနှင့် ပြောလေ၏။

ဘိုးချုန်သည် ခေါင်းမာလှသော လူကြီးကို နားမလည်ဟန် ဖြင့်ကြည့်၍ မည်သည့်စကားမျှမဆိုတော့ဘဲ ငြိမ်သက် နေမိ၏။

လူကြီး၌ ထူးခြားသောသတ္တိရှိမည်ဟုလည်း ထင်မြင်မိ၏။ ဘိုးချုန်သည် ဦးသတ္တိ၏ကိုယ်ရောင်ကိုယ်ဝါကို သတိပြု၍ ကြည့်သောအခါ အဝါရောင်ကိုမြင်ရသဖြင့် စိတ်သဘောထား



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်သူဖြစ်ကြောင်း ရိပ်စားမိလိုက်လေ၏။

ဘိုးချန်သည် အနီးဆုံးဘူတာသို့ ရထားဆိုက်သောအခါ ရထားပေါ်မှ ကမန်းကတန်းဆင်း၍ လက်မှတ်ဝယ်ယူလေ၏။

ပြီးနောက် မိမိ၏ စီးနင်းရမည့်တွဲကို ရှာဖွေ၏။ ထိုသို့ ရှာဖွေနေစဉ် ရထားတွဲစောင့်များသည် ဘုရင်ခံစီးနင်းမည့် တွဲဖြူပေါ်၌လူရှိသည်ဟု သတင်းရသဖြင့် ဘုရင်ခံ၏ တွဲဖြူရှိရာသို့ သွားလေ၏။

ဘိုးချန်သည် တွဲဖြူပေါ်၌ လိုက်ပါသည့် ဦးသတ္တိအတွက် စိုးရိမ်သွားလေ၏။

ထို့ကြောင့် မိမိ၏တွဲပေါ်သို့ မတက်သေးဘဲ ဘုရင်ခံစီးသည့် တွဲဖြူရှိရာသို့ လိုက်လံကြည့်ရှုလေ၏။

တွဲစောင့်များသည် ဘုရင်ခံ၏တွဲဖြူ၏တံခါးကို ဖွင့်လိုက်လေ၏။

ထို့နောက် တွဲဖြူပေါ်ရှိ လူအိပ်ခန်းပါမကျန် ရှာဖွေပြီး မည်သူ့ကိုမျှ မတွေ့ရသဖြင့် ၎င်းတို့ကို အလုပ်ရှုပ်အောင် သတင်းမှားပေးသည်ဟု ယူဆကာ ပြန်လည်ထွက်ခွာသွားလေ၏။

မီးရထားလည်း ထွက်ရန်ပြင်လေ၏။ ဘိုးချန်သည် တွဲဖြူပေါ်





၌ ဦးသတ္တိကြီးမရှိတော့ဘူးဆိုသဖြင့် မျက်မှောင်ကြုတ်လိုက်မိ၏။

ဦးသတ္တိကြီး ဘူတာ၌ဆင်းသွားလေသလော၊ သို့တည်း မဟုတ် မြေလျှိုးမိုးပျံသွားလေသလားဟု တွေးရင် မိမိလိုက်ပါမည့် တွဲပေါ်သို့ တက်ခဲ့လေ၏။

ဘိုးချန်သည် မိမိဝယ်ယူထားသော မီးရထားလက်မှတ် ကုန်ဆုံးရာမြို့၌ ဆင်းလိုက်လေ၏။ ထိုမြို့သည် အလွန်စည်ကားသော မီးရထား၊ ကားလမ်းဆုံရာ မြို့ကြီးဖြစ်လေ၏။

ဘိုးချန်သည် ဘူတာအနီးရှိ ထမင်းဆိုင်ကလေး၌ ထမင်းစားရင်း ထိုမြို့၌တည်းခိုနိုင်မည့်နေရာကို စုံစမ်းလေရာ မြို့ပြင်ဘုရားအနီး ရှိဇရပ်၌ မည်သူမဆို တည်းခိုနိုင်ကြောင်း သိရ၏။

ဇရပ်အနီး၌ ရေကန်ကြီးရှိလေရာ ဘိုးချန်အတွက် ရေချိုးရန် အဆင်ပြေသွား၏။ ဘိုးချန်သည် ရေချိုးပြီးနောက် မြို့ထဲသို့ လှည့်လည် ကြည့်ရှုလေ၏။

မြို့တစ်နေရာ၌ လူအများ စည်ကား နေသဖြင့် ကြည့်ရှုလိုက်ရာ ထိုမြို့၌ရှိသော ကျောင်းကြီးနှစ်ကျောင်း၌ တစ်ပြိုင် တည်း ပျော်ပွဲရွှင်ပွဲများ ကျင်းပနေကြောင်း တွေ့ရ၏။

ကျောင်းကြီးနှစ်ကျောင်းအနက် တစ်ကျောင်းမှာ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဖြစ်ပြီး ကျန်တစ်ကျောင်းမှာ ယောကျ်ားလေးကျောင်းဖြစ်၏။

ကျောင်းဝင်းကြီးနှစ်ခု ကပ်လျက်ရှိနေသဖြင့် ပျော်ပွဲရှင်ပွဲသို့ လာရောက်သူများသည် တစ်ဖက်ကျောင်းဝင်းမှ တစ်ဖက်ကျောင်းဝင်းသို့ ကူးသန်းပြီး လည်ပတ်ကြလေ၏။

ကျောင်းသူမိန်းကလေးများသည် ယောကျ်ားလေး ကျောင်းဝင်းအတွင်းသို့ ဝင်ရောက်လည်ပတ်သကဲ့သို့ ကျောင်းသား များသည်လည်း မိန်းကလေးကျောင်းဝင်းသို့ ဝင်ရောက်လည်ပတ်ကြ၏။

ဘိုးချန်သည် ကျောင်းဝင်းနှစ်ခုအတွင်းသို့ တစ်လှည့်စီ ဝင်ရောက်ကြည့်ရှုလေရာ ကံစမ်းမဲဖောက်ခြင်း၊ သီဆိုကခုန်ခြင်း၊ မုန့်မျိုးစုံ ရောင်းချခြင်း စသည်တို့ဖြင့် ပျော်ရွှင်ဖွယ်အတိပြစ်ကြောင်း တွေ့ရ၏။

ထိုကျောင်းနှစ်ကျောင်းသည် ယောကျ်ားလေးကျောင်း၏ ကျောင်းအုပ်မှာ ဆရာကြီး ဦးသီလဖြစ်ပြီး မိန်းကလေးကျောင်း၏ ကျောင်းအုပ်မှာ ဒေါ်သုစာဆိုသော ဆရာမကြီးဖြစ်၏။

ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမကြီး နှစ်ဦးစလုံးသည် လွန်စွာမြန်မာဆန်ပြီး မျိုးချစ်စိတ်ဓာတ်ထက်သန်သူများဖြစ်ကြ၏။

ကျောင်းအုပ်ဆရာကြီးသည် ပင်နီအင်္ကျီနှင့် ယောလုံချည်ကို





ဝတ်ဆင်ပြီး ဆရာမကြီးသည် ရင်ဖုံးအင်္ကျီနှင့် ချိတ်လုံချည်ကို ဝတ်ဆင်လေ၏။

ကျောင်းအုပ်ဆရာကြီးသည် မိဘဆရာများ စုံလင်သောအခါ ပျော်ပွဲရှင်ပွဲနှင့်ပတ်သက်သော မိန့်ခွန်းပြောကြားလေ၏။

ဆရာကြီး၏စကားများကို နားထောင်ကြည့်သောအခါ ကျောင်းသားများကို လိမ္မာယဉ်ကျေးအောင်ဆိုဆုံးမပြီး ခင်ပွန်းကြီး ဆယ်ပါးကို မပစ်မှားရန်၊ ဂါရဝတရားဆယ်ပါးကို လိုက်နာရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုကို အထင်မကြီးရန်၊ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းရန် စသည်ဖြင့် ဇာတိသွေး ဇာတိမာန် ထက်သန်ရန် ဟောပြောကြလေ၏။

ကျောင်းအုပ်ဆရာမကြီးကလည်း သူမ၏ကျောင်းသူကလေးများ လိမ္မာယဉ်ကျေး၍ စည်းကမ်းစနစ်ရှိစေရန်၊ မိန်းမကောင်းအင်္ဂါ (၁၂)ပါး၊ မိန်းမတို့၏ ကောင်းခြင်း (၅) ဖြာ၊ မိန်းမတို့အား (၅)ပါး၊ မိန်းမတို့၏အပြစ် (၆)ပါး စသည်ဖြင့် သိုင်းဝိုင်းဖွဲ့နွဲ့ ပြီးပြောဆိုလေရာ သူမ၏မိန့်ခွန်းကို လက်ခုပ်တဖြောင်းဖြောင်းတီး၍ အားပေးခြင်း ခံရလေ၏။

ကျောင်းသူကျောင်းသားများ၏ မိဘများသည် ဆရာကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီး၏ မြန်မာဆန်ပြီး စည်းကမ်းစနစ်ရှိပုံ၊ မျိုးချစ်စိတ်ဓာတ် ထက်သန်ပုံတို့ကို ချီးကျူးကြပြီး ထိုကျောင်းမျိုး၌ မိမိတို့ သားသမီးများ ထားရှိခြင်းကို အလွန်ဂုဏ်ယူကြလေ၏။

ဘိုးရှန်သည် ဆရာကြီးနှင့် ဆရာမကြီးကို ချီးမွမ်းသူများ၏ စကားကိုနားထောင်၍ ၎င်းတို့နှစ်ဦး၏ ကိုယ်ရောင်ကိုယ်ဝါကို ကြည့်ရှုချင်စိတ်များ ဖြစ်ပေါ်လာ၏။

ထို့ကြောင့် ဆရာကြီး၏ ကိုယ်ရောင်ကိုယ်ဝါကိုကြည့်လိုက်ရာ နီညစ်ညစ်သဏ္ဌာန်ကို မြင်ရ၍ အံ့သြသွားလေ၏။

စိတ်သဘောထား ဖြူစင်သန့်ရှင်းသူများ၏ ကိုယ်ရောင်ကိုယ်ဝါမှာ အဝါရောင်ဘက်သို့သန်းလေ့ရှိကြောင်း မိမိ၏အတွေ့အကြုံအရ သိရှိရ၏။

ယခု ဆရာကြီး၏ ကိုယ်ရောင်ကိုယ်ဝါသည် အဘယ်ကြောင့် နီညစ်ညစ်ဖြစ်နေသနည်း။ နီညစ်ညစ် ကိုယ်ရောင်ကိုယ်ဝါရှိသူများသည် ကောက်ကျစ်ယုတ်မာသူများ၊ စိတ်သဘောထားမမှန်သူများ ဖြစ်၏။

ဘိုးရှန်သည် ဆက်လက်၍ ဆရာမကြီး ဒေါ်သူဇာ၏ ကိုယ်ရောင်ကိုယ်ဝါကိုကြည့်ရှုသောအခါ အံ့သြဖွယ်ကောင်းလောက်





အောင်ပင် နီညစ်ညစ် ကိုယ်ရောင်ကိုယ်ဝါကိုပင် မြင်တွေ့ရလေ၏။

ဆရာကြီး ဦးသီလနှင့် ဆရာမကြီး ဒေါ်သူဇာသည် တစ်မြို့လုံးက လေးစားလောက်သောသူများ ဖြစ်၏။ ၎င်းတို့နှစ်ဦး၏ ကိုယ်ရောင်ကိုယ်ဝါသည် အဘယ်ကြောင့် ဆိုးဝါးသော နီညစ်ညစ် ကိုယ်ရောင်ကိုယ်ဝါများ ထွက်နေသည်မသိ။

၎င်းတို့နှစ်ဦးစလုံး မြို့သူမြို့သားများအပေါ် သူတော်ကောင်း ဟန်ဆောင်နေခြင်းပေလော။

ဘိုးရှန်သည် ဆရာကြီး ဦးသီလနှင့် ဆရာမကြီး ဒေါ်သူဇာ အကြောင်းကို တွေးတောပြီး အဖြေမရသည်နှင့် ရေပ်သို့ ပြန်လာခဲ့လေ၏။

ဘိုးရှန်သည် ထိုညက ဆရာကြီးနှင့် ဆရာမကြီးအကြောင်းကိုတွေး၍ အိပ်ပျော်သွားလေ၏။ မကြာမီ ဘိုးရှန်သည် ဆရာကြီးနှင့် ဆရာမကြီး၏ကျောင်းဝင်းသို့ အိပ်မက်ခရီးဖြင့် သွားလာနေလေ၏။

ဘိုးရှန်သည် အိပ်မက်ခရီးဖြင့်သွားလာရင် ကျောင်းဝင်းအတွင်းသို့ ရောက်ရှိသွားလေ၏။

ထိုအခါ ကျောင်းဝင်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေ



www.burmeseclassic.com

www.burmeseclassic.com



၏။ ဘိုးချုန်သည် ကျောင်းဝင်းအနောက်ရှိ မီးလင်းနေသော အိမ်ငယ်လေးနှစ်လုံးကို တွေ့ရ၏။

ဘိုးချုန် ကြိုတင်စုံစမ်းထားသောသတင်းအရ ထိုအိမ်ငယ်လေး နှစ်လုံးသည် ဆရာကြီးနှင့် ဆရာမကြီး၏ အိမ်ငယ်လေးများ ဖြစ်၏။

ဆရာကြီးနှင့် ဆရာမကြီး နှစ်ဦးစလုံး အိမ်ထောင်မရှိသော လူပျိုကြီး အပျိုကြီးများဖြစ်သည် ဆို၏။

ဘိုးချုန်သည် အိမ်ငယ်ကလေးတစ်လုံး၏ ပြတင်းပေါက်မှ ပျံ့လွင့်လာသော ဓာတ်စက်သီချင်းသံကြောင့် မျက်လုံးပြူးသွားလေ၏။

အဘယ်ကြောင့်ဆိုသော် ဓာတ်စက်မှကြားရသော အသံမှာ အင်္ဂလိပ်သီချင်းတစ်ပုဒ်ဖြစ်၏။

လွန်စွာမြန်မာဆန်သော ဆရာကြီး ဆရာမကြီးများ၏နေအိမ်၌ အဘယ်ကြောင့် အင်္ဂလိပ်တေးသွားကို ကြားသိရသနည်း။

ဘိုးချုန်သည် တအံ့တသြဖြစ်ပြီး အိမ်ထဲသို့ကြည့်လိုက်သော အခါ ဥရောပဝတ်စုံဝတ်ထားသော ဆရာကြီးသည် ဝိုင်အရက်ပုလင်းကိုဖွင့်၍ ဖန်ခွက်ထဲသို့ငှဲ့ထည့်နေကြောင်း တွေ့ရ၏။





ဘိုးချုန်သည် မိမိမျက်လုံးကိုပင် မိမိမယုံနိုင်ဘဲကြည့်ရှုနေစဉ် ဆရာကြီး၏တံခါးကိုခေါက်သံကြားရ၏။ ဆရာကြီးသည် ဖျတ်လတ်သော အမူအရာဖြင့် တံခါးကိုဖွင့်လိုက်လေ၏။

ထိုအခါ အိမ်ထဲသို့ဝင်လာသူကိုကြည့်၍ ဘိုးချုန်သည် အလွန် အံ့သြသွားပြန်၏။

ဆရာမကြီးသည် အပြာရောင်ဂါဝန်နှင့် ခေါက်ဖိနပ်ကို ဝတ်ဆင် ထားပြီး နှုတ်ခမ်း၌ စီးကရက်ကို ဟန်ပါပါခဲထားလေ၏။

ဆရာမကြီး၏ အင်္ကျီမှာ ရင်သားများပေါ်လောက်အောင် ဟိုက်နေလေ၏။ ဆရာမကြီးသည် ဆရာကြီးကို 'ဒါလင်' ဟုခေါ်ကာ ပြေး၍ ဖက်လိုက်လေ၏။

ဘိုးချုန်သည် မိမိ၏အိပ်မက်ကိုပင် မယုံနိုင်အောင် ဖြစ်ရ၏။

တစ်မြို့လုံးက လွန်စွာမြန်မာဆန်၍ စည်းကမ်းကြီးလှသည် ဆိုသော ဆရာကြီးနှင့် ဆရာမကြီးသည် လူသူကင်းမဲ့သည့်ည၌ လွန်စွာဘိုဆန် လွန်စွာ ဂုဏ်ရှိသိက္ခာပျက်ယွင်းသော အမူအရာမျိုးနှင့် ရှိကြလေ၏။

ဆရာမကြီးက ဆရာကြီးကိုဖက်၍

" နေ့လယ်က ဒါလင်ပြောတဲ့မိန့်ခွန်း သိပ်ကောင်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မြို့ပေါ်က လူတွေ အရမ်းသဘောကျတယ် ”

ဟု ပြောလေရာ ဆရာကြီးကလည်း တစ်ဖန်

“ မိန်းမတို့ရဲ့ကောင်းခြင်းငါးဖြာနဲ့ မိန်းမကောင်း အင်္ဂါ (၁၂)ပါးက အလွန်ကောင်းတယ်ဆို၊ မြို့ပေါ်က မိဘတွေ အရမ်း ချီးမွမ်းနေကြတယ် ”

ဟု ပြောလေရာ ဆရာမကြီးက တခစ်ခစ်ရယ်မော၍

“ အလကား လူကြားကောင်းအောင် ပြောတဲ့ဟာတွေပါ၊ ခေတ်မမီတော့ပါဘူး၊ ဘိုးတော်ဘုရားလက်ထက်က အယူအဆ တွေ ”

ဟု ပြောလိုက်လေ၏။

ဘိုးရှုန်သည် နေ့လယ်က ဆရာကြီးနှင့် ဆရာမကြီး၏ နီညစ်ညစ် ကိုယ်ရောင်ကိုယ်ဝါများကို နားလည်လိုက်လေ၏။

၎င်းတို့သည် မြို့သူမြို့သားများ အထင်ကြီးစေရန် လိမ်ညာ ဟန်ဆောင်ထားကြသူများဖြစ်၏။

ထို့ကြောင့် ၎င်းတို့၏ကိုယ်ရောင်ကိုယ်ဝါမှာ ကြည်ညိုဖွယ် အဆင်းမရှိကြောင်း တွေ့ရ၏။

ထို့နောက် ဆရာကြီးနှင့် ဆရာမကြီးသည် အင်္ဂလိပ်တေးသွား





နှင့်အညီ ဘိုဆန်ဆန် ရင်ချင်းအပ်အကကို ကကြလေ၏။

၎င်းတို့သည် သီချင်းတစ်ပုဒ်ပြီးတစ်ပုဒ် ကပြီးနောက် အိပ်ခန်း ထဲသို့ ဝင်သွားကြလေ၏။ ဘိုးရှုန်သည် အိပ်ခန်းထဲမှ ခိုးခိုးခစ်ခစ် အသံများကို ကြားနေရသော်လည်း လိုက်၍မဝင်တော့ဘဲ အိပ်မက် ခရီးမှ ပြန်လာခဲ့လေ၏။

သူသည် ညဦးသန်းခေါင်အချိန် အိပ်ရာမှလန့်နိုးလာပြီး ဆရာကြီးနှင့် ဆရာမကြီး၏အဖြစ်ကို အိပ်မက်လိုလို၊ အမှန် တကယ်ပင် ဖြစ်ပျက်သလို ခံစားရလေ၏။

ဘိုးရှုန်သည် နောက်တစ်နေ့၌ မြို့ထဲသို့လှည့်လည်၍ စား ဝတ်နေရေးအတွက် အလုပ်အကိုင် ရှာဖွေလေ၏။

ခြံကြီးတစ်ခြံ၏အရှေ့၌ ခြံစောင့်အလိုရှိသည်ဟု ရေးသားထား သော စာကို တွေ့ရသဖြင့် ထိုခြံ၏တံခါးကိုလှုပ်ရမ်းလိုက်ရာ အိမ်စေ အမျိုးသမီးက ထွက်လာပြီး တံခါးဖွင့်ပေးလေ၏။

ဘိုးရှုန်က အကျိုးအကြောင်း ပြောလိုက်ရာ ၎င်းအား အိမ်ကြီး ၏ဧည့်ခန်းသို့ ခေါ်ဆောင်သွားလေ၏။

ဧည့်ခန်း၌ အသက်ငါးဆယ်ဝန်းကျင် လူကြီးတစ်ဦးရှိနေပြီး ဘိုးရှုန်၏နောက်ကြောင်းရာဇဝင်ကို သေချာစွာ မေးမြန်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးချန်အား ရိုးသားသော လယ်သမားတစ်ဦးဖြစ်ကြောင်း သေချာသောအခါ လူကြီးက

" ဦးနာမည်က ဦးအောင်ရွှေလို့ခေါ်တယ်၊ ကျောက်စာဌာနက ပင်စင်ယူပြီး ဒီမြို့မှာ အခြေချနေတာ၊ ဦးဇနီးနဲ့ သမီးနှစ်ယောက်ရှိသေးတယ်၊ ဒီအိမ်မှာ အလုပ်သမားနှစ်ယောက်လည်း ရှိသေးတယ်၊ မောင်ရင့်ကတော့ မြင်းလုံမြို့ရေး တာဝန်ယူရမယ်၊ မြင်းတွင်းက အပင်တွေကိုလည်း ပြုစုရမယ်၊ မောင်ရင်က လယ်လုပ်ခဲ့ဖူးတယ်ဆိုရင်တော့ ဒီအလုပ်တွေကို ကောင်းကောင်းလုပ်နိုင်မှာပါ၊ မောင်ရင်နေဖို့ မြင်းနောက်မှာ အိမ်လေးတစ်လုံးရှိတယ်၊ အိမ်ကလေးရဲ့ အခန်းနှစ်ခန်းမှာ အိမ်စေမိန်းကလေးနှစ်ယောက်နေကြတယ်၊ အရေးကြီးတာကတော့ အလုပ်ရှင်အပေါ်မှာ သစ္စာရှိရမယ် "

ဟု ပြောလေ၏။

ဘိုးချန်သည် မြင်းစောင့်တာဝန်ကို ကောင်းစွာယူနိုင်မည်ဖြစ်ကြောင်း ကတိပြုသဖြင့် အလုပ်ခန့်လိုက်လေ၏။

ဘိုးချန်သည် ဦးအောင်ရွှေ၏ ကိုယ်ရောင်ကိုယ်ဝါကို ကြည့်လိုက်ရာ ကောင်းမွန်သော ကိုယ်ရောင်ကိုယ်ဝါကို မြင်ရ၏။

ဦးအောင်ရွှေ၏ဇနီးမှာလည်း ကိုယ်ရောင်ကိုယ်ဝါ ကောင်းမွန်





၏။ ညနေစောင်းသောအခါ ဦးအောင်ရွှေ၏ သမီးနှစ်ယောက်ဖြစ်သော ရွှေရွှေနှင့် ဆွေဆွေသည် ကြက်တောင်ရိုက်ရန် မြင်းထဲသို့ ဆင်းလာလေ၏။

၎င်းတို့သည် မြင်းစောင့်အသစ်ဖြစ်သော ဘိုးချန်ကို မသိမသာ အကဲခတ်လေ၏။

ဘိုးချန်သည် ရွှေရွှေနှင့် ဆွေဆွေ၏ ကိုယ်ရောင်ကိုယ်ဝါကို ကြည့်ရှုရာ ဆွေဆွေ၏ ကိုယ်ရောင်ကိုယ်ဝါ ညှိုးဖျင်းကြောင်း တွေ့ရ၏။

ရွှေရွှေသည် စိတ်သဘောထားကောင်းမွန်ပြီး ဆွေဆွေသည် ဘိုးချန်အား တောသားတစ်ယောက်ကဲ့သို့ မတူမတန်သလို ဆက်ဆံလေ၏။

ဘိုးချန်သည် မြင်း၏အနောက်ဘက်ရှိ အိမ်ငယ်လေး၌ အစေခံမိန်းကလေးနှစ်ယောက်နှင့်အတူ နေထိုင်ရ၏။

အစေခံမိန်းကလေးနှစ်ယောက်စလုံး၏ ကိုယ်ရောင်ကိုယ်ဝါ ညှိုးဖျင်းပြီး စိတ်သဘောထားကောက်ကျစ်ယုတ်မာဟန်ရှိ၏။

ဘိုးချန်သည် အစေခံမိန်းကလေးများနှင့် အရောမဝင်ရန် ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

သူသည် မြို့ထိပ်ရှိ မြစောင့်ရုံကလေး၌သာ အနေများလေ၏။ ဘိုးချွန်သည် မြို့စောင့်အလုပ်ကို လုပ်ကိုင်ရင်း မြို့ပေါ်ရှိ အမြတ်ကြီးစားများ၏ အခြေအနေကို စောင့်ကြည့်လေ၏။



တစ်နေ့သ၌ ဆွေဆွေတို့ညီအစ်မနှစ်ယောက်အနက် ဆွေဆွေသည် ဈေးသို့သွား၍ အလှကုန်ပစ္စည်းများ ဝယ်ယူနေလေ၏။

ထိုအချိန်သည် ညနေစောင်းအချိန်ဖြစ်သဖြင့် ရွှေရွှေ သည် ကြက်တောင်ရိုက်ရန် ခြံထဲသို့ဆင်းလာပြီး တစ်ယောက်တည်း အဖော်မရှိ ဖြစ်နေ၏။

ရွှေရွှေသည် ပန်းပင်များကို ရေလောင်းနေသော ဘိုးချွန်ကို မြင်တွေ့သွားပြီး

" ကိုဘိုးချွန်... ရွှေရွှေနဲ့ ကြက်တောင်ရိုက်ရအောင် "

ဟု အဖော်စပ်လေ၏။

www.burmeseclassic.com



ဘိုးရှုန်သည် မိမိ၏အဆင့်အတန်းကို နားလည်သူဖြစ်သဖြင့် ရွှေရွှေနှင့် ကြက်တောင်ရိုက်ရန် ငြင်းဆိုနေစဉ်…

ဦးအောင်ရွှေ ရောက်ရှိလာပြီး

" သမီး စိတ်ကျေနပ်အောင် ရိုက်ပေးလိုက်ပါ မောင်ဘိုးရှုန်၊ မင်းကို ဘယ်သူမှမဆူပါဘူး "

ဟု ပြောလေ၏။

ထိုအခါ ဘိုးရှုန်လည်း မငြင်းဆန်တော့ဘဲ ရွှေရွှေနှင့်အတူ ကြက်တောင်ရိုက်လေ၏။

ရွှေရွှေသည် ဘိုးရှုန်နှင့် ကြက်တောင်ရိုက်ခြင်းကို လွန်စွာ ပျော်ရွှင်လေ၏။ အဘယ်ကြောင့်ဆိုသော် သူမက ဘိုးရှုန်ကို အနိုင်ရနေသောကြောင့် ဖြစ်၏။

ထိုအခိုက်မှာပင် ဈေးဝယ်ပြီးပြန်လာသော ဆွေဆွေသည် ဘိုးရှုန်နှင့် ကြက်တောင်ရိုက်နေသော ရွှေရွှေကို မြင်တွေ့သွားပြီး မာနရှင်ပီပီ မကျေမချမ်းအမူအရာဖြင့် ဘိုးရှုန်ကိုကြည့်ကာ

" ရှင်ဟာ ကိုယ့်အဆင်းအတန်းကို ကိုယ်နားမလည်တဲ့သူပဲ၊ ရှင့်လိုတောသားက ကျွန်မညီမ မြို့သူနဲ့ ကြက်တောင်ရိုက်ဖို့ တူသလား၊ တန်သလား၊ တောသားတွေဟာ ကိုယ့်အဆင့်အတန်းကို





ကိုယ်မသိဘူး၊ မျက်နှာသာပေးလိုက်တာနဲ့ ရောင့်တက်တာပဲ "

ဟု ပြောလေ၏။

ဘိုးရှုန်သည် ဆွေဆွေ၏ နှိမ့်ချသောစကားများကြောင့် မခံချိမခံသာဖြစ်သွားသော်လည်း စကားမတုံ့ပြန်ဘဲ ငြိမ်သက်နေလိုက်၏။

ထိုအခါ ရွှေရွှေက ဝင်ရောက်၍

" ကိုဘိုးရှုန်ကို အပြစ်မတင်ပါနဲ့ မမရယ်၊ ညီမက ရိုက်ပေးပါလို့ အဖော်စပ်လို့ ရိုက်ပေးရတာပါ "

ဟု ပြောလေရာ ဆွေဆွေက မျက်နှာရှုံ့မဲ့၍

" ညီမလေးကလည်း ဒီလိုတောသားနဲ့ ညီမလေးလို မြို့သူ သူဌေးသမီးနဲ့ ရိုက်စရာလား၊ ရှင်ကလည်း အသိဉာဏ်မရှိဘူးလား "

ဟု ရိုင်းပျစွာ ပြောဆိုလေ၏။ ထိုအခိုက်မှာပင် ဦးအောင်ရွှေသည် ဝရန်တာမှ ကြားသိသွားပြီး

" သမီး ဆွေဆွေ၊ စကားပြောတာကို ဆင်ခြင်စမ်း၊ ရွှေရွှေနဲ့ ကြက်တောင်ရိုက်ဖို့ ဒယ်ဒီကိုယ်တိုင် ခွင့်ပြုတာ "

ဟု ဝင်ရောက်ပြောဆိုလေရာ ဆွေဆွေသည် မျက်နှာကိုမဲ့၍

" သြော်… ဒယ်ဒီကလည်း အလိုတူ အလိုပါပဲကိုး၊ ဒယ်ဒီတို့ ကိုယ့်အဆင့်အတန်းနဲ့ ကိုယ်မနေရင် တောသားတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



ထိန်းမနိုင် သိမ်းမရဖြစ်ပြီး ရောင့်တက်လာလိမ့်မယ် ”

ဟု ပြောဆိုကာ အိမ်ထဲသို့ ဝင်သွားလေ၏။

ဘိုးချုန်သည် ခွေးခွေထံမှ မကောင်းသောကိုယ်ရောင်ကိုယ်ဝါကို ကြိုတင်မြင်တွေ့ပြီးသဖြင့် သူမ၏စိတ်ဓာတ်ကို အံ့ဩဖြင့်မရှိတော့ချေ။

ခွေးခွေထံသို့ ဝင်ထွက်သွားလာသော ကျော်နီဆိုသော မြန်မာမကျ၊ ကုလားမကျ လူငယ်တစ်ဦးရှိ၏။ ကျော်နီသည် လျှန်စွာရှိုးများပြီး မိမိကိုယ်မိမိ ဓာတ်လိုက်မင်းသားတစ်ယောက်ကဲ့သို့ အထင်ရောက်နေသူတစ်ဦးဖြစ်၏။

ကျော်နီသည် ခွေးခွေနှင့် စိတ်ဓာတ်ချင်းတူညီပြီး ဘိုးချုန်ကို တောသားတစ်ဦးဟုယူဆကာ နှိမ့်ချသောအမူအရာမျိုးကို အမြဲပင်လုပ်လေ၏။

ခွေးခွေနှင့်ကျော်နီ ကြက်တောင်ရိုက်သည့်အခါတိုင်း အဝေးသို့ ရောက်သွားသော ကြက်တောင်ကို ဘိုးချုန်အား ကောက်ခိုင်းလေ၏။

ဘိုးချုန်သည် ယန်းအိုးကြီး မလျက်တန်းလန်းဖြစ်နေသဖြင့် ကြက်တောင်ကိုကောက်ရန် အနည်းငယ် နောက်ကျသွားလေ၏။





ထိုအခါ ကျော်နီသည် ဘိုးချုန်အား ရှိုင်းပျသောအမူအရာဖြင့်

“ တောသားတွေဟာ ဘာလုပ်လုပ် သွက်သွက်လက်လက်မရှိဘူး၊ ဒါကြောင့်မို့ ဆင်းရဲနေကြတာ ”

ဟု ဆိုလေ၏။

ကျော်နီ၏အဖေနှင့် အမေသည် တောသူတောင်သားအစစ်ဖြစ်ပြီး မြို့တက်၍ ဈေးရောင်းရာမှ ကြီးပွားချမ်းသာလာသူများဖြစ်၏။

ဘိုးချုန်သည် ကျော်နီ၏ကိုယ်ရောင်ကိုယ်ဝါ အလွန်ညှို့မှိုင်းသဖြင့် သတိထား၍စောင့်ကြည့်ရန် ဆုံးဖြတ်ထားသူဖြစ်၏။

တစ်နေ့သ၌ ကျော်နီသည် သူ၏သူငယ်ချင်းများနှင့်အတူ ပျော်ပွဲစားထွက်ရန် ခွေးခွေကို အဖော်ခေါ်လေ၏။

ဦးအောင်ရွှေသည် အခြားသောမြို့သို့ ခရီးထွက်နေချိန်ဖြစ်၏။

ဘိုးချုန်သည် ကျော်နီနှင့်လိုက်ပါသွားသော ခွေးခွေကိုကြည့်၍ ရင်ထဲတွင် လေးလံနေလေ၏။ ထိုနေ့က ကျော်နီ၏ကိုယ်ရောင်ကိုယ်ဝါသည် ပိုမို၍ နီညစ်ညစ်နိုင်လှ၏။

ထိုနေ့ညနေစောင်းသောအခါ ဦးအောင်ရွှေသည် ခရီးထွက်ရာမှ ပြန်လာလေ၏။ ထိုအခါ သူ၏သမီးကြီး ခွေးခွေ လူငယ်များနှင့် ပျော်ပွဲစားထွက်ရန် လိုက်ပါသွားကြောင်းသိရလျှင် ဒေါသူပုန်ထ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ဦးအောင်ရွှေသည် ဘိုးချမ်းကိုခေါ်ယူ၍ လိုက်လံစုံစမ်းသော အခါပျော်ပွဲစားထွက်ခွာသူများသည် ကျော်နီနှင့် ခွေခွေ နှစ်ယောက် တည်းသာရှိကြောင်းသိရ၏။

ထိုနေ့ညက ညနေစောင်းသည်အထိ ကျော်နီနှင့်ခွေခွေတို့ ပြန်လည်ရောက်ရှိမလာခဲ့ချေ။ ဦးအောင်ရွှေတို့ ဇနီးမောင်နှံသည် သူ၏သမီးကို ကျော်နီခိုးယူသွားခြင်းဖြစ်မည်ဟု ယူဆကာ များစွာ နမြောတသဖြစ်ကြလေ၏။

အဘယ်ကြောင့်ဆိုသော် ကျော်နီသည် ဘိုဆန်ဆန်နေထိုင်သူ ဖြစ်သော်လည်း မည်သည့်အလုပ်ကိုမျှ မယ်မယ်ရရ လုပ်ကိုင်သူ မဟုတ်ချေ။

ဘိုးချမ်းသည် ဦးအောင်ရွှေတို့မိသားစု စိတ်ဆင်းရဲနေသဖြင့် မိမိတတ်ကျွမ်းသော အိပ်မက်ခရီးဖြင့် ခွေခွေနှင့် ကျော်နီတို့၏ နောက်ကြောင်းရာဇဝင်ကို စုံစမ်းရန် ဆုံးဖြတ်လိုက်လေ၏။

ဘိုးချမ်းသည် ညသို့ရောက်သောအခါ အိပ်မက်ခရီးသွား၍ ကျော်နီနှင့် ခွေခွေတို့ သွားရောက်လေ့ရှိသော နေရာများသို့ အိပ်မက် ခရီးဖြင့် သွားလာကြည့်လေ၏။





ဘိုးချမ်းသွားရောက်သည့်နေရာတိုင်း ကျော်နီနှင့်ခွေခွေ၏ သဲလွန်စကို မရခဲ့ချေ။

ဘိုးချမ်းသည် နောက်ဆုံး ရေဝတီမြစ်ကမ်း နံဘေးရှိ အိမ်ကြီးတစ်လုံးသာကျန်တော့၏။ ထိုအိမ်ကြီး၌ ကျော်နီ၏ အပေါင်း အသင်း မောင်ကြီးဆိုသူနေထိုင်ကြောင်း သိရ၏။

ဘိုးချမ်းသည် မောင်ကြီး၏အိမ်ကြီးရှိရာသို့ အိပ်မက်ခရီးဖြင့် သွားရောက်ကြည့်ရှုလေ၏။ ထိုအခါ အိမ်ကြီး၏အပေါ်ထပ်၌ ကျော်နီနှင့်ခွေခွေကို အခန်းတစ်ခန်း၌ ကြိုးများဖြင့် တုပ်နှောင်၍ ဖမ်းဆီးထားကြောင်း အံ့ဩဖွယ် မြင်တွေ့ရ၏။

ဘိုးချမ်းသည် ကျော်နီနှင့်ခွေခွေကို ကြည့်ရှုနေစဉ် မောင်ကြီး ၏ တပည့်များသည် ကျော်နီကို အခြားသောအခန်းတစ်ခန်းသို့ ခေါ် ဆောင်သွားလေ၏။

ခွေခွေသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် ကျန်ရစ်ခဲ့လေ၏။ ဘိုးချမ်းသည် ကျော်နီ၏ အနောက်သို့ လိုက်လံကြည့်ရှုလေ၏။

မောင်ကြီးသည် အခန်းကြီးတစ်ခန်းထဲ၌ အရက်များသောက် နေလေ၏။ ထိုအခန်းထဲသို့ ကျော်နီရောက်ရှိသွားသောအခါ အံ့ဩ ဖွယ်ရာပင် မောင်ကြီးက ကျော်နီ၏ကိုယ်တွင် တုပ်နှောင်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ကြိုးများကို ဖယ်ရှားပေးလိုက်၏။

ကျော်နီသည် ကြိုးများပြေသွားသောအခါ မောင်ကြီးနှင့်အတူ ပျော်ရွှင်စွာ အရက်များ သောက်လေ၏။

မောင်ကြီးက ကျော်နီ၏ပခုံးကိုဖက်၍

" မင်းရဲ့အကြံ သိပ်ပိုင်တယ် ကျော်နီ၊ လောလောဆယ် ခွေးခွေးရဲ့အတိုးကြီးက မင်းနဲ့ခွေးခွေး လိုက်ပြေးပြီလို့ထင်သွားမယ်၊ နောက်တစ်နေ့ဆိုရင် ခွေးခွေးအတိုးကြီးကို ပြန်ပေးငွေတောင်းရမယ်၊ မင်းရဲ့မိဘတွေဆီကိုလည်း တပြိုင်နက်တည်းတောင်းရမယ် "

ဟု ပြောလေ၏။ ထိုအခါ ကျော်နီက သဘောကျရယ်မော၍

" ပြန်ပေးငွေရရင် မင်းနဲ့ငါ ခွဲယူပြီး ဒီကောင်မကို ရန်ကုန်ကိုခေါ်ပြီး ခဏပေါင်းမယ်၊ ပေါင်းလို့ငြီးငွေ့ရင် ရန်ကုန်မှာ ပစ်ထားခဲ့တယ် "

ဟု ပြောလေရာ ဘိုးချန်သည် ကျော်နီ၏အကြံပက်စက်ပုံကို ကြားသိရလေ၏။

မောင်ကြီးက သဘောကျစွာ ရယ်မော၍

" ဒီကောင်မကို မင်း ဘာလို့ အတည်တကျမပေါင်းတာလဲ "





ဟု မေးမြန်းလေ၏။ ကျော်နီက ရယ်မော၍

" ဟား ဟား ဟား… ရန်ကုန်ကိုရောက်လို့ ပိုက်ဆံရှိရင် ဒီကောင်မထက်သာတာတွေ အများကြီး ပေါင်းလို့ရတာပဲ၊ ဒီကောင်မကို ငါက တစ်သက်လုံး ပေါင်းရမှာလား ".

ဟု ပြောလေ၏။ ထိုအခါ မောင်ကြီးက လေသံတိုးတိုးဖြင့်

" ဒါဆိုရင်လည်း မင်းပေါင်းလို့ဝပြီဆိုရင် ငါ့ကို မျှပေးပါလား "

ဟု ပြောလေ၏။ ကျော်နီက မောင်ကြီး၏ပခုံးကိုဖက်၍

" မင်းနဲ့ငါ ဒီကိစ္စကို ပြောစရာလိုလို့လား သူငယ်ချင်းရယ်၊ လောကမှာ မိန်းမက အရေးမကြီးပါဘူး၊ တကယ်အရေးကြီးတာက ငွေပါ "

ဟု ပြောလိုက်လေ၏။

ဘိုးချန်သည် အိပ်မက်ခရီးမှ ပြန်၍လန့်နိုးလာသောအခါ မိမိ၏အိပ်မက်ထဲမှာ မြင်တွေ့ပုံများကို ဦးအောင်ရွှေတို့ မိသားစုကို ပြောပြရန် မဖြစ်နိုင်ချေ။

ထို့ကြောင့် မိမိ၏အစွမ်းဖြင့် ကျော်နီတို့လူစုကို နှိမ်နင်းရန် ကြံစည်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ရောက်သောအခါ ဦးအောင်ရွှေသည် အိမ်ရှေ့ရှိ စာတိုက်ပုံးထဲမှ ပြန်ပေးအဖွဲ့၏ စာကိုရသဖြင့် ထိတ်လန့်တုန်လှုပ်သွားလေ၏။

စာထဲတွင် ကျော်နီနှင့် ဆွေဆွေကို ပြန်ပေးဆွဲထားကြောင်း၊ ဆွေဆွေကို အသက်မသေဘဲ ပြန်လည်လွတ်မြောက်ရန် ငွေတစ်ထောင် ပေးရမည်ဖြစ်ကြောင်း၊ ပုလိပ်ကိုတိုင်လျှင် ဆွေဆွေ၏ အလောင်းကိုသာ ရရှိမည်ဖြစ်ကြောင်း ပြောဆိုလေ၏။

ထိုအချိန်၌ ကျော်နီ၏မိဘများထံသို့လည်း ပြန်ပေးအဖွဲ့က အလားတူစာမျိုး ပို့လိုက်လေ၏။

ကျော်နီ၏မိဘများသည် ဦးအောင်ရွှေထံသို့ အထိတ်တလန့်ရောက်ရှိလာကြပြီး ၄င်းတို့မိဘများတိုင်ပင်၍ ပြန်ပေးများတောင်းသော ငွေကိုပေးရန် ကြံစည်ကြ၏။

ဦးအောင်ရွှေသည် ဘိုးချမ့်အား ၄င်းတို့မိသားစုဝင်ကဲ့သို့ သဘောထားကာ တိုင်ပင်ဆွေးနွေးလေ၏။

ဘိုးချမ့်သည် ရောဝတီမြစ်ကြောင်းအတိုင်း လှေငယ်တစ်စီးဖြင့်သွားကာ ဆွေဆွေကို ကယ်တင်ရန်ကြံစည်လိုက်၏။

ဘိုးချမ့်သည် ညသို့ရောက်လျှင် ရောဝတီမြစ်ကမ်းသို့ တိတ်





တဆိတ်ထွက်၍ တံငါလှေတစ်စီးကို ခိုးယူခဲ့၏။

ဘိုးချမ့်သည် မတတ်သာ၍ သူတစ်ပါးလှေကို ခိုးယူခြင်းဖြစ်သော်လည်း ပြန်ပေးရန် ကြံစည်ပြီးဖြစ်၏။

ဘိုးချမ့်သည် ရှည်ခွဲနေထိုင်စဉ် လှေကို ကောင်းစွာလှော်တတ်၏။ မောင်ကြီး၏နေအိမ်ရှိရာကမ်းစပ်သို့ရောက်လျှင် လှေကို ကမ်းကပ်ခဲ့၏။

ပြီးနောက် အိမ်ကြီးအနီးသို့ချည်းကပ်သွား၏။ အိမ်ကြီး၏ အရှေ့၌ မီးပုံကြီးဖိုပြီး မောင်ကြီး၏တပည့်သုံးယောက် အရက်သောက်နေကြ၏။

ဘိုးချမ့်သည် ရောဝတီမြစ်ကမ်းမှ လှေဖြင့်တက်လာသဖြင့် ၄င်းတို့လူစု ရိပ်မိခြင်းမရှိချေ။

ဘိုးချမ့်သည် အိပ်မက်ထဲ၌ မြင်တွေ့ထားသဖြင့် အိမ်ကြီး၏ မီးဖိုခန်းပြတင်းပေါက်မှ ကျော်ဝင်ရန် လွယ်ကူကြောင်းသိ၏။

မီးဖိုခန်းပြတင်းပေါက်ချက်ကို အပြင်မှကလန့်၍ ဖွင့်၏။ ပြတင်းပေါက်သည် ကျွီခနဲမြည်၍ ပွင့်ထွက်သွား၏။

ဘိုးချမ့်သည် မီးဖိုခန်းကိုကျော်ဝင်၍ အပေါ်ထပ်လှေခါးထစ်များသို့ တက်၏။



www.burmeseclassic.com

www.burmeseclassic.com



လှေခါးထစ်ကထစ်ချိုး၌ မောင်ကြီးတပည့်တစ်ဦး နံရံကိုမှီ၍ အိပ်ပျော်နေ၏။ ဘိုးချုန်သည် ထိုသူကိုကျော်၍ ဆွေဆွေကို ဖမ်းဆီးထားရာ အခန်းတံခါးဝသို့ ရောက်လာ၏။

ဘိုးချုန်သည် တံခါးဖွင့်လိုက်သောအခါ ကွပ်ပျစ်ပေါ်၌ ခွေခွေလေး လဲကျနေသော ဆွေဆွေကို တွေ့ရ၏။

ဘိုးချုန်သည် ဆွေဆွေကို လှုပ်ရမ်း၍နှိုးလိုက်သောအခါ ဆွေဆွေသည် အိပ်ရာပေါ်မှနိုးလာပြီး ဘိုးချုန်ကို ဇဝေဇဝါနှင့် ကြည့်ရှုလေ၏။

ဘိုးချုန်သည် ဆွေဆွေ၏ပါးစပ်ကို လက်ဖြင့်ပိတ်၍

" မဆွေဆွေကို ကျုပ် လာကယ်တာ "

ဟု ပြောလေရာ ဆွေဆွေက ဘိုးချုန်ကိုကြည့်၍

" ကျွန်မတစ်ယောက်တည်းမဟုတ်ဘူး၊ ဂျော်နီကိုလည်း ကယ်ရမယ် "

ဟု ပြောလေ၏။ ဘိုးချုန်က လက်ကာပြ၍

" ဂျော်နီကို ကယ်ဖို့မလိုဘူး၊ ဒီကောင်ဟာ လူယုတ်မာ၊ မဆွေဆွေကိုဒုက္ခပေးတာ ဒီကောင်ရဲ့အကြံဉာဏ်တွေ "

ဟု ပြောလေ၏။





ဆွေဆွေသည် ဘိုးချုန်ကို အထင်ကြီးသူမဟုတ်သဖြင့်

" တောသား… နင် ဘာမှမသိဘဲ ဂျော်နီကို စော်ကားနေတယ်၊ ဂျော်နီဟာ ငါ့လိုပဲ ဒုက္ခခံနေရတာ "

ဟု ပြောလေ၏။

ဘိုးချုန်သည် မည်သည့်စကားကိုမျှ မဆိုတော့ဘဲ ဆွေဆွေ၏လက်ကိုဆွဲ၍ အခန်းထဲမှ ထွက်ခဲ့၏။

ထိုအခိုက်မှာပင် အပေါ်ထပ်ရှိ အခန်းတစ်ခန်းမှ စကားပြောသံ ကြားရ၍ ချောင်းမြောင်းကြည့်လိုက်ရာ ဂျော်နီနှင့် မောင်ကြီးတို့ နှစ်ယောက် အရက်သောက်ရင်း စကားပြောဆိုနေကြောင်း တွေ့ရ၏။

မောင်ကြီးက အရက်ကို တစ်ငုံသောက်၍

" ငါတိုက်တဲ့အရက်ကိုသောက်ပြီးရင် ငါ့အတွက် ဟိုကောင်မကို ပြန်စွန့်ကြဲရမယ်နော် "

ဟု ပြောလိုက်ရာ ဂျော်နီက တဟားဟားရယ်မော၍

" ငါကြံလို့ပြီးရင် မင်းကို ငါ ပြန်စွန့်ကြဲပါ့မယ်ကွာ၊ ဒီကောင်မက ဘာမှတန်ဖိုးမရှိပါဘူး "

ဟု ပြောလေ၏။

ဘိုးချုန်သည် ထိုမြင်ကွင်းအား ဆွေဆွေကို ခေါ်၍ပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရာ ဆွေဆွေသည် လွန်စွာအံ့သြသွားပြီး အခန်းထဲသို့ ဝင်ရောက် ကြိမ်းမောင်းရန် ကြံစည်၏။

ဘိုးချုန်က ဆွေဆွေကို ချုပ်နှောင်၍ အိမ်၏အောက်ထပ်သို့ ခေါ်ဆောင်သွားလေ၏။

လှေခါးရင်း၌အိပ်စက်နေသူကို ဆွေဆွေ၏ခြေဖြင့်နင်းမိလေ၏ ထိုသူသည် ညည်းညူရင်း မျက်လုံးဖွင့်ကြည့်လေ၏။

ဘိုးချုန်တို့ကိုမြင်သောအခါ အော်ဟစ်ရန် ကြံလိုက်၏။ ဘိုးချုန်က ထိုသူ၏ခေါင်းကို တံတောင်ဖြင့်ထောင်းကာ ဆွေဆွေ၏ လက်ကို ဆွဲ၍ ပြေးလေ၏။

အိမ်၏အနောက်ဘက်အပေါက်ကိုဖွင့်၍ ရေစပ်သို့ပြေးလေ၏။

ထိုသူ၏အော်ဟစ်သံကြောင့် အိမ်ရှေ့၌ အရက်သောက်နေသူ များ အနောက်ဘက်သို့ရောက်ရှိလာပြီး ရေစပ်သို့ပြေးထွက်သွားသော ဘိုးချုန်တို့ကို မြင်တွေ့သွား၏။

ဘိုးချုန်သည် ဆွေဆွေ၏လက်ကိုဆွဲ၍ လှေပေါ်သို့ ထိုးတင် ၏။ ဆွေဆွေ လှေပေါ်သို့ရောက်သောအခါ လှေကို လှော်ခတ်၍ ထွက်ခဲ့၏။

လူဆိုးများ ကမ်းပေါ်၌ အော်ဟစ်ပြီး ကျန်ရစ်ခဲ့လေ၏။





ဘိုးချုန်တို့သည် ညတွင်းချင်း အိမ်သို့ ပြန်လည်ရောက်ရှိလေရာ ဦးအောင်ရွှေတို့မိသားစုသည် ဆွေဆွေကိုမြင်သည် နှင့် ဝမ်းမြောက် ဝမ်းသာဖြစ်ကြ၏။

ဘိုးချုန်သည် မိမိ၏အစွမ်းကို လျှို့ဝှက်လိုသဖြင့်

“ မဆွေဆွေအတွက် စိုးရိမ်လို့ မြို့ထဲမှာလျှောက်ရှာရင်း ဧရာဝတီမြစ်ကမ်းနံဘေးက ကျော်နီရဲ့ သူငယ်ချင်း အိမ်မှာ ဆွေဆွေကို မမျှော်လင့်ဘဲ တွေ့ရတာ ”

ဟု ပြောလေ၏။

ဆွေဆွေသည် ကျော်နီ၏ ယုတ်မာကောက်ကျစ်ပုံကို ဖခင် ဖြစ်သူအား ပြောပြလေ၏။

ဦးအောင်သည် ကျော်နီ၏စိတ်ဓာတ်ကို သိရှိသွားသဖြင့် ညတွင်းချင်း ပုလိပ်ဌာနသို့ သွားရောက်တိုင်ကြားလေ၏။

ပုလိပ်များ သွားရောက်ရှာဖွေသောအခါ ကျော်နီတို့လူစု ထွက်ပြေးတိမ်းရှောင်သွားကြောင်း တွေ့ရ၏။

ဘိုးချုန်တို့မြို့၏အစွန်၌ ကျယ်ဝန်းသော ခြံကြီးတစ်ခြံရှိ၏။

ထိုခြံကြီးကို တစ်မြို့လုံးရှိလူများက ဆရာကြီး ဦးရွှေဝ ၏ လူသိများကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာကြီး ဦးရွှေဝသည် ထိုမြို့ကြီး၌နေထိုင်၍ ကျန်းမာမကျန်း ဖြစ်နေသော လူနာများကို ကုသပေးလေ၏။

ဆရာကြီး ဦးရွှေဝသည် ဆေးပညာနှင့်ပတ်သက်လျှင် လွန်စွာ အစွမ်းထက်သည်ဟု နာမည်သတင်းကြီး၏။

ဆရာကြီးသည် ငယ်စဉ်ကပင် မြန်မာပြည်အရပ်ရပ် လှည့်လည်၍ ဆေးပညာကို ရှာဖွေ ပညာဆည်းပူးခဲ့၏။

ထိုသို့ပညာဆည်းပူးရင်း မကျန်းမာမကျန်းဖြစ်နေသူများကို ကုသ ပေးခဲ့၏။ ထိုသို့ကုသပေးရင်း အသက်အရွယ်ကြီးရင့်လာသောအခါ ဇာတိမြို့သို့ပြန်၍ ဆေးဝါးကုသပေးခဲ့၏။

ဆရာကြီးသည် လွန်စွာ စိတ်ကောင်းစေတနာကောင်းရှိပြီး ဆေးဝါးကုသရာ၌ မည်သည့်အခါမျှ အခကြေးငွေယူသည်ဟူ၍ မရှိ။ ဆင်းရဲသားများကို အခမဲ့ကုသပေးလေ့ရှိ၏။

ဆရာကြီး၏ ဦးရွှေဝဆေးတိုက်၌ အလှူခံပုံးတစ်ခုသာ ထားရှိ၏။ အလှူခံပုံးသို့ ငွေကြေးတတ်နိုင်သူများက စေတနာရှိလျှင် ထည့်သွားနိုင်၏။

ဆင်းရဲနွမ်းပါးလွန်း၍ အလှူခံမထည့်နိုင်သူများကိုလည်း ကျောသားရင်သား ခွဲခြားလေ့မရှိချေ။





ဆရာကြီးသည် သူ၏မြို့ကြီး၌ တန်းလျားများဆောက်ထားပြီး လူနာများကို ညအိပ်ညနေလက်ခံပြီး ကုသ၏။

ဦးရွှေဝသည် မြို့၏သာရေးနာရေးကိစ္စများ၌လည်း တက်ကြွစွာ ပါဝင်လုပ်ကိုင်၏။

မြို့ပြင် တံတားဆောက်ရန် ငွေကို ဦးရွှေဝ ဦးဆောင်၍ ကောက်ခံခဲ့သည်မှာ ငါးနှစ်တင်းတင်း ပြည့်ခဲ့ပြီး လိုအပ်သောငွေ ပြည့်စုံသဖြင့် တံတားကြီးဆောက်ရန် ကြံစည်ခဲ့၏။

ထိုသို့ကြံစည်ပြီးကာမှ ဦးရွှေဝအတွက် ကြီးစွာသော ကြိုဟ် ဆိုးကြီးတစ်ခု ဝင်ရောက်ခဲ့၏။

ဆရာကြီး ဦးရွှေဝသည် တံတားဆောက် လုပ်ရန် အလှူခံ ရရှိသည့်ငွေများကို ဘဏ်မှထုတ်ယူပြီး သိမ်းဆည်းထားခဲ့၏။

ထိုသို့ သိမ်းဆည်းထားရင်း ငွေထုပ်ကြီး ပျောက်ချင်းမလှ ပျောက်ဆုံးသွား၏။

ဆရာကြီး ဦးရွှေဝသည် မြို့သူမြို့သားများ တံတားဆောက် ရန် လှူဒါန်းထားသောငွေများ မိမိလက်၌ ပျောက်ဆုံးသွားသဖြင့် များစွာ စိတ်ထိခိုက်ခဲ့ရ၏။

ဆရာကြီး၏အိမ်သို့ သူခိုးဝင်ရောက်ပြီး ခိုးယူသွားခြင်းပေ



www.burmeseclassic.com

www.burmeseclassic.com



လော၊ သို့တည်းမဟုတ် ဆရာကြီး၏လူနာများက ခိုးယူသွားခြင်း ပေလောဟု တွေးမရအောင်ဖြစ်ရ၏။

ပုလိပ်အဖွဲ့သည် အမှုကို အားကြိုးမာန်တက် စုံစမ်းသော်လည်း မည်သည့်သဲလွန်စကိုမျှ ရရှိခြင်းမရှိချေ။

ဆရာကြီး ဦးရွှေဝ၏သတင်းကို ကြားသိသူတိုင်းက စိတ်ကောင်း စေတနာကောင်းရှိသော ဆရာကြီးကို ကရုဏာသက်ကြ၏။

ဘိုးချုန်သည် ဆရာကြီးဦးရွှေဝ၏သတင်းကို ကြားသိသော အခါ ဆရာကြီး၏ ပျောက်ဆုံးသွားသော အလှူငွေများနှင့်ပတ်သက်ပြီး မိမိအစွမ်းရှိသမျှ ကူညီရန် ဆုံးဖြတ်လိုက်၏။

ဘိုးချုန်သည် အိပ်မက်ခရီးဖြင့် ဆရာကြီး၏ ဦးရွှေဝ ဆေးတိုက်သို့ ညဉ့်သန်းခေါင်အချိန် ရောက်ရှိသွားလေ၏။

ဆရာကြီး၏အိမ်သည် ခြံ၏အလယ်၌ရှိ၏။ ခြံ၏အနောက်၌ သစ်သားအိမ်ငယ်လေးတစ်လုံးရှိပြီး ထိုအိမ်၌ ဆရာကြီးကို ကူညီလုပ်ကိုင်ပေးသူများ နေထိုင်ပုံရ၏။

ဆရာကြီး၏ခြံပတ်ပတ်လည်၌ တန်းလျားများရှိပြီး ထိုတန်းလျားများ၌ ညဉ့်အိပ်ညဉ့်နေ လူနာများ ထားရှိ၏။





ဘိုးချုန်သည် အိပ်မက်ထဲ၌ ဆရာကြီး၏အိမ်သို့ ရောက်ရှိသွားလေ၏။ ထိုအခါ အိမ်၏အပေါ်ထပ်၌ ဆရာကြီးတစ်ကိုယ်တည်း ထိုင်၍ အိပ်စက်မပျော်နိုင်ဘဲ ရှိနေလေ၏။

ဆရာကြီးသည် မြို့သူမြို့သားများ၏အလှူငွေများ မိမိလက်၌ ပျောက်ဆုံးသွားသဖြင့် အလွန်စိတ်ထိခိုက်နေဟန်ရှိ၏။ ထိုအခိုက်မှာပင် ဆရာကြီးရှိရာ ဧည့်ခန်းထဲသို့ မိန်းမပျိုတစ်ဦးဝင်ရောက်လာပြီး

" ညဉ့်နက်နေပြီ ဖေဖေ၊ ဒီသွေးဆေးလေးသောက်ပြီးရင် ပျော်အောင်အိပ်လိုက်နော် "

ဟု ပြောကာ ဆရာကြီးအား သွေးဆေးတိုက်ရန် ကြိုးပမ်းလေ၏။

ထိုအခါ ဆရာကြီးက မသာယာသောမျက်နှာဖြင့် ခေါင်းခါယမ်း၍

" အဖေ သွေးဆေးသောက်လည်း အိပ်မပျော်ပါဘူး သမီးရယ်၊ မြို့သူမြို့သားတွေရဲ့ ငါးနှစ်လုံးလုံးထည့်ဝင်ခဲ့တဲ့ အလှူငွေတွေဟာ အဖေ့ရဲ့ပေါ့ဆမှုကြောင့် ပျောက်ရှသွားတာ၊ အဖေ ဘယ်လိုလုပ်ပြီး ဖြေသည်နိုင်မှာလဲ သမီးရယ်၊ အဖေ ဘယ်လိုအိပ်ရမှာလဲ၊ အဖေ့ခေါင်းထဲမှာ ပျောက်ဆုံးသွားတဲ့ငွေတွေအကြောင်းပဲ တွေးနေမိ



www.burmeseclassic.com

www.burmeseclassic.com



တယ် ”

ဟု ပြောလေရာ မိန်းမပျိုသည် ဖခင်ဖြစ်သူကို ကရုဏာသက်ဟန်ဖြင့်ကြည့်၍

“ အဖေရယ်… ဒီအကြောင်းတွေကို ခဏမေ့ထားလိုက်ပါ၊ပုလိပ်တွေလည်း ကြိုးစားပြီးစုံစမ်းနေတယ် မဟုတ်လား၊ မကြာမီ တရားခံကိုတွေ့ပြီး ပျောက်ဆုံးသွားတဲ့ငွေတွေ ပြန်ရမှာပါ ”

ဟု နှစ်သိမ့်လေ၏။

သို့သော် ဆရာကြီးက စိတ်လျှော့သော အမူအရာဖြင့်

“ အဖေတော့ ဒါတွေပြန်ရမယ်လို့ မထင်တော့ဘူး၊ လုပ်တဲ့သူက ပိပိရိရိလုပ်သွားတာ၊ အဖေ ဘယ်လိုလုပ်ပြီး ပြန်ရနိုင်တော့မှာလဲ၊ အဖေတော့ မြို့သူမြို့သားတွေရဲ့အလယ်မှာ တစ်သက်လုံး လူလုပ်လို့မရတော့ပါဘူးကွယ်၊ အချို့သောလူတွေဆိုရင် အလှူငွေတွေကို ဦးရွှေဝကြီး ရန်ကုန်မြို့တက်ပြီး မြင်းလောင်းလို့ ရှုံးသွားတယ်လို့တောင် ပြောကုန်ကြပြီ၊ အဖေ အရမ်းစိတ်ထိခိုက်တယ်”

ဟု ပြောလေရာ မိန်းမပျိုသည် ဖခင်ကြီး စိတ်ချမ်းသာစေရန် နည်းအမျိုးမျိုးဖြင့် နှစ်သိမ့်နေရှာ၏။

ဘိုးချွန်သည် ထိုမြင်ကွင်းကို ဆက်၍မကြည့်လိုတော့ဘဲ





အိမ်မက်ခရီးဖြင့် ထွက်ခဲ့လေ၏။

ထိုမြင်ကွင်းအရ ဆရာကြီးဦးရွှေဝသည် မြို့သူသားများ၏ အလှူငွေများကို ဖြုန်းတီးပစ်သူမဟုတ်ကြောင်း လယ်ပြင်ဆင်သွားသလို ထင်းထင်းကြီး ပေါ်လွင်နေချေပြီ။

ဘိုးချွန်သည် ဆရာကြီး၏အလုပ်သမားများနေထိုင်ရာ အိမ်အနောက်ရှိ သစ်သားအိမ်ငယ်လေးရှိရာသို့ ထွက်ခဲ့ပြန်၏။

ထိုနေရာ၌ မီးများကို မှိန်မှိန်ထွန်းထားပြီး လေးဆယ်ဝန်းကျင် အလုပ်သမားကြီးသုံးယောက် အိပ်ပျော်နေလေ၏။

ထိုသူများသည် ဆရာကြီး၏ဆေးတိုက်၌ ကူညီလုပ်ကိုင်ပေးသူများ ဖြစ်ပုံရ၏။ ဘိုးချွန်သည် အိမ်ငယ်လေး၏ တစ်ဖက်အစွန်ဆုံးအခန်းသို့ ထွက်ခဲ့ပြန်၏။

ထိုအခါ အိပ်ခန်းအတွင်းမှ မိန်းမတစ်ဦး၏ ခိုးခိုးခစ်ခစ်ရယ်မောသံကို ကြားရလေ၏။

ဘိုးချွန်သည် ထိုမိန်းမကိုမြင်သောအခါ အလွန်အံ့သြသွားပြီး အိပ်မက်ထဲ၌ မိန်းမယုတ်ကြီးဟု အော်ဟစ်လိုက်လေ၏။

အဘယ်ကြောင့်ဆိုသော် မိမိမြင်တွေ့ရသော မိန်းမမှာ ခိုင်ကြီးကို ချစ်ဟန်ဆောင်၍ ငွေများခိုးယူထွက်ပြေးသွားသော



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ဆိုသော မိန်းမကြီးဖြစ်နေလေ၏။

ဘိုးချန်သည် အကျင့်စာရိတ္တမကောင်းသော မိန်းမကြီးကို မြင်သည်နှင့် ဆရာကြီး၏ငွေများ ပျောက်ဆုံးသွားခြင်းအတွက် သံသယဖြစ်ဖွယ်အကောင်းဆုံးလူပဲဟု သတ်မှတ်လိုက်လေ၏။

ခဏကြာလျှင် အိပ်ခန်းထဲမှ ခိုးခိုးခစ်ခစ် ရယ်သံများ ကြား လေ၏။ အတန်ကြာလျှင် ယောကျာ်းတစ်ယောက်၏အသံထွက်ပေ လာပြီး

" ပြန်တော့မယ် မမရယ်၊ အဘိုးကြီး ရိပ်မိသွားလိမ့်မယ် နောက်တစ်နေ့ တွေ့ကြသေးတာပေါ့ "

ဟု ပြောလေရာ ခင်ခင်ဆိုသော မိန်းမက ကလက်တင် တက် ရယ်မော၍

" ဒီလောက်လည်း လောဘမကြီးပါနဲ့ မောင်လေးရယ် စိတ်ကို ထိန်းစမ်းပါ၊ ဒီခြကြီးက ထွက်သွားပြီးလို့ ရန်ကုန်ရော ရင် ပျော်ပျော်ကြီးနေလို့ရတာပဲ၊ ရန်ကုန်ရောက်မှ သဘော ကလောဟိပေါ့၊ ဟိ ဟိ... ငါတို့စိတ်တိုင်းကျသုံးဖို့ ဖြုန်းဖို့ငွေ လည်း ရှိနေပြီ၊ ဘာလိုသေးလို့လဲ၊ အရေးကြီးတာက ငါတို့ ဒီမြို့ ပိပိရိရိ ထွက်သွားဖို့ပဲ "





ဟု ပြောလေ၏။

ဘိုးချန်သည် အိပ်မက်ခရီးမှပြန်လာသောအခါ ဆရာကြီး ဦးရွှေဝ၏ငွေများကို ခိုးယူသူမှာ ယုတ်မာသောမိန်းမ ခင်ခင်ဖြစ် ကြောင်း ရိပ်စားမိလိုက်၏။

ခင်ခင်သည် ရုံပိုင်ကြီးကို အယုံသွင်း၍ ငွေနှင့် လက်ဝတ် ရတနာများကို ခိုးယူရုံမက ဆရာကြီး ဦးရွှေဝ လက်ခံသိမ်းဆည်း ထားသော မြို့လူထု၏အလှူငွေများကိုပင် ခိုးယူသွားချေပြီ။

ဘိုးချန်သည် အိပ်မက်ခရီး၌ ဆရာကြီး ဦးရွှေဝ၏ငွေများ သိမ်းဆည်းထားသောနေရာကို စုံစမ်းရန်ကြံ၏။

သို့သော် ခင်ခင်သည် ကာမဆက်ဆံပြီး ခုတင်ပေါ်၌ ပိုးလိုး ပက်လက် အိပ်ပျော်သွားသဖြင့် ဆရာကြီး၏ငွေများ သိမ်းဆည်း ထားသောနေရာကို သိရှိခြင်းမရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးချစ်သည် နောက်တစ်နေ့သို့ရောက်လျှင် မြို့ထဲသို့ထွက်၍ ဆေးဆရာကြီး ဦးရွှေဝ၏မြို့ကြီး၌ လူယုတ်မာမိန်းမကြီး ရောက်ရှိနေခြင်း အကြောင်းကို စုံစမ်းလေ၏။

ထိုအခါ အံ့သြဖွယ်ကောင်းသောအချက်တစ်ချက်ကို တွေ့ရ၏။

ခင်ခင်သည် ဆရာကြီးဦးရွှေဝ၏ ဆွေမျိုးနီးစပ်တော်သူဖြစ်ကြောင်း သိရ၏။

သူမသည် ဦးရွှေဝ၏ အစ်မဝမ်းကွဲမှ မွေးသော သမီးဖြစ်၏။ ခင်ခင်သည် ဆရာကြီး ဦးရွှေဝ၏ မြို့ကြီး၌ လွန်ခဲ့သော နှစ်များစွာကပင် ဝင်ရောက် လုပ်ကိုင်ကြောင်း သိရ၏။





ထို့ကြောင့်ပင် ပုလိပ်အဖွဲ့မှ ခင်ခင်အား သံသယစာရင်းမှ ပယ်ဖျက်ထားဟန်ရှိလေ၏။

ဘိုးချစ်သည် ခင်ခင်နှင့်ငြိစွန်းနေသော လူအကြောင်းကို ဆက်လက်စုံစမ်းလေရာ ထိုသူသည် ဆရာကြီး၏မြို့၌ တောက်တိုမယ်ရ အလုပ်များကို လုပ်ကိုင်ပေးပြီး ဆေးတိုက်အတွက် လိုအပ်သော ဆေးမြစ်၊ ဆေးရွက်နှင့် သစ်ဥ၊ သစ်ဖုများကို ရှာဖွေနေသော ဖိုးတာဆိုသူဖြစ်ကြောင်း သိရ၏။

မြို့ပေါ်ရှိလူများသည် ခင်ခင်နှင့် ဖိုးတာ ပေါင်းဖက်နေခြင်းကို ရိပ်စားမိခြင်းမရှိချေ။

ဘိုးချစ်သည် ဆရာကြီးဦးရွှေဝ၏ ငွေများ ပြန်လည်ရရှိရန်အတွက် အားကြိုးမာန်တက်စုံစမ်းရန် ကြံစည်၏။

ထိုသို့စုံစမ်းရာ၌ အိပ်မက်ခရီးထွက်နိုင်သောအစွမ်းကို အားကိုးအားထား ပြုလေ၏။ သို့သော် ညဥ့်သန်းခေါင်အချိန် အိပ်မက်ခရီးထွက်သည့်အခါတိုင်း လူများအိပ်စက်နေချိန်ဖြစ်၍ သဲလွန်စရရန်ခက်ခဲ၏။

ဘိုးချစ်သည် နေ့ခင်းအလုပ်အားလပ်ချိန် တရေးတမော အိပ်စက်၍ အိပ်မက်ခရီးထွက်ရန် မြို့အနောက်ရှိ အိမ်ကလေးသို့ပြန်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။

ထိုအခါ ဘိုးချုန်က ဆေးဖော်ကြောဖက်မလုပ်သော အိမ်ဖော် မိန်းကလေးနှစ်ယောက်သည် ဘိုးချုန်အိပ်စက်နေကြောင်းသိရသော အခါ အိပ်မရအောင် ပြုလုပ်ကြ၏။

ဘိုးချုန်သည် အိပ်မက်ခရီးထွက်ရန် မဖြစ်နိုင်သဖြင့် လက် လျှော့လိုက်ရ၏။

ဘိုးချုန်သည် အိပ်ကလေးမှ လှမ်းမျှော်ကြည့်သောအခါ ခပ်ဝေးဝေး၌ ထုံးဖြူဖြူနှင့် စေတီလေးတစ်ဆူကို မြင်ရ၏။

ဘိုးချုန်သည် ထိုစေတီလေးသို့ သွားရောက်အိပ်စက်ရန် ကြံ စည်၏။ ဘိုးချုန်သည် စေတီသို့လျှောက်လှမ်းသွားပြီး အရိပ်ရသော နေရာ၌ တရေးတမော အိပ်စက်လေ၏။

ခဏကြာလျှင် ဘိုးချုန် အိပ်ပျော်သွားပြီး အိပ်မက်ခရီး အောင် မြင်လေ၏။ ဘိုးချုန်သည် အိပ်မက်မက်ရင်း ဆေးဆရာကြီး ဦးရွှေဝ ၏ မီးဖိုချောင်သို့ ရောက်သွားလေ၏။

ခင်ခင်သည် မီးဖိုချောင်၌ထိုင်ကာ ဆေးများကျိုထားသော အိုးကြီးတစ်အိုးကို ယောက်မနှင့်မွှေနေလေ၏။

ထိုသို့မွှေနေစဉ်မှာပင် မီးဖိုချောင်သို့ သူမနှင့် တိတ်တိတ်ပုန်း





ဖြစ်နေသော ဖိုးတာရောက်လာပြီး ခင်ခင်အား ပွေ့ဖက်နမ်းရှုံ့လိုက် ၏။

ခင်ခင်သည် တခစ်ခစ်ရယ်မော၍ ရုန်းကန်ရင်း

“ လူတွေမြင်သွားဦးမယ်၊ သိပ်မကဲနဲ့ကွယ် ”

ဟု ပြောလေ၏။ ထိုအခါ ခင်ခင်ကိုဖက်ထားသော ဖိုးတာ က

“ ကျုပ်တော့ မျှိုသိပ်လို့မရနိုင်တော့ဘူးဗျာ၊ ငွေတွေကိုယူပြီး အမြန်ထွက်သွားချင်လှပြီ ”

ဟု ပြောလေ၏။ ထိုအခါ ခင်ခင်သည် ဖိုးတာကို အထင် သေးဟန်ဖြင့် ကြည့်၍

“ မင်းက ပုလိပ်တွေကို လျှော့တွက်တာကိုး၊ ပုလိပ်တွေက စောင့်ကြည့်နေတုန်းပဲကွယ်၊ ငါတို့နှစ်ယောက် ဟန်ဆောင်ကောင်း မှဖြစ်မယ် ”

ဟု ပြောလေရာ ဖိုးတာသည် ခင်ခင်ကို သိုင်းဖက်လိုက်ရင်း

“ ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ပုလိပ်တွေကို ဂရုမစိုက်ဘူး၊ ရန်ကုန်ရောက်ရင် သူတို့ မလိုက်နိုင်တော့ပါဘူး၊ မမ ဒီလောက် ဆောင် အချိန်ဆွဲနေရင် ကျုပ်ဘာသာ ငွေတွေကိုသွားယူပြီး



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ကို ထွက်သွားလိုက်မှာနော် ”

ဟု ပြောလေရာ ဖိုးတာ၏စကားကြောင့် ခင်ခင်၏မျက်နှာ တင်းမာသွားပြီး ဟန်ဆောင်သောအမူအရာသို့ပြောင်းကာ ပြုံးရယ်၍

“ ဟင်း ဟင်း ဟင်း… မောင်လေး ဖိုးတာက သိပ်ပြီး စိတ်စောတာပဲ၊ မမက ဖိုးတာကို မချစ်ဘူးထင်လို့လား၊ မမလည်း ရန်ကုန်ကို အမြန်သွားချင်ကုပါပြီကွယ်၊ ဒါဆိုရင် လာမဲ့ လပြည့်ည ရောက်ရင် ရန်ကုန်ကိုသွားမယ်၊ သောကြာနေ့ညမှာ ဖွက်ထားတဲ့ငွေ တွေကို မောင်လေး သွားပြီတူးယူလိုက် ”

ဟု ပြောလိုက်ရာ ဖိုးတာသည် လွန်စွာသဘောကျသွားပြီး

“ ဟဲ ဟဲ… ဒါမှ ဖိုးတာချစ်တဲ့ မမဗျ၊ ကျုပ်တို့ ရန်ကုန် ရောက်ရင် ငွေကို ရေလိုသုံးပြီး စည်းစိမ်မှန်သမျှ အားလုံးခံစားကြ မယ်၊ ဒါပေမဲ့ ဟဲ ဟဲ ဟဲ… ဘယ်စည်းစိမ်မှ မမနဲ့ မလဲနိုင်ပါ ဘူး ”

ဟု ပြောကာ မီးဖိုချောင်ထဲမှ ပြန်လည်ထွက်ခွာသွားလေ ၏။

ခင်ခင်သည် ဖိုးတာ၏နောက်ကျောကို မကျေမချမ်း အမူအရာ ဖြင့် ကြည့်ရှုပြီး ကျန်ရစ်ခဲ့လေ၏။





ဘိုးချုန်သည် မိမိ၏အိပ်မက်ခရီး အောင်မြင်ပြီး မိန်းမယုတ် ခင်ခင်နှင့် လူယုတ်မာ ဖိုးတာတို့ မြို့မှထွက်ပြေးမည့်အစီအစဉ်ကို သိရှိသဖြင့် အလွန်ကျေနပ်အားရမိလေ၏။

ဘိုးချုန် အိပ်မက်မက်ရာမှ လန့်နိုးလာပြီး စေတီတော်မှ ထွက်ခွာရန် ကြံလိုက်စဉ် ဆွေဆွေသည် စေတီရှိရာသို့ လျှောက်လှမ်း လာပြီး ဘိုးချုန်ကိုမြင်သောအခါ

“ ဟယ်… ဘိုးချုန်ကိုမြင်တာနဲ့အတော်ပဲ၊ ဒီစေတီလေးမှာ ဆွေဆွေ မွေးနေ့တိုင်း ပုတီးလာစိတ်တယ်၊ ဆွေဆွေ ပုတီးစိတ်နေ တုန်း ဘိုးချုန် စောင့်ပေးရမယ်နော် ”

ဟု ပြောလေ၏။

ဆွေဆွေသည် သူမအား ကျော်နီ၏လက်မှ ကယ်တင်ပေးပြီး သည့်နောက်ပိုင်း ဘိုးချုန်ကို ယခင်ကထက် ပိုမိုရင်းနှီးစွာ ဆက်ဆံ လေ၏။

ဘိုးချုန်သည် ဆွေဆွေ ပုတီးစိတ်မည်ဆိုသဖြင့် မတတ်သာ ဘဲ စေတီ၌ စောင့်နေရ၏။

ဆွေဆွေသည် အတန်ကြာအောင် ပုတီးစိတ်ပြီးနောက် ဘိုးချုန် နှင့်အတူ စေတီ၌ထိုင်ရင်း ဘိုးချုန်၏ဘဝ နောက်ကြောင်းများကို



www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းနေလေ၏။

ထိုအချိန်မှစ၍ ခွေခွေသည် ဘိုးချွန်အား ရင်းနှီးခင်မင်ဟန်ဖြင့် မကြာခဏ ခြံထဲဆင်း၍ စကားပြောဆိုလေ၏။

နေ့လယ်ခင်း ဘိုးချွန်အလုပ်လုပ်ချိန်များ၌ လက်ဖက်သုပ်၊ ချင်းသုပ် အစရှိသော စားသောက်ဖွယ်ရာများကို ပို့ပေးလေ၏။

ခွေခွေ၏ ကိုယ်ရောင်ကိုယ်ဝါကို ကြည့်ရှုသောအခါ ယခင်ကကဲ့သို့ နီညစ်ညစ်အရောင်များသာ မြင်ရသဖြင့် ဘိုးချွန်သည် မိမိအပေါ် ပရိယာယ်ဆင်ခြင်းဟု နားလည်လေ၏။

ထို့ကြောင့် ခွေခွေ၏ ရင်းနှီးခင်မင်မှုများကို သတိကြီးစွာထား၍ ဆက်ဆံရလေ၏။

တစ်ညသ၌ ဘိုးချွန် အိပ်မက်ခရီးထွက်ရန် ပြင်ဆင်နေစဉ် ခွေခွေရောက်ရှိလာသဖြင့် ဘိုးချွန်သည် မျက်လုံးပြူးသွားပြီး

" ဘာကိစ္စလဲ ခွေခွေ၊ ဒီအချိန်ကြီးမှာ ကျုပ်ရဲ့အခန်းကို ရောက်လာတာ မသင့်တော်လို့ မေးရတာပါ "

ဟု မေးမြန်းလေရာ ခွေခွေက ဘိုးချွန်၏အနီးသို့ တိုးကပ်၍

" ခွေခွေ အိပ်မပျော်လို့ဆင်းလာတာပါ၊ ဘာလဲ...





ကိုဘိုးချွန်က ခွေခွေနဲ့ စကားမပြောချင်လို့လား "

ဟု မေးမြန်းလေ၏။ ဘိုးချွန်က သက်ပြင်းချ၍

" ကျုပ်ရဲ့အိပ်ခန်းမှာ အိမ်ကြီးရှင် သူဌေး သမီးတစ်ယောက် ရှိနေရင် ပတ်ဝန်းကျင် ဘယ်လိုပြောကြမလဲ၊ မသင့်တော်လို့ပါ ခွေခွေ၊ ကျုပ်စကားကိုနားထောင်ပြီး အခုပဲ ပြန်ပါတော့များ၊ ကျုပ်လည်း အရမ်းအိပ်ချင်နေပြီ "

ဟု မောင်းနှင်ထုတ်လိုက်လေရာ ခွေခွေသည် မသိမသာ မျက်နှာကိုမဲ့လိုက်ပြီး

" ကောင်းပြီလေ၊ ဒါဆိုရင်လည်း ခွေခွေ ပြန်ပါ့မယ်၊ ကိုဘိုးချွန်ကို ခင်မင်လို့ ထွက်လာတာပါ၊ ခွေခွေ ဘယ်လိုလုပ်လုပ် ဒီအိမ်ကြီးမှာ တားဝံ့တဲ့သူ မရှိပါဘူး "

ဟု ပြောရင်း ပြန်လည်ထွက်ခွာသွားလေ၏။

ဘိုးချွန်သည် လွန်စွာ မာန်မာနကြီးသော ခွေခွေသည် မိမိအပေါ် အဘယ်ကြောင့် ရင်းနှီးကျွမ်းဝင်ဟန်ပြနေသနည်း ဟူသော အဖြေကို မကြာမီ သိရှိလေ၏။

ထိုနေ့က ဦးအောင်ရွှေနှင့် ဇနီးသည် ဘိုးချွန်အား အရေးတကြီး တိုင်ပင်ချင်သည်ဟုဆိုကာ ခေါ်ယူတွေ့ဆုံလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ရွှေသည် စိတ်သဘောထားကောင်းမွန်သူဖြစ်၍ ဘိုးချွန်အား ထိုစကားကိုပြောဆိုရန် အခက်အခဲရှိနေပုံရ၏။

ဘိုးချွန်သည် ဦးအောင်ရွှေ၏အခက်အခဲကို နားလည်သဖြင့်

" ပြောပါ ဦးလေ၊ ကျုပ် ကူညီနိုင်ရင် ကူညီပါ့မယ် "

ဟု ပြောလေ၏။ ထိုအခါ ဦးအောင်ရွှေက သက်ပြင်းရှည်ကြီးကိုချကာ

" မောင်ဘိုးချွန်ကို ရှေ့မျက်နှာ နောက်ထားပြီး ပြောရတော့မှာပဲ၊ သမီးတစ်ကောင် နွားတစ်ထောင်ဆိုတဲ့စကားလည်း ရှိနေတာပဲ၊ ရှင်းရှင်းပဲ ပြောတော့မယ် မောင်ဘိုးချွန်၊ သမီးရဲ့သမီးကြီး ဆွေဆွေဟာ လူယုတ်မာ ကျော်နီရဲ့ ရင်သွေးလေးကို လွယ်ထားရတယ်၊ ကျော်နီ ဘယ်လိုယုတ်မာတယ်ဆိုတာ မောင်ဘိုးချွန် သိပြီးသားဆိုတော့ ဦးအနေနဲ့ ထွေထွေထူးထူး ပြောမပြချင်တော့ဘူး၊ ဆွေဆွေရဲ့ အရှက်နဲ့ ဦးရဲ့မြေးလေးအသက်ကို မောင်ဘိုးချွန် ကယ်တင်နိုင်ရင် ကယ်တင်ပေးပါ၊ ဒီအတွက် မောင်ဘိုးချွန်ရဲ့ကျေးဇူးကို ဦးတစ်သက်မမေ့ပါဘူး "

ဟု ပြောလေရာ ဘိုးချွန်သည် ဦးအောင်ရွှေတို့ မိသားစု၏ အခက်အခဲကို သိရလေ၏။





လူယုတ်မာကျော်နီနှင့် မောင်ကြီးသည် ပုလိပ်အဖွဲ့၏လက်မှ လွတ်မြောက်ထွက်ပြေးသွားသဖြင့် ကျော်နီကိုရှာဖွေရန် ခက်ခဲလှ၏။

ဘိုးချွန်သည် မိန်းမသားတစ်ယောက်၏အရှက်နှင့် လူသားတစ်ယောက်၏ဘဝကို ကယ်တင်လိုလှ၏။

ဦးအောင်ရွှေတို့မိသားစုသည် မိမိအပေါ် ကျေးဇူးရှိသည်ဟူ၍လည်း ခံယူထား၏။ သို့သော် မိမိ၏ ဘဝတစ်လျှောက်လုံး အိမ်ထောင်သည်ဘဝဖြင့် အချိန်ကုန်ရန် မဖြစ်နိုင်ချေ။

မိမိကျွမ်းကျင်သော အတတ်ပညာများကို အသုံးပြု၍ မြန်မာပြည်အနှံ့ လှည့်လည်ကာ ဒုက္ခဆင်းရဲရောက်နေသူများကို ကူညီလိုလှ၏။ ဆွေဆွေ၏ခင်ပွန်းအဖြစ် ထာဝရနေထိုင်ရန် မဖြစ်နိုင်ချေ။

ဘိုးချွန်သည် မိမိ၏အခက်အခဲကြောင့် ပြောဆိုရခက်ပြီး ငြိမ်သက်နေလေ၏။ ထိုအခါ ဦးအောင်ရွှေက

" မောင်ဘိုးချွန်ဘက်က အခက်အခဲဖြစ်နေတယ်ဆိုရင်တော့ ရပါတယ်၊ ဦးလေးတို့စကားကို ပြန်ရုပ်သိမ်းပါ့မယ်၊ ဒီအကြောင်းတွေ မပေါက်ကြားအောင်သာ ဂရုစိုက်ပေးပါ "

ဟု ပြောလေ၏။ ဘိုးချွန်သည် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



" ဒီလိုလုပ်ပါ ဦးလေး၊ မဆွေဆွေရဲ့ ကလေးအဖေခေါ်နိုင်ဖို့အတွက် ကျုပ် ဟန်ဆောင်ပြီးလက်ထပ်ပေးပါ့မယ်၊ ဒီအတွက်ဘာအခွင့်အရေးမှမယူပါဘူး၊ အများအမြင်မှာ လက်ထပ်တယ် ဆိုပေမဲ့တစ်ယောက်တစ်နေရာစီ နေထိုင်ပါမယ်၊ မဆွေဆွေအတွက် ကလေးအဖေခေါ်လို့ရပြီဆိုရင် ဒီအရပ်က ကျုပ် ထွက်သွားပါမယ် "

ဟု ပြောလေရာ ၎င်းတို့၏စကားကို အခန်းထဲမှ ချောင်းမြောင်း နားထောင်နေသော ညီအစ်မနှစ်ယောက်အနက် ညီမဖြစ်သူ ရွှေရွှေက ဘိုးချုန်၏စိတ်ကို လေးစားကြည်ညိုစိတ်ဖြစ်ပေါ်သွားသော်လည်း အစ်မဖြစ်သူ ဆွေဆွေကမူ အံကိုကြိတ်၍

" တောသား လယ်ကူလီကများ၊ ငါ့လိုလူကိုယူရမှာ မလိုလားသလို ပြောနေတယ်၊ ငါ့မှာ အထုပ်အထည်ရှိလို့ နင့်လိုကောင်ကို လူရာသွင်းပြီး စကားပြောနေရတာ "

ဟု တီးတိုးပြောလိုက်လေ၏။

ရွှေရွှေသည် ဆွေဆွေ၏စကားကို နားထောင်၍ အစ်မဖြစ်သူ၏ စိတ်ဓာတ်ညံ့ဖျင်းပုံကို မျှားစွာရင်နာမိ◌◌သတော့၏။

ဘိုးချုန်၏စကားကြောင့် ဦးအောင်ရွှေသည် ဘိုးချုန်ကို လွန်စွာအားတုံ့အားနာဟန်ဖြင့်ကြည့်လိုက်ပြီး





" မောင်ဘိုးချုန်ဘက်က အများကြီး နစ်နာသွားပါ့မယ် "

ဟု ပြောလေ၏။ ဆွေဆွေ၏မိခင်ကလည်း

" ဘိုးချုန်ရဲ့စိတ်ဓာတ်ကို အဒေါ် သိပ်လေးစားသွားပြီ၊ မောင်ဘိုးချုန် လူအနေစုတ်ပေမဲ့ ရွှေထုပ်တဲ့ မြဖုဝါပါပဲ "

ဟု ချီးမွမ်းလေ၏။

ဤသို့ဖြင့် ဘိုးချုန်သည် ဆွေဆွေ၏ ကလေးအဖေခေါ်ရန်အတွက် အကူအညီပေးရမည့်အခြေအနေသို့ ရောက်ရှိသွားလေ၏။

ဦးအောင်ရွှေတို့မိသားစုသည် ဘိုးချုန်နှင့် ဆွေဆွေ၏ လက်ထပ် ထိမ်းမြားရေးကိစ္စကို လူသိရှင်ကြားပြုလုပ်ရန် ပြင်ဆင်နေစဉ် မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်ခဲ့လေ၏။

ဆွေဆွေသည် ရထားလုံးပေါ်မှဆင်းပြီး ခြေချော်၍လဲကျလေ၏။ ထိုသို့လဲကျပြီး သူမ၏ကိုယ်မှ သွေးများမြင်မကောင်းအောင် ထွက်ကာ မေ့မြောသွားလေ၏။

မကြာမီ ဆွေဆွေတို့မိသားစု၏ဆရာဝန်ကြီး ရောက်ရှိလာပြီး လေသံတိုးတိုးဖြင့် ဆွေဆွေ၏ကိုယ်ဝန်ပျက်ကျသွားကြောင်း ပြောလေ၏။

ဘိုးချုန်သည် ကံကောင်းထောက်မသဖြင့် မိန်းမပျို်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို ဟန်ဆောင်လက်ထပ်ရမည့်အရေးမှ လွတ်ကင်းခဲ့လေ၏။

ဦးအောင်ရွှေတို့မိသားစုသည် ဆွေဆွေ၏ကံကြမ္မာအတွက် များစွာဝမ်းနည်းကြေကွဲခြင်း ဖြစ်ရလေ၏။

ဆွေဆွေသည် သူမ၏လွယ်ထားသော အထုပ်အထည် ကင်းလွတ်သွားသောအခါ ဘိုးချန့်ကို ဖုတ်လေသည့်ငပိ ရှိသည်ဟူ၍ပင် မအောက်မေ့တော့ဘဲ ယခင်ကကဲ့သို့ ရင့်ရင့်သီးသီး ဆက်ဆံလေ၏။

ဘိုးချန့်သည် သူမ၏ရင့်သီးမှုများကို မသိကျိုးကျွံပြု၍ ဆရာကြီး ဦးရွှေဝ၏ငွေများ ပြန်လည်ရရှိရန်သာ အာရုံစိုက်ထားလေ၏။

ဘိုးချန့်သည် လပြည့်ညမတိုင်မီ လူယုတ်မာခင်ခင်နှင့် ဖိုးကာတို့ ထွက်ပြေးမည်ဆို၍ သတိထား၍ စောင့်ကြည့်လေ၏။

ထိုသို့စောင့်ကြည့်ရင်း လပြည့်ညမတိုင်မီရက်၌ ၎င်းတို့ဖွက်ထားသည့်ငွေထုပ်ကို သွားရောက်ယူငင်ရန် တိုင်ပင်နေကြောင်း အိပ်မက်ခရီးထွက်ရင်း မြင်တွေ့ရလေ၏။

ဘိုးချန့်သည် သတိထား၍ စောင့်ကြည့်သော်လည်း ငွေထုပ်ဖွက်ထားသည့်နေရာကို သိမြင်ခြင်းမရှိချေ။





နောက်တစ်နေ့ နံနက်၌ ဘိုးချန့်သည် ဆရာကြီး ဦးရွှေဝခြံနှင့် မနီးမဝေး၌ စောင့်ကြည့်နေလေ၏။

ဖိုးကာသည် နံနက် ၈ နာရီခန့်အချိန်၌ ခြံမှထွက်ခွာသွားလေ၏။ ဘိုးချန့်သည် ဖိုးကာ၏အနောက်မှ နောက်ယောင်ခံ၍ လိုက်သွားလေ၏။

ထိုသို့လိုက်လံကြည့်ရှုရင်း မြို့စွန်ရှိ ဘုရားပျက်ကြီးဆီသို့ ဦးတည်သွားလာနေကြောင်း တွေ့ရ၏။ ဖိုးကာသည် ဘုရားပျက်သို့ ရောက်လျှင် တူရှင်းတစ်လက်ကိုကိုင်၍ တူးဆွနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးချွန်သည် မမျှော်လင့်ဘဲ ဦးရွှေဝ၏ငွေထုပ်ကြီးကို ပြန်လည်ရရှိတော့မည်ဆိုပြီး စိတ်လှုပ်ရှားနေလေ၏။

ထိုအခိုက်မှာပင် ပုလိပ်အဖွဲ့ဝင်များသည် ဘုရားပျက်၏ တစ်နေရာမှ ထွက်ပေါ်လာပြီး ဖိုးတာကို သေနတ်ဖြင့်ချိန်ကာ

" မလှုပ်နဲ့ "

ဟု အော်ဟစ်လိုက်လေ၏။

ဖိုးတာသည် မိမိအား ပုလိပ်များ သေနတ်ဖြင့်ချိန်ထားသဖြင့် မလှုပ်ဝံ့တော့ဘဲ အညံ့ခံလိုက်လေ၏။

ပုလိပ်များသည် ဖိုးတာ တူးဆွသောနေရာသို့ ဆက်လက်တူးဆွရာ သားရေအိတ်တစ်လုံးကို တွေ့ရလေ၏။ ပုလိပ်များသည် သားရေအိတ်ကိုဖွင့်ကြည့်သောအခါ မည်သည့်ငွေစက္ကူမျှမတွေ့ရဘဲ ကျောက်တုံးကျောက်ခဲများကိုသာ တွေ့ရှိရ၏။

ထိုအခါ ပုလိပ်များသည် ဖိုးတာအား မသင်္ကာဟန်ဖြင့် ကြည့်၍

" ဟေ့ကောင် ... ဦးရွှေဝဆီကခိုးသွားတဲ့ငွေတွေ ဘယ်မှာလဲ၊ မင်း ငါတို့ကို တစ်ပတ်ရိုက်ဖို့ ကြိုးစားတယ်ပေါ့လေ "

ဟု ကြိမ်းမောင်းလေ၏။





ဘိုးချွန်သည် ဘုရားပျက်မှမြင်ကွင်းကို မြုပုတ်ထဲမှ ကြည့်ရှုရင်း အစအဆုံး မြင်တွေ့ရလေ၏။

ဖိုးတာသည် ငွေထုပ်ကို လာရောက်တူးယူစဉ် ပုလိပ်များ မည်ကဲ့သို့ သိရှိသွားသနည်း။ ပုလိပ်များကို မည်သူ သတင်းပေးသနည်း။

ဘိုးချွန်သည် ဖိုးတာကို မုန်းတီးနာကြည်းနေသော ခင်ခင်ကို သတိရလိုက်၏။

ခင်ခင်သည် ငွေများကို တိတ်တဆိတ်ရယူပြီး ဖိုးတာကို ပုလိပ်လက်အပ်လိုက်ပုံရ၏။

ဤသို့ဆိုလျှင် ခင်ခင်သည် ငွေထုပ်ပိုက်၍ လွတ်ရာကျွတ်ရာကို ထွက်ပြေးသွားလျှင် ဟူသော အတွေးကြောင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားပြီး မြို့ပြင်ကားဂိတ်သို့ ခြေကုန်သုတ်၍ ပြေးလွှားသွားလေ၏။

ဘိုးချွန်သည် မြို့ပြင်ကားဂိတ်သို့ ရောက်သောအခါ ဘတ်စ်ကားကြီးသည် စတင်ထွက်ရှိသွားလေ၏။

ဘိုးချွန်သည် ဘတ်စ်ကားအနောက်သို့ အမီလိုက်လေ၏။ ဘတ်စ်ကား ပြတင်းပေါက်အနီး၌ ထိုင်နေသော လူယဉ်မာမ



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ကို မြင်တွေ့ရလေ၏။

ဘိုးချုန်သည် ခင်ခင်ကိုမြင်သောအခါ ငွေများကိုယူ၍ ထွက်ပြေးပြီဖြစ်ကြောင်း ရိပ်စားမိ၏။

ထို့ကြောင့် ဘတ်စ်ကားဒရိုင်ဘာအား ကားကိုရပ်ရန် အော်ဟစ်၍ ပြောဆိုလေ၏။ သို့သော် ဒရိုင်ဘာသည် ဘိုးချုန်ကို ဂရုမစိုက်ဘဲ ကားကို ဆက်လက်မောင်းနှင်လေ၏။

ဘိုးချုန်သည် ဘတ်စ်ကားကို မရရသည့်နည်းဖြင့် တားမည်ဟု ဆုံးဖြတ်ပြီး ဘတ်စ်ကားရှေ့သို့ ပြေးထွက်သွားပြီး ရပ်နိုင်းလေ၏။

ဒရိုင်ဘာသည် ကားကိုမရပ်လျှင် ဘိုးချုန်ကို ဝင်တိုက်မှာစိုးသဖြင့် မကျေမချမ်းဆဲဆိုပြီး ကားကို ထိုးရပ်လိုက်လေ၏။

ဘိုးချုန်သည် ကားရပ်သောအခါ

" အလွန်အရေးကြီးတဲ့ကိစ္စရှိလို့ ကားရပ်နိုင်းတာပါ၊ ခရီးသည်များ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ဟောဒီကားပေါ်မှာ မြို့လူထုကို ဒုက္ခပေးတဲ့ မိန်းမယုတ်ရှိနေလို့ပါ၊ ဒီမိန်းမဟာ အများပြည်သူတွေ တံတားဆောက်ဖို့ လှူဒါန်းထားတဲ့ငွေတွေကို ဆရာကြီးဦးရွှေဝဆီက ခိုးယူသွားခဲ့ပါတယ်၊ ဒီနေ့ သူဟာ ငွေထုပ်ကြီးပိုက်ပြီး ထွက်ပြေးဖို့ ကြိုးစားနေပါပြီ "





ဟု ပြောလိုက်ရာ ကားပေါ်၌ လိုက်ပါလာသော ခင်ခင်သည် မျက်စိမျက်နှာပျက်သွားပြီး ဒေါသတကြီးဖြင့်

" ဟဲ့ ... နင့်လို ကလေကချေတစ်ကောင်က ငါ့လိုလူကို မတရားစွပ်စွဲနေတာလား၊ အသရေဖျက်မှုနဲ့ တရားစွဲခံချင်လား၊ ငါက ဆရာကြီး ဦးရွှေဝရဲ့တူမအရင်းဟဲ့၊ ဆရာကြီး အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ငါ လုပ်ပါ့မလား၊ ဆရာကြီးလိုလူကတောင် ငါ့ကို ယုံယုံကြည်ကြည်နဲ့ ခွင့်ပြုခဲ့တယ်၊ နင့်လို ကလေကဝကောင်က ငါ့ကို မတရားစွပ်စွဲဝံ့သလား "

ဟု အော်ဟစ်ပြောဆိုလေ၏။ ထိုအခါ မြို့ပေါ်ရှိ ခင်ခင်နှင့် ရင်းနှီးသူများက ဘိုးချုန်ကို မကျေမချမ်းကြည့်၍

" ဟေ့ကောင် ... ဆရာကြီးတူမကို မတရားမပြောနဲ့၊ မင်းက ဘာကောင်မို့ ဒီလိုစွပ်စွဲရတာလဲ "

ဟု ဝင်ရောက်ပြောဆိုလေ၏။

အနီးအနား၌ ဈေးရောင်းသော လူများကလည်း ဘိုးချုန်ကို ဝင်ရောက်ကြိမ်းမောင်းလေ၏။ အချို့သောလူများက ကိုယ်ထိလက်ရောက် ကျူးလွန်ရန်ပင် ကြံစည်ကြလေ၏။

ဘိုးချုန်က ထိုသူများကိုကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" ကျုပ်မှာ တိကျခိုင်လုံတဲ့သက်သေရှိတယ်၊ ခင်များတို့ မယုံရင် ခင်ခင်ဆိုတဲ့မိန်းမရဲ့အိတ်ကို ရှာကြည့်ပါ၊ ဒီမိန်းမဆီမှာ မြို့လုလုထုရဲ့ငွေတွေ ပါသွားပြီ၊ ဒီမိန်းမဟာ ကျုပ်ရဲ့ဆရာ ရုံပိုင်ကြီး ဆီက ရွှေငွေနဲ့ လက်ဝတ်ရတနာတွေကိုလည်း ခိုးယူခဲ့ဖူးတယ်"

ဟု ပြောဆိုလေ၏။

ဘိုးချုန်၏စွပ်စွဲမှုကြောင့် ခရီးသည်များသည် ခင်ခင့်ကို သံသယဖြစ်ကာ ခရီးဆောင်အိတ်ကို ဖွင့်ပြနိုင်းလေ၏။

ထိုအခါ ခင်ခင်သည် မတတ်သာတော့ဘဲ သူမ၏ခရီးဆောင်အိတ်ကို ပြသလေ၏။

လူအများသည် ခင်ခင်၏အိတ်ထဲရှိ ပစ္စည်းများကို စိတ်ဝင်တစား ကြည့်ရှုပြီး ခင်ခင်၏အဝတ်အစားများမှအပ မည်သည့်ငွေကြေးကိုမျှ မတွေ့ရသဖြင့် ဘိုးချုန်ကို မကျေမချမ်း ပြောဆိုကြကုန်၏။

လူလိမ်လူညာတစ်ကောင်ဟု စွပ်စွဲကြလေ၏။ အချို့သော သူများက ဝင်ရောက်ရိုက်နှက်ရန်ပင် ညာသံပေးနေကြလေ၏။

ထိုအခိုက်မှာပင် ဘတ်စ်ကားကြီး၏ ခေါင်မိုးပေါ်၌လိုက်ပါလာသော လူကြီးတစ်ဦးက အိပ်စက်နေရာမှ ထရပ်လိုက်ပြီး





" ဘိုးချုန်ဆိုတဲ့ကောင်လေးပြောတာ အမှန်တွေပါပဲ၊ ခင်ခင်ဆိုတဲ့ မိန်းမရဲ့အိတ်ကြီး ပါလာသေးတယ်၊ ဟောဒီအိတ်ကြီးပါပဲ"

ဟု ဆိုကာ အိတ်ကြီးတစ်အိတ်ကို ကိုင်မြှောက်၍ အိတ်၏ အဖုံးကိုဖွင့်၍ အိတ်ထဲရှိအရာများကို ကားခေါင်မိုးပေါ်မှ ကြဲဖြန့်ချလိုက်လေ၏။

ထိုအခါ ငွေစက္ကူများသည် ဘတ်စ်ကားခေါင်မိုးပေါ်မှ ကတ္တရာလမ်းပေါ်သို့ တဖွဲဖွဲ ကျရောက်လာလေ၏။

မြို့လုလုထုနှင့် ခရီးသည်များသည် ကားလမ်းတစ်ခုလုံး ဖွေးဖွေး လွှပ်သွားသော ငွေစက္ကူများကို အံ့သြဖွယ် ကြည့်ရှုကြလေ၏။

ဘိုးချုန်သည် ဆရာကြီး ဦးရွှေဝ၏ငွေစက္ကူများ ပြန်လည်ရရှိသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး

" မြို့လုလုထုခင်ဗျား၊ ဟောဒီငွေစက္ကူတွေဟာ မြို့လုလုထု ငါးနှစ် လုံးလုံး လှူဒါန်းခဲ့တဲ့ တံတားဆောက်ဖို့ငွေတွေဖြစ်ပါတယ်၊ဆရာကြီး ဦးရွှေဝဟာ ဒီငွေတွေကို အခိုးခံခဲ့ရတဲ့အတွက် မတရား စွပ်စွဲခံခဲ့ရ ပါတယ်၊ တကယ်တော့ ငွေတွေကို ခိုးယူခဲ့သူဟာ ဆရာကြီးရဲ့ တူမအရင်း ခင်ခင်ဆိုတဲ့ မိန်းမပါပဲ၊ ဒီမိန်းမရဲ့ အကျင့်စာရိုက်ကို မြို့လုလုထု မျက်ဝါးထင်ထင် မြင်တွေ့နေရပါပြီ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ လူယုတ်မာ ခင်ခင်သည် သူမ၏ယုတ်မာသော လုပ်ရပ်များ လယ်ပြင်ဆင်သွားသကဲ့သို့ ဖြစ်သွားသဖြင့် မငြင်းဆန်နိုင်တော့ချေ။

အနီးပတ်ဝန်းကျင်ရှိလူများသည် လမ်းပေါ်ရှိ ငွေစက္ကူများကိုတအံ့တသြကြည့်ရှုပြီး ဝိုင်းဝန်းကောက်ယူပေးကြ လေ၏။

လူယုတ်မာမ ခင်ခင်ကို ဝိုင်းဝန်းဖမ်းဆီးပြီး ပုလိပ်လက်သို့ အပ်လိုက်ကြလေ၏။ ဘိုးချမ်းသည် ဘတ်စ်ကားခေါင်မိုးပေါ်မှ မိမိကို ကူညီပေးသော လူကြီးကို သေချာစွာကြည့်လိုက်သောအခါ မီးရထား စီးရင်း ဘုရင်ခံစီးသောတွဲပေါ်၌ တွေ့ကြုံခဲ့ရသော ဦးသတ္တိဆိုသော လူကြီးဖြစ်နေလေ၏။

ထိုစဉ်က ဦးသတ္တိကို မီးရထားတွဲစောင့်များ ဝိုင်းဝန်းရှာဖွေ၍ ၄င်းကိုမတွေ့ရဘဲ ဦးသတ္တိ ပျောက်ဆုံးသွားခဲ့၏။

ဘိုးချမ်းသည် ဦးသတ္တိဆိုသောလူကြီးကိုကြည့်၍

" ကျုပ်ကို အခုလိုကူညီတာ ကျေးဇူးတင်ပါတယ်ဗျား ဦးသတ္တိသာ မကူညီရင် မြို့လူထုက ကျုပ်ကို ဝိုင်းပြီးရိုက်ကြမှာဗျ"

ဟု ပြောလိုက်ရာ ဦးသတ္တိက ဘိုးချမ်းကိုကြည့်၍

" မင်းလို မြေလျှိုးမိုးပျံနိုင်တဲ့ပုဂ္ဂိုလ်မျိုးကို ဘယ်လိုလူက





ဒုက္ခပေးနိုင်ပါဘူးကွာ၊ ဘာမှပူမနေပါနဲ့ "

ဟု ပြောလေရာ ဘိုးချမ်းသည် မိမိ၏အစွမ်းသတ္တိထူးကို ထုတ်ဖော်ပြောလိုက်သော ဦးသတ္တိကို အံ့ဩဟန်ဖြင့် ကြည့်လိုက်လေ၏။

ဦးသတ္တိက ဘိုးချမ်းကို မခိုးမခန့်ကြည့်၍

" ဟဲ ဟဲ... မင်းမှာ ဘယ်လိုအစွမ်းသတ္တိရှိတယ်ဆိုတာ ငါ ရိပ်စားမိပါတယ် "

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် ဘိုးချမ်း၏အနီးသို့ ပုလိပ်အဖွဲ့မှလူများ ရောက် ရှိလာပြီး ခင်ခင်အား မည်သို့မည်ပုံ သဲလွန်စရခဲ့ပုံကို မေးမြန်းလေ၏။

ဘိုးချမ်းသည် ထိုသူများ၏မေးခွန်းကို မဖြေနိုင်သဖြင့် ဝေလည် ကြောင်ပတ် ဖြေရှင်းရလေ၏။

ဘိုးချမ်းက ပုလိပ်များ၏မေးခွန်းကို ရှောင်ဖယ်၍

" ကျုပ်က ဆရာကြီး ဦးရွှေဝ မတရားစွပ်စွဲခံရတယ်ဆိုပြီး အမြဲစိတ်မကောင်းဖြစ်နေတာဗျ၊ ဆရာကြီးလို သူတော်ကောင်း ဆေးဆရာကြီးက ဒီလို မတော်လောဘရှိပါ့မလားဗျာ၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးရဲ့ခြံကို အမြဲစောင့်ကြည့်နေမိတယ် ''

ဟု ပြောလေရာ ဌာနအုပ်က စိတ်ဝင်စားဟန်ဖြင့် မျက်မှောင်ကြုတ်၍

'' နေပါဦး မောင်ရင်ရယ်၊ ကျုပ်တို့ပုလိပ်တွေလည်း ဦးရွှေဝရဲ့ အလှူငွေတွေ ပျောက်ဆုံးတဲ့အတွက် အမြဲစုံစမ်းနေတာပဲ၊ ဒါပေမဲ့ မောင်ရင်က ဘာဖြစ်လို့ ကျုပ်တို့ပုလိပ်တွေထက် နှာတစ်ဖျားသာသွားတာလဲ ''

ဟု မေးမြန်းလေ၏။

ဘိုးချုန်သည် ဌာနအုပ်၏အမေးကြောင့် ဖြေဆိုရခက်သွားပြီး မိမိကိုယ်မိမိ အထင်ကြီးသူတစ်ဦး၏ အမူအရာဖြင့်

'' ဒါကတော့ ကျုပ်က စုံထောက်ကြီး ဦးစံရှားဝတ္ထုတွေ အမြဲဖတ်နေတာဗျ၊ ဒါကြောင့် အမှုသွား အမှုလာနဲ့ပတ်သက်ပြီး စဉ်းစားဆင်ခြင်တဲ့နေရာမှာ တော်ရုံပုလိပ်တွေထက်သာတယ်၊ မြန်မာပြည်က ပုလိပ်အများစုဟာ အရည်အချင်းမပြည့်စုံဘူး ''

ဟု ပြောလေရာ ဘိုးချုန်၏စကားကို စိတ်ဝင်တစားနား ထောင်နေသော ပုလိပ်များသည် မျက်စိမျက်နှာပျက်သွားလေ၏။

ဌာနအုပ်ကြီးသည် မျက်နှာရှုံ့မဲ့၍





'' မောင်ရင်က ခင်ခင်ဆိုတဲ့မိန်းမကို ဘာကြောင့် သံသယဖြစ်ရတာလဲ၊ ခင်ခင်ဟာ ဆရာကြီး ဦးရွှေဝရဲ့တူမတစ်ယောက်ဖြစ်လို့ ကျုပ်တို့ပုလိပ်တွေကတောင် သံသယမဖြစ်ဘူး ''

ဟု ပြောလေ၏။

ထိုအခါ ဘိုးချုန်သည် ပုလိပ်များက မိမိကို အထင်ကြီးနေသော အဖြစ်ကို ဖြေရှင်းရန်နည်းလမ်းကို မြင်တွေ့သွားပြီး

'' ဟဲ ဟဲ… ကျုပ်ကို အထင်မကြီးပါနဲ့၊ ကျုပ်ဟာ လွန်ခဲ့တဲ့ နှစ်က မြို့တစ်မြို့မှာ ရုပ်ပိုင်ကြီးတစ်ယောက်ရဲ့ အစေအပါး လုပ်ခဲ့ဖူးတယ်၊ အဲဒီတုန်းက ခင်ခင်ဆိုတဲ့မိန်းမဟာ ရုပ်ပိုင်ကြီးကို ချစ်ဟန်ဆောင်ပြီး ရွှေငွေလက်ဝတ်ရတနာတွေ ခိုးယူသွားခဲ့တယ်၊ ဒါကြောင့် ဦးရွှေဝရဲ့ခြံထဲမှာ ခင်ခင်ဆိုတဲ့မိန်းမကို မြင်မြင်ချင်း သူဟာ မကောင်းတဲ့အကျင့်စရိုက်ရှိမယ်လို့ သိလိုက်တယ် ''

ဟု ပြောလိုက်ရာ ဌာနအုပ်ကြီးသည် မျက်နှာရှုံ့မဲ့သွားပြီး

'' ဒါဆိုရင်လည်း အစကတည်းက ရှင်းရှင်းပြောလိုက်ပေါ့ ကိုယ့်လူရယ်၊ ကိုယ့်လူက မြန်မာပြည်က ပုလိပ်တွေ အရည်အချင်း မပြည့်စုံဘူး၊ ဘာညာနဲ့ စကားလုံးအကြီးကြီးတွေနဲ့ ကျုပ်တို့ကို တွယ်သွားတယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ထို့နောက်တွင်မူ ပုလိပ်များသည် ဘိုးချုန်အား ဆက်လက် မေးမြန်းခြင်းမရှိတော့ဘဲ ပုလိပ်ဌာနမှ ပြန်ထွက်သွားလေ၏။

ဘိုးချုန်သည် ပုလိပ်ဌာနမှ ထွက်လာခဲ့ပြီးနောက် အရိပ် ကောင်းသော ညောင်ပင်ကြီးတစ်ပင်အောက်ရှိ ရေချမ်းစင်ကို မြင်တွေ့ရသဖြင့် ရေတစ်ခွက်ကို ခပ်သောက်လိုက်လေ၏။

သူသည် ပုလိပ်များ၏ တစ်ယောက်တစ်ပေါက် မေးမြန်း သော မေးခွန်းများကို ဖြေဆိုပြီး အာခြောက်နေလေပြီ။

ထိုအခိုက်မှာပင် ညောင်ပင်ကြီးအနောက်မှ ဦးသတ္တိဆိုသော လူကြီး ထွက်လာပြီး

" ဘယ်လိုလဲ မြေလျှိုးမိုးပျံ ဘိုးချုန်၊ ပုလိပ်တွေရဲ့မေးခွန်း တွေကို ဖြေလိုက်ရလို့ အတော်ခေါင်းခြောက်သွားပြီလား "

ဟု မေးမြန်းလေ၏။ ဘိုးချုန်သည် ဦးသတ္တိ၏မေးခွန်းကြောင့် မျက်မှောင်ကြုတ်၍ကြည့်လိုက်ပြီး

" ဦးသတ္တိ ကျုပ်ကို ဘယ်လောက်သိနေလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးသတ္တိက ဘိုးချုန်ကိုကြည့်၍

" မောင်ရင်ဟာ လူတစ်သန်းမှာ တစ်ယောက်မရှိတဲ့ ထူးဆန်းတဲ့ အစွမ်းအမြင်ရှိသူတစ်ယောက်ဆိုတာ ကျုပ် ရိပ်စားမိပါ တယ်၊ အမြို့မြို့အနယ်နယ်မှာ ချစ်တီးတွေရဲ့ အမြတ်ကြီးစား ခေါင်း ပုံဖြတ်သူတွေကို မောင်ရင် ဒုက္ခပေးခဲ့တာ ကျုပ်သိတယ်၊ ရှင်းရှင်း ပြောရရင် မောင်ရင့်ကို စာရပညာ သင်ပေးတဲ့ကဗွီယကြီးက ကျုပ်မိတ်ဆွေပဲ "

ဟု ပြောလေ၏။

ဘိုးချုန်သည် ဦးသတ္တိ၏စကားကြောင့် မငြင်းဆန်နိုင်တော့ဘဲ မျက်မှောင်ကြုတ်၍

" ဒါနဲ့နေပါဦး၊ ဦးသတ္တိက ကျုပ်ရဲ့အကြောင်းကို သိနေ တယ်ဆိုတော့ ဘယ်လိုရည်ရွယ်ချက်နဲ့ စုံစမ်းထားတာလဲ "

ဟု မေးမြန်းလေ၏။

ဘိုးချုန်၏အမေးကြောင့် ဦးသတ္တိက ခေါင်းတဆတ်ဆတ် ညိတ်၍

" မောင်ရင် သဘောပေါက်လွယ်သားပဲ၊ ဒီအကြောင်းတွေ ပြောရမယ်ဆိုရင်တော့ အရှည်ကြီးပြောရမယ်ကွ၊ ဒါပေမဲ့ မောင်ရင် ဟာ အများအကျိုးဆောင်တဲ့အလုပ်တွေ လုပ်နေတယ်ဆိုတာ ကျုပ် သိပြီးပြီ၊ ဒါကြောင့် ကျုပ် မောင်ရင့်ကို အကူအညီတောင်းမဲ့အလုပ်





www.burmeseclassic.com

www.burmeseclassic.com



ကလည်း အများအကျိုးဆောင်တဲ့အလုပ်ပဲ၊ ရှင်းရှင်းပြောရရင် တိုင်းပြည်နဲ့လူမျိုးကောင်းကျိုးအတွက် လုပ်ရမဲ့အလုပ်ပဲ "

ဟု ပြောလေ၏။

ဘိုးချန်သည် ဦးသတ္တိ၏စကားကြောင့် စိတ်လှုပ်ရှားဟန်ဖြင့် ကြည့်၍

" တိုင်းပြည်နဲ့လူမျိုးရဲ့ကောင်းကျိုး လုပ်ရမယ် ဟုတ်လား၊ ဘယ်လိုအလုပ်မျိုးလဲ၊ ကျုပ်စိတ်ဝင်စားပါတယ် "

ဟု ပြောလေ၏။ ဦးသတ္တိက သက်ပြင်းချ၍

" မောင်ရင် စိတ်ဝင်စားမယ်ဆိုတာ သိပါတယ်၊ဒီအကြောင်းတွေကို မောင်ရင်သိအောင် အေးအေးဆေးဆေး ပြောပြချင်တယ်၊ ဒါပေမဲ့ ဒီမြို့မှာတော့ ပြောလို့မဖြစ်အောင် မောင်ရင် ကျုပ်နဲ့လိုက်ခဲ့ပေတော့ "

ဟု ပြောလေ၏။ ဘိုးချန်သည် ဦးသတ္တိ၏စကားကြောင့်

" ကျုပ် ဒီမြို့က ခွာလို့မရသေးဘူး၊ ကျုပ် ခြံစောင့်လုပ်တဲ့တာဝန်တွေရှိသေးတယ်၊ နောက်ပြီးတော့ မြို့လူထုရဲ့ ငွေကြေးဥစ္စာတွေကို မဆုံးရှုံးအောင် ကူညီပေးတဲ့အတွက် ကျုပ်ကို ဂုဏ်ပြုပွဲလုပ်ဦးမယ်တဲ့ "





ဟု ပြောလေရာ ဦးသတ္တိက ခေါင်းခါယမ်း၍

" မင်းရဲ့ခြံစောင့်အလုပ်တာဝန်ထက် အဆပေါင်းများစွာအရေးကြီးတဲ့တာဝန်ကို ထမ်းရမှာ၊ နောက်ပြီးတော့ ဂုဏ်ပြုခံတယ်ဆိုတာ အကျိုးမျှော်ကိုးပြီး အလုပ်လုပ်တဲ့လူတွေရဲ့စိတ်ဓာတ်ကွ၊ ဘာအကျိုးမှ မမျှော်ကိုးတဲ့လူဟာ ဂုဏ်ပြုခံစရာမလိုဘူး၊ တိုင်းပြည်နဲ့လူမျိုးအကျိုးအတွက် အလွန်ကြီးလေးတဲ့ တာဝန်ကြီးတစ်ရပ်ကို ထမ်းဆောင်ဖို့ရှိတယ်၊ ဒီအတွက် မင်းကို သုံးရက်အချိန်ပေးမယ်၊ သုံးရက်ပြည့်တဲ့နေ့ နံနက်စောစောထပြီး ဒီနေရာကို ရောက်အောင်လာခဲ့ "

ဟု ပြောကာ ထိုနေရာမှ ထွက်ခွာသွားလေ၏။

ဘိုးချန်သည် ဦးသတ္တိ၏စကားများကြောင့် တွေဝေပြီး ကျန်ရစ်ခဲ့လေ၏။

မိမိသည် အများ၏ အထင်ကြီးလေးစားမှုကိုခံယူလိုသော စိတ်ဓာတ်မရှိချေ။

သူသည် ချစ်တီးများနှင့် အမြတ်ကြီးစား ခေါင်းပုံဖြတ်သူများကို ရှာဖွေ၍ အပြစ်ပေးခဲ့၏။

မိမိကိုယ်စွမ်းရှိသမျှ တိုက်ခိုက်နှိမ်နင်းခဲ့၏။ မည်သို့ပင်ဖြစ်စေ

www.burmeseclassic.com



ယခုအချိန်၌ ထိုအလုပ်များကို လုပ်ကိုင်ရန် ငြီးငွေ့သကဲ့သို့ ရှိ၏။

ဦးသတ္တိ၏ ခေါ်ဆောင်ရာသို့ လိုက်ပါရန် ဆုံးဖြတ်လိုက်လေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ ဆေးဆရာကြီး ဦးရွှေဝသည် ဘိုးချုန်ကို ကျေးဇူးတင်ကြောင်း အကြိမ်ကြိမ် အဖန်ဖန်ပြောလေ၏။

ဘိုးချုန်အား သားတပည့်အဖြစ် မွေးစားလိုသည်ဆို၏။ ဆရာကြီးသည် သူ၏သမီးချောလေးနှင့်ပင် ဘိုးချုန်ကို ပေးစားလိုကြောင်း အရိပ်အမြွက်ပြောဆို၏။

ဘိုးချုန်သည် မိမိရရှိသော အခွင့်အရေးကြောင့် အထိတ်တလန့်ဖြစ်သွားပြီး ထိုမြို့မှ အမြန်ထွက်ခွာရန် ဆုံးဖြတ်၏။ မြို့ပေါ်ရှိ လူကြီးများသည် ဘိုးချုန်ထံသို့လာရောက်၍ နောက်ကြောင်းရာဇဝင်ကို မေးမြန်း၏။

ဘိုးချုန်အား ဓာတ်ပုံရိုက်၍ ဘိုးချုန်၏ဓာတ်ပုံကို ဂုဏ်ပြုပွဲကျင်းပရာနေရာ၌ ချိတ်ဆွဲမည်ဆို၏။

မြို့ပေါ်ရှိ ကဗျာလင်္ကာသီကုံးရန် အလွန်ဝါသနာထုံသော အဘိုးကြီးက ဘိုးချုန်၏အစွမ်းသတ္တိကို ရတုစပ်ဆိုမည်ဆို၏။





မြို့ပေါ်ရှိ အလွန်သီချင်းဆိုချင်နေသော စောင်းကိုဘဦးဆိုသည့် လူကြီးကလည်း စောင်းကို ကိုယ်တိုင်တီး၍ သီဆိုမည်ဆို၏။

ထိုအခါ သီချင်းဆိုရန် မျက်စောင်းထိုးနေသော မိန်းမကြီးတစ်ဦးနှင့် နေရာလုကြလေ၏။

ထိုသို့ နေရာလုရင်း ငယ်ကျိုးငယ်နာများကို ဖော်၍ ရန်ဖြစ်ကြလေ၏။

ဘိုးချုန်၏ရဲစွမ်းသတ္တိကို ရတုစပ်ဆိုရန်အတွက် ကဗျာရွှေ အဘိုးကြီးနှစ်ဦး အပြိုင်အဆိုင် လာရောက်၍ ဘိုးချုန်၏ နောက်ကြောင်း ရာဇဝင်ကို မေးမြန်းကြ၏။

ဘိုးချုန်သည် မိမိဘဝနောက်ကြောင်းကို သာမန် လယ်သမားဆင်းရဲသားတစ်ဦးသာဖြစ်ကြောင်း ရိုးသားစွာ ဖွင့်ဆိုသော်လည်း ရတုစပ်ဆိုသော အဘိုးကြီးများက လိုသည်ထက်ပို၍ ချဲ့ကားစပ်ကြ၏။

ဘိုးချုန်သည် လယ်မြေများစွာကိုပိုင်ဆိုင်သော လယ်ပိုင်ရှင်သူဌေးသားလေးတစ်ဦးဖြစ်ပြီး သူဌေးသားဘဝနှင့် နေထိုင်ပြီး ငြီးငွေ့လာကာ ဘဝအတွေ့အကြုံရှာဖွေရန် ထွက်လာသူဖြစ်ကြောင်း စပ်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးရှုန်သည် အဘိုးကြီးများ စပ်ဆိုပြသော လွန်စွာပျင်းရိ ငြီးငွေ့ဖွယ်ကောင်းပြီး အဓိပ္ပါယ်ဆို၍ တစ်လုံးတစ်ပါဒမှမပါသော မိမိ၏ ရတုကို နားထောင်ပြီး အလွန်စိတ်ပျက်သွားလေ၏။

ဘိုးရှုန်သည် မြို့ပေါ်ရှိလူကြီးများ ဂုဏ်ပြုပွဲပြုလုပ်ရန် ပြင်ဆင်နေခြင်းကိုကြည့်၍ ထိုလူကြီးများသည် မိမိကိုဂုဏ်ပြုရန် အကြောင်းပြု၍ ၎င်းတို့၏လုပ်ဆောင်ချက်များကို ပေါ်လွင်အောင် ကြိုးစားနေကြောင်း သတိထားမိ၏။

၎င်းတို့၏ အဓိပ္ပာယ်မဲ့သောဘဝကို အချိန်ဖြုန်းရန်အတွက် မိမိက အသုံးချခံသတ္တဝါတစ်ဦးကဲ့သို့ ရှိနေ၏။

ထို့ကြောင့် ဘိုးရှုန်သည် သုံးရက်မြောက်သောနေ့၌ လူအများ မသိအောင် တိတ်တဆိတ် ထွက်ခဲ့လေ၏။

ဘိုးရှုန်သည် ဦးအောင်ရွှေ၏ခြံနောက်မှ တိတ်တဆိတ်ထွက်ခဲ့၏။ ထိုအခိုက်မှာပင် သူ၏အနောက်မှ လေသံတိုးတိုးဖြင့်

" အစ်ကို သွားတော့မလို့လား "

ဟူသောအသံကို ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ရွှေရွှေကို တွေ့ရ၏။

ရွှေရွှေ၏လက်ထဲ၌ ပန်းကလေးတစ်ပွင့်ကို ကိုင်ထား၏။





ရွှေရွှေသည် ဘိုးရှုန်၏အနီးသို့ လျှောက်လှမ်းလာပြီး

" အစ်ကိုသွားတော့မယ်ဆိုတာ ကျွန်မ သိနေတယ်၊ ဒီလို ပကာသနတွေကို အစ်ကိုမခင်တွယ်ဘူးဆိုတာ ကျွန်မ ရိပ်မိတယ် "

ဟု ပြောလေ၏။ ဘိုးရှုန်က ရွှေရွှေကိုကြည့်၍

" ဟုတ်တယ် ရွှေရွှေ၊ ဘယ်သူ့ကိုမှမပြောပါနဲ့ကွာ၊ အစ်ကို ဒီမြို့က ခွာတော့မယ် "

ဟု ပြောလေ၏။ ရွှေရွှေက ဘိုးရှုန်၏မျက်နှာကို ရွှန်းရွှန်း စားစားကြည့်၍

" အစ်ကို အခုလို နာမည်ကျော်ကြားမသွားရင် သိပ်ကောင်း မှာပဲနော် "

ဟု ပြောလေရာ ဘိုးရှုန်က ရွှေရွှေကို နားမလည်ဟန်ဖြင့် ကြည့်၍

" ဘာဖြစ်လို့လဲ ရွှေရွှေ "

ဟု မေးမြန်းလေ၏။ ထိုအခါ ရွှေရွှေက အဝေးဆီသို့ ငေးကြည့်၍

" အစ်ကို အခုလိုမထင်ရှားရင် ဒီမြို့က ဘယ်ထွက်သွားပါ့ မလဲ၊ အစ်ကိုမသွားဘူးဆိုရင် ရွှေရွှေတို့နဲ့ တစ်သက်လုံး အတူနေရ



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့၊ အခုတော့…”

ဟု ပြောလေရာ ဘိုးချမ်းသည် ရွှေရွှေ၏ကရုဏာစကားကို ရိပ်စားမိပြီး

“ ညီမလေးရယ်… ကံမကုန်သေးရင်တော့ ပြန်ဆုံကြမှာပေါ့၊ အစ်ကိုသွားမယ်နော်၊ လိမ်လိမ်မာမာ နေခဲ့တော့ ”

ဟု ပြောကာ ထိုနေရာမှ ထွက်ခွာခဲ့လေ၏။

ဘိုးချမ်းသည် ဦးသတ္တိနှင့်ချိန်းဆိုထားရာ ညောင်ပင်ကြီးအောက်သို့ ရောက်ခဲ့လေ၏။ ဦးသတ္တိက ဘိုးချမ်းကို ဝါးခမောက်တစ်လုံးပေး၍ ဆောင်းစေပြီး

“ ခမောက်ကိုဆောင်းလိုက် ဘိုးချမ်း၊ မင်းက ဒီမြို့မှာ လူတိုင်းသိတဲ့ ဟီးရိုးတစ်ယောက်ဖြစ်နေပြီ၊ ကားဂိတ်မှာ မင်းကို မှတ်မိတဲ့လူတွေ ရှိနိုင်တယ် ”

ဟု ပြောလေ၏။

ဘိုးချမ်းသည် ဦးသတ္တိပေးလိုက်သော ခမောက်ကိုဆောင်း၍ ထိုနေရာမှ ထွက်ခဲ့လေ၏။ ၎င်းတို့သည် အဝေးပြေးကားတစ်စီးကို အခကြေးငွေပေး ခရီးဆက်ခဲ့လေ၏။

ဦးသတ္တိနှင့် ဘိုးချမ်းသည် မြို့များ တစ်မြို့ပြီးတစ်မြို့ ဖြတ်သန်း





ပြီး ခရီးဆက်ခဲ့ကြ၏။ မြို့တစ်မြို့သို့ရောက်လျှင် ဦးသတ္တိက ကားပေါ်မှဆင်း၍ စေတီတစ်ဆူသို့သွားကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပြီး ရှိခိုးပူဇော်လေ၏။

ဘိုးချမ်းသည် ဦးသတ္တိ ဘုရားရှိခိုးနေခြင်းကို အနီး၌ထိုင်၍ စောင့်နေလေ၏။ ပြီးနောက်တွင်မှ ဦးသတ္တိသည် သူ၏လက်ဆွဲ၌ ကိုင်ထားသော တောင်ဝှေး၏ထိပ်သို့ အရုပ်ကလေးတစ်ရုပ် တပ်ဆင်လိုက်ကြောင်း တွေ့ရ၏။

တောင်ဝှေးထိပ်၌ မူလီအရစ်များပြုလုပ်ထားသဖြင့် အရုပ်ကလေးကို လှည့်ပြီးတပ်ဆင်နိုင်လေ၏။

ဘိုးချမ်းသည် ဦးသတ္တိ၏တောင်ဝှေးကို ငေးကြည့်နေစဉ် ဦးသတ္တိက

“ တောင်ဝှေးထိပ်ကအရုပ်က ဥဒေါနပြည်ဝင်အရုပ်လို့ခေါ်တယ်ကွ၊ ဒီအရုပ်ကလေးဟာ ဆင်ကိုနိုင်တဲ့ ဥဒေါမင်းက စောင်းကို ပိုက်ပြီး ဆင်ပေါ်မှာရပ်နေတဲ့သဏ္ဌာန် ထုလုပ်ထားတာကွ၊ ဥဒေါမင်းဟာ ထီးနန်းသိမ်းပိုက်ဖို့ ဆင်ကြီးပေါ်မှာ မတ်တပ်ရပ် စောင်းပိုက်ပြီး တိုင်းပြည်ထဲကိုဝင်လို့ ဥဒေါနပြည်ဝင်ရုပ်လို့ ခေါ်တယ်၊ ဥဒေါန ပြည်ဝင်ရုပ်ဟာ ရန်အပေါင်းကို အောင်နိုင်တယ်၊ ငါတို့တိုင်းပြည်ကို



www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့လက်အောက်ကလွတ်မြောက်ပြီး ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းကို ပြန်ရစေဖို့ အတိတ်နိမိတ်ဆောင်ပြီး ဥတေန ပြည်ဝင်ရုပ်ကို ကိုင်ဆောင်တာပဲ၊ နယ်ချဲ့လက်အောက်က လွတ်မြောက်ဖို့ တို့မြန်မာတွေဟာ နည်းအမျိုးမျိုးနဲ့ ကြိုးစားကြတယ်၊ အရှင်နှစ်ပါး ပါတော်မူပြီးတဲ့နောက်မှာ ဗြိတိသျှတွေဟာ မြန်မာမျိုးချစ်တွေရဲ့ တွန်းလှန်မှုကို နှစ်ပေါင်းများစွာ ရင်ဆိုင်ခဲ့ရတယ်၊ မြန်မာတွေဟာ လက်နက်ချင်းသာတူမယ်ဆိုရင် ကမ္ဘာပေါ်မှာရှိတဲ့ မည်သည့် စစ်တပ်ကိုမဆို ယှဉ်ဝံ့တဲ့သတ္တိရှိသူတွေလို့ ဆိုကြတယ်၊ ငါတို့ မြန်မာ့တော်လှန်ရေးကိုတောင် ဗြိတိသျှတွေဟာ ဆယ်နှစ်ကျော် နှိမ်နင်းခဲ့ရတယ်၊ ဘာပဲဖြစ်ဖြစ် မြန်မာတစ်မျိုးသားလုံးရဲ့ လွတ်မြောက်ရေးအတွက် ကြိုးပမ်းတဲ့နေရာမှာ မင်းလိုစွမ်းရည်သတ္တိ ရှိသူတစ်ယောက်ရဲ့ အကူအညီ အများကြီးလိုအပ်တယ် ”

ဟု ပြောလေရာ ဘိုးချန်က

“ တိုင်းပြည်နဲ့လူမျိုးအတွက်ဆိုရင်တော့ ကျုပ် ကူညီပါ့မယ်၊ ဒါပေမဲ့ ကျုပ်ဆီမှာ ဒီလိုအစွမ်းသတ္တိတွေ ဘာကြောင့်ရှိနေတာလဲဆိုတာ ဒီနေ့ထိ စဉ်းစားလို့မရဘူး ”

ဟု ပြောလေ၏။ ဘိုးချန်၏စကားကြောင့် ဦးသတ္တိက





“ လူမှာ ကိုယ်ရောင်ကိုယ်ဝါဆိုတာ ရှိတယ်၊ လူတစ်ကိုယ်လုံးမှာ ကိုယ်ရောင်ဟာ ရစ်ဝဲနေတယ်၊ လူအသက်ရှင်နေသမျှ ကိုယ်ရောင်ကိုယ်ဝါရှိတယ်၊ အဲဒီအရောင်ဟာ လူ့ခန္ဓာကိုယ်က ရောင်ပြန်ဟပ်ပြီးထွက်နေတယ်၊ လူ့ရဲ့ခေါင်းအထက်မှာ ဝိုင်းပြီးလင်းနေတယ်၊ လူ့ခန္ဓာကိုယ်မှာ နာမ်မရှိတော့ရင်တော့ ကိုယ်ရောင်ဟာ ပျောက်သွားတယ်၊ အနောက်နိုင်ငံတွေမှာ ဓာတ်ပုံပညာစွမ်းနဲ့ လူမှာ ရှိတဲ့ ကိုယ်ရောင်ကိုယ်ဝါကို ဖော်ထုတ်နိုင်ပြီကွ၊ ငါတို့ ဗုဒ္ဓဘာသာ ပန်းချီကားတွေမှာ မြတ်စွာဘုရားကိုရေးဆွဲရင် ဦးခေါင်းတော်ရဲ့ အထက်မှာ အဝန်းအဝိုင်းသဏ္ဌာန် ကိုယ်ရောင်ကိုယ်ဝါ ရေးဆွဲလေ့ရှိတယ်၊ လူသေဆုံးပြီးနောက်တော့ ခန္ဓာအသေ မရခင်မှာ ကိုယ်ရောင်ကိုယ်ဝါ ထွက်သွားတယ်၊ ကိုယ်ရောင်ကိုယ်ဝါကို မြင်တွေ့ရသူက တစ္ဆေလို့ အလွယ်ပြောကြတယ်၊ လူ့ရဲ့ကိုယ်ရောင်ကိုယ်ဝါကို မြင်တွေ့နိုင်တဲ့ ထူးထူးခြားခြား အစွမ်းရှိတဲ့ပုဂ္ဂိုလ်တွေရှိတယ်၊ မင်းဟာ ဒီလိုပုဂ္ဂိုလ်ထဲက တစ်ယောက်ပဲ ”

ဟု ပြောလေရာ ဘိုးချန်သည် ဦးသတ္တိ၏စကားကို တအံ့တဩ နားထောင်ရင်း မိမိသည် ထူးခြားဆန်းကြယ်သော အစွမ်းကို ပိုင်ဆိုင်သူဖြစ်ကြောင်း ပိုမိုသေချာသွား၏။



www.burmeseclassic.com

www.burmeseclassic.com



*မှတ်ချက်။*

*လူ၌ ကိုယ်ရောင်ကိုယ်ဝါရှိကြောင်း ထိုအားလီးယန်း ဟူသော ခေတ်ပုံပညာရှင် အရှောက်နိုင်ငံများ၌ သက်သေ ပြခဲ့ပြီးဖြစ်ပါသည်။*

*(စာရေးသူ)*

ဘိုးချန်က ဦးသတ္တိကိုကြည့်၍

" ကျုပ်ရဲ့အိပ်မက်တွေက အပြင်မှာ အမှန်တကယ်သိမြင်ခဲ့ တာ ဘာကြောင့်လဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးသတ္တိက

" လောကီပညာရပ်တွေကို လေ့လာဖူးတဲ့လူတွေဆိုရင် ကောင်းကောင်းသိပါတယ်၊ အိပ်မက်ခရီးထွက်တဲ့ အတွေ့အကြုံကို တိဘက်ဘုန်းကြီးတွေ ကောင်းကောင်းတတ်ကျွမ်းကြတယ်၊ ဟိုး အရင်က လူသားတွေအားလုံး နာမ်နဲ့ဝေဟင်ခရီး ထွက်နိုင်ကြတယ်၊ နောက်တော့ လောဘ၊ ဒေါသ၊ မောဟတွေ ဖုံးလွှမ်းလာတဲ့အခါ အိပ်မက်ခရီးမထွက်နိုင်တော့ဘူး၊ နာမ်နဲ့ ဝေဟင်ခရီးထွက်တဲ့ အကျင့် ကို မကျင့်ကြံဘဲနဲ့ ပင်ကိုယ်ပါရမီအရ အလိုလိုတက်လှမ်းနေတာ ရှိနိုင်တယ်၊ မင်းဟာ မကျင့်ကြံဘဲ အလိုလိုတတ်ကျွမ်းနေသူပဲ"





ဟု ပြောလေ၏။

ဘိုးချန်သည် တစ်ခါက စာရင်းငှားလှငယ်များ မိမိကို သချိုင်း၌သွားရောက်ထားရှိပြီး အရူးကြီး ဦးတာတီးနှင့်တွေ့ဆုံခဲ့ပုံ၊ ထိုသို့တွေ့ဆုံခဲ့ပြီးနောက်ပိုင်း လူ၌ရှိသော ကိုယ်ရောင်ကိုယ်ဝါကို မြင်တွေ့ရပုံ၊ အိပ်မက်ခရီးထွက်နိုင်ပုံများကို ပြောပြလေ၏။

ဘိုးချန်၏စကားကို နားထောင်၍ ဦးသတ္တိက

" မင်းနဲ့ သချိုင်းမှာ ပဋ္ဌာန်းဆက်အရ တွေ့ဆုံခဲ့တဲ့ပုဂ္ဂိုလ် ကြီးဟာ မြေလျှောက်ဝိဇ္ဇာတစ်ယောက် ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် စိတ္တဇဖြစ်နေတဲ့ လူတစ်ယောက်လည်း ဖြစ်ရင်ဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် မင်းရဲ့ခန္ဓာကိုယ်ထဲမှာ ပင်ကိုယ်စွမ်းအားတွေမရှိဘဲနဲ့ ဒီလို အစွမ်း သတ္တိတွေ မဖြစ်နိုင်ပါဘူး၊ ဦးတာတီးဟာ မြေလျှောက်ဝိဇ္ဇာကြီး ဖြစ်မယ်ဆိုရင် မင်းရဲ့ကိုယ်မှာ ကိန်းအောင်းနေတဲ့ ပင်ကိုယ်စွမ်းအား တွေကို နှိုးဆွပေးလိုက်တာဖြစ်နိုင်တယ်၊ နာမ်နဲ့ဟောဝင် ခရီးထွက်တဲ့ အခါ ရုပ်နဲ့နာမ်ကို ငွေကြိုးငယ်နဲ့ ဆွဲထားတယ်၊ လူတိုင်း လူတိုင်း ဟာ မမျှော်လင့်ဘဲ နာမ်ပျံတဲ့အဖြစ်မျိုးနဲ့ ကြုံတွေ့ရတယ်၊ ဒါပေမဲ့ စနစ်တကျ လေ့ကျင့်ထားသူသာလျှင် နာမ်ကို လွှတ်ချင်တဲ့ နေရာကို လွှတ်လို့ရတယ်၊ နာမ်လောကမှာ အချိန်ဟာ အဓိက မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပဲခရီးဝေးဝေးနာမ်ကိုလွှတ်လိုက်ရင် ချက်ချင်းရောက်သွားနိုင်တယ်၊ လူတွေဟာ တစ်ခါတစ်ရံမှာ နာမ်ပျံတဲ့အဖြစ်မျိုးကို မမျှော်လင့်ဘဲ ကြုံတွေ့ရတယ်၊ ဒါပေမဲ့ လေ့ကျင့်ထားတဲ့သူမဟုတ်တဲ့အတွက် တုန်လှုပ်ခြောက်ခြားသွားတတ်တယ်၊ နာမ်ပျံရင်း ကတုံကရင်နဲ့ လန့်နိုးပြီး ပါးစပ်က အော်ဟစ်မိတာမျိုးတောင် ဖြစ်တတ်တယ်၊ ဘယ်သူပဲဖြစ်ဖြစ် နာမ်ကို ကောင်းကောင်းထိန်းချုပ်ပြီးတော့ ဝေဟင်ခရီးထွက်နိုင်တယ်၊ အဆင့်ဆင့်တိုးပြီးလေ့ကျင့်ရင် ပိုမို စွမ်းဆောင်နိုင်တယ်၊ ဒါပေမဲ့ ဝေဟင်ခရီးထွက်တဲ့အချိန်မှာ ခန္ဓာကိုယ်ကို ဘယ်သူမှနှောင့်ယှက်လို့မရဘူး၊ နှလုံးရောဂါရှိတဲ့သူတွေ နာမ်ပျံတဲ့အလေ့အကျင့်ကို လုပ်ဖို့မသင့်ဘူး၊ ရှေးတုန်းကလူတွေဟာ မနောနဲ့အချင်းချင်းဆက်သွယ်နိုင်ကြတယ်၊ နာမ်နဲ့ ဝေဟင်ခရီးထွက်နိုင်ကြတယ်၊ နောက်တော့ တစ်ကိုယ်ကောင်းစိတ်တွေများလာတဲ့အခါ ဒီတန်ခိုးတွေ လျော့ကျပျက်စီးကုန်တယ်၊ ဘာသာစကားဆိုတာ အသံထွက်ပြောကြမှသာ လိုအပ်တာပါ၊ ဟိုးရှေးရှေးက မနောနဲ့ ပြောဆိုနိုင်တဲ့အတွက် ဘာသာစကားမလိုအပ်ဘူး၊ မနောနဲ့ပြောဆိုခြင်း ပျောက်ဆုံးသွားတဲ့အခါမှာ ဘာသာစကားရှုပ်ထွေးခြင်းနဲ့ ကွဲပြားခြားနားခြင်းတွေ ဖြစ်ပေါ်လာတယ် ”





ဟု ရှည်လျားစွာ ပြောပြလေ၏။

ထိုအခါ ဘိုးစုန်က

“ ဒါဆိုရင် ကျုပ်လိုပဲ အိပ်မက်ခရီးထွက်နိုင်တဲ့သူတွေ အများကြီးရှိတာပေါ့ ”

ဟု မေးမြန်းလေ၏။ ဦးသတ္တိက ခေါင်းညိတ်၍

“ တိဘက်မှာ နာမ်နဲ့ ခရီးထွက်နိုင်တဲ့ လားမားဘုန်းကြီးတွေ အများကြီးရှိတယ်၊ အနောက်တိုင်းမှာလည်း ဒီပညာကို လေ့လာနေကြတယ်၊ ဝိညာဉ်လွင့်တယ်လို့ အများသိကြတယ်၊ ပါရမီရှိလို့ ဝိညာဉ်ခရီးထွက်နိုင်တဲ့ ပုဂ္ဂိုလ်တွေဟာ ပိုမိုပြီး ထူးချွန်ကြတယ်၊ မင်းဟာ ပင်ကိုယ်ပါရမီအရ အိပ်မက်ခရီးထွက်နိုင်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ၊ အိပ်မက်ခရီးထွက်ရင်းနဲ့ လူဟာ မမြင်အပ်တဲ့အရာတွေကို မြင်တွေ့ရတယ်၊ သူတစ်ပါးရဲ့အတွင်းရေးကို မြင်တွေ့ပြီး လောဘ၊ ဒေါသ၊ မောဟ မထိန်းချုပ်နိုင်ရင် အိပ်မက်ခရီးထွက်တဲ့အစွမ်းသတ္တိဟာ ပျောက်ကွယ်သွားနိုင်တယ် ”

ဟု ပြောလေ၏။ ဘိုးစုန်က ခေါင်းညိတ်၍

“ ဒါတော့ ဟုတ်တယ်ဗျ၊ အိပ်မက်ခရီးထွက်ရင်း တွေ့ရ မြင်ရတာတွေဟာ ကျုပ်အတွက်တော့ အထူးအဆန်းတွေပဲ၊ ဘာပဲ



www.burmeseclassic.com

www.burmeseclassic.com



မြစ်မြစ် အများကောင်းကျိုးအတွက် အလုပ်လုပ်မယ်ဆိုပြီး ကိုယ့်စိတ်ကို ကိုယ်ထိန်းထားရတယ် ”

ဟု ပြောလေရာ ဦးသတ္တိက ဘိုးဈာန်၏စကားကို နားထောင်၍

“ မင်းရဲ့စိတ်သဘောထား မှန်ကန်တဲ့အတွက် ယောင်ခရီး ထွက်တာ ပိုမိုပြီး အောင်မြင်မှုရခဲ့တယ်၊ စိတ်သဘောထားညံ့ဖျင်းခဲ့ရင် ပင်ကိုယ်ပါရမီကြောင့်ရခဲ့တဲ့ အစွမ်းသတ္တိတွေဟာ အလိုလို ပျောက်ကွယ်သွားနိုင်တယ်ကွ ”

ဟု ပြောလေ၏။ ဘိုးဈာန်က စိတ်ဝင်စားစွာဖြင့်

“ ဦးသတ္တိနဲ့တွေ့မှ နာမ်ခရီးထွက်တဲ့အကြောင်းကို ကြားဖူးတော့တယ်၊ လောကမှာ ထူးထူးဆန်းဆန်းဖြစ်ရပ်တွေဟာ အများကြီးပဲနော် ”

ဟု ပြောလေ၏။ ဦးသတ္တိက ခေါင်းညိတ်၍

“ လောကမှာ ထူးထူးဆန်းဆန်း အစွမ်းသတ္တိပိုင်ဆိုင်သူတွေ အများကြီးရှိတယ်၊ ဆောင်းရာသီခိုက်ခိုက်တုန်အောင် ချမ်းအေးပြီး ရေခဲအမှတ်အောက်ရောက်နေတဲ့နေရာမှာ အဝတ်အစားမဝတ်ဘဲ တရားကျင့်နိုင်တဲ့ တိဘက်လားမားဘုန်းကြီးတွေရှိတယ်၊ အိန္ဒိယမှာ





ရှိတဲ့ ဟာရိဒတ်ဆိုတဲ့ ယောဂီကြီးဟာ မြေကြီးထဲမှာ အရှင်လတ်လတ် မြေမြှုပ်ခံပြီး ရက်ပေါင်း (၄၀) တိတိ နေထိုင်ခဲ့တယ်၊ ဗြိတိသျှက နတ်ဝင်သည်တစ်ယောက်ဟာ လူသူပရိသတ်တွေ အများကြီးရှေ့မှာ လေထဲကို ဝဲပျံပြနိုင်တယ်၊ အချို့သော စွမ်းအားရှင်တွေဟာ အရာဝတ္ထုတစ်ခုကို ကိုင်တွယ်လိုက်ရုံနဲ့ ပစ္စည်းပိုင်ရှင်ရဲ့ အတိတ်၊ အနာဂတ်ဖြစ်ရပ်တွေကို ပြောနိုင်ကြတယ်၊ အချို့စွမ်းအားရှင်တွေကတော့ စာအိတ်ထဲမှာ သေသေချာချာပိတ်ထားတဲ့ ဂဏန်းတွဲတွေကို မှန်အောင်ပြောနိုင်ကြတယ်၊ ဒါတွေဟာ စိတ်ကူးယဉ်ပြီး ပြောနေတာမဟုတ်ဘူးကွ၊ သိပ္ပံပညာထွန်းကားပါတယ်ဆိုတဲ့ အနောက်နိုင်ငံမှာ အကြီးအကျယ် သုတေသနပြုနေကြတာ၊ လူ့ရဲ့ စိတ်တန်ခိုးဟာ အတိုင်းအဆမရှိဘူး၊ လူတစ်ယောက်ရဲ့လက်ထဲကို ကျောက်တုံးလေးတစ်တုံးထည့်ပြီး မီးခဲပါဆိုရင် အပူလောင်ပြီး လက်ထဲက လွတ်ကျသွားလိမ့်မယ်၊ လက်ဖဝါးမှာလည်း အပူလောင်တဲ့ ဒဏ်ရာဒဏ်ချက်တွေလိမ့်မယ်၊ အချို့သော စိတ်တန်ခိုးရှင်တွေဟာ မီးတွေကို ပိတ်နိုင် လင်းနိုင်တဲ့အစွမ်းရှိတယ်၊ အရာဝတ္ထုတွေကို လေထဲကို ရွှေ့လျားနိုင်တယ်၊ အဝေးမှာရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေကို မှန်ကန်အောင် ပြောနိုင်ကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အလွန်ရှည်လျားတဲ့ ကိန်းဂဏန်းတွေကို ပေါင်းနိုင် မြှောက်နိုင်ကြတယ် ”

ဟု ပြောလေ၏။

ဘိုးချွန်သည် ဦးသတ္တိ၏စကားများသည် ထူးဆန်းလွန်းသဖြင့် တအံ့တဩ နားထောင်လေ၏။

ဘိုးချွန်က ဆက်လက်၍

“ ဒါတွေကို ဆက်ပြောနေရင်တော့ ဆုံးမှာမဟုတ်ဘူးကွ၊ လောကမှာ ခေတ်ပညာလေး မတောက်တစ်ခေါက်တတ်တဲ့သူတွေဟာ သူတို့ကိုယ်သူတို့ ခေတ်ပညာတတ်ဆိုပြီး ထူးခြားဆန်းကြယ်တဲ့ အစွမ်းသတ္တိပိုင်ရှင်တွေကို ပြက်ရယ်ပြုကြတယ်၊ အယူသီးတယ်လို့ ဆိုကြတယ်၊ တကယ်တော့ သူတို့သာလျှင် အယူသီးနေကြတာကွ၊ အင်္ဂလိပ်အစိုးရကသင်ပေးတဲ့ ကျွန်ပညာရေးလောကကို အဟုတ်ကြီး ထင်နေကြတယ်၊ ဒါကြောင့် ငါတို့မြန်မာတွေ ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှာန်းပြန်ရဖို့ ငါ ကြိုးစားနေတာပဲ ”

ဟု ပြောလေရာ ဘိုးချွန်သည် ဦးသတ္တိကို စိတ်ဝင်စားဟန်ဖြင့်

“ ဒါဆိုရင် ဦးသတ္တိ ကျုပ်ကိုခိုင်းမဲ့ကိစ္စကိုပြောပါဦး ”





ဟု မေးမြန်းလေ၏။ ဦးသတ္တိက

“ ငါတို့မြန်မာတော်လှန်ရေးသမားတွေဟာ နယ်ချဲ့အစိုးရကို ရရာလက်နက်ဆွဲကိုင်ပြီး နှစ်ပေါင်းများစွာ တွန်းလှန်ခဲ့ကြတယ်၊ ဒါပေမဲ့ ဗဟိုကချုပ်ကိုင်ပြီး တော်လှန်တဲ့စနစ်မဟုတ်တဲ့အတွက် အရှုံးနဲ့သာ ရင်ဆိုင်ရတယ်၊ ဒါတောင်မှ နယ်ချဲ့အစိုးရဟာ ၁၀နှစ်ကျော် နှိမ်နင်းခဲ့ရတယ်၊ ဒါကိုကြည့်ခြင်းအားဖြင့် ငါတို့မြန်မာ့သွေးဟာ ရဲရဲနီတယ်ဆိုတာ သက်သေပြနေတာပဲ၊ ငါဟာ တိုင်းရင်းသားတွေ နယ်ချဲ့ကို တော်လှန်တဲ့အားနည်းချက်တွေကိုကြည့်ပြီး အများကြည်ညိုလေးစားတဲ့ ပုဂ္ဂိုလ်တစ်ဦးကို ဖန်တီးဖို့ ကြံစည်ခဲ့တယ် ”

ဟု ပြောလေရာ ဘိုးချွန်က သက်ပြင်းချ၍

“ ဦးသတ္တိက တစ်ကိုယ်တော် သူရဲကောင်းတစ်ဦးဝါဒကို ဖန်တီးမလို့လား ”

ဟု ပြောလေ၏။ ဘိုးချွန်၏စကားကြောင့် ဦးသတ္တိက သဘောကျဟန်ဖြင့် ခေါင်းညိတ်၍

“ မင်း မဆိုးဘူး၊ တိုင်းရေးပြည်ရေးကို စိတ်ဝင်စားသားပဲ၊ ငါ့ကို ချက်ကျလက်ကျ ပြန်ပြောနိုင်တယ် ”

ဟု ပြောလေ၏။ ထိုအခါ ဘိုးချွန်က သက်ပြင်းချ၍



www.burmeseclassic.com

www.burmeseclassic.com



" ကျုပ်ဟာ လယ်ကူလီတစ်ယောက်ဆိုပေမဲ့ မျိုးချစ်စိတ်ရှိပါတယ်၊ ကျုပ်တို့မြန်မာ့မြေကို ကျူးကျော်ပြီး တိုင်းရင်းသားတွေကို ဖိနှိပ်ချုပ်ခြယ်နေတဲ့ နယ်ချဲ့အစိုးရကို မကြိုက်ပါဘူး၊ နယ်ချဲ့အစိုးရကျဆုံးဖို့အတွက် ကျုပ် အမျိုးမျိုး စဉ်းစားခဲ့ဖူးတယ်၊ ကျုပ်တို့မြန်မာတွေ စုပေါင်းပြီး အနယ်နယ်အရပ်ရပ်မှာ တပြိုင်တည်း တော်လှန်ပုန်ကန်ကြမယ်လို့ စိတ်ကူးယဉ်ဖူးတယ် "

ဟု ပြောလေရာ ဦးသတ္တိက ဘိုးချုန်၏ပခုံးကိုလက်ဖြင့်ပုတ်၍

" ပြောပါဦးကွာ၊ လူငယ်တစ်ယောက်ရဲ့စိတ်ကူးကို ငါ လေးစားပါတယ် "

ဟု ပြောလေ၏။ ဘိုးချုန်က ဆက်လက်၍

" ဒါပေမဲ့ ကျုပ်စိတ်ကူးတွေဟာ လေထဲမှာပဲ ပျောက်ကွယ်သွားတယ်၊ ကျုပ်တို့မြန်မာတွေဟာ ဗြိတိသျှတွေနဲ့ယှဉ်ရင် အရာရာ ခေတ်နောက်ကျနေပြီ၊ သူတို့ဟာ အလွန်ခေတ်မီတဲ့ စစ်တပ်လည်း ရှိတယ်၊ မြန်မာတွေရဲ့ အဆင့်ဟာ အရှင်နှစ်ပါး ပါတော်မူတုန်းကနဲ့ ဘာမှမခြားသေးဘူး၊ ဒီနေ့အထိ ဝါးလုံးခေါင်းထဲမှာ လသာနေတုန်းပဲ၊ ဒီလိုစိတ်ဓာတ်မျိုးနဲ့ ဘယ်လိုလုပ်ပြီး နယ်ချဲ့ကို တွန်းလှန်လို့ ရနိုင်မှာလဲ၊ ကျုပ်တို့မြန်မာတွေ ခေတ်ပညာတတ်ပြီး မျိုးချစ်စိတ်ဓာတ်





ရှိတဲ့သူတွေ အများကြီး လိုတယ်၊ ဆရာစံရဲ့ တောင်သူလယ်သမား တော်လှန်ရေးကျဆုံးတာ ခေတ်မမီလို့ပဲလို့ ကျုပ် ထင်တယ် "

ဟု ပြောလေရာ ဦးသတ္တိက ခေါင်းတဆတ်ဆတ်ညိတ်၍

" ဆရာစံရဲ့တော်လှန်ရေးကျဆုံးတာ ခေတ်မမီလို့တစ်ခုတည်း မဟုတ်ဘူးကွ၊ စနစ်မကျလို့ ကျဆုံးတာလည်းပါတယ်၊ ငါကတော့ ရေးကပုဂ္ဂိုလ်ကြီးတွေရဲ့အားနည်းချက်ကို အတုယူပြီး အောင်မြင်အောင် ကြိုးပမ်းမယ်လို့ ဆုံးဖြတ်ထားတယ်၊ တိုတိုပြောရရင် စကြာမင်းသားလေး ပြန်ပေါ်လာပြီဆိုပြီးတော့ ပြည်သူတွေထဲမှာ သတင်းဖြန့်မယ်၊ ပြီးတော့ စကြာမင်းသားအတု ဖန်တီးမယ်၊ မင်းမြောက်တန်ဆာငါးပါးကို ရအောင်ယူမယ်၊ မင်းမြောက်တန်ဆာငါးပါးရရင် စကြာမင်းသားကို ဘိသိက်ခံပြီး မြန်မာတစ်မျိုးသားလုံး အုံကြွလာအောင် လှုံ့ဆော်မယ်၊ ငါ ဒီလိုစီစဉ်တာ ပဒေသရာဇ်စနစ်ကို အသက်သွင်းဖို့မဟုတ်ဘူး၊ ဒါပေမဲ့ ငါတို့မြန်မာတစ်မျိုးသားလုံးဟာ ပဒေသရာဇ်ကို အထင်ကြီးတဲ့စိတ် ဒီနေ့အထိမကုန်သေးဘူး၊ သဘာဝကျကျတွေးတတ်ရင် စကြာမင်းသားဆိုတာ ဒီနေ့ခေတ်မှာ မရှိနိုင်တော့ဘူး၊ သာယာဝတီမင်းဟာ စကြာကိုယ်တော်လေးငှိ အင်းဝမှာ ရေဆိပ်ချပြီး ကွပ်မြက်ခဲ့တယ်၊ ဒါကို ပထမဦးအောင်က



www.burmeseclassic.com

www.burmeseclassic.com



ကယ်တင်ခဲ့လို့ အသက်ရှင်ခဲ့တယ်လို့ဆိုတယ်၊ တကယ်သာ စကြာမင်းသား အသက်ရှင်ခဲ့ရင် မင်းသားရဲ့အသက်ဟာ အသက်တစ်ရာလောက် ရှိနေလောက်ပြီ၊ ဘာပဲဖြစ်ဖြစ် ငါတို့မြန်မာတွေဟာ မင်းလောင်းကို မျှော်လေ့ရှိတယ်၊ စကြာကိုယ်တော်လေး ပြန်ပေါ်လာပြီးရင် နယ်ချဲ့အစိုးရလည်း အတော်ထိတ်လန့်တုန်လှုပ်မှာပဲ ”

ဟု ပြောလေ၏။

ထိုအခါ ဘိုးချုန်သည် ဦးသတ္တိ၏ မြင့်မြတ်သောအကြံဉာဏ်ကို လွန်စွာလေးစားလေ၏။ ထို့ကြောင့်

“ ဦးသတ္တိရဲ့ရည်ရွယ်ချက်ကို ကျုပ်သိပ်ကြိုက်တယ်ဗျား အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်၊ အောင်မြင်ခဲ့ရင် ကျုပ်တို့တစ်မျိုးသားလုံး သူ့ကျွန်ဘဝက လွတ်ပြီပေါ့ဗျာ၊ ကဲ··· ကျုပ် ဘယ်လိုကူညီရမှာလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးသတ္တိက

“ ကျုပ်ဟာ ပျောက်ဆုံးနေတဲ့ စကြာမင်းသားပြန်ပေါ်လာပြီဆိုပြီးတော့ တစ်မျိုးသားလုံး စည်းလုံးအောင်လုပ်ချင်တယ်၊ ဒါပေမဲ့ ကျုပ်အတွက် အရေးကြီးတာက မင်းမြောက်တန်ဆာငါးပါးပဲ၊ တို့မြန်မာတွေဟာ အတိတ်တဘောင်တွေကိုအလွန်ယုံကြည်ကြတယ်၊





မင်းလောင်းပေါ်မယ်ဆိုပြီးတော့ မျှော်လင့်ချက်နဲ့ စောင့်မျှော်နေတဲ့ မြန်မာကြီးတွေ အများကြီးရှိတယ်၊ ဒါကို နောက်ကျတယ်ဆိုတဲ့ အတွေးအခေါ်နဲ့ အပြစ်တင်လို့မရဘူး၊ စကြာမင်းသားလေးပေါ် ပေါက်လာပြီဆိုရင် ကျုပ်တို့မြန်မာတစ်မျိုးသားလုံး စည်းလုံးညီညွတ်ပြီး ဖိနှိပ်ချုပ်ခြယ်တဲ့ အစိုးရကို တွန်းလှန်မှာ သေချာတယ်၊ စကြာမင်းသားကို မင်းအဖြစ် တင်မြှောက်ဖို့အတွက် မင်းမြောက်တန်ဆာငါးပါး လိုအပ်တဲ့အတွက် ကျုပ်နည်းကျုပ်ဟန်နဲ့ မင်းမြောက်တန်ဆာငါးပါးကို စုဆောင်းနေတာကြာပြီ၊ မင်းမြောက် တန်ဆာငါးပါးအတွက် ထီးဖြူ၊ သင်းကျစ်၊ ရွှေခြေနင်း၊ သားမြီးယပ်ကို ကျုပ် စုဆောင်းပြီးပြီ၊ ဒါပေမဲ့ သဂ္ဂလို့ခေါ်တဲ့ သန်လျက်ကိုတော့ ဒီနေ့အထိမရသေးဘူး၊ မင်းမြောက်တန်ဆာငါးပါးကို မြို့ဟောင်းတွေမှာ ကျုပ် ရှာဖွေခဲ့တယ်၊ မင်းမြောက်တန်ဆာငါးပါးကို အစစ်တွေရဖို့ ကျုပ် ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ရတယ်၊ နောက်ဆုံးတော့ မင်းမြောက်တန်ဆာငါးပါးထဲက သဂ္ဂလို့ခေါ်တဲ့ သန်လျက်ဟာ ကော့သောင်းမြို့အနီးက ပင်လယ်ဆိပ်ကမ်းရွာကြီးတစ်ရွာက စားသောက်ဆိုင်ပိုင်ရှင်တစ်ယောက်ဆီမှာ ရှိတယ်လို့ သိရတယ် ”

ဟု ပြောလေရာ ဘိုးချုန်သည် ဦးသတ္တိကို နားလည်သဘောပေါက်မြင်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍

" ဦးသတ္တိမှာ စွမ်းရည်သတ္တိတွေရှိတာပဲ၊ မင်းမြောက်တန်ဆောင်းပါးထဲက လေးပါးကိုတောင် ခက်ခက်ခဲခဲ ရှာဖွေနိုင်ခဲ့တာပဲ၊ ကျန်တဲ့ သဂ္ဂလို့ခေါ်တဲ့ သန်လျက်ကို စားသောက်ဆိုင်ပိုင်ရှင်ဆီက ရအောင်ယူလိုက်ပေါ့၊ သူရောင်းမယ်ဆိုရင်လည်း တန်ရာတန်ကြေးတစ်ခု ပေးလိုက်ပေါ့၊ မလွယ်ဘူးလား "

ဟု မေးမြန်းလေ၏။ ဦးသတ္တိက ခေါင်းခါယမ်း၍

" မင်းထင်သလောက် မလွယ်ဘူးကွ၊ စားသောက်ဆိုင်ပိုင်ရှင်ဆိုပေမဲ့ သူဟာ အရင်တုန်းက ပင်လယ်ပြင်မှာ တန်ခိုးဩဇာကြီးတဲ့ ပင်လယ်ဓားပြအဖွဲ့ကြီးတစ်ဖွဲ့ကို ဦးဆောင်ခဲ့တဲ့သူပဲ၊ ဒီလိုဦးဆောင်နိုင်ပေမဲ့ သူဟာ ယောက်ျားစစ်စစ်ကြီးတစ်ယောက်လို့ ထင်ရင် မှားမယ် "

ဟု ပြောလေရာ ဘိုးချုန်က အံ့ဩဟန်ဖြင့်ကြည့်၍

" ပင်လယ်ဓါးပြခေါင်းဆောင်က မိန်းမကြီးပေါ့၊ ဟုတ်လား၊ အံ့ဩစရာပဲ "

ဟု ပြောလေ၏။ ဦးသတ္တိက

" သူဟာ မိန်းမဆိုပေမဲ့ ယောက်ျားစိတ်ပေါက်နေတာမျ





ယောက်ျားတစ်ယောက်လို ကြမ်းကြမ်းရမ်းရမ်း နေထိုင်နိုင်တယ်၊ အခုတော့ သူဟာ ပင်လယ်ဓားပြအလုပ်ကို စွန့်လွှတ်ပြီး အေးအေးချမ်းချမ်း စားသောက်ဆိုင်ဖွင့်ထားတယ်၊ သူဟာ ပင်လယ်ဓါးပြဘဝနဲ့ ရတနာတွေ အများကြီးရလိုက်ပေမဲ့ တပည့်တွေအကုန်လုံးကို ခွဲဝေပေးပြီး စားသောက်ဆိုင်အလုပ်ကို လုပ်ကိုင်နေတယ်၊ သူ့ရဲ့တပည့်တွေဟာ ဝီနန်ဘက်မှာ ပင်လယ်ဓါးပြအလုပ်ကို ဒီနေ့အထိ လုပ်ကိုင်နေတုန်းပဲ၊ ဒါကြောင့် သူဟာ ဩဇာရှိတယ်၊ သူနေထိုင်တဲ့ ပင်လယ်ဆိပ်ကမ်းရွာကြီးမှာ သူ့ကို ဘယ်လိုလူကမှ လက်ဖျားနဲ့မတို့ဝံ့ဘူး၊ သူ့ရဲ့စားသောက်ဆိုင် စုတ်စုတ်ပြတ်ပြတ်ကလေးမှာ စားသောက်တဲ့ လူကြမ်းသူကြမ်းကြီးတွေဟာ သူ့ကို လက်ဖျားနဲ့တောင် မတို့ဝံ့ဘူး၊ သူစိတ်ဆိုးလို့အော်လိုက်ရင် ကလေးတွေလို ငြိမ်သက်သွားကြတယ်၊ သူ့လိုလူမျိုးကို ငါက လွယ်လွယ်နဲ့ အနိုင်ယူလို့မရဘူးကွ၊ သူက အပြင်ပန်းက စားသောက်ဆိုင်ပိုင်ရှင်ဆိုပေမဲ့ သူ့မှာ တန်ခိုးအာဏာရှိတယ် "

ဟု ပြောလေရာ ဘိုးချုန်သည် စားသောက်ဆိုင်ဖွင့်ထားသော ယောက်ျားလျာကြီးကို အလွန်စိတ်ဝင်စားသွားပြီး

" သူ့နာမည်က ဘယ်လိုခေါ်လဲဗျ "



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။ ထိုအခါ ဦးသတ္တိက အဝေးဆီသို့ ငေးကြည့်၍ လေသံတိုးတိုးဖြင့်

" ရွှေသန်လျက်တဲ့၊ သူဟာ ပင်လယ်ဓါးပြဘဝက ရွှေအစစ်နဲ့ လုပ်ထားတဲ့ သန်လျက်တစ်ခုကို ကိုင်ဆောင်တယ်တဲ့၊ ဒါကြောင့် သူ့နာမည်ကို ရွှေသန်လျက်လို့ခေါ်ကြတယ်၊ သူ့ရဲ့ စိတ်ချတဲ့ ဆိုင်ကလေးကိုလည်း ပတ်ဝန်းကျင်က ရွှေသန်လျက်လို့ပဲ သိကြတယ်၊ ဆိုင်ကလေးရဲ့ ဆိုင်းဘုတ်ရှေ့မှာ အလွန်ကြီးမားတဲ့ ရွှေရောင် သန်လျက်ကြီးတစ်ခုကို ချိတ်ဆွဲထားတယ်၊ သူ့ဆီက ရွှေသန်လျက်ကို ငါ မရရအောင်ယူချင်တယ်၊ ဒီအတွက် မင်း ကူညီရမယ် "

ဟု ပြောလေ၏။

ဘိုးရှုန်က ခေါင်းညိတ်၍

" ကောင်းပြီ၊ ကျုပ် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားပေးပါ့မယ်၊ ဘယ်လိုလုပ်ရမလဲ "

ဟု ပြောလေရာ ဦးသတ္တိက မျက်မှောင်ကြုတ်၍

" မင်းနဲ့ငါ ပင်လယ်ဆိပ်ကမ်းမြို့ကြီးကို သွားရမယ်၊ ဟိုကိုရောက်မှ သန်လျက်ကို ဘယ်လိုယူရမလဲဆိုတာကို တိုင်ပင်ကြမယ် "





ဟု ပြောလေ၏။

ထို့နောက်တွင်မူ ဘိုးရှုန်နှင့် ဦးသတ္တိသည် ပင်လယ်ဆိပ်ကမ်းမြို့သို့ထွက်မည့် သင်္ဘောကြီးတစ်စီးနှင့် လိုက်ခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညသ၌ ပင်လယ်ဆိပ်ကမ်းရွာကြီးတစ်ရွာရှိ ရွှေသန်လျက်ဟု အမည်တွင်သော စားသောက်ဆိုင်ကလေး၌ လူအများနှင့် စည်စည်ကားကား ရှိလေ၏။

ဆိုင်အတွင်း၌ လူကျသောအချိန်ဖြစ်၍ ရွှေသန်လျက်ဆိုင်ပြင်ဘက်ရှိ ရွှေရောင်သန်လျက်ကြီးအနီး၌ မီးပုံကလေးတစ်လုံးကို ထွန်းညှိထားလေ၏။

ရွှေသန်လျက် စားသောက်ဆိုင်ကလေး၌ စားသောက်ဖွယ်ရာများကို ချက်ပြုတ်သူမှာ ဆိုင်ရှင် ရွှေသန်လျက်ဆိုသော ယောက်ျားလျာကြီး ဖြစ်၏။



ယောက်ျားလျာကြီးရွှေသန်လျက်သည် စားသောက်ဆိုင်ညလူကျသော အချိန်ဖြစ်၍ မီးဖိုခန်း၌ ထမိမနိုင် ပုဝါမနိုင်နှင့် ယောက်မကြီးကို တခွမ်းခွမ်းခေါက်ကာ ပင်ပင်ပန်းပန်း ချက်ပြုတ်နေလေ၏။

ဆိုင်၌စားပွဲထိုးသော လူနှစ်ဦးမှာလည်း စားပွဲဝိုင်းတစ်ဝိုင်းမှ တစ်ဝိုင်းသို့ ဟိုသည်ပြေးလွှား၍ အလုပ်များနေလေ၏။

ရွှေသန်လျက်ဆိုင်ကလေး၏ထောင့်တက်၌ အနည်းငယ်မြင့်သော စင်လေးတစ်ခု ပြုလုပ်ထားပြီး ထိုစင်ငယ်လေးအတွင်း၌ စောင်းတစ်လက်ကို ပိုက်ထားသော မိန်းမချောလေးတစ်ဦးရှိ၏။

မိန်းမချောလေး၏အမည်မှာ မိုးနတ်သုဇာဟူ၍ ဖြစ်၏။ မိုးနတ်သုဇာသည် အနီးရှိ တံငါရွာမှ အနေပညာဗီဇရှိသူတစ်ဦးဖြစ်၏။

သူမ၏မိဘများသည် ရွှေသန်လျက်ထံမှ အကြွေးများစွာ ယူထားပြီး ပြန်မဆပ်နိုင်တော့သဖြင့် ယောက်ျားလျာကြီး ရွှေသန်လျက်၏ အလိုအရ ဆိုင်၌ ညစဉ် စောင်းတီးပေးရလေ၏။

ထိုသို့ စောင်းတီးရာတွင်လည်း ယောက်ျားလျာကြီးအလွန်ကြိုက်သော မြမြမောင်းမောင်းသီချင်းကို တီးခတ်ပေးရ၏။

သူမ၏တာဝန်မှာ ညဦးပိုင်းအချိန်မှ ညဉ့်နက်ပိုင်း ဆိုင်သိမ်းချိန်အထိ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်သို့ အနီးအနား တံငါရွာမှ လှကြမ်းသူကြမ်းကြီးများ လာရောက် စားသောက်ကြ၏။ ထိုသို့စားသောက်ရင်း ထိုဒေသ၌ အလွန်နာမည်ကြီးသော ကျားတံဆိပ် ယမကာကို မှီဝဲကြ၏။

ခည်သို့ပင်မှီဝဲ၍ ညည်သို့ပင် မူးယစ်စေကာမူ ဆိုင်၌ သောင်းကျန်းပုံသူ မရှိချေ။

စောင်းတီးနေသော မိန်းမချောလေးကိုပင် နောက်နောက် ပြောင်ပြောင် မလုပ်ဝံ့ကြချေ။ ထိုသို့နောက်ပြောင်သူများကို ယောက်ျားလျာကြီး ရွှေသန်လျက်က အနုပညာဗီဇမရှိသူဟု စွပ်စွဲကာ ဆိုင်ပြင်သို့ မောင်းထုတ်၏။

ထို့ကြောင့်ပင် မိန်းမချောလေး မိုနတ်သူဇာသည် ရွှေသန်လျက် ၌ အေးအေးလူလူ စောင်းတီးခွင့်ရ၏။ သူမ၏ စောင်းသံကို နှစ်သက်သူများက ငွေစကြေးစများ ချီးမြှင့်လေ့ရှိ၏။

တစ်ခါတစ်ရံ ဗီနန်ဘက်မှ ပင်လယ်ဓါးပြများ ရောက်လာလျှင် ရွှေတိုရွှေစလေးများပင် ချီးမြှင့်ခြင်းခံရ၏။

ထိုဆိုင်၌ စားပွဲထိုးအလုပ်ကို လုပ်ကိုင်သူနှစ်ဦးမှာ အသက် သုံးဆယ်ဝန်းကျင် ယောက်ျားနှစ်ဦးဖြစ်၏။

ထိုစားပွဲထိုးနှစ်ယောက်သည် မြေပြန့်ဒေသမှရောက်လာပြီး





ယောက်ျားလျာကြီး ရွှေသန်လျက်ကို ပမာမခန့်ပြုလုပ်သဖြင့် ရွှေသန်လျက်၏ အစေအပါးအဖြစ် နှစ်နှစ်လုပ်ကိုင်ပေးရ၏။

ထိုသူနှစ်ဦးသည် ရွှေသန်လျက်ဆိုင်မှ ကိုယ်လွတ်ရုန်းပြီး ပြေးရန်မဝံ့ချေ။ အဘယ်ကြောင့်ဆိုသော် ဆိပ်ကမ်းရွာတစ်ရွာလုံး ရွှေသန်လျက်ကို လိုလားသူများ မြည့်နက်နေ၏။

ရွှေသန်လျက်၏အလိုကို ဆန့်ကျင်ပြီးထွက်ပြေးလျှင် ၄င်းတို့ နှစ်ဦးအတွက် အလွန်ကြီးမားသောအန္တရာယ်နှင့် ရင်ဆိုင်ရမည်ကို သိ၏။

ရွှေသန်လျက်ဆိုင်ကလေးအတွင်း ယမကာမှီဝဲသူများသည် အရှိန်ရလာသဖြင့် တဖြည်းဖြည်း အသံများ ကျယ်လောင်လာ၏။

လူသန်ကြီးတစ်ဦးသည် အခြားဝိုင်းမှ လူသန်ကြီးတစ်ဦးကို လက်မောင်းအားလှဲရန် စိန်ခေါ်၏။ ထိုအခါ လောင်းကြေးထပ်ညှိမည့် သူများ အနီးသို့ စုပုံလာ၏။

လူသန်ကြီးနှစ်ဦးသည် စားပွဲခုံများကို ရှင်းလင်း၍ အားကြီး မာန်တက် လက်မောင်းအားလှဲကြ၏။ လူသန်ကြီးတစ်ဦး အနိုင်ရရှိသောအခါ လောင်းကြေးငွေများကို သိမ်းကြုံးယူလေ၏။

ပြီးနောက် စောင်းပိုက်၍ သီချင်းဆိုနေသော မိန်းမချောလေး



www.burmeseclassic.com

www.burmeseclassic.com



အား ငွေစက္ကူများကို ချီးမြှင့်လေ၏။

ထိုမြင်ကွင်းကို သဘောကျသူများက သဘောကျဟန်ဖြင့် လက်ခုပ်တဖြောင်းဖြောင်းတီး၍ အားပေးကြကုန်၏။

အတန်ငယ်ညဉ့်နက်လာသောအခါ ရွှေသန်လျက် စားသောက်ဆိုင်၏ရှေ့တွင် ချိတ်ဆွဲထားသော မီးပုံးကလေး မှိန်မှိန် သွားလေ၏။

မူးယစ်သောက်စားသူများလည်း ဆိုင်မှ တဖွဲဖွဲ ပြန်သွားကြ၏။

ဆိုင်၌ သီချင်းဆိုသော မိုးနတ်သူစာဆိုသည့် မိန်းကလေးသည် စောင်းကောက်ကလေးကိုပိုက်၍ ဆိုင်၏အပေါ်ထပ်သို့ ဆင်မယဉ်သာဟန်လေးနှင့် တက်သွားလေ၏။

ရွှေသန်လျက်ဆိုင်ထဲ၌ စားသောက်နေသူတစ်ဦးတစ်ယောက်မျှ မရှိတော့ချေ။

ထိုအခိုက်မှာပင် ဆိုင်တံခါးပေါက်မှ လူရိပ်တစ်ခု ကျရောက်လာသဖြင့် ငွေစက္ကူများကို ရေတွက်နေသော ယောကျ်ားလျာ ရွှေသန်လျက်သည် မျက်မှောင်ကြုတ်လိုက်၏။

မိမိ၏ရွှေသန်လျက်ဆိုင်ပိတ်လိုက်ပြီဖြစ်ကြောင်း သင်္ကေတ





ဖြစ်သည့် မီးပုံးနီလေး ငြိမ်းလိုက်ခြင်းကို မသိမမြင်၍ပေလော။ မိမိကို ပမာမခန့်ပြုခြင်းပေလောဟု တွေးမိ၏။

ထိုအခိုက်မှာပင် ဆိုင်အတွင်းသို့ ဝတ်ဖြူစင်ကြယ်ဝတ်လူတစ်ဦး ဝင်ရောက်လာ၏။ ထိုသူသည် လွှန်စွာဥပဓိရုပ်ကောင်းမွန်ပြီး မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများရှိသော လူလတ်ပိုင်းအရွယ်လူတစ်ဦး ဖြစ်၏။

ယောကျ်ားလျာကြီးသည် ဝတ်ဖြူစင်ကြယ်ဝတ်လူကို အံ့သြဟန်ဖြင့် ကြည့်၍

" ကိုယ်နဲ့ မသက်ဆိုင်တဲ့နေရာကို သူတော်စင်က ဘာလို့လာတာလဲ၊ ဒီဆိုင်ကအရက်ဆိုင်၊ ဘုရားမကြိုက်တဲ့အရာတွေ အများကြီးရနိုင်သေးတယ် "

ဟု ပြောလိုက်ရာ ဝတ်ဖြူစင်ကြယ်ဝတ်လူက တည်ကြည်သော အမူအရာဖြင့်

" ဒီအရပ်ကို ရေးဘဝအဆက်ဆက်က ရောက်ဖူးလို့လာခဲ့တာပဲ၊ ဘဝအသစ်ဆိုတာ ကြားဖူးတယ်မဟုတ်လား၊ ဒီအရပ်မှာ ကျူပ်နဲ့ ပဋ္ဌာန်းဆက်ရှိတဲ့လူကိုရှာမယ်၊ တွေ့ရင် ကယ်မမယ် "

ဟု ပြောလိုက်ရာ ယောကျ်ားလျာ သန်လျက်သည် ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



တရားကို ယုံကြည်သူမဟုတ်သဖြင့် မျက်နှာရှုံ့မဲ့ပြီး

" လာရင်းကိစ္စကို ပြောပါ "

ဟု လေသံမာမာဖြင့် ပြောလေ၏။ ထိုအခါ ဝတ်ဖြူစင်ကြယ်ဝတ်လူက

" ကျုပ် ဒီဆိုင်မှာ တစ်ညတည်းချင်လို့ပါ "

ဟု ပြောလေ၏။

ထိုအခါ ယောက်ျားလျာ ရွှေသန်လျက်သည် မျက်နှာရှုံ့မဲ့သွားပြီး

" ဝတ်ဖြူစင်ကြယ်ကြီးနဲ့ ဒီဆိုင်မှာ ဘယ်လိုတည်းလို့ရမှာလဲ၊ သူတော်စင်ကို ပြောပြီးပြီ၊ ဒီဆိုင်မှာ ဘုရားမကြိုက်တဲ့အရာမှန်သမျှ အကုန်ရတယ် "

ဟု ပြောလေရာ ဝတ်ဖြူစင်ကြယ်ဝတ်လူက

" ဒီအတွက် ပူစရာမလိုပါဘူး၊ ကျုပ်ရောက်တဲ့နေရာမှာ အရာရာဟာ သန့်ရှင်းစင်ကြယ်သွားလိမ့်မယ်၊ ရွှေသန်လျက်ဆိုတဲ့လူက ကျုပ်ကို မယုံသေးဘူးနဲ့တူတယ်၊ ယွန်ခဲ့တဲ့ညက ခေါင်းခေါ်င်းလေးတစ်ပြားကို ရှာမရလို့ စိတ်ညစ်နေတာ မြင်ယောင်ကြည့်ပါ၊ တကယ်တော့ ခေါင်းခေါ်င်းလေးဟာ ဘယ်မှာမှမဟုတ်ဘူး၊ တို့ပတ်





ပေါင်ဒါရိုက်တဲ့ဘူးထဲမှာ ကျနေတာ "

ဟု ပြောလေ၏။

ယောက်ျားလျာကြီးသည် လွန်ခဲ့သောညက မိမိစုဆောင်းထားသော ခေါင်းခေါ်င်းလေးတစ်ပြား အထားမှားပြီး ပျောက်ဆုံးသွားသဖြင့် ခေါင်းနောက်အောင် ရှာဖွေခဲ့ရ၏။

နောက်ဆုံး မည်သည့်နေရာမှမတွေ့သဖြင့် စိတ်ပျက်လက်ပျက်ဖြင့် အိပ်မရနိုင်အောင် ရှိခဲ့၏။ ခေါင်းခေါ်င်းလေးသည် မိခင်၏နောက်ဆုံးအမွေဖြစ်သဖြင့် အလွန်တန်ဖိုးထား၏။

ယခု ခေါင်းခေါ်လေးသည် တို့ပတ်ဘူးထဲသို့ ရောက်နေသည်ဆို၏။

ယောက်ျားလျာ ရွှေသန်လျက်သည် အိပ်၏အပေါ်ထပ်သို့ ပြေးတက်ကာ တို့ပက်ဘူးကို မွှေနှောက်ရှာဖွေလေရာ ခေါင်းခေါ်င်းလေးကို ပြန်တွေ့ရသဖြင့် မယုံနိုင်ရှိလေ၏။

မိမိ၏ခေါင်းခေါ်င်းပျောက်ဆုံးခြင်းကို ထိုသူ အဘယ်ကြောင့် သိနေသနည်း။ ထိုသို့ တွေးတောနေစဉ် ဝတ်ဖြူစင်ကြယ်ဝတ်လူက စောင်းကိုပိုက်၍ရပ်နေသော မိုးနတ်သူဇာကို ကြည့်၍

" ကြံခဲစ်လက်ကောက်ဝယ်ဖို့ငွေစုနေတာ ဒီနေ့ ဆုတော်ငွေ

www.burmeseclassic.com



တွေ့ရလို့ မြန်မြန်ပြည့်သွားပြီ၊ မနက်ဖြန် ကြိုဆစ်လက်ကောက် သွားဝယ်မယ်ဆိုပြီး တော်တော်ပျော်နေတယ် ထင်တယ်၊ ဒါပေမဲ့ ကြိုဆစ်လက်ကောက်က လက်ထဲမှာ အဖတ်တင်မှာမဟုတ်ဘူး၊ အသုံးအဖြုန်းကြီးတဲ့ မိဘတွေက ချေးဖို့ ငှားဖို့ ကြံဖန်ကြဦးမှာပဲ"

ဟု ပြောလေရာ မိုးနတ်သူဇာသည် အမှန်တကယ်ပင် ကြိုဆစ်လက်ကောက်ဝယ်မည်ဟု ကြံရွယ်ထားပြီး နောက်တစ်နေ့ ယန်းထိမ်သို့သွားရန် ကြံစည်နေသော မိုးနတ်သူဇာသည် ဝတ်ဖြူစင်ကြယ်ဝတ်လူကိုကြည့်၍ အလွန်ရှိသေကိုင်းရှိုင်းသွားပြီး ခေါင်းကို ချ၍ လက်အုပ်ကလေးချီကာ

" သူတော်စင်လေးပြောတာ သိပ်မှန်တာပဲ၊ ကျွန်မ မနက်ဖြန် စုဆောင်းထားတဲ့ငွေတွေပြည့်လို့ ကြိုဆစ်လက်ကောက် ဝယ်ဖို့ စဉ်းစားပြီး ပျော်ရွှင်နေတာပါ "

ဟု ဝန်ခံလိုက်လေ၏။ ထိုအခါ ဝတ်ဖြူစင်ကြယ်ဝတ်က မိမိကို ကြောင်အမ်းအမ်းကြည့်နေသော စားပွဲထိုးနှစ်ယောက်ကိုကြည့် ၍

" မြို့ကြီးပြကြီးမှာ မဟုတ်တဲ့အလုပ်တွေလုပ်ပြီး လူတကာ ကို လိမ်ညာလှည့်စားဖို့ကြံတဲ့ လူနှစ်ယောက်၊ ဒီရောက်တော့ ဒုက္ခ





ရောက်နေပြီ မဟုတ်လား၊ ရှေ့ဆက် ဒီထက်ပိုပြီး ဒုက္ခတွေ့လိမ့် မယ်၊ သူတော်ကောင်းကို ကိုးကွယ်ဆည်းကပ်ပြီး ရိုရိုသေသေ နေပေတော့ "

ဟု ပြောလေရာ စားပွဲထိုးနှစ်ယောက်၏ မျက်စိမျက်နှာ ကွက်ခနဲပျက်သွားပြီး စားပွဲထိုးတစ်ဦးက

" သူတော်စင်ဖြစ်ပြီး ဘာဖြစ်လို့ သူတစ်ပါးကို မကောင်း ပြောရတာလဲ "

ဟု မကျေမချမ်း မေးမြန်းလေ၏။

ယောကျ်ားလျာကြီး ရွှေသန်လျက်က ငှင်းကို မျက်စောင်း ခဲလိုက်လေ၏။

ဝတ်ဖြူစင်ကြယ်ဝတ်လူက

" သူတော်ကောင်းက သူတစ်ပါးကို မကောင်းမပြောဘူး၊ မကောင်းတဲ့သူကိုသာ မကောင်းကြောင်းပြောပြီး လိမ္မာယဉ်ကျေး အောင် ဆုံးမတာဖြစ်တယ်၊ မင်းတို့နှစ်ယောက်ဟာ မြို့ကြီးပြကြီး မှာတုန်းက မိန်းမသားတစ်ယောက်ကို လိမ်ညာလှည့်ဖြားပြီး ဒုက္ခပေး ဖို့ ကြံရွယ်ဖူးတယ်၊ နောက်တော့ မင်းတို့အကြံအစည် မအောင်မြင် တာနဲ့ ဒီဒေသကို ထွက်ပြေးလာခဲ့ရတာပဲ၊ ကျုပ်ပြောတာ မမှန်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား ”

ဟု မေးမြန်းလေရာ စားပွဲထိုးလူနှစ်ဦးသည် ဝတ်ဖြူစင်ကြယ်ဝတ်လူအား အံ့သြလွန်းသဖြင့် ပါးစပ်အဟောင်းသားဖြင့် ကြည့်ရှုလေ၏။

ထိုအခါ ယောက်ျားရှာကြီး ရွှေသန်လျက်သည် အခြေအနေကို ရိပ်စားမိသွားပြီး ဝတ်ဖြူစင်ကြယ်ဝတ်လူကိုလွန်စွာကြည်ညိုသွားကာ

“ ကျွန်တော့်ရဲ့တပည့်လေးတွေ ပြောမှားဆိုမှားရှိတာ မေ့မယူပါနဲ့၊ သူတော်ကောင်းကို စော်ကားမိသလိုဖြစ်နေလို့ ကျွန်တော်ကပဲ တောင်းပန်ပါရစေ၊ ဒီည ကျွန်တော်တို့ဆိုင်ကိုကြွတဲ့အကြောင်း အမိန့်ရှိပါ ”

ဟု ပြောလေရာ ဝတ်ဖြူစင်ကြယ်ဝတ်လူက

“ ဒီအရပ်မှာ ရေးဘဝအဆက်ဆက်က ပဋ္ဌာန်းဆက်ရှိတဲ့လူကို ကယ်တင်ဖို့ရောက်လာ၊ ဒီတစ်ည ဒီဆိုင်မှာ တည်းခိုချင်တယ် ”

ဟု ပြောလေ၏။ ထိုအခါ ယောက်ျားရှာကြီးသည် ဝတ်ဖြူစင်ကြယ်ဝတ်လူကို ဖော်ရွေသော အမူအရာဖြင့် ဆိုင်၏အပေါ်ထပ် ဘုရားခန်းဆီသို့ ခေါ်ဆောင်သွားလေ၏။





ဝတ်ဖြူစင်ကြယ်ဝတ်လူသည် ဘုရားကို သာယာနာပျော်ဖွယ်ကောင်းသောအသံဖြင့် ရှိခိုးလေ၏။ ထိုသို့ရှိခိုးပြီးနောက် ကြေးစည်ကို တနောင်နောင်ထု၍ အရပ်မျက်နှာအသီးသီးရှိ လူ နတ် ဗြဟ္မာများကို မေတ္တာပို့သလေ၏။

ဝတ်ဖြူစင်ကြယ်ဝတ်လူသည် တစ်ညလုံး မေတ္တာ ကမ္မဋ္ဌာန်းစီးဖြန်းပြီး နေထိုင်မည်ဆို၏။

ယောက်ျားလျာကြီးသည် သူ၏ဆိုင်သို့ သူတော်စင်ပုဂ္ဂိုလ်တစ်ဦး ရောက်ရှိလာသဖြင့် လာဘ်လာဘများ ပေါ်များကာ ဥစ္စာစီးပွားများ တိုးတက်တော့မည်ဆိုပြီး ပျော်ရွှင်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ရောက်သောအခါ ယောက်ျားလျာကြီးသည် အိမ်ရာမှ စောစောထ၍ သူတော်စင်ပုဂ္ဂိုလ်ကို ဝတ်ပြုရန်အလို့ငှာ ဘုရားခန်းသို့ တက်ခဲ့လေ၏။

သို့သော် ဘုရားခန်းသို့ရောက်သောအခါ သူတော်စင်ပုဂ္ဂိုလ်ကို မမြင်ရသဖြင့် မျက်လုံးပြူးသွားလေ၏။

ယောက်ျားလျာကြီးသည် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး ဘုရားစင်ပေါ်၌ရှိသော သူ၏ ရွှေသန်လျက်ကြီးကို လှမ်းကြည့်လိုက်လေ၏။

ထိုအခါ ရွှေသန်လျက်ကြီးလည်း ပျောက်ဆုံးသွားသဖြင့်





" ရွှေသန်လျက်မရှိတော့ဘူး၊ ရွှေသန်လျက်မရှိတော့ဘူး "

ဟု အထိတ်တလန့် အော်ဟစ်လိုက်လေ၏။

ယောက်ျားလျာကြီး၏ အော်သံကြောင့် ဆိုင်ရှိလူများနိုးလာပြီး ယောက်ျားလျာကြီး အော်ဟစ်နေဟန်ကို နားမလည် ဟန်ဖြင့်ကြည့်၍ အလုပ်သမားတစ်ဦးက

" ရွှေသန်လျက်ကြီးမရှိတော့ဘူး ဟုတ်လား၊ အခု ကျုပ်တို့ ရှေ့မှာရပ်နေတာ ရွှေသန်လျက်ကြီး မဟုတ်ဘူးလား "

ဟု မေးမြန်းလေရာ ယောက်ျားရှာ ရွှေသန်လျက်သည် ဒေါသတကြီးဖြင့်

" ဟဲ့… ရွှေသန်လျက် ပျောက်တယ်ဆိုတာ ငါပျောက်တာ မဟုတ်ဘူးဟဲ့၊ ငါသိမ်းထားတဲ့ ရွှေသန်လျက်ကြီးပျောက်တာ၊ ငါ အမြတ်တနိုးသိမ်းထားတဲ့ ရွှေသန်လျက်ကြီးပျောက်တာဟဲ့ "

ဟု ပြောဆိုလေရာ ယောက်ျားရှာကြီး၏စကားကို နားမလည်နိုင်တော့ဘဲ အလုပ်သမားအားလုံး အူကြောင်ကြောင် ဖြစ်နေလေ၏။

ထိုအချိန်၌ ပင်လယ်ပြင်သို့ထွက်မည့် သမ္ဗာန်တစ်စီးပေါ်၌ ဝတ်ပြုစင်ကြယ်ဝတ်လူနှင့် လူကြီးတစ်ဦး ရောက်ရှိနေပေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးသည် ဦးသတ္တိကြီးဖြစ်ပြီး ဝက်ဖြူစင်ကြယ်ဝတ်လူမှာ ဘိုးစွန်ဖြစ်နေလေ၏။

လူကြီးသည် ကသ္တီပါအိတ်ထဲထည့်ထားသော ရွှေသန်လျက်ကို ထုတ်၍ကြည့်ရှုလိုက်ပြီး

" ဘာဖြစ်လို့လဲဗျ၊ ရွှေသန်လျက်ကိုရဖို့ ကျုပ် ခက်ခက်ခဲခဲ ကြိုးစားလာရတာ "

ဟု ပြောလေ၏။ ထိုအခါ ဦးသတ္တိက သက်ပြင်းချ၍

" ရွှေသန်လျက်က အစစ်မဟုတ်ဘူး၊ မင်းမြောက်တန်ဆာငါးပါးအနက် သဂ္ဂဆိုတဲ့ သန်လျက်ကို ကျုပ် ကောင်းကောင်းသိပါတယ်၊ ဒါဟာ အတုလုပ်ထားတဲ့ ရွှေသန်လျက်ပဲ၊ ဘာပဲဖြစ်ဖြစ်၊ ကျုပ်တို့ လက်မလျှော့ဘူး၊ ဆက်ပြီးရှာဦးမှာပဲ၊ ကျုပ်တို့ မြန်မာတွေ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းနဲ့ နေထိုင်ရဖို့အတွက် ကျုပ်တို့ အစွမ်းကုန် ကြိုးပမ်းမယ် "

ဟု ပြောလေ၏။

ဘိုးစွန်သည် မိမိ ခက်ခက်ခဲခဲ ကြိုးပမ်းလာရကာ ရွှေသန်လျက်သည် အတုကြီးဖြစ်နေသည်ဆိုသဖြင့် စိတ်ပျက်လက်ပျက် ဖြစ်သွားသော်လည်း ဦးသတ္တိ၏ ဖွဲမလျှော့သောအမူအရာကြောင့်





စိတ်ဓာတ်များ ပြန်လည်တက်ကြွလာပြီး လက်သီးကို တင်းတင်းဆုပ်၍

" ကျုပ်တို့ နောက်တစ်ကြိမ် ကြိုးစားကြသေးတာပေါ့ "

ဟု ပြောလိုက်လေတော့၏။

ဦးသတ္တိသည် ဘိုးစွန်ကိုခေါ်ဆောင်ပြီး ကြို့ပင်ကောက်မြို့ကို ကျော်ဖြတ်ကာ ကျောင်းကုန်း၊ ကြို့ပင်စခန်း စသော ရွာများစွာကို ကျော်ဖြတ်ပြီး မကြာမီ ရန်အောင်မြင်စေတီဘက်သို့ ရောက်ရှိခဲ့လေ၏။

ဦးသတ္တိက ရန်အောင်မြင်စေတီကို ရှိခိုးကန်တော့လိုက်ပြီး

" ဒီနေရာမှ တကယ့်အောင်မြေအစစ်ပဲကွယ်၊ ရာဇဝင်မှာ ကျွစွာမင်းကြီးဟာ အောက်အရပ်မှာ ပုန်ကန်ထကြွလို့ သွားရောက်နှိမ်နင်းတဲ့ သားမက်တော်ရဲ့စစ်သတင်းကို မကြားရလို့ စစ်ကူအလိုက်မှ အောင်ပွဲရပြီးပြန်လာတဲ့ သမက်တော်သံဗျင်အမတ်ကြီးနဲ့ ဒီနေရာမှာ ပြန်ပြီးဆုံကြတယ်၊ ကျွစွာမင်းကြီး စခန်းချနေတုန်း အလွန်ထူးဆန်းတဲ့မြင်ကွင်းတစ်ခုကိုလည်း မြင်တွေ့ခဲ့တယ်၊ ကမ္ဘာဦးအစကတည်းက ရန်ဘက်ဖြစ်ခဲ့တဲ့ ရန်ဘက်တွေဖြစ်တဲ့ ဖားနဲ့မြွေ၊ သမင်နဲ့ကျားဟာ ဒီအရပ်မှာ မြူးတူးပျော်ပါးနေကြတယ်၊ ကြိမ်ကြွတ်



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်တဲ့ ကျားသတ္တဝါဟာ ကြောင်ကလေးတစ်ကောင်ကိုရှေ့က ပြေးပြီး သမင်က နောက်ကလိုက်တယ်၊ ဖျာလိပ်လောက်ရှိတဲ့ ငန်းမြွေကြီးကို ဆန်ကောလောက်ရှိတဲ့ ဖားကြီးက နောက်ကလိုက် ဖမ်းပြီး မြူးတူးပျော်ပါးနေတယ်၊ ဒီမြင်ကွင်းကိုမြင်တော့ ပညာရှိပုရော ဟိတ်တွေက ဒီနေရာဟာ ဘူမိနက်သန် အောင်မြေမှန်လို့ လျှောက် တင်ကြတဲ့အတွက် ကျွန်ုပ်မင်းကြီးဟာ ဒီအရပ်မှာ ရန်အောင်မြင် ဘုရားကို တည်ထားကိုးကွယ်ခဲ့တယ်၊ ဒီနေရာဟာ အောင်မြေအစစ် အမှန်ပဲကွယ်၊ ဒါပေမဲ့ နယ်ချဲ့ဗြိတိသျှအစိုးရ မသိအောင် လျှို့ဝှက် ထားရတယ်၊ ကုန်းဘောင်ခေတ်က နန်းလုပ်ဖို့ ပြင်ဆင်တဲ့ မင်းညီ မင်းသားတွေဟာ ရွှေဘိုကိုလာပြီး အောင်မြေနင်းကြတယ်၊ ဒါပေမဲ့ ဒီနေ့ခေတ်မှာတော့ ရွှေဘိုကို ဗြိတိသျှတွေက ဘူမိနက်သန် အောင်မြေကနေ မြေလှန်လိုက်ကြပြီ ”

ဟု ပြောလေ၏။ ဘိုးချန်က နားမလည်ဟန်ဖြင့်

“ မြေလှန်တယ်ဆိုတာ ဘယ်လိုသဘောလဲ ”

ဟု မေးမြန်းလေ၏။ ဦးသတ္တိက

“ မြေလှန်တယ်ဆိုတာ ဘူမိနက်သန်အောင်မြေကို မြေယုတ် မြေညံ့ဖြစ်အောင် လုပ်လိုက်တာပေါ့၊ ကျွန်ုပ်အောင်မြေကိုတော့ ဗြိတိသျှတွေမသိသေးတဲ့အတွက် လျှို့ဝှက်ထားရတယ်၊ ရန်အောင်မြင် ဘုရားရဲ့ အရှေ့ဘက်မှာ သားတော်နှစ်ပါးတည်တဲ့ ကြေးကြောင်း ဘုရားရှိတယ်၊ ကြေးကြောင်းဘုရားရဲ့လက်ဝဲဘက်မှာ သမီးတော် တည်ထားတဲ့ ရွက်ပုံဘုရားရှိတယ်၊ ရွက်ပုံဘုရားနဲ့ဆေးက အုတ် ဇရပ်ကြီးမှာ ငါတို့မျိုးချစ်တော်လှန်ရေးသမားတွေ စုဝေးပြီး အစည်းအဝေး လုပ်လေ့ရှိတယ်၊ မြန်မာလူထု တခဲနက်ပါဝင်လာပြီ ဆိုရင် နယ်ချဲ့အစိုးရကို တော်လှန်ဖို့ လွယ်ကူသွားပြီ ”

ဟု ပြောလေ၏။

ဘိုးချန်သည် ဦးသတ္တိ၏ ဇာတိသွေး ဇာတိမာန်ထက်သန်ပုံကို များစွာ လေးစားကြည်ညိုမိ၏။

ထို့ကြောင့် ဘိုးချန်က

“ မင်းမြောက်တန်ဆောင်ပါးကို မရသေးရင် ဘယ်လိုလုပ်မလဲ ”

ဟု မေးမြန်းလေ၏။ ဦးသတ္တိက

“ ကျုပ်ရဲ့အထောက်တော်ကတစ်ဆင့် မင်းမြောက်တန်ဆောင်ပါးရဲ့ သဲလွန်စကိုရအောင်ရှာရမယ်၊ သူတို့ဆီက မင်းမြောက် တန်ဆောင်ပါးရဲ့ သဲလွန်စကို မကြာမီရမှာပါ ”







www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ဘိုးချုန်သည် ဦးသတ္တိနှင့်အတူ ရန်အောင်မြေဘုရားရှိ အောင်မြေပေါ်၌ နေထိုင်ရင်း ဦးသတ္တိ၏အထောက်တော်များကို စောင့်ရ၏။

တစ်လခန့်ကြာသောအခါ ကပ္ပိယကြီးတစ်ဦး ရောက်ရှိလာပြီး မင်းမြောက်တန်ဆာငါးပါးနှင့်ပတ်သက်သော အာလွန်အရေးကြီးသည့် သတင်းကို ပေးလေ၏။

ထိုသတင်းကို ရရှိပြီးနောက် ဦးသတ္တိက

" မင်းမြောက်တန်ဆာငါးပါးထဲက သဂ္ဂဆိုတဲ့သန်လျက်ဟာ ဘုရင်ခံဆီမှာ ရောက်နေတယ်၊ ဘုရင်ခံဟာ မင်းမြောက်တန်ဆာငါးပါးထဲက သန်လျက်ဟာ အလွန်အရေးပါတဲ့အတွက် လန်ဒန်ကပြတိုက်ကို ပို့ဖို့စီစဉ်နေပြီ၊ ငါတို့မြန်မာနိုင်ငံက မြန်မာရှင်ဘုရင်တွေရဲ့ မင်းမြောက်တန်ဆာငါးပါးထဲက သန်လျက်တော်ဟာ မြန်မာ့ရေမြန်မာ့မြေမှာပဲရှိနေသင့်တယ်၊ ဒါကြောင့် ဘုရင်ခံဆီက သန်လျက်ကို မရရအောင်ယူရမယ်၊ ဒီနေရာမှာ ကိုယ့်လူရဲ့အစွမ်းသတ္တိကို အသုံးချရမယ် "

ဟု ပြောလေ၏။ ဘိုးချုန်က စိတ်ဝင်စားဟန်ဖြင့်





" ကျုပ်မှာရှိတဲ့ မြေလျှိုးမိုးပျံတဲ့အစွမ်းနဲ့ မင်းမြောက်တန်ဆာငါးပါးကို မရရအောင် ယူပေးမယ်ဗျာ "

ဟု ပြောလေ၏။ ဦးသတ္တိက ခေါင်းညိတ်ကာ

" မင်းဟာ စာရပညာကို အံ့ဆင့်အတန်းကြင့်မြင့် တတ်ကျွမ်းတဲ့အပြင် အိပ်မက်ခရီးထွက်နိုင်တဲ့အတွက် မင်းရဲ့ အကူအညီအများ ကြီးလိုတယ်၊ ဒီတော့ ငါတို့ ရန်ကုန်ကို အမြန်ဆုံး သွားကြမယ် "

ဟု ပြောလေ၏။

ထိုအချိန်မှစ၍ ကျွဲအောင်မြေကိုစွန့်ခွာ၍ သန်လျက်တော်ကို ဘုရင်ခံလက်မှရယူရန် ရန်ကုန်မြို့သို့ ထွက်ခဲ့လေတော့၏။

ထို့နောက် ဘုရင်ခံအိမ်တော်သို့ဝင်ရောက်ရန် လမ်းကို စောင့်ကြည့်နေလေ၏။

ဦးသတ္တိသည် ဘုရင်ခံအိမ်တော်၌ သန့်ရှင်းရေးပြုလုပ်ရသော မိန်းကလေးတစ်ဦးကို ရင်းနှီးအောင် ပေါင်းသင်းလေ၏။

ထိုမိန်းကလေးနှင့်ရင်းနှီးအောင် သူမ၏အိမ်အနီးရှိ အိမ်တစ်လုံးကို ငှားရမ်းခဲ့လေ၏။ ဦးသတ္တိသည် ဘိုးချုန်အား မိန်းကလေးနှင့် ရင်းနှီးစွာ ဆက်ဆံစေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဆက်ဆံသည့်အခါ မိန်းကလေးသည် ဘိုးချန်က သူမကို ကြိုက်နှစ်သက်သည်ဟု ထင်မြင်နေလေ၏။

ဘိုးချန်သည် မိန်းကလေးနှင့် တွေ့ဆုံသည့်အခါတိုင်း ဘုရင်ခံ အိမ်တော်၏အကြောင်းကို မေးမြန်းလေ၏။

မိန်းကလေးသည် ဘိုးချန်ကို အလွန်နှစ်သက်နေပြီဖြစ်သဖြင့် ဘုရင်ခံအိမ်တော်အကြောင်းကို အိပ်သွန်ဖာမှောက် ပြောပြလေ၏။

ဘိုးချန်သည် အိပ်မက်ခရီးဖြင့် ဘုရင်ခံ၏အိမ်တော်ကို စတင်သွားလာလေ၏။ ထိုသို့သွားလာရင်း ဘုရင်ခံကတော်ကြီး၏ မွေးနေ့ပွဲပြုလုပ်မည့်နေ့ကို ကြိုတင်သိမြင်ခဲ့၏။

ထို့အပြင် မင်းမြောက်တန်ဆာပါးပါးအနက် သန်လျက်တော်ကို ဘုရင်ခံ၏စာကြည့်တိုက်အတွင်းရှိ မှန်သေတ္တာကြီးအတွင်း ထားရှိကြောင်း တွေ့ရ၏။

ဘိုးချန်သည် အိပ်မက်ခရီးကို အကြိမ်ကြိမ်ထွက်ပြီး ဘုရင်ခံ၏ အိမ်တော်ကို ရင်းနှီးကျွမ်းဝင်အောင်လုပ်ခဲ့၏။

ထို့နောက်တွင်မှ ဦးသတ္တိက

" ဘုရင်ခံအိမ်တော်နဲ့ပတ်သက်တဲ့ အချက်အလက်တွေ ငါတို့ဆီမှာ တော်တော်စုံနေပြီ၊ ဘုရင်ခံရဲ့အိမ်တော်ကို အိပ်မက်ခရီး





ထွက်ခဲ့တဲ့အတွက် ငါတို့ အများကြီး လက်ဦးမှုရနေပြီ၊ ဒါပေမဲ့ ဘုရင်ခံရဲ့အိမ်တော်ထဲကို ဝင်ပြီး သန်လျက်တော်ကိုယူဖို့ ခက်တယ် "

ဟု ပြောလေ၏။

ထိုအခါ ဘိုးချန်က အိပ်မက်ခရီးထွက်ရင်း ဘုရင်ခံကတော်ကြီး သစင်ပန်းအလွန်ကြိုက်နှစ်သက်ပြီး သူမ၏မွေးနေ့၌ သစင်ပန်းများစွာကို ဝယ်ယူမည်ဖြစ်ကြောင်း အမှတ်ရလိုက်၏။

ဘိုးချန်သည် တစ်စုံတစ်ရာကို စဉ်းစားလိုက်ပြီး

" ဟုတ်ပြီ၊ သစင်ပန်းကို အသုံးချပြီး အိမ်တော်ကို ကျုပ်တို့ဝင်ရမယ်၊ ဘုရင်ခံကတော်ကြီးရဲ့ အဝယ်တော်မိန်းမတွေဟာ သူ့ရဲ့မွေးနေ့မတိုင်မီ ခြောက်ထပ်ကြီးဘက်က ခြံတွေက သစင်ပန်းတွေ ဝယ်လိမ့်မယ်၊ ကျုပ်တို့ ခြောက်ထပ်ကြီးဘက်ကသွားစောင့်ပြီး ဘုရင်ခံ ကတော်ကြီးကို အယုံသွင်းမယ်၊ ဒါဆိုရင် အိမ်တော်ကို ဝင်လို့ရပြီ "

ဟု ပြောလေ၏။

ဦးသတ္တိသည် ဘိုးချန်၏စကားကြောင့် ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



" ဒီအကြောင်းတယ် ဘိုးချုန်၊ ဘုရင်ခံကတော်ကြီး မင်းကို ယုံကြည်သွားရင် ငါတို့အိမ်တော်ထဲကို ရောက်အောင် ဝင်လို့ရမယ်၊ အိမ်တော်ထဲကိုရောက်ရင် မီးစင်ကြည့်ကရတာပေါ့"

ဟု ပြောလေ၏။

ဘိုးချုန်သည် ဦးသတ္တိကိုကြည့်၍ အလွန်အရေးကြီးသော အမူအရာဖြင့်

" ကျုပ် ဦးသတ္တိကို အလွန်ထူးခြားတဲ့စကားတစ်ခု ပြောစရာ ရှိတယ်၊ ကျုပ်မှာ မမျှော်လင့်ဘဲ အစွမ်းသတ္တိတစ်မျိုးနေသလိုပဲ"

ဟု ပြောလေ၏။ ဦးသတ္တိက ဘိုးချုန်၏စကားကြောင့် မျက်မှောင်ကြုတ်၍

" ဘယ်လိုအစွမ်းလဲကွ "

ဟု မေးမြန်းလေ၏။ ဘိုးချုန်က

" ကျုပ်လည်း ပထမတော့ မသိပါဘူး၊ ဘုရင်ခံအိမ်တော်မှာ အလုပ်လုပ်တဲ့ မတင်မြင့်ဆိုတဲ့ မိန်းကလေးနဲ့စကားပြောတဲ့အခါ ကျုပ်ဟာ အချို့သော အရေးကြီးတဲ့အကြောင်းအရာတွေကို လေးနက်တဲ့ အမူအရာနဲ့ပြောလေ့ရှိတယ်၊ လေးနက်တဲ့အသံနဲ့လည်း ပြောလေ့ရှိတယ်၊ ဒီလိုပြောတဲ့အခါတိုင်း မတင်မြင့်ဆိုတဲ့မိန်းကလေးဟာ





မင်သက်မိသလိုဖြစ်သွားပြီး ကျုပ်စကားတွေကို မသွေမတိမ်း လိုက်နာလေ့ရှိတယ်၊ ဒီလိုဖြစ်နေတာကို အစကတော့ ကျုပ်မသိဘူး၊ နောက်တော့ ကျုပ်မှာ ညှို့ငင်နိုင်တဲ့အစွမ်းသတ္တိတစ်ခုရှိနေမယ်လို့ ထင်လာတယ် "

ဟု ပြောလေရာ ဦးသတ္တိက ခေါင်းတဆတ်ဆတ်ညိတ်၍

" ဒါဆိုရင် သေချာပြီ၊ မင်းမှာ စိတ်ညှို့နိုင်တဲ့အစွမ်းသတ္တိ တစ်ခု ဖြစ်ပေါ်လာပြန်ပြီ၊ ရှေးဘဝအဆက်ဆက်က ဒီပညာတွေနဲ့ မင်းဟာ ရင်းနှီးကျွမ်းဝင်မှုရှိ ခဲ့လိမ့်မယ်၊ အိန္ဒိယမှာရှိတဲ့ ငါ့ရဲ့မိတ်ဆွေ ယောဂီကြီးဟာ အတိတ်ဘဝကို သိမြင်ချင်တဲ့လူတွေရဲ့ ကံကြမ္မာကို ကူညီနိုင်တယ်၊ မင်းရဲ့ အတိတ်ဘဝကို သိရရင် မင်းဟာ အရင်ဘဝ က ထူးခြားဆန်းကြယ်တဲ့ ပညာရပ်တွေနဲ့ ဘယ်လိုပတ်သက်လဲ ဆိုတာ သိနားလည်လာလိမ့်မယ်၊ ဒါပေမဲ့ အတိတ်ဘဝဆိုတာ လူတွေသိကောင်းတဲ့အရာတော့ မဟုတ်ဘူး၊ အတိတ်ဘဝကို သိမြင်ရရင် အရင်ဘဝက လုပ်ခဲ့တာတွေကို ဒီဘဝမှာလည်း ပြန်လုပ်နေတာ ရိပ်စားမိလိမ့်မယ်၊ ဒါဆိုရင် လူဟာ လက်ရှိဘဝကို ငြီးငွေ့သွားလိမ့်မယ်၊ ဘဝဆိုတာ လက်ရှိအခြေအနေမှာ ပျော်ရွှင်နေဖို့လိုတယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ထိုအခါ ဘိုးချွန်က သူ၏ထူးခြားသော စိတ်ညို့နိုင်စွမ်းကို ပြောလေ၏။

" ကျုပ်ဟာ မတင်မြင့်ဆိုတဲ့ မိန်းကလေးကို စိတ်ညို့နိုင်ပေမဲ့ အခြားသူတွေကို စိတ်ညို့လို့မစွမ်းနိုင်သေးဘူး၊ ဦးသတ္တိကို ကျုပ် စိတ်ညို့ကြည့်ဖူးတယ်၊ ဒါပေမဲ့ မရဘူး၊ အဲဒါ ဘာဖြစ်လို့လဲ မသိဘူး "

ဟု ပြောလေ၏။ ထိုအခါ ဦးသတ္တိက မျက်မှောင်ကြုတ်၍

" မင်းရဲ့ စိတ်ညို့နိုင်တဲ့စွမ်းရည်ဟာ နုသေးလို့လည်း ဖြစ်မယ်၊ ဟိုးအရင်တုန်းကလည်း မင်းဟာ တဖြည်းဖြည်း လူတွေရဲ့ ကိုယ်ရောင်ကိုယ်ဝါတွေကို တိုးမြှင့်ပြီး သိမြင်လာနိုင်သေးတာပဲ၊ စိတ်ညို့ နိုင်တဲ့အစွမ်းလည်း တိုးတက်လာနိုင်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ဘုရင်ခံရဲ့ အိမ်တော်ကို ဝင်ရင်တော့ ငါတို့ရဲ့အကြံ အောင်မြင်ပြီကွ၊ မကြာမီ ဘုရင်ခံကတော်ကြီးရဲ့ မွေးနေ့ကိုရောက်တော့မယ်၊ ငါတို့ အိမ်တော်ထဲဝင်နိုင်အောင် ကြိုးစားရမယ်၊ မင်း ညစဉ် အိမ်မက်ခရီး ထွက်ပြီး ဘုရင်ခံကတော် ကြီးနဲ့ ပတ်သက်တဲ့အချက်အလက်တွေကို စုဆောင်းကွာ "

ဟု မှာကြားလေ၏။

———— စေတနာတပေ ————



ဤသို့ဖြင့် ဘိုးချွန်သည် ညစဉ် အိမ်မက်ခရီးထွက်၍ ဘုရင်ခံကတော်ကြီးနှင့်ပတ်သက်သော အချက်အလက်များကို ရှာဖွေစုဆောင်းလေ၏။

ဘုရင်ခံကတော်ကြီးသည် ထူးခြားစွာပင် မြန်မာလက်ဖက်သုပ်ကို ကြိုက်နှစ်သက်ကြောင်း သိရ၏။

ထို့အပြင် မြန်မာလူမျိုး ဆင်းရဲသားတို့စားလေ့ရှိသော အကြော်စုံကို ဆီဆမ်းထားသော ထမင်းနှင့်စားသောက်ခြင်းကို ကြိုက်နှစ်သက်၏။

ဘုရင်ခံကတော်ကြီးသည် ခေါင်းကိုက်ရောဂါစွဲကပ်နေပြီး တစ်ခါတစ်ရံ ခေါင်းကိုက်ရောဂါ ပြင်းထန်သောညများတွင်မျက်ရည်ကျအောင် နာကျင်ပြီး အကိုက်အခဲပျောက်ဆေးများကို သောက်သုံးနေရ၏။

ဘုရင်ခံနှင့် ဘုရင်ခံကတော်ကြီး၏ ဆက်ဆံရေးမှာ ဟန်ပြဆက်ဆံရေးပင်ဖြစ်ပြီး ၎င်းတို့၏အိမ်ထောင်ရေးအခြေအနေ အလွန်တင်းမာနေကြောင်းသိရ၏။

ဘုရင်ခံကြီးသည် အိမ်တော်ရှိ ကိုယ်ရေးအရာရှိမိန်းကလေး တစ်ဦးနှင့်သာ အတူနေထိုင်ကြောင်း တွေ့ရ၏။

———— စေတနာတပေ ————

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ခံကတော်ကြီးသည် တိရစ္ဆာန်မွေးမြူခြင်းကို ဝါသနာထုံပြီး အလွန်လှပသော ကျားသစ်ပေါက်လေးတစ်ကောင်ကို အိန္ဒိယမှ ယူပြီး မွေးမြူထားကြောင်း သိရ၏။

ဘုရင်ခံကတော်ကြီးသည် စိတ်သဘောထားဖြူစင်သူဖြစ်ပြီး ဘုရင်ခံကြီးဖောက်ပြန်နေသော်လည်း မယားဝတ္တရားမပျက် နေထိုင်လေ၏။

ဘုရင်ခံကြီးသည် သူ၏ဂုဏ်သိက္ခာအရသာ ဘုရင်ခံကတော်ကြီးကို ပေါင်းသင်းနေလေ၏။

ဘုရင်ခံကတော်ကြီး၌ တိုးတိုးဖော်တိုင်ပင်ဖက်အနေဖြင့် မြန်မာလူမျိုး ဒေါ်သဇင်ဆိုသည့် မိန်းမကြီးတစ်ဦးရှိ၏။ ထိုမိန်းမကြီးသည် ဘုရင်ခံကတော်ကြီး၏ လိုအပ်ချက်များကို အစဉ်အမြဲကူညီဖြေရှင်း ပေးလေ၏။

ဘိုးချုန်သည် အိပ်မက်ခရီးထွက်ရင်း တွေ့ကြုံခဲ့သည့် အကြောင်းအရာများကို မှတ်တမ်းပြုလုပ်၍ မှတ်သားထားလေ၏။

ဘိုးချုန်သည် ဘုရင်ခံကတော်ကြီး၏အိမ်တော်သို့ဝင်ထွက်ခွင့်ရရှိရန် ဦးသတ္တိနှင့်တိုင်ပင်၏။ ဘိုးချုန်သည် မိမိကိုယ်မိမိ သူတော်စင်ကဲ့သို့ ဖန်တီးကာ ခြောက်ထပ်ကြီးဘုရား၌ စောင့်ကြိုနေမည်ဖြစ်





ကြောင်း ပြောလေ၏။

အဘယ်ကြောင့်ဆိုသော် ဘုရင်ခံကတော်ကြီး၏ လူယုံတော် ဒေါ်သဇင်ဆိုသော အမျိုးသမီးကြီးသည် ဘုရင်ခံကတော်ကြီး၏ မွေးနေ့မတိုင်မီ ခြောက်ထပ်ကြီးဘုရားသို့ဝင်၍ ယတြာချေရန် ကြံစည် ထားကြောင်း အိပ်မက်ခရီးထွက်ရင်း သိမြင်ရလေ၏။

ထိုနေ့သို့ရောက်သောအခါ ဘိုးချုန်သည် ခြောက်ထပ်ကြီးဘုရားရှိ ဘုရင်ခံကတော်ကြီးအတွက် ယတြာချေမည့်နေရာ၌ ဝတ်ဖြူစင်ကြယ်ဝတ်ကာ လွန်စွာကြီးမားသော ပုတီးကြီးကို စိတ်လျက်နေလေ၏။

ထိုနေ့နံနက် ၉ နာရီခန့်တွင် ဘုရင်ခံကတော်ကြီး၏ လူယုံတော် ဒေါ်သဇင်ခေါင်းဆောင်သော အမျိုးသမီးတစ်စုသည် ခြောက်ထပ်ကြီးဘုရားသို့ ရောက်ရှိလာကြ၏။

ထို့နောက် ဘုရင်ခံကတော်ကြီးအတွက် ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်ကာ ယတြာချေရန် ရောက်ရှိလာကြ၏။

ဘိုးချုန်၏အနီးသို့ ဒေါ်သဇင်တို့လူစုရောက်ရှိလာသောအခါ ဘိုးချုန်က မျက်လုံးများကို ဖွင့်မကြည့်ဘဲ

" သောကြာသမီးအတွက် ယတြာလာလုပ်ကြတယ် ထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူ့ရဲ့ခေါင်းကိုက်ဝေဒနာက တဖြည်းဖြည်းကြီးကြီးလာပြီ၊ လောကမာတ်နည်းတွေနဲ့ ဘယ်လိုကုကု ရမှာမဟုတ်ဘူး၊ ကြာရင် လုံးပါးပါးပြီး အသက်ဆုံးရလိမ့်မယ်၊ သူ့ရဲ့ခေါင်းထဲမှာ ပယောဂ တွေ ရှိနေတယ်၊ ဟန်ဆောင်အိမ်ထောင်ရေးအတွက် စိတ်ဆင်းရဲနေရ တယ်၊ စိတ်ဆင်းရဲတဲ့ဒဏ်နဲ့ မကြာမီ ခရစ်တော်ထံမှာ အိပ်ပျော်သွား တော့မယ် ”

ဟု ပြောလိုက်ရာ ဒေါ်သဇင်နှင့် နောက်လိုက်နောက်ပါ မိန်းမများသည် ဘိုးရုန်၏စကားများကို နားထောင်၍ အလွန်အံ့သြ သွားကြ၏။

ဘိုးရုန်ကိုလည်း အလွန်ယုံကြည်သွားကြ၏။

ထို့ကြောင့် အမျိုးသမီးကြီးတစ်ဦးက လက်အုပ်ချီ၍

“ ဆရာပြောတာ သွေးထွက်အောင်မှန်လိုက်တာ၊ ဆရာ ဟောတဲ့ အမျိုးသမီးဟာ ဘယ်လိုအဆင့်အတန်းမျိုး လည်းဆိုတာ ဆရာ ပြောနိုင်ရဲ့လား ”

ဟု မေးမြန်းလေ၏။ ဘိုးရုန်သည် မိမိကို ပညာစမ်းသကဲ့သို့ မေးမြန်းကြောင်း ရိပ်စားမိသဖြင့်

“ ကျုပ် စကားကို တစ်ခွန်းတည်းပဲပြောမယ်၊ နှစ်ခွန်းမပြော





တတ်ဘူး၊ ခင်ဗျားတို့ ယကြာလာခဲ့တဲ့ အမျိုးသမီးကြီးဟာ ဒီနေ့ မြန်မာပြည်မှာ တန်ခိုးသြဇာအကြီးဆုံးပုဂ္ဂိုလ်နဲ့ အရင်းနှီးဆုံး ပတ် သက်နေတယ်၊ သူ့ထက် သြဇာကြီးတဲ့သူ မရှိဘူး ”

ဟု ပြောလေရာ ဒေါ်သဇင်ဆိုသော အမျိုးသမီးကြီးသည် ဘိုးရုန်ကို အလွန်ယုံကြည်သွားပြီး ချက်ခြင်းပင် ထိုင်ရှိခိုးချင်စိတ်များ ဖြစ်ပေါ်လာ၏။

ထို့နောက် အမျိုးသမီးတစ်စုသည် ဘုရားရင်ပြင်၌ တီးတိုး တိုင်ပင်၍ ဘိုးရုန်အား ဘုရင်ခံ၏အိမ်တော်သို့ တပြိုင်တည်း ပင့်ဆောင်သွားရန် ကြံစည်ကြ၏။

ထို့နောက် ဘိုးရုန်အား လွန်စွာ ရိုသေလေးစားသော အမူ အရာဖြင့် သူမတို့ ယကြာလာခဲ့သော အမျိုးသမီးကြီးမှာ ဘိုးရုန် ပြောသကဲ့သို့ တန်ခိုးသြဇာ အလွန်ကြီးသော မြန်မာပြည်ဘုရင်ခံ ကတော်ဖြစ်ကြောင်း၊ နောက်တစ်နေ့၌ ဘုရင်ခံကတော်ကြီး၏မွေးနေ့ ကျရောက်ကြောင်း၊ ဘုရင်ခံကတော်၏မွေးနေ့ကို ဘုရင်ခံ အိမ်တော် ဝင်းအတွင်း၌ ခမ်းနားစွာ ကျင်းပမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဘုရင်ခံ ကတော်ကြီး၏ ကိုယ်စိတ်ကျန်းမာရေးအတွက် ဘိုးရုန်က ကူညီ စောင့်ရှောက်ပေးစေလိုကြောင်း၊ ဘုရင်ခံအိမ်တော်သို့ ခေတ္တ



www.burmeseclassic.com

www.burmeseclassic.com



ခဏ ကြွမြန်းစေလိုကြောင်း လျှောက်ထားလေ၏။

အကြံသမား ဘိုးချုန်သည် မိမိစီစဉ်ထားသော အကွက်တွင်းသို့ တပြိုင်တည်းဝင်သွားသဖြင့် အလွန်ကျေနပ်သွားလေ၏။ ဘိုးချုန်သည် မိမိကိုယ်မိမိ အောင်စကြာဘိုးချုန်ဟု အမည်ပေးလိုက်လေ၏။

ဤသို့ဖြင့် အမျိုးသမီးတစ်ဦးသည် ဘိုးချုန်အား လွန်စွာခမ်းနားသော ဒိန်မလာ ကားနက်ကြီးဖြင့် ဘုရင်ခံအိမ်တော်သို့ တင်ဆောင်သွားလေ၏။

ဘုရင်ခံအိမ်တော်သို့ရောက်သောအခါ လွန်စွာခမ်းနားကြီးကျယ်သော အခန်းကြီး၌ ဘိုးချုန်အား နားနေခိုင်းလေ၏။

ထို့နောက် ဒေါ်သစင်ခေါင်းဆောင်သော အမျိုးသမီးကြီးများသည် ဘုရင်ခံကတော်ကြီးအား ဘိုးချုန်၏ ထူးခြားသော ဟောပြောချက်များကို ပြောပြလေရာ ဘုရင်ခံကတော်ကြီးသည် ပါးစပ်အဟောင်းသားနှင့် နားထောင်နေလေ၏။

ဘုရင်ခံကတော်ကြီးသည် အောင်စကြာဘိုးချုန်အား အမြန်ဆုံးတွေ့လိုကြောင်း ပြောလေ၏။

ဘိုးချုန်သည် လူအများအထင်ကြီးစေရန် မိမိအားပေးထားသော အခန်းထဲ၌ တင်ပျဉ်ခွေထိုင်၍ ပုတီးကို တရျောက်ရျောက်





စိတ်နေလေ၏။

ထိုသို့ ပုတီးစိတ်ရင်း ဘုရင်ခံကတော်ကြီးနှင့်တွေ့လျှင် ထိုမိန်းမကြီး ကျေလောက်သော ဟောပြောရမည့်အချက်များကို စဉ်းစားနေလေ၏။

ဒေါ်သစင်ခေါင်းဆောင်သော အမျိုးသမီးများသည် ဘိုးချုန်၏ အနီးသို့ လာရောက်ချောင်းမြောင်းကြည့်ကြပြီး ဘိုးချုန် ပုတီးစိတ်နေသဖြင့် မခေါ်ဝံ့ကြဘဲ အခန်းပြင်၌သာ စောင့်နေလေ၏။

ဘိုးချုန်သည် အတန်ကြာအောင် ပုတီးစိတ်နေလေ၏။ ပြီးနောက် မျက်လုံးဖွင့်ကြည့်ကာ

" ဟိမဝန္တာတောထဲကို ခဏကြွပြီး သရာအရှင်တွေနဲ့ သွားတွေ့တာ "

ဟု ပါးစပ်ထဲရှိသော စကားကိုဆိုလိုက်ရာ မိန်းမကြီးများသည် ဘိုးချုန်အား ပို၍ အထင်ကြီးသွားလေ၏။

ဘိုးချုန်သည် ခဏကြာလျှင် ဘုရင်ခံထံကတော်ကြီးအား တိတ်ဆိတ်သော အခန်းတစ်ခန်း၌ တွေ့ဆုံလေ၏။

ထိုသို့တွေ့ဆုံနေစဉ် စကားပြန် ဒေါ်သစင်ဆိုသော မိန်းမကြီးကိုသာ အနီး၌ နေစေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဘိုးချွန်သည် အိပ်မက်ခရီးထွက်ရင်း ဘုရင်ခံကတော်ကြီးနှင့်ပတ်သက်သော အချက်အလက်များကို တစ်ခုပြီးတစ်ခု ဟောပြောလေ၏။

ဘိုးချွန်၏ဟောပြောချက်များသည် မှန်ကန်လွန်းသဖြင့် ဘုရင်ခံကတော်ကြီးသည် ဘိုးချွန်အား တန်ခိုးရှင်တစ်ဦးဟူ၍ပင် ထင်မြင်၏။

ဘိုးချွန်သည် ဘုရင်ခံကတော်ကြီး၏ အိပ်ခန်းအသိ ဝင်ခွင့်တောင်းကာ မိမိ အိပ်မက်ခရီးထွက်စဉ် မြင်တွေ့ထားသော ပစ္စည်းများကို တောင်းလေ၏။

ဘိုးချွန်က ကြေးသေတ္တာထဲမှာထည့်ထားသော လင်းယုန်ငှက်ရုပ်အဆောင်ကိုပေးပါဟု တောင်းဆိုလိုက်ရာ ဘုရင်ခံကတော်ကြီးသည် မျက်လုံးပြူးဝိုင်းသွားပြီး ဘိုးချွန်အား ယုံလွန်းမက ယုံလေတော့၏။

ထို့အပြင် ခေါင်းအုံးအောက်၌ရှိသော အနီရောင် ဒိုင်ယာရီစာအုပ်ကိုပေးပါဟု တောင်းဆိုလေရာ ဘုရင်ခံကတော်ကြီးသာမက ကျန်သူအားလုံး ဘိုးချွန်မှဘိုးချွန် ဖြစ်သွားလေ၏။

ဘုရင်ခံကတော်ကြီးသည် အိန္ဒိယ၌နေထိုင်စဉ် ပညာရှင်





ဆရာကြီးများနှင့်တွေ့ကြုံခဲ့ဖူးကြောင်း၊ သို့သော် ဘိုးချွန် ဟောပြောသကဲ့သို့ သွေးထွက်အောင်မှန်ကန်ခြင်းမရှိကြောင်း ပြောလေ၏။

ထို့ကြောင့်ဘိုးချွန်အား ဘုရင်ခံကတော်၏အိမ်တော်၌ပင် စံမြန်းပြီး ကူညီစောင့်ရှောက်ပေးပါရန်လေးစားစွာပန်ကြားကြလေ၏။

ဘုရင်ခံကတော်ကြီးသည် ဘိုးချွန်အား မည်မျှကန်တော့ရမည် ဖြစ်ကြောင်း မေးမြန်း၏။ ထိုအခါ ဘိုးချွန်က ဘုရင်ခံကတော်ကြီး ပေးသည့်ငွေကို မိမိမလိုချင်ကြောင်း၊ မိမိလိုချင်လျှင် ရွှေကိုပိဿာလိုက်ရရှိအောင် ဖွမ်းဆောင်နိုင်ကြောင်း၊ မည်သည့်ရာထူးစည်းစိမ်ကိုမဆို ရရှိနိုင်ကြောင်း ပြောလေ၏။

ထိုအခါ ဘိုးချွန်ကို တန်ခိုးရှင်တစ်ဦးဟု ယုံကြည်ကာ ဘုရင်ခံကြီးကိုယ်တိုင်ပင် ဘိုးချွန်နှင့် နောက်တစ်နေ့တွင် တွေ့ဆုံမည်ဖြစ်ကြောင်း သိရ၏။

ဘိုးချွန်သည် ဘုရင်ခံ၏စံအိမ်တော်၌ ကြာရှည်မနေဘဲ မိမိအကြံအစည်အောင်မြင်လျှင် အမြန်ဆုံးထွက်ခွာရန် ကြံစည်ထား၏။

ဘိုးချွန်သည် ဘုရင်ခံကတော်ကြီးအား တစ်ကိုယ်တည်းတွေ့ဆုံဖို့ အခွင့်အရေးရလျှင် စိတ်ညို့ပညာအသုံးပြု၍ ဘုရင်ခံ၏ စာကြည့်ခန်းထဲ၌ရှိသော သန်လျက်တော်ကို ရယူရန် ဆုံးဖြတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးချုန်သည် မွေးနေ့ပွဲ မပြုလုပ်မီအချိန် ၌ ဘုရင်ခံကတော်ကြီးအား သီးသန့်ခန်း၌ တစ်ကိုယ်တည်း တွေ့ ဆုံလိုကြောင်း ပြောလေ၏။

ဘုရင်ခံကတော်ကြီးသည် ဘိုးချုန်၏အလိုကျ အခန်းလေး၌ တစ်ကိုယ်တည်း တွေ့ဆုံလေ၏။

ဘိုးချုန်သည် အခန်းတံခါးများ လုံခြုံစွာ ပိတ်ပြီး အသက်ကို အေးချမ်းစွာ ရှူ၏။

ပြီးနောက် ဘုရင်ခံကတော်ကြီးအား မျက်လုံးချင်းဆုံအောင် ကြည့်၍ တဖြည်းဖြည်း စိတ်ညှို့လိုက်ရာ ကံကောင်းထောက်မစွာပင် ဘုရင်ခံကတော်ကြီးသည် မိမိ၏ညှို့ချက်မိသွားကြောင်း တွေ့ရလေ၏။

ထိုအခါ ဘိုးချုန်သည် ဘုရင်ခံကတော်ကြီးအား လာမည့်စနေနေ့တွင် သန့်လျက်တော်ကိုကိုယ်တိုင်ယူ၍ ဘုရင်ခံ၏ အိမ်တော်ဝင်းရှိ စွန့်ပစ်ရမည့်နေရာ၌ စွန့်ပစ်ရန် အမိန့်ပေးလေ၏။

ဘိုးချုန်၏ စိတ်ညှို့၍စေခိုင်းပြီးဆုံးသွားသောအခါ ဘုရင်ခံကတော်ကြီးသည် စိတ်ညှို့ခံရခြင်းကို ရိပ်စားမိခြင်း မရှိချေ။

ဘိုးချုန်သည် မိမိ၏အကြံအောင်မြင်သွားသဖြင့် လွန်စွာ





ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၏။ ထို့ကြောင့် အိမ်တော်မှ အမြန်ထွက်ခွာရန် ဆုံးဖြတ်လိုက်၏။

ဘိုးချုန်သည် ဟိမဝန္တာတောင်တန်းမှ ဝရာအရှင်များက မနောနှင့် ခေါ်ယူသဖြင့် မမျှော်လင့်ဘဲ သွားရောက်တွေ့ဆုံရမည်။ ထိုသို့တွေ့ဆုံပြီး မိမိအား ရွှေတိဂုံဘုရား၌ ပြန်လည်တွေ့ဆုံမျှော်နိုင်ကြောင်း ပြောကာ ဘုရင်ခံ၏စံအိမ်တော်မှ ပြန်လည်ထွက်ခွာခဲ့လေ၏။

ဘုရင်ခံကတော်ကြီးနှင့် အပေါင်းအပါများသည် ဘိုးချုန်အား အလွန်အထင်ကြီးနေလေရာ ဘိုးချုန်အား ဆက်ဆက်ပြန်လည်ဖူးမျှော်လိုကြောင်း ပြောကြလေ၏။

ထို့နောက် ဘိုးချုန်အား ဒိန်မလာကားနက်ကြီးဖြင့် ရွှေတိဂုံဘုရားခြေရင်းသို့ ပို့ဆောင်ပေးလေ၏။ ဘုရားခြေရင်းရှိ ညောင်ပင်အောက်၌ ဦးသတ္တိစောင့်ကြိုနေပြီး ဘိုးချုန်က အကျိုးအကြောင်းပြောပြလိုက်သောအခါ လက်သီးလက်မောင်းတန်း၍

" အောင်ပြီကွ "

ဟု ကြွေးကြော်လိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးရှုန်တို့သည် စနေနေ့သို့ရောက်သောအခါ ဘုရင်ခံအိမ်တော်မှ အမှိုက်များစွန့်ပစ်သည့်ကားကို အလုံဘက်ရှိ အမှိုက်ပုံကြီး၌ စောင့်ကြိုနေလေ၏။

ထိုနေ့ညနေသို့ရောက်သောအခါ ဘုရင်ခံအိမ်တော်ရှိ အမှိုက်ကားသည် အလုံသို့ဦးတည် မောင်းနှင်လာ၏။ ထို့နောက်ကားပေါ်တွင် လိုက်ပါလာသော ကုလားလူငယ်သည် အမှိုက်ပုံး များကို သွန်ချကာ ထိုနေရာမှ ပြန်လည်ထွက်ခွာသွားလေ၏။

သို့သော် အမှိုက်ပုံးတစ်ပုံးထဲရှိ အမှိုက်များကို သွန်ချရန် ကျန်ရစ်ပြီး ကားပေါ်သို့ ပြန်ပါသွားလေ၏။

ဘိုးရှုန်တို့သည် အမှိုက်များထဲ၌ သန်လျက်တော်ကို ရှာဖွေလေရာ မတွေ့သဖြင့် ခေါင်းနပန်းကြီးသွားလေ၏။





ဘုရင်ခံကတော်၏အပြုအမူကို ဘုရင်ခံကြီး သိသွားခြင်းလော၊ သို့တည်းမဟုတ် ဘိုးရှုန်၏ စိတ်ညို့ပညာ အောင်မြင်ခြင်း မရှိပေလောဟု တွေးတောကြလေ၏။

ဘုရင်ခံအိမ်တော်ရှိ အမှိုက်သွန်သော ကုလားလူငယ်သည် ကားထွက်ပြီး အတန်ကြာသောအခါမှ သွန်ရန်အမှိုက်ပုံးတစ်ပုံး ကျန်ရှိနေကြောင်း သတိပြုမိ၏။

ကုလားလေးသည် အမှိုက်များသွန်ရန် ကျန်ခဲ့လျှင် မိမိ အလုပ်ပြုတ်နိုင်သည်ဟု တွေးမိပြီး ထိတ်လန့်သွားလေ၏။

ထို့ကြောင့် အမှိုက်ပုံးကို ကားလမ်းပေါ်သို့ပင် သွန်ချလိုက်လေ၏။ ထိုအခါ အမှိုက်များ လမ်းပေါ်သို့ တဖွဲဖွဲကျရောက်သွားလေတော့၏။

အနီရောင် ကတ္တီပါအိတ်ထဲတွင်ထည့်ထားသော သန်လျက်မှာလည်း ပြန့်ကြဲသွားသော အမှိုက်များနှင့်အတူ လမ်းပေါ်သို့ ကျသွားလေ၏။

ထိုသန်လျက်ထည့်ထားသော ကတ္တီပါအိတ်ကို စိတ်မနှံ့သော အရူးတစ်ယောက်က မြင်တွေ့လိုက်ပြီး ကောက်ယူလိုက်လေ၏။

ပြီးနောက် ညောင်ပင်ကြီးအောက်သို့သွားကာ ကတ္တီပါအိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲရှိ သန့်လျက်ကိုထုတ်၍ ဘုရင်တစ်ပါးကဲ့သို့ အကျအန ထိုင်လေတော့၏။

မကြာမီ သန့်လျက်တော်ကိုင်ထားသော အရှး၏အနီးသို့ ကလေးများ ဝိုင်းအုံလာလေ၏။

အရှးက မိမိအနီးသို့ ဝိုင်းအုံလာသော ကလေးများကို သဘောကျဟန်ဖြင့်ကြည့်၍

" မင်းကြီးများ "

ဟု အော်ဟစ်လိုက်ရာ ကလေးများက

" ဘုရား "

ဟု ပြန်လည်၍ နောက်ပြောင်ပြီး ထူးလေ၏။

ထိုအချိန်တွင် အမှိုက်ပုံ၌ မွှေနှောက်ရှာဖွေနေသော ဘိုးချန်နှင့် ဦးသတ္တိသည် စိတ်လျှော့လိုက်ကြပြီး ဦးသတ္တိက

" ငါ့ရဲ့ကံကြမ္မာက မင်းမြောက်တန်ဆာငါးပါးကို ရနိုင်တဲ့ အခြေအနေ မရှိသေးဘူး၊ ဘာပဲဖြစ်ဖြစ် ငါ စိတ်မလျှော့ဘူး၊ ကြိုးစားဦးမယ်ကွာ "

ဟု ကြုံးဝါးလေ၏။

ဘိုးချန်သည် မိမိအစွမ်းကုန် ကြိုးစားခဲ့သော်လည်း





သန့်လျက်တော်နှင့် လွဲခဲ့သဖြင့် ကြိတ်မနိုင် ခဲမရဖြစ်လေ၏။

ဘိုးချန်သည် ခေါင်းငိုက်စိုက်ချပြီး ဦးသတ္တိနောက်သို့ လိုက်ခဲ့လေ၏။ ၎င်းတို့သည် အရှးနှင့် ကလေးများဆုံရာ ညောင်ပင်ကြီးအနီးသို့ ရောက်ရှိသွားလေ၏။

ထိုအခါ အရှးက

" မင်းကြီးများ "

ဟု အော်ဟစ်ပြီး ကလေးများက

" ဘုရား "

ဟု ပြန်၍ထူးလိုက်ကြောင်း တွေ့ရ၏။

၎င်းတို့သည် အရှး၏လက်၌ အရောင်တလက်လက်တောက်နေသော သန့်လျက်တော်ကို ပြန်လည်တွေ့မြင်ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး

" သန့်လျက်တော်ကို တွေ့ပြီဟေ့၊ လမ်းပေါ်မှာလည်း အမှိုက်တွေရှိနေတယ်၊ သေချာပြီ၊ ဒီကောင်တွေ အမှိုက်ပုံးကို လမ်းပေါ်မှာပစ်ခဲ့တာ ဖြစ်မယ် "

ဟု ပြောကာ အရှးထံသို့သွား၍ သန့်လျက်တော်ကို တောင်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အရှုးက သန်လျက်တော်ကို မပေးနိုင်ကြောင်း ငြင်းဆိုလေ၏။

ဘိုးစုန့်သည် အရှုးအား ချော့မော့ရန်အတွက် ခေါက်ဆွဲဆိုင်သို့သွားပြီး ခေါက်ဆွဲတစ်ထုပ်ကိုဝယ်၍ အရှုးအား ကျွေးလိုက်ရာ အရှုးသည် သန်လျက်တော်ကို လွယ်ကူစွာ ထုတ်ပေးလေ၏။

ဦးသတ္တိသည် သန်လျက်တော်ကို ရင်ခွင်ထဲ၌ အားပါးတရ ပွေ့ပိုက်ထားလိုက်ပြီးနောက်

" နယ်ချဲ့လက်အောက် ကျွန်သဘောက်ကလွတ်မြောက်ဖို့ မင်းမြောက်တန်ဆာငါးပါးကို ငါရပြီ၊ ဒီအချိန်မှာ ငါ သေမယ်ဆိုရင်တောင် သေပျော်ပါပြီ မြေလျှိုးမိုးပျံ ဘိုးစုန့်ရယ်၊ ငါတို့တိုင်းပြည် လွတ်မြောက်ရမယ် "

ဟု ကြုံးဝါးလိုက်လေ၏။

ဦးသတ္တိ၏ကြုံးဝါးမှုကြောင့် ဘိုးစုန့်၏ရင်ထဲ၌ ကြက်သီးတဖြန်းဖြန်း ထသွားလေတော့၏။

အရာအားလုံး ပြီးဆုံးသွားချေပြီ။

*သိမ်းပိုက်ခြင်းကင်းသော*

*မင်းမြတ်သူရ*



BURMESE CLASSIC

www.burmeseclassic.com